ဆဋ္ဌသံဂါယနာ ဒုတိယသန္နိပါတ

သုတ္တန္တပိဋက

မဇ္ဈိမနိကာယ်

သံဂါယနာအမေးအဖြေ

ပဌမအုပ်

မူလပဏ္ဏာသပါဠိတော်နှင့်
မဇ္ဈိမပဏ္ဏာသပါဠိတော် ကန္ဒရကသုတ်မှ ဘဒ္ဒါလိသုတ်အထိ
အမေးအဖြေများ ပါဝင်သည်။



နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၄၉၈

ကောဇာနှစ် ၁၃၁၆

၁၂၆၄

ဆဋ္ဌသံဂါယနာ ဒုတိယသန္နိပါတ

သုတ္တန္တပိဋက

မဇ္ဈိမနိကာယ်

သံဂါယနာအာဓေးအာဓြ

ပဌမအုပ်

မူလပဏ္ဏာသပါဠိတော်နှင့်
မဇ္ဈိမပဏ္ဏာသပါဠိတော် ကန္ဒရကသုတ်မှ ဘဒ္ဒါလိသုတ်အထိ
အမေးအဖြေများ ပါဝင်သည်။



နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၄၉၈ ကောဇာနှစ် ၁၃၁၆



ဆဋ္ဌသံဂီတိ သံဃနာယက အဘိဓဇမဟာရဋ္ဌဂုရု
ကျေးဇူးရှင် ညောင်ရမ်းဆရာတော်ဘုရားကြီး၏ ပုံတော်



ဆဋ္ဌသံဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတဘဒန္တသောဘန(မဟာစည်)

ဆရာတော်၏ပုံ



ဆင္ဌသဂတဝဿဇ္ဇက
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒန္တ ဝိစိတ္တသာရာဘိဝံသ
ဆရာတော်၏ပုံ

ဆဋ္ဌသံဂါယနာ အမေးအဖြေ

နိဒါန်း

ဤမည်သော ဆဋ္ဌသံဂါယနာ အမေးအဖြေ ကျမ်းတဆူ ထုတ်ပြုလာခြင်း၏ အကြောင်းရင်း နိဒါန်းမှာ သိတော်မူ မြင်တော်မူ၍ ပူဇော်အဆူးကို ခံတော်မူထိုက်သော သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ပေးတော်မူနိုင်သည့် သုတ်, အဘိဓမ္မာ, ဝိနည်း ဒေသနာတော်တို့ကို အနှစ်ငါးထောင်မက ကြာမြင့်သည်တိုင်အောင် တည်ရစ်ရန် အလို့ငှါ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးကို အမှူးထား၍ ပြည်ထောင်စု မြန်မာနိုင်ငံ, ယိုးဒယားနိုင်ငံ, သီဟိုဠ်နိုင်ငံ, ကမ္ဘောဒီးယားနိုင်ငံနှင့် လောနိုင်ငံ အပါအဝင် ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံတို့မှ လင်္ကာပေသလသိကၡာကာမ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသော သံဃနာယက, သံဃရာဇာ, သံဃုက္ကဋ္ဌ မထေရ်မြတ်ကြီးတို့ ဦးစီးရွေးချယ်သော သံဂီတိကာရကမထေရ် ၂၅၀၀ ကျော်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကို သာသနာ့ဒါယကာအဖြစ် အမှီပြု၍ရင်း နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့နှင့် ပြည်ထောင်စု နိုင်ငံတော်သူနိုင်ငံတော်သားများကို စတုပစ္စယဒါယကာအဖြစ် အမှီပြု၍ရင်း ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ ဆဋ္ဌသံဂီတိမဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီး အတွင်းဝယ် သာသနာနှစ် ၂၄၉၈-ခုနှစ် ကောဇာနှစ် ၁၃၁၉-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ခြောက်ကြိမ်မြောက် သံဂါယနာသဘင်ကို စတင်တော်မူခဲ့ကြလေသည်၊

ဤသို့ ခြောက်ကြိမ်မြောက် သံဂါယနာ တင်တော်မူကြရာဝယ် ရှေးပဌမသံဂါယနာ တင်တော်မူစဉ် အခါကာလက သံဃမဟာနာယက အရှင်မဟာကဿပ မထေရ်မြတ်ကြီးက တခုတခုသော သိက္ခာပုဒ်, တခုတခုသော တရားဒေသနာတော်ကို "ဘယ်မြို့ ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုအခင်း အကြောင်းရင်း ဝတ္ထုကြောင့် ပညတ်ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်" စသည်ဖြင့် မေးမြန်းတော်မူသောအခါ ဝိနည်းဆိုင်ရာ၌ အရှင်ဥပါလိ မထေရ်မြတ်က ပညတ်ရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြား၍ သုတ်, အဘိဓမ္မာဆိုင်ရာ၌ အရှင်အာနန္ဒာ မထေရ်မြတ်က ဟောရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြားတော်မူကြသကဲ့သို့ ဆိုင်ရာဆိုင်ရာ သုတ်, အဘိဓမ္မာ, ဝိနည်း ဒေသနာတို့ကို မေးရန်, ဖြေရန် ကိစ္စအတွက်လည်း ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ကြီးက ကြိုတင်၍ စီစဉ်ခဲ့လေသည်၊

သံဂါယနာတင်ရာ၌ သုတ်, အဘိဓမ္မာ, ဝိနည်းတရားတို့ကို အမေးအဖြေ ပြုလုပ်ရန် တာဝန်ကား လွယ်ကူလှသည် မဟုတ်ချေ၊ ပိဋကတ ကျမ်းဂန်အရပ်ရပ်တို့၌

နှံ့စပ် ကျေပြန် မွေနှောက် ချောက်ချားနိုင်သော တိက္ခဥာဏ်, ဇဝနဥာဏ်, ဂမ္ဘီရဥာဏ် ထက်သန်အားကောင်း၍ သံဃပရိသတ် လူပရိသတ် အလည်တွင် နှုတ်တက်ရှရှ တိကျပြတ်သားစွာ ကေသရာဇာ ခြသေ့်မင်းကဲ့သို့ ရဲတင်းသောစိတ်ဖြင့် မေးစွမ်းနိုင်, ဖြေစွမ်းနိုင်သော ဗျတ္တ, ပဋိဗလဂုဏ် ကုံလုံကြွယ်ဝသည့် ပုဂ္ဂလဝိသေသ တို့၏ အရာသာ ဖြစ်ချေသည်၊

ထို့ကြောင့်ပင် ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ကြီးက ဒီဃနိကာယ်ကြီးကိုမေးတော်မူရန် ပုစ္ဆကပုဂ္ဂိုလ်အဖြစ် ရန်ကုန်မြို့ သာသနရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ဘဒန္တသောဘနထေရ် (မဟာစည်) ကိုဌင်း ဒီဃနိကာယ်ကြီးကို ဖြေကြားတော်မူရန် ဝိဿဇ္ဇကပုဂ္ဂိုလ်အဖြစ် စစ်ကိုင်းမြို့ မင်းကွန်းဓမ္မနာဒတိုက် တိပိဋကဓရမွေဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဘဒန္တဝိစိတ္တသာရာဘိဝံသထေရ် ကိုဌင်း ရွေးကောက် တင်မြှောက်တော်မူခဲ့ကြလေသည်၊

ဤသို့ ရွေးကောက် တင်မြှောက်ခဲ့သည့်အတိုင်း ဆဋ္ဌသံဂီတိ မဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီးအတွင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ ကြွရောက်လာကြကုန်သော သံဂီတိကာရက သံဃပရိသတ် လူပရိသတ်တို့၏ အလည်တွင် သံဃမဟာနာယက ဖြစ်တော်မူသော ဘဒန္တ ရေဝတာဘိဓဇမဟာရဋ္ဌဂုရု မထေရ် မြတ်ကြီးက သြကာသဒါနကထာ မြွက်ကြားတော်မူ၍ ပုစ္ဆကထေရ်က ပုစ္ဆနဉာတ်ကိုထားပြီးလျှင် ရွှေပလ္လင်ထက်သို့ တက်ခါ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ဌင်း ဝိဿဇ္ဇကထေရ်က ဝိဿဇ္ဇနဉာတ်ကိုထားပြီးလျှင် ဆင်စွယ်ဖြင့်စီအပ်သော ယပ်ဝန်းကို ကိုင်လျက် ရွှေပလ္လင်ထက်သို့ တက်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ဌင်း ရွှံ့ရှားခြင်းကင်း ရဲတင်းသော စိတ်ဖြင့် ရှေးရှေးသော သံဂါယနာ အစဉ်အလာနှင့် အညီ မြတ်စွာဘုရား၏ **အာဟစ္စဘာသိတ** ဒေသနာတော်တို့ကို ပါဋ္ဌိမြန်မာ နှစ်ဘာသာတို့ဖြင့် တိကျပြတ်သားရှင်းလင်းစွာ နှုတ်တက်ရှရှ မေးဖြေတော်မူခဲ့ကြလေပြီ၊ မေးဖြေတိုင်းသော ဒေသနာ အစဉ်တို့ကိုလည်း နိုင်ငံတော်အသံလွှင့် ဌာနမှ အသံသွင်းစက်ဖြင့် အသံသွင်းယူပြီးလျှင် မြန်မာ့အသံမှ တဆင့် အသံလွှင့်ခဲ့လေသည်၊ ထိုသို့ အသံလွှင့်ခဲ့သည်ကို ကြားနာကြရသော ရဟန်းရှင်လူ အပေါင်းတို့သည် အားရတင်းတိမ်ခြင်း မရှိကြသဖြင့် ကျမ်းစာအုပ်တဆူအနေ စက်တင်ပုံနှိပ် ထုတ်ဝေပါရန် တောင်းပန်ကြလေသည်၊

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကလည်း ပိဋကတော်၏ အဆီအနှစ် သဖွယ်ဖြစ်သော ဤ သံဂါယနာ အမေးအဖြေတို့ကို မပျောက်မပျက်ရန် အလို့ငှါဌင်း လေ့လာကျင့်သုံး ပွါးများလိုကြသူတို့အဘို့ လွယ်လင့်တကူ ကြည့်ရှု နိုင်ရန် အလို့ငှါဌင်း

၁။ ကျမ်းစာအုပ်အဖြစ် စက်တင်ပုံနှိပ်ရန်

၂။ ဓာတ်ပြားသွင်းရန်

အစီအစဉ် ရှိခဲ့သည့်အတိုင်း အမေးအဖြေ ဒေသနာတော် အသံတို့ကို အသံသွင်းဓာတ်ကြိုးမှ ကူးယူ၍ စက်တင်ပုံနှိပ်ခဲ့သောကြောင့် သံဂါယနာ အမေးအဖြေဟူသော ဤကျမ်းစာတဆူ ထွက်ပြူလာခဲ့ခြင်း ဖြစ်ပါသည်၊

အထူးအားဖြင့် ဤသံဂါယနာ အမေးအဖြေကျမ်း၌ ဆရာတော်နှစ်ပါးမေးဖြေတော်မူကြသော အချက်အလက် များမှာ နာရီပိုင်းမျှ အခွင့်ရသော အချိန်ကာလအတွင်း၌ "အမြတ်ရတနာ အစုအပုံထည်းမှ သင့်ရာသင့်ရာ ရတနာတို့ကို ထုတ်ဆောင်ပြသကဲ့သို့" ဆိုင်ရာဆိုင်ရာ ပိဋကတို့မှ အရေးကြီးသော အချက်အလက်များကိုသာ အချိန်ကာလနှင့် နှိုင်းချိန်၍ မေးဖြေတော် မူကြခြင်း ဖြစ်ပါသောကြောင့် ထို့ထက် ကျယ်ဝန်းပြည့်စုံသော အနက်အဓိပ္ပါယ် မြတ်စွာဘုရား၏ စကားတော်များကို သိလိုကြပါသော သူတော်စင် အပေါင်းတို့သည် နိုင်ငံတော် ပဋိဿာသနာအဖွဲ့မှ ပုံနှိပ် ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိပြီဖြစ်ပါသော **ပိဋကမြန်မာပြန်** ကျမ်းကြီးများ၌ ဘတ်ရှုကြည့်ညိုနိုင်ကြပါသည်၊

သို့ဖြစ်၍ အံ့ဘွယ် ရှစ်ပါးနှင့် ပြည့်စုံသော မဟာသမုဒ္ဒရာအတွင်း၌ နစ်မြုပ်၍ နေကြကုန်သော ရတနာ ခုနစ်ပါးတို့ကို ယူဆောင်၍ ပြလိုက်သကဲ့သို့ အံ့ဘွယ် ရှစ်ဖြာ သာသနာမှ ဝိမုတ္တိရသ အမတမြိုက် ချမ်းသာတည်းဟူသော အဆီအနှစ် ဒေသနာတို့ကို ထုတ်ဆောင်၍ ပြရာဖြစ်သော ဤ **သံဂါယနာ အမေးအဖြေ** ကျမ်းကို ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ဘတ်ရှုလေ့လာ ကျင့်သုံးနိုင်ကြ ပါစေကုန်သတည်း။

[ပုံ] ·အသျှင်နာဂဝံသာဘိဝံသ

[ပုံ] အသျှင်ဝိသုဒ္ဓါဘိဝံသ

အကျိုးတော်ဆောင်ဆရာတော်များ

ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့

၁၃၁၈-ခု၊ နယုန်လဆန်း ၆-ရက် ကြာသပတေးနေ့

မူလပဏ္ဏာသပါဠိတော် အမေးအဖြေ

မာတိကာ

အကြောင်းအရာ					စာမျက်နှာအမှတ်
မင်္ဂလမနိကာယ် စကားခုံး	....	....	....	....	၁
မူလပရိယာယသုတ်	....	....	....	....	၃
သဗ္ဗာသဝသုတ်	....	....	....	....	၅
ဓမ္မဒါယာဒသုတ်	....	....	....	....	၇
ဘယဘေရဝသုတ်	....	....	....	....	၁၃
အနင်္ဂဏသုတ်	....	....	....	....	၁၅
အာကင်္ခေယျသုတ်	....	....	....	....	၁၅
ဝတ္ထသုတ်	....	....	....	....	၁၆
သလ္လေခသုတ်	....	....	....	....	၁၇
သမ္မာဒိဋ္ဌိသုတ်	....	....	....	....	၁၉
မဟာသတိပဋ္ဌာနသုတ်	....	....	....	....	၂၀
စူဠသီဟနာဒသုတ်	....	....	....	....	၃၂
မဟာသီဟနာဒသုတ်	....	....	....	....	၃၄
မဟာဒုက္ခက္ခန္ဓသုတ်	....	....	....	....	၄၅
စူဠဒုက္ခက္ခန္ဓသုတ်	....	....	....	....	၄၇
အနုမာနသုတ်	....	....	....	....	၄၉
စေတောခိလသုတ်	....	....	....	....	၅၀
ဝနပတ္ထသုတ်	....	....	....	....	၅၃
မဋ္ဌပိဏ္ဍိကသုတ်	....	....	....	....	၅၅
ဒေ့မောဝိတက္ကသုတ်	....	....	....	....	၅၆
ဝိတက္ကသဏ္ဌာနသုတ်	....	....	....	....	၅၇
ကကစူပမသုတ်	....	....	....	....	၅၈
အလဂဒ္ဒူပမသုတ်	....	....	....	....	၆၁
ဝမ္မီကသုတ်	....	....	....	....	၇၃

အကြောင်းအရာ					စာမျက်နှာ
ရထဝိနီတသုတ်	....	....	....	....	၉၅
နိဝါပသုတ်	....	....	....	....	၉၅
ပါသရာသိသုတ်	....	....	....	....	၉၉
စူဠဟတ္ထိပဒေါပမသုတ်	....	....	....	....	၉၄
မဟာဟတ္ထိပဒေါပမသုတ်	....	....	....	....	၁၀၂
မဟာသာရောပမသုတ်	....	....	....	....	၁၀၃
စူဠသာရောပမသုတ်	....	....	....	....	၁၀၅
စူဠဝေါသိဂ်သုတ်	....	....	....	....	၁၀၆
မဟာဝေါသိဂ်သုတ်	....	....	....	....	၁၀၆
မဟာဝေါပါလကသုတ်	....	....	....	....	၁၀၇
စူဠဝေါပါလကသုတ်	....	....	....	....	၁၀၉
စူဠသစ္စကသုတ်	....	....	....	....	၁၁၀
မဟာသစ္စကသုတ်	....	....	....	....	၁၂၃
စူဠတဏှာသင်္ခယသုတ်	....	....	....	....	၁၃၂
မဟာတဏှာသင်္ခယသုတ်	....	....	....	....	၁၃၄
မဟာအဿပုရသုတ်	....	....	....	....	၁၃၆
စူဠအဿပုရသုတ်	....	....	....	....	၁၄၃
သာလေယျကသုတ်	....	....	....	....	၁၄၆
ဝေရဉ္ဇကသုတ်	....	....	....	....	၁၄၈
မဟာဝေဒလ္လသုတ်	....	....	....	....	၁၄၈
စူဠဝေဒလ္လသုတ်	....	....	....	....	၁၅၉
စူဠဓမ္မသမာဒါနသုတ်	....	....	....	....	၁၅၀
မဟာဓမ္မသမာဒါနသုတ်	....	....	....	....	၁၅၀
ဝိမံသကသုတ်	....	....	....	....	၁၅၁
ကောသမ္ဗိယသုတ်	....	....	....	....	၁၅၁
ဗြဟ္မနိမန္တနိကသုတ်	....	....	....	....	၁၅၂
မာရတဇ္ဇနီယသုတ်	....	....	....	....	၁၅၃

မဇ္ဈိမပဏ္ဏာသပါဠိတော် အမေးအဖြေ

မာတိကာ

ဒုအကြောင်းအရာ				စာမျက်နှာ
ကန္ဒရကသုတ်	....	....	....	.... ၁၅၅
အင်္ဂကနာဂရသုတ်	....	....	....	.... ၁၆၆
သေခသုတ်	....	....	....	.... ၁၆၈
ပေါတလိယသုတ်	....	....	....	.... ၁၇၀
ဇီဝကသုတ်	....	....	....	.... ၁၇၃
ဥပါလိသုတ်	....	....	....	.... ၁၇၇
ကုက္ကုရဝတိကသုတ်	....	....	....	.... ၂၀၀
အဘယရာဇကုမာရသုတ်	....	....	....	.... ၂၀၁
ဗဟုဝေဒနီယသုတ်	....	....	....	.... ၂၀၆
အပဏ္ဏကသုတ်	....	....	....	.... ၂၀၇
အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်	....	....	....	.... ၂၁၆
မဟာရာဟုလောဝါဒသုတ်	....	....	....	.... ၂၁၇
စူဠမာလုက္ကျသုတ်	....	....	....	.... ၂၁၈
မဟာမာလုက္ကျသုတ်	....	....	....	.... ၂၂၁
ဘဒ္ဒါလိသုတ်	....	....	....	.... ၂၂၂

မဇ္ဈိမပဏ္ဏာသပါဠိတော် အမေးအဖြေ မာတိကာ ပြီး၏

သုတ္တန္တပိဋက

မူလပဏ္ဏာသပါဠိတော်

သံဂါယနာအမေးအဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မဇ္ဈိမနိကာယ် စကားချီး

ပုစ္ဆာ။ ။ပဌမမဟာသံဂီတိကာလေ အာဝုသော ဓမ္မသံဂါဟကာ မဟာ-
ကဿပါဒယော မဟာထေရဝရာ ဒီဃနိကာယံ သံဂါယိတ္ဒာ
တဒနန္တရံ ကိံ နာမ ပါဝစနံ သံဂါယိံသု။

ဝိဿဇ္ဇနာ။ ။ပဌမမဟာသံဂီတိကာလေ ဘန္တေ ဓမ္မသံဂါဟကာ မဟာ-
ကဿပါဒယော မဟာထေရဝရာ ဒီဃနိကာယံ သံဂါယိတ္ဒာ
တဒနန္တရံ မဇ္ဈိမံ နာမ နိကာယံ သံဂါယိံသု။

အမေး။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည့်နောက် သုံး လကျော် လေးလတွင်းသို့ ရောက်သောအခါ ရာဇဂြိုဟ်မြို့အနီး ဝေဘာရ တောင်ဝှမ်း စရည်းပင်ရောက်ရာ လိုဏ်ဂူအဝ၌ အဇာတသတ်မင်းသည် ဆောက် လုပ် လှူဒါန်းအပ်သော သံဂါယနာတင် မဏ္ဍပ်ကြီးအတွင်းဝယ် ရှင်မဟာ ကဿပ အစရှိသော သံဂါယနာတင် မဟာထေရ်မြတ်တို့သည် မြတ်စွာဘုရား၏ တရားတော်များကို ပဌမ စ၍ သံဂါယနာ တင်တော်မူကြကုန်၏။ ထိုသို့ ပဌမ စ၍ သံဂါယနာတင်ရာ မဟာသင်္ဂီတိ ကာလဝယ် ရှင်မဟာကဿပ အစ ရှိသော ဓမ္မသင်္ဂါဟက မထေရ်မြတ်တို့သည် ဒီဃနိကာယ မည်သော မြတ်စွာ ဘုရား၏ စကားတော်များကို သံဂါယနာတင်တော်မူကြပြီးသည်၏ အခြားမဲ့၌

အဘယ်မည်သော မြတ်စွာဘုရား၏ စကားတော်ကို သံဂါယနာ တင်တော်မူခဲ့ကြပါကုန်သနည်း ဝါရှင်။

အဖြေ။ ။ပဌမ ဓမ္မသံဂါယနာသဘင် ယင်တော်မူရာကာလဝယ် မဟာကဿပမထေရ် အမှူးရှိသော ငါးရာသော ရဟန္တာမထေရ်သူမြတ်တို့သည် ဒီဃနိကာယ်ခေါ်မှတ် ရှင်တော်ဘုရား၏ စကားတော်မြတ်ကို နှုတ်လွတ်ပီပြင် သံဂါယနာတင်တော်မူကြပြီးသည်၏ အခြားမဲ့၌ ထိုဒီဃနိကာယ်လာ သုံးဖြာသော သီလတို့ဖြင့် တန်းဆာဆင်အပ်ပြီးသည်ဖြစ်၍ သီလသမ္ပဒါဂုဏ် ပြည့်စုံတော်မူကြသော အရိယာသာဝကတို့သည် ဤမည် ဤမည်သော နည်းလမ်းဥပါယ်ဖြင့် သမာဓိသိက္ခာ သမာဓိသာသနာတို့ကို ဖြည့်ကျင့်နိုင်ကြပါစေသားဟု မြော်ကိုး ရည်ရွယ်တော်မူကြပြီးလျှင် မျှားစွာသော သမထ ဝိပဿနာ ဘာဝနာအစဉ်တို့ကို ဖွင့်ပြဟောကြားရာ ဖြစ်သော သုတ်အားဖြင့် မရှည်မတို အလယ်အလတ်ဖြစ်သော တရာ့ငါးဆယ့်နှစ်သုတ် (၁၅၂) အတိုင်းအရှည် ရှိသော မဇ္ဈိမနိကာယ အမည်ရှိသော သဗ္ဗညုမြတ်စွာဘုရား၏ စကားတော်အစဉ်ကို နှုတ်လွတ်ပီပြင် သံဂါယနာ တင်တော်မူခဲ့ကြပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။မဇ္ဈိမနိကာယော နာမ အာဝုသော မူလပဏ္ဏာသကော မဇ္ဈိမပဏ္ဏာသကော ဥပရိပဏ္ဏာသကောတိ ပဏ္ဏာသကဝသေန တိဝိဓော၊ တတ္ထ ကတရံ ပဏ္ဏာသကံ ပဌမံ သံဂါယိံသု။

ဝိဿဇ္ဇနာ။ ။တီသု ဘန္တေ ပဏ္ဏာသကေသု မူလပဏ္ဏာသကံ နာမ ပါဝစနံ ဓမ္မသံဂါဟကာ မဟာထေရဂဏာ ပဌမံ သံဂါယိံသု။

အမေး။ ။မဇ္ဈိမနိကာယ် မည်သော ဘုရားစကားတော်စုသည် မူလပဏ္ဏာသက မဇ္ဈိမပဏ္ဏာသက ဥပရိပဏ္ဏာသက ဟူ၍ သုတ်ငါးဆယ် ငါးဆယ် ပိုင်းခြားသော သုတ်စု သုံးမျိုး အပြားရှိ၏၊ ထိုသုံးမျိုးသော ပဏ္ဏာသကတို့တွင် အဘယ်မည်သော ပဏ္ဏာသကကို ရှေးဦးစွာ သင်္ဂါယနာတင်တော်မူခဲ့ကြပါသနည်း ဝါရှင်။

အဖြေ။ ။မူလပဏ္ဏာသက မဇ္ဈိမပဏ္ဏာသက ဥပရိပဏ္ဏာသကအားဖြင့် သုံးပါးသော ပဏ္ဏာသကတို့တွင် မူလပရိယာယသုတ် အစရှိသော မူလပဏ္ဏာသက သုတ်ငါးဆယ်တို့ကို ဓမ္မသံဂါယနာတင် မဟာထေရ်မြတ်တို့သည် ရှေးဦးစွာ နှုတ်လွတ်ပီပြင် သံဂါယနာ တင်တော်မူခဲ့ကြပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။မူလပဏ္ဏာသကေပိ အာဝုသော ပဉ္စဝဂ္ဂါ ပဏ္ဏာသ စ သုတ္တာနိ၊ ဧတေသု ကတရံ ဝဂ္ဂံ ကတရံ စ သုတ္တံ ပဌမံ သံဂါယိံသု။

ဝိဿဇ္ဇနာ။ ။မူလပဏ္ဏာသကေ ဘဒ္ဒေ ပဉ္စသု ဝဂ္ဂေသု ပဌမံ မူလပရိယာယ-ဝဂ္ဂံ ပဏ္ဏာသကေသု စ သုတ္တေသု ပဌမံ မူလပရိယာယသုတ္တံ သံဂါယိံသု။

အမေး။ ။မူလပဏ္ဏာသက ပါဠိတော်၌လည်း ဝဂ်အားဖြင့် မူလပရိ-ယာယဝဂ် မဟာသီဟနာဒဝဂ် ဩပမ္မဝဂ် မဟာယမကဝဂ် စူဠယမကဝဂ် ဟူ၍ ငါးဝဂ် ငါးစု အပြားရှိ၏၊ သုတ်အရေအတွက်အားဖြင့် သုတ်ငါးဆယ် အပြား ရှိကုန်၏၊ ထိုငါးဝဂ် ထိုသုတ်ငါးဆယ်တို့တွင် အဘယ်မည်သော ဝဂ်နှင့် အဘယ် မည်သော သုတ်ကို ရွေးဦးစွာ သံဂါယနာတင်တော်မူခဲ့ကြပါသနည်း ငါ့ရှင်။

အဖြေ။ ။ဆယ်သုတ်လျှင် တစု ဆယ်သုတ်လျှင် တစု ပြု၍ ပြု၍ ပေါင်း၍ ထားခဲ့သော မူလပဏ္ဏာသကလာ ဝဂ်ငါးပါးတို့တွင် ရွေးဦးစွာ မူလ ပရိယာယဝဂ်ကို သံဂါယနာတင်တော်မူခဲ့ကြပါကုန်သည်၊ ငါးဆယ်အတိုင်း အရှည်ရှိသော သုတ်တို့တွင်လည်း ရွေးဦးစွာ မူလပရိယာယ သုတ္တန်ကို နှုတ် လွတ်ပီပြင် သံဂါယနာတင်တော်မူခဲ့ကြပါကုန်သည် အရှင်ဘုရား။

သာဓု အာဝုသော မယမ္ပိ ဒါနိ တထောယေဝ ပဋ္ဌာယ သံဂီတိ-ပုဗ္ဗင်္ဂမာနိ ပုစ္ဆာဝိဿဇ္ဇနကိစ္စာနိ ကာတုံ သမာရဘာမ။

ကောင်းပေပြီ ငါ့ရှင်၊ ယခု ဆဋ္ဌသံဂါယနာတင်ရာ ဤမဟာဓမ္မသဘင်၌ ပါဝင်လျက် ဆောင်ရွက်နေကြသော ငါတို့သည်လည်း ထို့မူလပဏ္ဏာသ မူလ ပရိယာယ ဝဂ် မူလပရိယာယသုတ်မှပင် အစပြု၍ သံဂါယနာ၏ ရှေ့သွား ပုဗ္ဗကိစ္စဖြစ်သော မေးခြင်း ဖြေခြင်း အမှုတို့ကို ပြုလုပ်ရန် အားထုတ်ကြပါစို့။

မူလပရိယာယသုတ်

ပုစ္ဆာ။ ။တေန အာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန မူလပရိယာယသုတ္တံ ကတ္ထ က အာရဗ္ဘ ကသ္မ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဥက္ကဋ္ဌာယံ ဘဒ္ဒေ ပဉ္စသတေ ဗြာဟ္မဏကုလာ ပဗ္ဗဇိတေ အာရဗ္ဘ ဘာသိတံ၊ ပဉ္စသတာ ဘဒ္ဒေ ဗြာဟ္မဏကုလာ

ပဗ္ဗဇိတာ ဘိက္ခူ။ ပရိယတ္တိံ နိဿာယ မာနံ ဥပ္ပါဒေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ဥယျဉ်ခင်းပါး အလုံးစုံသော တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် မူလပရိယာယမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ် အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဥက္ကဋ္ဌပြည်၏အနီး ကြက်သရေရှိလှ၍ သုဘဂ ဟူ၍ ခေါ်တွင် ပညတ်သော တောအုပ်အတွင်း တောစိုးသစ်ပင် အနီးဝယ် ဗြာဟ္မဏဇာတ် ပုဏ္ဏားမျိုးမှ ရဟန်းပြုကြသော ငါးရာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ဗြာဟ္မဏဇာတ် ပုဏ္ဏားမျိုးမှ ရဟန်းပြုကြသော ငါးရာသော ရဟန်းတို့သည် ဤသာသနာတော်မြတ်ဝယ် ပရိယတ်ကို သင်အံလေ့ကျက်ပြီးသောအခါ မြတ်စွာဘုရားသခင်သည် တရားတော်ကို ဟောတော်မူသောအခါ နာမ်ပုဒ်, အာချာတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ် တည်းဟူသော ပုဒ်လေးမျိုးထည်းမှ ပင် ထိုက်ရာ သင့်ရာ ဟောတော်မူခြင်းဖြစ်သည်။ ဝိဘတ်ခုနစ်ပါးတို့မှ ထိုက်ရာ သင့်ရာ အခွင့်ကို ကြည့်၍ ဟောတော်မူခြင်းဖြစ်သည်။ ဤပုဒ်လေးမျိုး ဝိဘတ် ခုနစ်မျိုးမှလွဲ၍ ဘုရားရှင် တရားဟောတော်မူသည် မဟုတ် ဟု ပရိယတ်ကို အမှီပြု၍ မာန်မာနကို ဖြစ်စေကြပါသည်။

သို့ မာန်မာနကို ဖြစ်စေပြီးလျှင် မြတ်စွာဘုရားထံမှောက်သို့ ဆည်းကပ်ရန်လည်း မသွားရောက်ကြပါကုန်၊ မြတ်စွာဘုရား တရားဟောသောအခါလည်း တရားတော်ကို နာယူရန် အလို့ငှါ မသွားရောက်ကြပါကုန်၊ ဤသို့လျှင် ဗြာဟ္မဏဇာတ် ငါးရာသောရဟန်းတို့၏ မာန်မာန အစွန်းထောင်သော အကြောင်းဝတ္ထု အဋ္ဌုပ္ပတ်ကြောင့် ဤမူလပရိယာယ သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တံ ပနာဝုသော သုတ္တံ ဘဂဝတာ ကတိဟိ ဝါရေဟိ ကတိဟိ စ အန္တောဂဓပဒေဟိ ဝိဘတ္တံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။တံ ပန ဘဒ္ဓေ မူလပရိယာယသုတ္တံ ဘဂဝတာ အဌဟိ စ ဝါရေဟိ စတုဝိသတိယာ စ အနွောဂဓပဒေဟိ ဝိဘဇိတ္ဝာ ဒေသိတံ။

အမေး။ ။ထိုမူလပရိယာယသုတ္တန် တရားဒေသနာတော်ကို မြတ်စွာဘုရား ဟောကြားတော်မူသောအခါ အဘယ်မျှသော ဝါရတို့ဖြင့်ဝင်း ထိုဝါရ အသီးသီးတို့၌ ပါဝင်သော အဘယ်မျှသော ပုဒ်တို့ဖြင့်ဝင်း ဝေဘန်၍ မြတ်စွာဘုရားသည် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုမူလပရိယာယသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသည် ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် တဝါရ၊ သိက္ခာသုံးပါးကို ကျင့်ကြံဆဲဖြစ်သော သေခပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် တဝါရ၊ သိက္ခာသုံးပုံ အလုံးစုံကို ကျင့်ကြံတော်မူပြီးသော ရဟန္တာသခင် အရှင်မြတ်တို့၏ အစွမ်းအားဖြင့် လေးဝါရ၊ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့၏ အစွမ်းအားဖြင့် ခုနစ်ဝါရ ဤသို့လျှင် ဝါရအားဖြင့် ရှစ်ပါးသော ဝါရတို့ဖြင့်ဝင်း၊ ထိုတဝါရ တဝါရဝယ် အတွင်းဝင်သော တရားအစု ပုဒ်အစုအားဖြင့် ပထဝီ အာပေါ တေဇော ဝါယော ဘူတ ဒေဝ ပဇာပတိ ဗြဟ္မ အာဘဿရ သုဘကိဏှ ဝေဟပ္ဖလ အဘိဘူ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာနာသညာယတန ဒိဋ္ဌ သုတ မုတ ဝိညာတ ဧကတ္တ နာနတ္တ သဗ္ဗ ဒိဋ္ဌဓမ္မနိဗ္ဗာန တည်းဟူသော ခုနစ်ဆယ့်လေးပါးသော အတွင်းဝင်သော ပုဒ်အစု တရားအစုတို့ဖြင့်ဝင်း သဗ္ဗညုမြတ်စွာဘုရား ခဲ့ခြဲခြားစိတ်ဖြာ၍ ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

မူလပရိယာယသုတ် ပြီး၏

သဗ္ဗာသဝသုတ်

ပုစ္ဆာ။ ။ဒုတိယံ ပနာဝုသော သဗ္ဗာသဝသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သဗ္ဗာသဝသုတ္တံ ပန ဘဒ္ဓေ ဘဂဝတာ သာဝတ္ထိယံ သမ္မဟုလေ ဘိက္ခူ အာရဗ္ဘ ဘာသိတံ။

အမေး။ ။အလုံးစုံသော အာသဝေါတရားတို့ကို ဆိုင်ရာ ဆိုင်ရာ အကျင့် ပဋိပတ်တို့ဖြင့် ပယ်သတ်ရန် အလို့ငှါ ဝေဘန်၍ အကျင့်ပဋိပတ်တို့ကို

ဖော်ပြရာဖြစ်သော ဒုတိယနှစ်ခုမြောက် ဖြစ်သော သဗ္ဗာသဝသုတ္တန် တရား ဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဒုတိယနှစ်ခုမြောက် ဖြစ်သော သဗ္ဗာသဝသုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တတ္ထာဝုသော ဘဂဝတာ အာသဝါ ကတိဟိ ပကာရေဟိ ဝိဘဇိတ္ထာ ဒဿိတာ။

ဝိဿဇ္ဇနာ။ ။သတ္တဟိ ဘန္တေ ပကာရေဟိ ဝိဘဇိတ္ထာ အာသဝါ ဘဂဝတာ ပကာသိတာ။

အမေး။ ။ထို သဗ္ဗာသဝသုတ္တန်၌ ဆိုင်ရာ ဆိုင်ရာ အကျင့်ပဋိပတ်တို့ဖြင့် ပယ်သင့် ပယ်ထိုက်သော ပယ်ရမည် ဖြစ်သော အာသဝေါ တရားတို့ကို အဘယ်မျှသော အပြားတို့ဖြင့် ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို သဗ္ဗာသဝသုတ္တန် ဒေသနာတော်မြတ်၌—

(၁) ယထာဘူတ နေရာကျ ဓမ္မတို့ကို ရှုကြည့်၍ ပယ်အပ်သော ဒဿနာ ပဟာတဗ္ဗ အာသဝတစ်။

(၂) စက္ခု အစရှိသော ဣန္ဒြေ ခြောက်ပါးတို့ကို စောင့်စည်းသောအားဖြင့် ပယ်ရမည့် အာသဝတရားတို့ကို ပြသော သံဝရပဟာတဗ္ဗ အာသဝတစ်။

(၃) ပစ္စည်းလေးပါးတို့ကိုပစ္စဝေက္ခဏာဆင်ခြင်ကာ မှီဝဲ၍ မဆင်မခြင် သုံးစွဲခဲ့လျှင် ရောက်ရှိမည့် အာသဝတရားတို့ကို ပယ်ရှားရန် ဖော်ပြသော ပဋိသေဝနာပဟာတဗ္ဗ အာသဝတစ်။

(၄) မိမိခန္ဓာကိုယ်ဝယ် ကျရောက်လာသော အချမ်း အပူ အစရှိသော အနိဋ္ဌလောကဓံတို့ကို အဓိဝါသန ခန္တီတရားဖြင့် သည်းခံ၍ ပယ်ဖျောက်ပုံကို ဖော်ပြသော အဓိဝါသနာပဟာတဗ္ဗ အာသဝတစ်။

(၅) ကြမ်းသောခွေး ကြမ်းသောနွား ကြမ်းသောမြင်း စသည်ရှိရာ အရပ်ကို ရှောင်ရှားသောအားဖြင့် မရှောင်ရှားလျှင် ကျရောက်မည့် ဖြစ်ပွါးမည့် အာသဝ တရားတို့ကို ပယ်ရှားပုံကို ဖော်ပြသည့် ပရိဝဇ္ဇနာပဟာတဗ္ဗ အာသဝတစု။

(၆) မိမိသန္တာန်ဝယ် ဖြစ်ပေါ်လာသော ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် အစရှိသော အကုသိုလ် တရားအစုတို့ကို ကင်းအောင် ကွာအောင် ပယ်ဖျောက်သောအားဖြင့် ပယ်ရှားအပ်သော အာသဝတရားတို့ကို ဖေါ်ပြသော ပဋိဝိနောဒနာပဟာတဗ္ဗ အာသဝတစု။

(၇) ဗောဇ္ဈင် ခုနစ်ပါး တရားတို့ကို ပွါးများခြင်းဖြင့် အကယ်၍ ဗောဇ္ဈင် ခုနစ်ပါး တရားတို့ကို မပွါးသည် ရှိသော် မိမိသန္တာန်၌ ဖြစ်ပေါ်လာမည့် အာသဝတရားတို့ကို ဗောဇ္ဈင်ခုနစ်ပါးကို ပွါးများခြင်းဖြင့် ပယ်ရှားပုံကို ဖော်ပြသော ဘာဝနာပဟာတဗ္ဗ အာသဝတစု။

ဤသို့လျှင် ခုနစ်ပုံ ခုနစ်စုအားဖြင့် ပယ်ရှားရမည့် အာသဝတရားတို့ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သဗ္ဗာသဝသုတ် ပြီး၏

ဓမ္မဒါယာဒသုတ်

ပုစ္ဆာ။ ။ဓမ္မဒါယာဒသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ၊ ဘဂဝတော စ ဘန္တေ ဘိက္ခုသံဃဿ စ တဒါ မဟာလာဘသက္ကာရော ဥဒပါဒိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ပစ္စည်းလေးပါး လာဘ်လာဘနှင့် ပြည့်စုံရုံမျှဖြင့် အားရရောင့်ရဲ၍ မနေကြဘဲ လောကုတ္တရာ ဓမ္မတည်းဟူသော အမွေအနှစ်ပြည့်စုံ

အောင် အားထုတ်၍ အရယူကြရန် တိုက်တွန်း နှိုးဆော်ရာ ဖြစ်သော ဓမ္မ ဒါယာဒ မည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင် သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့ သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် ကရုဏာရှေသွားလျက် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အ ကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုမြတ်စွာဘုရားပွင့်ပေါ် တော်မူသောအခါ လေးအသခ်ျေ ကမ္ဘာတသိန်း ကာလအတွင်း ဆည်းပူး အားသစ်တော်မူခဲ့သမျှသော ဒါနပါရမီတော် အစုတို့ သည် .ယခုဘဝမှာပင် ပေါင်းစု၍ အကယ်၍ အကျိုးကို မပေးလိုက်ရသည်ရှိ သော် အဟောသိကံ ဖြစ်မည်ကို ကြောက်ရွံ့ကြသည့်အလား လေးအသခ်ျေ ကမ္ဘာတသိန်းကာလအတွင်း ဆည်းပူး ပွါးများ အားသစ်တော်မူခဲ့သမျှ သော ဒါနပါရမီ မဟာကုသိုလ်အပေါင်းတို့ တပေါင်းတည်းစုကာ လှေပေါင်း များစွာ တင်ရမည့်ဝန်ကို လှေတခုတည်းမှာ စုပေါင်း၍ တင်ဘိသကဲ့သို့ဌင်း လှည်းပေါင်းများစွာဖြင့် တင်ဆောင်ရမည့် ပစ္စည်းဥစ္စာ ဘဏ္ဍာ တို့ကို လှည်း တခုတည်းမှာ စုပေါင်း၍ တင်ဘိသကဲ့သို့ဌင်း ဘဝပေါင်းများစွာ အကျိုးပေး သော်လည်း ကုန်နိုင်ရန် မရှိသော ကုသိုလ်ကံများစွာ ဒါနပါရမီ များစွာတို့ သည် ပစ္ဆိမဘဝဝယ် နောက်ဆုံးအကျိုးပေးခြင်း အနေဖြင့် အတုမရှိ မနှိုင်း ယှဉ်လောက်အောင် ဂင်္ဂါမြစ်နှစ်ခုမှ ရေအစုတို့ကို တခုတည်းသော နေရာဝယ် စုပေါင်း၍ ထားဘိသကဲ့သို့ များစွာသော ပစ္စည်းလေးဖြာ လာဘ်လာဘတို့ကို မြတ်စွာဘုရားအားဌင်း ဘုရားအမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား ဌင်း ရစေရန် စုပေါင်း၍ အကျိုးပေးခဲ့ပါသည်။

သို့ ပစ္စည်းလေးဖြာတို့ သံဃာတော်တို့ဝယ် ပေါများလာသောအခါ ရဟန်းသံဃာတော်တို့သည် နေမွန်းလွဲအခါ ခေါင်းလောင်းကို တီးခတ်၍ ပစ္စည်းလေးရပ်ကို ဝေဘန်ခြင်းဖြင့် အချိန်ကာလကုန်ခန်းစေသည်ကို သဗ္ဗညု မြတ်စွာဘုရား စက်ဆုပ်ရွံရှာတော်မူလှသဖြင့် ပစ္စည်းလေးပါးကို အကြောင်း ပြု၍ ပစ္စည်းလေးပါးကို မခံရ ဟု သိက္ခာပုဒ်ကို ပညတ်၍လည်း မတော်၊ သို့

ဖြစ်သောကြောင့် သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တာ အမျိုးကောင်းသားတို့သည် ဤ ဓမ္မဒါယာဒသုတ္တန် တရားမှန်ကြီးကို ကြည့်ရှုပြီးလျှင် မိမိတို့ကိုယ်ဝယ် ထိုပစ္စည်းလေးပါးနှင့် စပ်သော ဥပက်ကိလေသ အညစ်အကြေးတို့မှ ဝေးအောင်သုတ်သင်စင်စေသော်ဝ် ဟု မဟာကရုဏာတော် ပြဋ္ဌာန်း၍ ဤလျှောက်ဆိုအပ်ပြီးသောအတိုင်း ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို့အား လာဘ်လာဘ ပေါမျှားသော်ဝတ္ထု အကြောင်းအဋ္ဌုပ္ပတ်ဝယ် ဤဓမ္မဒါယာဒသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည့် အရှင်ဘုရား။

ပုစ္ဆာ။ ။တတ္ထာဝုသော ဒ္ဝေ အနုသန္ဓယော၊ တေသု ပဌမေ အနုသန္ဓိမှိ ကထံ ဘဂဝတာ ဘိက္ခူနံ သြဝါဒေါ ဒိန္နော။

ဝိဿဇ္ဇနာ။ ။ပဌမေ ဘန္တေ အနုသန္ဓိမှိ ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ မာ အာမိသဒါယာဒါ။ အတ္ထိ မေ တုမှေသု အနုကမ္ပာ၊ ကိန္တိ ဧမေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယ်ုံ၂ နော အာမိသဒါယာဒါ-တိ ဧဝမာဒိနာ ဘဂဝတာ ဘိက္ခူနံ သြဝါဒေါ ဒိန္နော။

အမေး။ ။ထို ဓမ္မဒါယာဒ သုတ္တန်၌ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ဟောကြားသော စကားရပ် အနုသန္ဓေတခု၊ အရှင်သာရိပုတ္တရာ မထေရ်မြတ် ဟောကြားသော စကားရပ် အနုသန္ဓေတခုအားဖြင့် အနုသန္ဓေစကားရပ် နှစ်မျိုး ရှိကုန်၏၊ ထို နှစ်မျိုးသော အနုသန္ဓေတို့တွင် ပဌမ အနုသန္ဓေစကားရပ်၌ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် ရဟန်းတော်တို့အား အဘယ်သို့သော အဆုံးအမ သြဝါဒကို ကရုဏာရွှေထား၍ ပေးသနားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ဓမ္မဒါယာဒသုတ်လာ အနုသန္ဓေစကားရပ် နှစ်ပါးတို့တွင် ပဌမအနုသန္ဓေ၌ ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ မာ အာမိသဒါယာဒါ အစရှိသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရားသည်—

ချစ်သား ရဟန်းတို့....သင်ချစ်သားတို့သည် ငါဘုရား၏ အထံမှ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး တည်းဟူသော တရားအမွေကိုသာ ခံယူကြကုန်၊ ဆွမ်း သက်န်း ကျောင်း ဆေး ပစ္စည်းလေးပါး တည်းဟူသော အာမိသအမွေကို မခံယူကြကုန်လင့်။

ချစ်သား ရဟန်းတို့....ငါဘုရား၏ သာဝကတို့သည် ဘယ်ပုံ ဘယ်ပန်း ဘယ်နည်းလမ်းဖြင့် ဇော်ဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတည်းဟူသော ဓမ္မ အမွေကို ခံယူ၍ ဆွမ်း သက်န်း ကျောင်း ဆေး ပစ္စည်းလေးပါး တည်းဟူသော အာမိသအမွေကို မခံယူကြပါကုန်အံ့နည်းဟူ၍ ငါဘုရား၏ သန္ဓာန်ဝယ် အဖန်ဖန် ကရုဏာဇော အထပ်ထပ် ဖြစ်ပွါးခဲ့ပေသည်။

အကယ်၍ သင်ချစ်သားတို့သည် တရားအမွေကို မခံယူဘဲ အာမိသ အမွေကို ခံယူကြကုန်သည်ရှိသော် မြတ်စွာဘုရား၏ တပည့်သား သာဝကတို့ သည် ဓမ္မဂရု ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ တရားအမွေကိုကား မခံယူကုန်၊ ဆွမ်း သက်န်း ကျောင်း ဆေး တည်းဟူသော ပစ္စည်းလေးပါး အာမိသ အမွေကိုသာ ခံယူကုန်သည် ဟု သင်ချစ်သားတို့ကိုရော ငါဘုရားကိုပါ သူတပါးတို့ ကဲ့ရဲ့စဉ်စွဲ ဘွယ်ရာ ဖြစ်ကြမည်။ သင် ချစ်သားတို့သည် အကယ်၍ ဓမ္မအမွေကို ခံယူကြပါကုန်မူ ထိုသို့ စွပ်စွဲဘွယ် အကြောင်းမရှိချေ။

ချစ်သားတို့....ငါဘုရားသည် တခုသော နေ့အခါငယ် ဆွမ်းစားပြီးပြီ ဆိုပါစို့၊ ထိုဆွမ်းစားပြီးသည့်နောက် သပိတ်ထည်းမှာ တဦးစားလောက်ရုံမျှ သော ဆွမ်းသည် ကျန်၍ နေသည် ဆိုပါစို့၊ အချိန်ကလည်း မွန်းမတည့်သေးမီ ရဟန်းတော်နှစ်ပါး ငါဘုရားထံမှောက်သို့ရောက်လာသည် ဆိုပါစို့၊ ငါဘုရား ထံမှောက်သို့ ရောက်လာသော ထိုရဟန်းတို့အား "ချစ်သားတို့....ငါဘုရားသည် ဆွမ်းကိစ္စပြီးခဲ့လေပြီ ဆွမ်းလည်း ကြွင်းကျန်၍ နေသည်၊ အကယ်၍ သင်ချစ် သားတို့ အလိုရှိကုန်မူ စားကြကုန်၊ အကယ်၍ သင်ချစ်သားတို့ မစားကြလျှင် ယခုပင် ဤဆွမ်းကို မြက် သစ်ပင် မရှိရာ အရပ်သို့သော်လည်း ငါဘုရား စွန့် လွှတ်ပစ်မည်၊ ပိုးမရှိသော ရေဋ္ဌသော်မူလည်း ဤဆွမ်းကို မျှော၍ ပစ်ရမည်" ဟု မိန့်ကြားသော အခါ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသား ရဟန်း တော်တပါး၏ စိတ်၌ ဤသို့ အကြံ ဖြစ်ပါသည်။

ယခု သဗ္ဗညုမြတ်စွာဘုရားလည်း ဆွမ်းစား၍ ပြီးချေပြီ၊ ဤဆွမ်းလည်း ပို၍ နေချေပြီ၊ ဤဆွမ်းကို ငါတို့ သုံးဆောင်လျှင် သုံးဆောင်လော့၊ အကယ်၍ မသုံးဆောင်ခဲ့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် ယခုပင် ပိုးမရှိသော ရေဋ္ဌ သော်လည်း မျှော၍ ပစ်တော့မည်၊ စိမ်းစိုသော မြက်သစ်ပင် မရှိသော မြေပြင် အရပ်၌သော်လည်း စွန့်ပစ်တော်မူလိမ့်မည်၊ ဤ ယခု ဆွမ်းဆိုသည် မှာလည်း ဆွမ်း သက်န်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့တွင် တပါးအပါ

အဝင်ဖြစ်၍ အာမိသ တမျိုးပင် ဖြစ်ချေသည်၊ သဗ္ဗညုမြတ်စွာဘုရားကလည်း "ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ" ဟု ချစ်သားတို့....ငါဘုရား၏ ဗောဓိပက္ခိယ တရား သုံးဆယ့် ခုနစ်ပါး တည်းဟူသော တရားအမွေကိုသာ ခံယူကြကုန် ဟု လှိုက်လှိုက်လဲလဲ တိုက်တွန်း ဩဝါဒ ပေးတော်မူချေသည်။ ငါတမူကား ယခု ငါ့သန္တာန်ဝယ် ရောက်ရှိ၍နေသော ဆာလောင်မွတ်သိပ်ခြင်းကို သည်းခံ၍ ဤယနေ့အဘို့ရန်မှာ ဆွမ်းကိုပင် မစားဘဲ သူတော်ကောင်းတရား ဖြင့် အချိန်ကို ကုန်စေအံ့ ဟု ကြံပြီးလျှင် ထိုဆွမ်းကို မစားမူ၍ အချိန်ကို ကုန်စေပါသည်။

ဒုတိယ ရဟန်းတပါးမှာမူကား ယခု သဗ္ဗညုမြတ်စွာဘုရားသည် ဆွမ်း စား၍ ပြီးချေပြီ၊ ဤဆွမ်းလည်း ပို၍ နေချေပြီ၊ အကယ်၍ ငါမစားလျှင် ဤဆွမ်းကို သဗ္ဗညုမြတ်စွာဘုရားသည် စိမ်းသော မြက်သစ်ပင် မရှိရာအရပ်၌ သော်လည်း စွန့်ပစ်တော်မူလိမ့်မည်၊ ပိုးမရှိသော ရေ၌သော်လည်း မျှော်၍ ပစ်လိမ့်မည်၊ ငါသည် ယခုပို့သော ဆွမ်းကို အချည်းနှီး အလဟဿ မဖြစ်အောင် စားသောက်၍ ဤဆာလောင်မွတ်သိပ်ခြင်း တည်းဟူသော ဘေးရန်ကို ဟန့်တား၍ သူတော်ကောင်းတရားဖြင့်ပင် အချိန်ကို ကုန်စေမည် ဟု ကြံစည်တွေးတောပြီးလျှင် ထိုဆွမ်းကြွင်း ဆွမ်းကျန်ကို စား၍ မွတ်သိပ် ဆာလောင်ခြင်းကို ပယ်ဖျောက်ပြီးလျှင် ထိုနေ့အဘို့ သူတော်ကောင်းတရားဖြင့် အချိန်ကို ကုန်စေသည် ဆိုကြပါစို့။

ချစ်သား ရဟန်းတို့....ဤရဟန်း နှစ်ပါးတို့တွင် ငါဘုရားသည် ဒုတိယ ရဟန်းကို ခြီးမွမ်းတော်မမူ၊ စင်စစ်သော် ပဋိပန္နရဟန်းကိုသာလျှင် ခြီးမွမ်းချိမ့်မည်၊ အကြောင်းသော်ကား ထိုရဟန်း၏ ထိုသို့ အာမိသကို မသုံးဆောင်ဘဲ သူတော်ကောင်း တရားဖြင့် အချိန်ကို ကုန်စေခြင်းသည် ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး အလိုနည်းခြင်း ဆောင့်ရဲခြင်း အစရှိသော ကုသိုလ်တရား ပွါးများဘို့ရန် နောင်တတဖန် မပူပန်ဘို့ရန် သာ ဖြစ်ချေသည်။

ထို့ကြောင့်—

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ မာ အာမိသဒါယာဒါ၊ အတ္ထိ မေ တုမှေသု အနုကမ္ပာ ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ၊ နော အာမိသဒါယာဒါ။

ချစ်သားတို့....ငါဘုရား၏ စိတ်သန္တာန်ဝယ် ငါ၏ ချစ်သား ရဟန်းတော် များတို့သည် ဘယ်ပုံ ဘယ်ပန်းဖြင့် အာမိသ အမွှေကို မခံကြဘဲ ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါး တည်းဟူသော ဓမ္မအမွှေကို ခံကြပါကုန်အံ့နည်း ဟု အမြဲတစေ ကရုဏာဇောဖြင့် အကြံတော်ဖြစ်ရှိ၍ နေသည်၊ သို့ဖြစ်သော ကြောင့် သင် ချစ်သားတို့သည် ငါဘုရား၏ အထံမှ ဗောဓိပက္ခိယတရား သုံး ဆယ့်ခုနစ်ပါး တည်းဟူသော ဓမ္မအမွှေကိုသာ ခံကြကုန် ဟု သဗ္ဗညုမြတ်စွာ ဘုရားသည် ဓမ္မအမွှေကို ဒံယျပါဇေကြောင်း ကောင်းမြတ်သော ဆုံးမသြဝါဒ ကို သာဝက ရဟန်းတော်တို့အား ကရုဏာရှေထား ပေးသနားတော်မူခဲ့ပါ သည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဒုတိယေ ပနာဝုသော အနုသန္ဓိမ့် အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ကိဒိသိ ဓမ္မဒေသနာ ဝိဘင်္ဂတ္ထာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။ဒုတိယေ ပန ဘန္တေ အနုသန္ဓိမ့် အာယသ္မတာ သာရိပုတ္တတ္ထေ-ရေန ဓမ္မသေနာပတိနာ သတ္ထု ပဝိဝိတ္တာသေ ဝိဟရတော သာဝကာနံ ဝိဝေကံ အနနုသိက္ခတံ တိဟိ ဌာနေဟိ ဂါရယှတံ၊ အနုသိက္ခန္တာနဉ္စ တိဟိ ဌာနေဟိ ပါသံသတံ၊ သောဋ္ဌသ စ ပါပကေ ဓမ္မေ တေသဉ္စ ပဟာနာယ မဇ္ဈိမာ ပဋိပဒါ ဝိဘင်္ဂတ္ထာ ပကာသိတာ။

အမေး။ ။ဒုတိယ အနုသန္ဓေစကားရပ်၌ ဤသာသနာတော်ဝယ် မြတ်စွာဘုရားသခင်၏ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် အဘယ်သို့သော တရားဒေသနာတော်ကို အကျယ် ဖွင့်ပြ ဝေဘန်တော်မူ၍ ဟောပြတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဒုတိယ အနုသန္ဓေစကားရပ်ဝယ် ဤဘုရားသာသနာတော် ၌ **ဒုတိယဗုဒ္ဓ** ခေါ်တွင်လောက်သော တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် သဗ္ဗညုမြတ်စွာဘုရား ဂန္ဓကုဋီ ကျောင်းတော်သို့ ကြွသွားတော်မူသောအခါ စည်းဝေးနေကြသော ရဟန်း တော်မြတ်တို့အား——

(က) သဗ္ဗညုမြတ်စွာဘုရားကိုယ်တိုင်က အာရုံငါးပါးဆိတ်ခြင်း **ပဝိ-ဝေက** ကို အားသစ်တော်မူပါလျက် တပည့်သား သာဝကတို့က

ပဝိဝေကတရားကို ဘုရားနောက်မှ အတုလိုက်၍ မကျင့်ကြံ မပွါးများခဲ့လျှင် ထေရ, နဝ, မဇ္ဈိမတည်းဟူသော ရဟန်းတော် သုံးမျိုးပင်လျှင် သုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ ခံဘွယ်ရာရှိကြောင်း။

(ခ) ပဝိဝေက တရားကို ဘုရားနောက်မှ အတုလိုက်၍ ကျင့်ကြံကြပါမူ သီတင်းကြီး သီတင်းလတ် သီတင်းငယ် သုံးသွယ်သော ရဟန်းတို့ပင်လျှင် သုံးပါးသော အကြောင်းတို့ဖြင့် အခြီးမှမ်း ခံရဘွယ် ရှိကြောင်း။

(ဂ) မြတ်စွာဘုရားက ပယ်ဘိုရန် ဟောကြားတော်မူခဲ့သည့် တရားတို့မှာ လောဘ, ဒေါသ, ကောဓ, ဥပနာဟ, မက္ခ, ပဠာသ, ကုဿာ, မစ္ဆရိယ, မာယာ, သာဌေယျ, ထမ္ဘ, သာရမ္ဘ, မာန, အတိမာန, မဒ, ပမာဒ ဟူ၍ တဆယ့်ခြောက်ပါးရှိကြောင်း။

(ဃ) ထိုတဆယ့်ခြောက်ပါးသော ယုတ်မာသော တရားတို့ကို ပယ်ရှားဘို့ရန် **မဇ္ဈိမပဋိပဒါ** အမည်သာသော အရိယအဋ္ဌင်္ဂိက မဂ္ဂင် တရားထင်ရှားရှိကြောင်း အကျယ်တဝင့် ဖွင့်ပြ ဟောကြား တော်မူခဲ့ပါသည် အရှင်ဘုရား။

ဓမ္မဒါယာဒသုတ် ပြီး၏

ဘယဘေရဝသုတ်

ပုစ္ဆာ။ ။ဘယဘေရဝသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဓေ ဇာဏုဿောဏိံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ၊ ဇာဏုဿောဏိ ဘဒ္ဓေ ဗြာဟ္မဏော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ တေဒဝေါစ "ယေ မေ ဘော ဂေါတမ ကုလပုတ္တာ ဘဝန္တံ ဂေါတမံ ဥဒ္ဒိဿ သဒ္ဓါ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတာ၊ ဘဝံ တေသံ ဂေါတမော ပုဗ္ဗင်္ဂမော၊ ဘဝံ

တေသံ ဂေါတမော ဗဟုကာရော၊ ဘဝံ တေသံ ဂေါတမော သမာဒပေတာ၊ ဘောတော စ ပန ဂေါတမဿ သာဇနတာ ဒိဋ္ဌာနုဂတိ ံ အာပဇ္ဇတီ”တိ၊ တသ္မိ ံ ဘန္တေ ဝတ္ထုသ္မိ ံ ဘာသိတ။

အမေး။ ။ဘယဘေရဝ မည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အင္ဂုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘယဘေရဝ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် ဇာဏုဿောဏိပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊ ဇာဏုဿောဏိ အမည်ရှိသော ပုဏ္ဏားသည် ဘုရား ထံမှောက် သွားရောက်ပြီးလျှင်—

အရှင်ကြီးဂေါတမ....အကြင် အကြင်သို့သော အမျိုးကောင်းသားတို့သည် အရှင်ဂေါတမကို ရည်ညွှန်း၍ သဒ္ဓါတရားဖြင့် အိမ်ရာတည်ထောင်လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ရဟန်းပြုကြပါကုန်သည်။

အရှင်ဂေါတမသည် ထိုအမျိုးကောင်းသားတို့၏ ရှေ့သွားခေါင်းဆောင်ကြီးလည်း ဖြစ်ပါပေသည်၊ အရှင်ဂေါတမသည် ထိုအမျိုးကောင်းသားတို့အား ကျေးဇူးဥပကာရလည်း များလှပါပေသည်၊ အရှင်ဂေါတမသည် ထိုအမျိုးကောင်းသားတို့အား ကောင်းမှုကုသိုလ်တရား၌ ဆောက်တည်စေတတ်ပါပေသည်၊ ထိုအမျိုးလေးပါး သူကောင်းသားတို့သည် အရှင်ဂေါတမ၏ မြင်သည်ကို အတုလိုက်၍ ကောင်းမှုကုသိုလ်ကို ကျင့်ကြံကြပါကုန်သည် ဟု လျှောက်ထားပါသည်။

ထိုသို့သော အကြောင်းအင္ဂုပ္ပတ်ကြောင့် ဤဘယဘေရဝ သုတ္တန်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဘယဘေရဝသုတ် ပြီး၏

အနုဂ်ာသုတ်

ပုစ္ဆာ။ ။အနဂ်ာသုတ်ံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကေန ဘာသိတံ။ ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ အာယသ္မတာ သာရိပုတ္တတ္ထေရေန မမ္မသေနာပတိနာ ဘာသိတံ။

အမေး။ ။အနဂ်ာမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်ပုဂ္ဂိုလ်က ဟောကြားထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အနဂ်ာသုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် မိဓ၏ သန္တာန်ဝယ် အလိုဆိုးဣစ္ဆာဝစရ ထိုအလိုဆိုးတို့ကြောင့် ဖြစ်သော အမျက်ဒေါသ နှလုံးမသာယာခြင်း ဒေါမနဿ တရားတို့ ရှိသည်ကို ရှိသည် ဟု သိသော ပုဂ္ဂိုလ်၊ ရှိသည်ကို ရှိမှန်းမသိသော ပုဂ္ဂိုလ်၊ ထိုယုတ်မာသော အဂ်ာ တရားတို့ မိမိသန္တာန်ဝယ် မရှိသည်ကို မရှိမှန်း သိသောပုဂ္ဂိုလ်၊ မိမိသန္တာန်ဝယ် မရှိသည်ကို ရှိ၏ ဟု သိသော ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်လေးစားကို အဦးထား၍ အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် ထိုအနဂ်ာသုတ္တန် ဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အနဂ်ာသုတ် ပြီး၏

အာကခေ်ယျသုတ်

ပုစ္ဆာ။ ။အာကခေ်ယျသုတ်ံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။ ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။အာကခေ်ယျ မည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သီတင်းသုံးဖော် သံဃာတော်တို့ ချစ်ခင်မြတ်နိုးသည်မှ အစ အရဟာတ္တဖိုလ်တိုင်ကျအောင် အနုပါဒါ ပရိနိဗ္ဗာန်တိုင်ကျအောင် သာသနာတော်ဝယ် ရသင့် ရခွင့် ရထိုက်သောအကျိုးတရားတို့ကို အလိုရှိသော အမျိုးကောင်းသားသည် သီလသမ္ပဒါ, သမာဓိသမ္ပဒါ, ပညာသမ္ပဒါ တည်းဟူသော သုံးပါးသိက္ခာ သမ္ပဒါသုံးပါး စာရားကို ပွါးများရမည့် အကြောင်းကို အကျယ်တဝင့် ဖွင့်ပြ ဟောကြားရာဖြစ်သော ဤအာကခ်ေယျ သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အာကခ်ေယျသုတ် ပြီး၏

ဝတ္ထသုတ်

ပုစ္ဆာ။ ။ဝတ္ထသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။ညစ်နွမ်းသော အဝတ်အထည်၌ ဆိုးရည် အမျိုးမျိုးဖြင့် ဆိုးသော်လည်း ထိုဆိုးရည်သည် မစွဲနိုင်၊ စင်ကြယ်သော အဝတ်အထည်၌ သာလျှင် ဆိုးရည် စွဲနိုင်သည် ဟု ဥပမာပြု၍ မိမိတို့ သန္တာန်၌ရှိနေသော ဥပက္ကိလေသ အညစ်အကြေးတရားတို့ကို ပယ်ရှားရန်မှစ၍ အာသဝက္ခယဉာဏ် အရဟာတ္တဖိုလ်တိုင်အောင် ဟောကြားရာ ဖြစ်သော **ဝတ္ထ**မည်သော သုတ္တန်တရားဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၎ယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဝတ္ထသုတ် ပြီး၏

သလ္လေခသုတ်

ပုစ္ဆာ။ ။သလ္လေခသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဓေ အာယသ္မန္တံ မဟာစုန္ဒံ အာရဗ္ဘ ဘာသိတံ၊ အာယသ္မာ မဟာစုန္ဒော ဘဒ္ဓေ ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ တေဒဝေါစ "ယာ ဣမာ ဘဒ္ဓေ အနေကဝိဟိတာ ဒိဋ္ဌိယော လောကေ ဥပ္ပဇ္ဇန္တိ၊ အတ္တဝါဒပဋိသံယုတ္တာ ဝါ လောကဝါဒ-ပဋိသံယုတ္တာ ဝါ၊ အာဒိမေဝ နု ခေါ ဘဒ္ဓေ ဘိက္ခုနော မနသိကရောတော ဝေမေတာသံ ဒိဋ္ဌိနံ ပဟာနံ ဟောတိ၊ ဝေမေတာသံ ဒိဋ္ဌိနံ ပဋိနိဿဂ္ဂေါ ဟောတီ" တိ၊ တသ္မိံ ဘဒ္ဓေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ကိလေသာကို ခေါင်းပါးစေတတ်သော သလ္လေခ အကျင့်ပဋိပတ်ကို ဝေဘန်၍ ပြရာဖြစ်သော သလ္လေခ သုတ္တန် တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အတ္ထုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် မဟာစုန္ဒ မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊ မဟာစုန္ဒ မထေရ်မြတ်သည် သဗ္ဗညုမြတ်စွာဘုရားထံ မှောက်သို့ ချည်းကပ်ပြီးလျှင်—

"ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အတ္တဝါဒနှင့် စပ်သော အလုံးစုံသော အမျိုးမျိုး အစားစားသော မိစ္ဆာဒိဋ္ဌိတို့သည်၎င်း လောကဝါဒနှင့် စပ်သော အဆူးထူးအပြားပြား များစွာသော မိစ္ဆာဒိဋ္ဌိတို့သည်၎င်း ဤလောကဝယ် ထင်ရှားရှိကြပါကုန်သည်၊ ထို များစွာသော မိစ္ဆာအယူဝါဒတို့ကို ဤသာသနာတော်ဝယ် ရဟန်းပြုသော ပုဂ္ဂိုလ်သည် **သူတော်တရား ပွါးများအားထုတ်ခါစ၌ ပင်လျှင် ဤမိစ္ဆာအယူဝါဒတို့ကို ပယ်ရှားနိုင်ပါသလော**" ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

မေး-ဖြေ ၄-၂

ထိုသို့သော အကြောင်းအတ္ထုပ္ပတ်ကြောင့် ဤသလ္လေခ မည်သော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တတ္ထ စ အာဝုသော ကတိ ပရိယာယာ ကတိ စ အန္တောဂဓပဒါနိ ဘဂဝတာ ဝိဘဇိတ္ဝာ ပကာသိတာနိ။

ဝိဿဇ္ဇနာ။ ။တတ္ထ ဘန္တေ ပဉ္စ ပရိယာယာ စတုစတ္တာလီသ စ အန္တောဂဓ-ပဒါနိ ဘဂဝတာ ဝိတ္ထာရေန ဘာသိတာနိ။

အမေး။ ။ထိုသလ္လေခသုတ္တန် တရားဒေသနာတော်မြတ်၌ အဘယ်မျှသော ပရိယာယ်ဝါရတို့ကိုငင်း ထိုဝါရ အသီးသီးတို့၌ အတွင်းဝင်လျက်ရှိသော အဘယ်မျှသော ပုဒ်တို့ကိုငင်း ဘုရားမြတ်စွာသည် ဝေဘန်၍ ဟောကြားအပ်ပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ထိုသလ္လေခသုတ္တန် တရားဒေသနာတော်မြတ်ဝယ်—

ကိလေသာတရား ခေါင်းပါးအောင် ပြုလုပ်ခြင်းကို ဖော်ပြသော သလ္လေခ ပရိယာယ ဓမ္မဒေသနာဝါရ၊

ခေါင်းပါးအောင် မပြုလုပ်နိုင်စေကာမူ ခေါင်းပါးစေမည် ဟု စိတ်ကို ဆောက်တည်ခြင်းမျှဖြင့်ပင် အကျိုးတရား များလှသည်ကို ဖော်ပြသော စိတ္တုပ္ပါဒ ပရိယာယ ဒေသနာဝါရ၊

သလ္လေခ၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်တရားတို့မှ ထွက်မြောက်ရာ လည်း လွဲရာ သမ္မာပဋိပဒါ ရှိကြောင်းကို ဖော်ပြသော ပရိက္ကမနပရိယာယ ဒေသနာဝါရ၊

သလ္လေခ အကျင့်ပဋိပတ်၌ တည်သည်ရှိသော် အထက်ဖြစ်သော မဂ် ဖိုလ်သို့ ရောက်နိုင်ကြောင်း ဖော်ပြသည့် ဥပရိဘာဂပရိယာယ ဒေသနာဝါရ၊

သလ္လေခ ပဋိပဒါ၌ တည်သည်ရှိသော် ကိလေသပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန် တိုင်အောင် ဝင်စံနိုင်ကြောင်း ဖော်ပြသည့် ပရိနိဗ္ဗာနပရိယာယဒေသနာ, ဝါရတည်းဟူသော ပရိယာယ ဒေသနာဝါရငါးပါး၊

ထိုဝါရတပါးတပါး၏ အတွင်းဝယ် ပယ်ရမည့် လေးဆယ့်လေးမျိုးသော အန္တောဂဓ အတွင်းပါတရားအစုတို့ကိုဎင်း သဗ္ဗညုမြတ်စွာဘုရား ခွဲခြမ်း စိတ်ဖြာ ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

သလ္လေခသုတ် ပြီး၏

သမ္မာဒိဋ္ဌိသုတ်

ပုစ္ဆာ။ ။သမ္မာဒိဋ္ဌိသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အာယသ္မတာ သာရပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတ။

အမေး။ ။သုံးဆယ့်နှစ်ပါးသော အရာဌာနတို့၌ အရဟတ္တဖိုလ် တိုင်အောင် ဆိုက်ရောက်စေလျက် သုံးဆယ့်နှစ်ကြိမ်တိုင်တိုင် သစ္စာလေးပါးတို့ကို ဝေဘန်၍ သမ္မာဒိဋ္ဌိဥာဏ်နှင့် ပြည့်စုံပုံကို ပြရာဖြစ်သော သမ္မာဒိဋ္ဌိသုတ္တန်မည်သော တရားဒေသနာတော်ကို အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်ပုဂ္ဂိုလ်က ဟောကြားထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သမ္မာဒိဋ္ဌိ အသိဥာဏ် အရဟတ္တဖိုလ်တိုင် ရောက်အောင် ပေါက်ရောက်ကြစေရန် သုံးဆယ့်နှစ်ပါးသော ဌာနတို့ဝယ် အရဟတ္တဖိုလ် အထွတ်တပ်၍ဎင်း သစ္စာလေးပါးတို့ဖြင့် တန်းဆာဆင်၍ဎင်း အကျယ်တဝင့်ဖွင့်ပြရာဖြစ်သော သမ္မာဒိဋ္ဌိသုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် အရပ်ဝယ် များစွာသော ဓမ္မပဋိဂ္ဂါဟက ရဟန်းတော်အရှင်သူမြတ်တို့ကို အကြောင်းပြု၍ ဒုတိယဗုဒ္ဓ ခေါ်တွင်ရမည့် ဓမ္မသေနာပတိ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မဟာထေရ်မြတ် ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။မူလပရိယာယ သုတ္တန် အစရှိသော ဤသုတ် တရားတော် အပေါင်းသည် အဘယ်ပုဂ္ဂိုလ်၏ စကားဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်ဖုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာညေယျ ခပ်သိမ်းသော မြေတို့ကို ကျနကုန်စင် အကြွင်းမဲ့ သိမြင်တော်မူသော သဗ္ဗညုရှင်တော်ဘုရား၏ စကားတော် စင်စစ်ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘာတံ။

ဝိဿဇ္ဇနာ။ ။ပရမ္မရာယ ဘန္တေ အာဘာတံ။

အမေး။ ။ဤမူလပရိယာယ သုတ္တန် အစရှိသော မဇ္ဈိမနိကာယ် ပါဠိတော်ကို အဘယ်ပုဂ္ဂိုလ်သည် မပျောက်မပျက်ရအောင် ဆောင်ရွက်လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤမူလပရိယာယ သုတ္တန်အစရှိသော မဇ္ဈိမနိကာယ် အဝင် အပါ သဗ္ဗညုမြတ်စွာဘုရား၏ စကားတော်အစဉ်တို့ကို ပဌမသင်္ဂါယနာ တင်ရာ ကာလဝယ် အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးဖြစ်သဖြင့် ထိုအရှင် သာရိပုတ္တရာ မထေရ်သူမြတ်၏ သဒ္ဓိဝိဟာရိက အန္တေဝါသိက တပည့် ဖြစ်တော်မူကြသော အရှင်သူမြတ်တို့မှ အစ ယခု ဆဋ္ဌသင်္ဂါယနာတင်ရာကာလ ထေရဝါဒီ အပြည်ပြည်ဆိုင်ရာ ဆရာတော်မထေရ်မြတ်တို့တိုင်အောင် အဆက်ဆက်သော သာသနပါလက သာသနပဝေဏီဃဋ္ဌက ထေရဝါဒကိုဏ်းဝင် အရှင်သူမြတ်တို့သည် မပျောက်မပျက်ရအောင် စောင့်ဆောင် ထိန်းသိမ်းတော်မူခဲ့ကြပါသည် အရှင်ဘုရား။

သမ္မာဒိဋ္ဌိသုတ် ပြီး၏

မဟာသတိပဋ္ဌာနသုတ်

ပုစ္ဆာ။ ။မဟာသတိပဋ္ဌာနသုတ္တံ ပနာဝုသော ယောဂါဝစရာနံ ဗဟုပကာရတ္တာ ဒီဃနိကာယေ စ ဣမေ စာတိ ဒ္ဝိသု နိကာယေသု ပေါရာဏကေဟိ သံဂီတိကာရေဟိ ဒ္ဝိက္ခတ္တုံ သံဂါယိတ္ဝာ ဝိတ္ထာရေန ပတိဋ္ဌာပိတံ၊ တံ အမ္ဟေဟိ ဒီဃနိကာယေ ယထာနုပုတ္တဝသေန ပုစ္ဆိတ္ဝာ ဝိဿဇ္ဇိတ္ဝာ။ တထာပိ ယောဂါဝစရာနံ ဗဟုပကာရတ္တာယေဝ

တံ ကွဒါနိပိ ယထာနုပုတ္တဝသေန ပုန ပုစ္ဆိဿာမိ၊ တံ ပနေတံ အာဝုသော မဟာသတိပဋ္ဌာနသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကုရုသု ဘန္တေ ကမ္မာသဓမ္မေ နာမ ကုရုနံ နိဂမေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။မဟာသတိပဋ္ဌာနသုတ္တန် တရားဒေသနာတော်ကြီးသည် တရားအားထုတ်သော ယောဂါဝစရ ပုဂ္ဂိုလ်တို့အား အထူးသဖြင့် ကျေးဇူးများသည့် အဖြစ်ကြောင့် ဒီဃနိကာယ်၌၎င်း ယခု သံဂါယနာတင်ဆဲဖြစ်သော မဇ္ဈိမနိကာယ်၌၎င်း ဤနိကာယ်နှစ်ရပ်လုံးတို့၌ ရှေးရှေးသော သံဂါယနာတင် မဟာထေရ်မြတ်တို့သည် နှစ်ကြိမ် တိုင်တိုင် သံဂါယနာတင်၍ အကျယ်အားဖြင့် တည်ထားတော်မူခဲ့ပေ၏။ ငါတို့သည်လည်း ဒီဃနိကာယ်၌ အစဉ်ရောက်သည့်အတိုင်း ထိုမဟာသတိပဋ္ဌာနသုတ်ကို မေးခဲ့ဖြေခဲ့ပြီ။ သို့ပင်ဖြစ်သော်လည်း ထိုမဟာသတိပဋ္ဌာနသုတ်တော်သည် ယောဂါဝစရပုဂ္ဂိုလ်တို့အား အထူးသဖြင့် ကျေးဇူးများသောကြောင့် ဤမဇ္ဈိမနိကာယ်၌ အစဉ်ရောက်သည့် အားလျော်စွာ ယခုအခါ၌လည်း တဖန်ထပ်၍ မေးမြန်းပေဦးအံ့။

ထိုမဟာသတိပဋ္ဌာနသုတ္တန် တရားဒေသနာတော်ကြီးကို ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကုရုတိုင်း အဝင်အပါ ကမ္မာသဓမ္မ အမည်ရသော နိဂုံး၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ အစရှိသည်ဖြင့် ပဏ္ဍုကမ္ပလာ ကုန်သည်သည် မိမိ၏ ပဏ္ဍုကမ္ပလာ အထည်၏ ကျေးဇူးစကားတို့ကို ပြောကြားဘိသကဲ့သို့ ခုနစ်ပါးသော ကျေးဇူးစကားတို့ကို ဖော်ပြ၍ နှစ်ဆယ့်တပါးသော ဌာနဝယ် အရဟတ္တဖိုလ်တိုင် ပေါက်ရောက်စေလျက် ဤမဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်မြတ်ကို များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ အာနာပါနဿတိ ကာယာနုပဿနာ ဘဂဝတာ ဝိဘတ္တာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။ကွဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္ဟာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတ္ဟာ သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ၊ ဒီဃံ ဝါ အဿသန္တော 'ဒီဃံ အဿသာမီ'တိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော 'ဒီဃံ ပဿသာမီ'တိ ပဇာနာတိ၊ ဧဝမာဒိနာ ဘဒ္ဒန္တ တတ္ထ အာနာပါနဿတိ ကာယာနုပဿနာ ဘဂဝတာ ဝိဘတ္တာ ပကာသိတာ။

အဓိပ္ပေး။ ။ထိုမဟာသတိပဋ္ဌာန်သုတ်တော်မြတ်၌ ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ ဟူ၍ လေးပါး အပြားရှိ၏၊

ထိုလေးပါးတို့တွင် ကာယာနုပဿနာသည်လည်း အာနာပါနဿတိ ကာယာနုပဿနာ အစရှိသောအားဖြင့် နှစ်ဆယ့်လေးပါးရှိရာတွင် အာနာပါနဿတိ ကာယာနုပဿနာ ဘာဝနာကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် ဝေဘန်၍ ဟောပြတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။သဗ္ဗညုမြတ်စွာဘုရားသည် ကာယာနုပဿနာ သတိပဋ္ဌာန် ဒေသနာတော်မြတ်ကို တဆယ့်လေးရပ်သော အပိုင်းအခက်းတို့ဖြင့် ခွဲခြမ်း၍ ဟောကြားတော်မူခဲ့ရာ ရှေးဦးစွာသော အာနာပါန အပိုင်းအခက်း၌ ဤစ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ အစရှိသည်ဖြင့်—

ချစ်သားတို့....ဤငါဘုရားသာသနာတော်၌ ရဟန်းတော် အရှင်သူမြတ်သည် တောအရပ်သို့ ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ တစုံတခု ဆိတ်ငြိမ်ရာ အရပ်သို့ ဖြစ်စေ ကပ်ရောက်၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် အာနာပါန တို့၏ ထွက်ရာ ဝင်ရာ ဖြစ်သော နှာသီးဖျားသို့ စိတ်ကိုထား၍ ထက်ဝယ်ဖွဲ့ခွေ နေရမည်။

သို့နေပြီးသောအခါ ရှေးဦးအစဝယ် သတိကို မြဲစွာထား၍ ထွက်သက်ကို လည်း ထုတ်ရမည် ဝင်သက်ကိုလည်း ရှူရှိုက်ရမည်၊ ပဌမအပိုင်းအခက်းဝယ် ထွက်သက်ဝင်သက် ထုတ်သည် ရှိုက်သည်တို့ကို သတိ အမြဲတစေ ရှိရမည်။

ဤသို့ စသည်ဖြင့် အပိုင်းအပိုင်း ခွဲခြမ်း၍ ကာယာနုပဿနာသတိပဋ္ဌာန် အာနာပါန အပိုင်းအခန်းကို သဗ္ဗညုမြတ်စွာဘုရား ခွဲခြမ်း၍ ပြတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဣရိယာပထကာယာနုပဿနာ ဘာဝတာ ဝိဘဇိတ္ဘာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။ပုန စပရံ ဘိက္ခဝေ ဘိက္ခု၊ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဌိတော ဝါ ဌိတောမှိတိ ပဇာနာတိ၊ နိသိန္နော ဝါ နိသိန္နောမှိတိ ပဇာနာတိ၊ သယာနော ဝါ သယာနောမှိတိ ပဇာနာတိ၊ ဧဝမာဒိနာ ဘန္တေ ဘာဝတာ ဣရိယာပထကာယာနုပဿနာ ဘာဝနာ ဝိဘဇိတ္ဘာ ပကာသိတာ။

အမေး။ ။ထိုမဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်မြတ်၌ အရိယာပုထုဇ်လေးပါးကို ရှုရသော ဣရိယာပထ ကာယာနုပဿနာကို သဗ္ဗညု မြတ်စွာဘုရားသည် အဘယ်သို့ ဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုကာယာနုပဿနာသတိပဋ္ဌာန်အခန်း တဆယ့်ဖလေးပိုင်းတို့တွင် နှစ်ခုမြောက်ဖြစ်သော ဣရိယာပထပဗ္ဗကို ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ အစရှိသည်ဖြင့်—

ချစ်သားတို့....ဤငါဘုရားသာသနာတော်ဝယ် ရဟန်းတော် အရှင်သူမြတ်သည် သွားသောအခါ သွားသည်ဟူ၍ ဉာဏ်ပညာဖြင့် သိရမည်၊ ရပ်သောအခါ ရပ်သည် ဟူ၍ ဉာဏ်ပညာဖြင့် သိရမည်၊ ထိုင်သောအခါ ထိုင်သည်ဟူ၍ လျောင်းသောအခါ လျောင်းသည်ဟူ၍ ဉာဏ်ပညာဖြင့် သိရမည်။

သို့ သိပုံမှာ သွားလို ရပ်လို ထိုင်လို နေလိုသော စိတ်သည် ရှေးဦးစွာ ဖြစ်သည်၊ သို့ သွားလို ရပ်လို ထိုင်လို နေလိုသော စိတ်ဖြစ်သောအခါ ဝါယောဓာတ် လွန်ကဲသော စိတ္တဇရုပ် ဖြစ်သည်၊ ထို့ဝါယောဓာတ် လွန်ကဲသော စိတ္တဇရုပ်ဝယ် ပါရှိသော ဝါယောဓာတ်,ဝါယောဓာတ်၏ ဝိကာရ သတ္တိတည်းဟူသော ဝိညတ်ရုပ်ပါရှိသည်။

ဤခန္ဓာကိုယ်ဝယ် ထို့ဝိညတ်ရုပ် အနုံ့အပြား ပြည့်လေသောကြောင့် စိတ္တကိရိယာ ဝါယောဓာတ်၏ အစွမ်းသတ္တိကြောင့် ဤရူပကာယသည် မူလ

ဖြစ်ရာအရပ်မှ ရှေသို့တဆင့်တိုးရှ နောက်တဘန် ရုပ်သဏ္ဌာန်တို့ ဖြစ်သည်ကိုပင် သွားသည်ဟူရှင်း ထိုစတုဇရုပ်သန္ဌတိတို့သည် ရပ်သောအခြင်းအရာအားဖြင့် ဖြစ်သည်ကိုပင် လောကဝေါဟာရအားဖြင့် ရပ်သည်ဟူရှင်း ထိုင်သောအခြင်းအရာ လျောင်းသောအခြင်းအရာအားဖြင့် ဖြစ်သည်ကိုပင် ထိုင်သည် လျောင်းသည် ဟု လောက ဝေါဟာရ အားဖြင့် ခေါ်ဆိုခြင်း ဖြစ်ချေသည်။

စင်စစ်သော် သွားတတ်သူ ရပ်တတ်သူ ထိုင်တတ်သူ လျောင်းတတ်သူ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိ၊ စိတ္တကိရိယာ ဝါယောဓာတ်၏ ပျံ့နှံ့ခြင်း တည်းဟူသော တန်းခိုး အစွမ်းကြောင့်သာလျှင် သွား၌ ရပ်မှု ထိုင်မှု လျောင်းမှု တည်းဟူသော ဣရိယာပုထ်တို့ ဖြစ်ပေါ်ရသည် ဟု ဉာဏ်ပညာဖြင့် သိရန် အကြောင်းကို သဗ္ဗညုမြတ်စွာဘုရားသည် ထိုဣရိယာပထ အပိုင်းအခက်းဌ ကာယာနုပဿနာ သတိပဋ္ဌာန်ကို ခဲခြမ်းစိတ်ဖြာ ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ သမ္မဇညကာယာနုပဿနာ ဘဂဝတာ ဝိဘတ္တာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။ပုန စပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာန-ကာရီ ဟောတိ၊ အာလောကတေ ဝိလောကတေ သမ္ပဇာန-ကာရီ ဟောတိ၊ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊ သံဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ၊ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ၊ ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ၊ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ၊ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ တတ္ထ သမ္ပဇညကာယာနုပဿနာ ဝဘဇ္ဇတ္ထာ ပကာ-သိတာ။

အမေး။ ။ထို သတိပဋ္ဌာန် သုတ်တရားတော်၌ သမ္ပဇဉ်လေးပါးကို ဖြစ်ပုံစေလျက် ရှုရသော သမ္ပဇညကာယာနုပဿနာကို မြတ်စွာဘုရားသခင်သည် အဘယ်သို့ ဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ကာယာနုပဿနာ သတိပဋ္ဌာန် သမ္မာဇာ အပိုင်းအခက်း ၌ သဗ္ဗညုမြတ်စွာဘုရားသည် ပုန စပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္မာဇာနကာရီ ဟောတိ အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....ထိုမှတပါး ယောဂါဝစရ ရဟန်းတော် အရှင် သူမြတ်သည် ရှေ့သို့ တက်သောအခါ ရှေ့သို့သွားသောအခါ၌ငင်း နောက်သို့ ပြန်ဆုတ်သောအခါ၌ငင်း တူရူတည့်တည့် ကြည့်သောအခါ၌ငင်း တစောင်း ကြည့်သောအခါ၌ငင်း လက်ခြေတို့ကို ကွေးသောအခါ ဆန့်သောအခါ၌ငင်း သပိတ်သင်္ကန်းတို့ကို ဝတ်ရုံ ဆင်မြန်းသောအခါ၌ငင်း စားဖွယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ်တို့ကိုစားသောအခါ သောက်သောအခါ ခဲသောအခါ လျက် သောအခါ၌ငင်း ကိုယ်၏ အညစ်အကြေးတို့ကို စွန့်ပစ်သောအခါ၌ငင်း သွား သောအခါ ရပ်သောအခါ ထိုင်သောအခါ အိပ်သောအခါ နိုးသောအခါ စကား ပြောသောအခါ စကားမပြော တုဏှီဘော နေသောအခါ၌ငင်း ဤအစိတ်အ စိတ် အမှုန့်အမှုန့်သော ဣရိယာပုထ်တို့၌လည်း—

အကျိုးရှိသည် မရှိသည်ကို ရှေးဦးစွာ ဝေဘန်၍ အကျိုးရှိမှသာ ပြုခြင်း အကျိုးရှိသည်ကိုသာ ယူခြင်းတည်းဟူသော **သာတ္ထကသမ္ပဇဉ်**။

အကျိုးပင် ရှိစေကာမူ မိမိနှင့် သပ္ပါယဖြစ်သည် သပ္ပါယ မဖြစ်သည်ကို ရှေးဦးစွာ ပိုင်းခြားပြီးမှ သပ္ပါယဖြစ်၍ လျောက်ပတ်သည်ကိုသာလျှင် ပြုခြင်း တည်းဟူသော **သပ္ပါယသမ္ပဇဉ်**၊

ပြုပြုသမျှသော ကာယကံမှု ဝစီကံမှု အမှုမှုတို့ဝယ် ကမ္မဋ္ဌာန်း အာရုံ လက်မလွှတ်ခြင်း တည်းဟူသော **ဂေါစရသမ္ပဇဉ်**၊

ထို ပြုပြုသမျှ အလုံးစုံဝယ် ဉာဏ်ပညာရှေးရှု၍ ပုဂ္ဂိုလ်သွားသည် မဟုတ် ပုဂ္ဂိုလ်နောက်ဆုတ်သည်မဟုတ် ငါ သူတပါး ယောကျ်ား မိန်းမ ရှေ့သို့ တက်သည် နောက်သို့ ဆုတ်သည် တူရူကြည့်သည် တစောင်းကြည့်သည် မဟုတ်၊ စင်စစ်သော စိတ္တကိရိယာ ဝါယောဓာတ် အစရှိသော ထိုထို ပရမတ္ထ တရားတို့၏ သတ္တိဖြင့်သာလျှင် ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း စသည် ဖြစ်သည် ဟု ဉာဏ်ဖြင့် သိမ်းဆည်းခြင်း တည်းဟူသော **အသမ္မောဟသမ္ပဇဉ်**၊

ဤသမ္ပဇညလေးပါးတို့ဖြင့် ရှေ့သို့တက်ခြင်း နောက်သို့ ဆုတ်ခြင်း အစရှိသော ကာယကံမှု ဝစီကံမှုတို့ဝယ် ပြုရမည် ဟု သဗ္ဗညုမြတ်စွာဘုရား

သည် သမ္ပဇညကာယာနုပဿနာ ဘာဝနာကို စိတ်ဖြာခွဲခြား ဟောကြား တော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဥ္ဇာဝုသော တတ္ထ ပဋိကူလမနသိကာရကာယာနုပဿနာ ဘဂဝတာ ဝိဘဇိတ္ဌာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝ-တာ ပဋိကူလမနသိကာရကာယာနုပဿနာ ဝိဘဇိတ္ဌာ ပကာ-သိတာ။

အမေး။ ။ထိုသတိပဋ္ဌာန်သုတ် တရားတော်၌ စက်ဆုပ်ရွံရှာဘွယ် အဖြစ်ဖြင့် ထင်အောင်ရှုရသော ပဋိကူလမနသိကာရကာယာနုပဿနာကို မြတ်စွာဘုရားသခင်သည် အဘယ်သို့ ဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ပဋိကူလမနသိကာရ အပိုင်းအခဏ်းကို ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ အစရှိသည်ဖြင့်—

ချစ်သားတို့....ထိုမှတပါးလည်း ယောဂါဝစရ ရဟန်းသူမြတ်သည် ဆံပင် မွေးညှင်း အစရှိသော သုံးဆယ့်နှစ်ပါးသော ဒွတ္တိံသာကာရတို့နှင့် ပြည့်သော စက်ဆုပ်ရွံရှာဘွယ်သော ကောဋ္ဌသတို့နှင့်သာ ပြည့်၍သာနေသော ဤရူပ ကာယကို ဤသည်ကား ဆံပင် ဤသည်ကား မွေးညှင်း ဤကား ခြေသည်း လက်သည်း ဤကား အရေထူ အရေပါး ဤကား သွား အစရှိသည်ဖြင့် ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, ငါ, သူတပါး အနေဖြင့် မရှုဘဲ ထင်ရှားရှိသော ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေထူ အရေပါး အစရှိသော ကောဋ္ဌာသတို့ကို ရှုဘို့ နေဘို့ရန် ရံခါ မိမိကောဋ္ဌာသကို ရှုရှိနေရန် ရံခါ သူ တပါးတို့၏ ကောဋ္ဌာသကိုရှုရှိနေရန် ရံခါ မိမိကောဋ္ဌာသ ရံခါ သူတပါးတို့၏ ကောဋ္ဌာသတို့ကို ရှုရှိနေရန် သဗ္ဗညုမြတ်စွာဘုရား ပဋိကူလမနသိကာရ

ကာယာနုပဿနာကို စိတ်ဖြာခဲ့ခြား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဓာတုမနသိကာရကာယာနုပဿနာ ဘဂဝတာ ဝိဘတ္တာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု ဓဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဓာတုမနသိကာရကာယာနုပဿနာ ဝိဘတ္တာ ပကာသိတာ။

အမေး။ ။ပဋိုလ်သတ္တဝါမဟုတ် ဓာတ်သဘောမျှမှု ဟု ရှုရသော ဓာတုမနသိကာရကာယာနုပဿနာကို မြတ်စွာဘုရားသခင်သည် အဘယ်သို့ ဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဓာတုမနသိကာရ အပိုင်းအခက်းကို ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....ထိုမှတပါးလည်း ယောဂါဝစရ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသား ရဟန်းသူမြတ်သည် အကြင် အကြင် ရှိမြဲ တည်မြဲတိုင်းသော ဤရူပကာယကိုပင်လျှင် ဤသည်ကား ပထဝီဓာတ် ဤသည်ကား အာပေါဓာတ် ဤသည်ကား တေဇောဓာတ် ဤသည်ကား ဝါယောဓာတ် ဤနှစ်ဆယ်သော ဆံပင် အစရှိသော ကောဋ္ဌာသအစုသည်ကား ပထဝီဓာတ်, ဤတဆယ့်နှစ်ပါးသော အစုသည်ကား အာပေါဓာတ်, ဤလေးပါးသော အစုသည်ကား တေဇောဓာတ်, ဤခြောက်ပါးသော အစုသည်ကား ဝါယောဓာတ် ဟု ဤရူပကာယအတွင်းဝယ် ထင်ရှားရှိသော ပထဝီဓာတ်နှစ်ဆယ်, အာပေါဓာတ်တဆယ့်နှစ်ပါး, တေဇောဓာတ်လေးပါး, ဝါယောဓာတ် ခြောက်ပါးတို့ကို ပထဝီ အာပေါ တေဇော ဝါယော အနေဖြင့် ရှုကြည့်၍ နေရမည်၊ ရုံခါ မိမိသန္တာန် ရုံခါ သူတပါး သန္တာန်ဝယ် ဤဓာတ်လေးပါးကို ရှုကြည့်၍ နေရမည်။

ဤသို့ စသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရားသည် ဓာတုမနသိကာရ အပိုင်း အခန်းကို ခွဲခြမ်းစိတ်ဖြာ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ နဝ သိဝထိကကာယာနုပဿနာ ဘဂဝတာ ဝိဘတ္တာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဋ္ဌိတံ ဇကောဟမတံ ဝါ ဒ္ဝီဟမတံ ဝါ တီဟမတံ ဝါ ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကဇာတံ၊ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ နဝ သိဝထိကကာယာနုပဿနာ ဘာဝနာ ဝိဘတ္တာ ပကာသိတာ။

အမေး။ ။သင်းချိုင်းဌ် စွန့်ပစ်ထားသော သူသေကောင်တို့နှင့် နှိုင်းယှဉ်၍ ရှုရသော ကိုးဖြာသော **သိဝထိက** ကာယာနုပဿနာကို မြတ်စွာဘုရား သခင်သည် အဘယ်သို့ ဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။နဝ သိဝထိကပဗ္ဗ အပိုင်းအခန်းကို ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဋ္ဌိတံ အစရှိသည်ဖြင့် သင်းချိုင်းဝယ် စွန့်ပစ်အပ်သော သူကောင်၏ အပိုင်းအခန်းတို့ကို သင်းချိုင်းဝယ် စွန့်ပစ်အပ်သည့် အခါန်မှစ၍ အရိုးစုတို့ မှုန့်မှုန့်ညက်ညက် အခါန်တိုင် အောင် ကိုးပိုင်း ကိုးကဏ္ဍပြပြီးလျှင် ထို ကိုးပိုင်း ကိုးစိပ် ကိုးမျိုးသော သိဝထိက အပိုင်းအခန်းတို့ကို မြင်ရသောအခါ သြပနေယျိက ဓမ္မဂုဏ်ကို အာရုံပြုသောအားဖြင့် ထိုသိဝထိကပဗ္ဗ လာ ကိုးပိုင်း ကိုးခန်းသော အသုဘ ရုပ်ကလာပ်တို့ကဲ့သို့ပင် မိမိခန္ဓာကိုယ်သည်လည်း ဤသဘောကို မလွန်မြောက် နိုင်ကြောင်းကို ဉာဏ်ပညာရှေးရှု၍—

အယ်မို့ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော အစရှိသည်ဖြင့် ငါ၏ ခန္ဓာကိုယ်သည်လည်း ဤအသုဘရုပ်ကဲ့သို့ပင် စွန့်ပစ်အပ်သော သဘောရှိချေသည်၊ ဤသဘောသည်ပင်လျှင် မခွတ်ဖြစ်လတ္တံ့ ဤသဘောကို ငါ၏ ရုပကာယ မလွန်မြောက်နိုင် ဟု သတိ

သမ္ပဇညရှေသ္ဌားရှိရန် ရည်သန်တော်မူသောအားဖြင့် အာဒီနဝါ နုပဿနာဥာဏ် ရင့်သန်ရန်အတွက် ဤကာယာနုပဿနာ သတိပဋ္ဌာန် အခဏ်းဝယ် နဝသိဝထိက ပဗ္ဗအပိုင်းအခဏ်း ကိုးခဏ်းတို့ကို သဗ္ဗညုမြတ်စွာဘုရား ခွဲခြမ်းစိတ်ဖြာ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဥ္ဇာဝုသော တတ္ထ ဝေဒနာနုပဿနာ ဘဂဝတာ ဝိဘဇိတ္ဌာ ဒေသိတာ။

ဝိဿဇ္ဇနာ။ ။ဣဓ ဘိက္ခဝေ ဘိက္ခု သုခံ ဝါ ဝေဒနံ ဝေဒယမာနော "သုခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ၊ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယ-မာနော "ဒုက္ခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ၊အဒုက္ခမသုခံ ဝါ ဝေဒနံ ဝေဒယမာနော "အဒုက္ခမသုခံ ဝေဒနံ ဝေဒယာ-မီ"တိ ပဇာနာတိ၊ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဝေဒနာနုပဿနာ ဝိဘဇိတ္ဌာ ပကာသိတာ။

အမေး။ ။ထိုသတိပဋ္ဌာန်ဒေသနာတော်၌ ဝေဒနာတို့ကို ရှုရသော ဝေဒနာနုပဿနာကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်သို့လျှင် ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဣဓ ဘိက္ခဝေ ဘိက္ခု သုခံ ဝါ ဝေဒနံ ဝေဒယမာနော "သုခံ ဝေဒနံ ဝေဒယာမီ"တိ အစရှိသည်ဖြင့် ထိုမဟာသတိပဋ္ဌာနသုတ္တန်၌ နှစ်ခုမြောက်သော ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကို—

ချစ်သား ရဟန်းတို့....ဤငါဘုရားသာသနာတော်ဝယ် ယောဂါဝစရ သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသား ရဟန်းတော် အရှင်သူမြတ်သည် သုခ ဝေဒနာကို ခံစားသည်ရှိသော် သုခဝေဒနာကို ခံစားသည် ဟု သိရမည်။

အဘယ်သို့ သိရမည် နည်းဟူမူကား ဣဋ္ဌာရုံ,ဒွါရ ဤနှစ်ပါးတို့ ပေါင်းဆုံခြင်းကြောင့် မီးခတ်ကျောက်နှင့် သံခဲတို့ ထိခိုက်သောအခါ မီးပွင့်သကဲ့သို့ ဒွါရနှင့် ဣဋ္ဌာရုံ အစရှိသော ထိုထိုအကြောင်းတို့ ပေါင်းဆုံခြင်းကြောင့်သာ လျှင် သုခဝေဒနာ ဖြစ်ပေါ်လာသည်။

သို့ သုခဝေဒနာ ဖြစ်ပေါ်သည်ကိုပင် လောကဝေါဟာရအားဖြင့် သုခ ဝေဒနာကိုခံစားသည် ဟူ၍ ခေါ်ဆိုရသည်။ စင်စစ်သော်မူ သုခဝေဒနာကို

ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ ဟူ၍ မရှိပါတကား၊ သုခဝေဒနာသည်ပင် ဥပါဒ်ခဏအားဖြင့် ဖြစ်ပေါ်၍ ဌီခဏအားဖြင့် ရပ်တည်ပြီးလျှင် ဘင်ခဏအားဖြင့် ချုပ်ပျောက်သောအခါ သုခဝေဒနာ တဇာတ်သိမ်းရပြန်သည်။

ဤသို့ စသည်ဖြင့် ဝေဒနာသုံးပါး အာမိသ နိရာမိသ အားဖြင့် ခြောက်မျိုး ခြောက်စားပြား၍ ဖြစ်ပုံတို့ကို ပိုင်းပိုင်းခြားခြား သိဘို့ရန် သဗ္ဗညုမြတ်စွာဘုရားသည် ထို မဟာသတိပဋ္ဌာနသုတ္တန်ဒေသနာတော်မြတ်၌ ဝေဒနာနုပဿနာကမ္မဋ္ဌာန်းကို ခဲခြမ်းစိတ်ဖြာ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဥ္စာဝုသော တတ္ထ စိတ္တာနုပဿနာ ဘဂဝတာ ဝိဘဇိတ္ဝာ ဒေသိတာ။

ဝိဿဇ္ဇနာ။ ။ကုစ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ "သရာဂံ စိတ္တ"န္တိ ပဇာနာတိ၊ ဝီတရာဂံ ဝါ စိတ္တံ "ဝီတရာဂံ စိတ္တ"န္တိ ပဇာနာတိ၊ သဒေါသံ ဝါ ဝီတဒေါသံ ဝါ သမောဟံ ဝါ ဝီတမောဟံ ဝါ သံခိတ္တံ ဝါ စိတ္တံ "သံခိတ္တံ စိတ္တ"န္တိ ပဇာနာတိ၊ ဝိက္ခိတ္တံ ဝါ စိတ္တံ "ဝိက္ခိတ္တံ စိတ္တ"န္တိ ပဇာနာတိ၊ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ စိတ္တာနုပဿနာ ဝိဘဇိတ္ဝာ ပကာသိတာ။

အမေး။ ။ထို သတိပဋ္ဌာန သုတ်ဒေသနာတော်၌ စိတ်ကို ရှုရသော စိတ္တာနုပဿနာကို မြတ်စွာဘုရားသည် အဘယ်သို့ ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို မဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်မြတ်၌ စိတ်ကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ အနေဖြင့် ရှုရမည် မဟုတ် စိတ်ကို စိတ်အနေဖြင့် သာ ရှုရမည့်အကြောင်းကို ဖော်ပြရာဖြစ်သော စိတ္တာနုပဿနာ မဟာသတိပဋ္ဌာန ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား သည် ကုစ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ "သရာဂံ စိတ္တ"န္တိ ပဇာနာတိ အစရှိသည်ဖြင့် လောဘနေယျ အာရုံကို အကြောင်းခံ၍ လောဘစိတ်တို့ ဖြစ်သော အခါ ဤသန္တာန်ဝယ် လောဘနေယျ အာရုံကို အကြောင်းပြု၍ လောဘစိတ်ဖြစ်သည် ဟု စိတ်ကိုသာ စိတ်အနေဖြင့် သိဘို့ရန် ထိုအတူ လောဘ

ကင်းသောစိတ် ဒေါသနှင့်တကွ ဖြစ်သောစိတ် ဒေါသကင်းသောစိတ် အစရှိသော တဆယ့်ခြောက်မျိုးသောစိတ်ကို တဆယ့်ခြောက်မျိုးသော စိတ်အနေဖြင့် သိဘို့ရန် တဆယ့်ခြောက်မျိုးသော စိတ်တို့၏ ဖြစ်ပုံကို တဆယ့်ခြောက်မျိုးသော အခြင်းအရာမှ လွှတ်၍ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမအနေဖြင့် ပုဂ္ဂိုလ်ဖြစ်သည် သတ္တဝါဖြစ်သည် ငါဖြစ်သည် သူတပါးဖြစ်သည် ယောကျ်ားဖြစ်သည် မိန်းမဖြစ်သည် စသည်ဖြင့် မရှုဘို့ရန် တဆယ်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် သဗ္ဗညုမြတ်စွာဘုရားသည် စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားကို ခွဲခြားစိတ်ဖြာ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဓမ္မာနုပဿနာ ဘဂဝတာ ဝိဘဇိတ္ဝာ ဒေသိတာ၊ တံ သခေ်ပမတ္တေနေဝ ဝိဿဇ္ဇေဟိ။

ဝိဿဇ္ဇနာ။ ။ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ပဉ္စသု နီဝရဏေသု ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ပဉ္စဟိ ပဗ္ဗေဟိ ဓမ္မာနုပဿနာ ဝိဘဇိတ္ဝာ ပကာသိတာ။

အမေး။ ။ထို သတိပဋ္ဌာန်သုတ် ဒေသနာတော်မြတ်၌ သဘောတရားတို့ကို ရှုရသော ဓမ္မာနုပဿနာကို မြတ်စွာဘုရားသခင်သည် အဘယ်သို့ ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ထိုသို့ ဝေဘန်၍ ဟောကြားပုံကို အကျဉ်းချုပ်မျှဖြင့် သာလျှင် ဖြေကြားပါလော့ ငါ့ရှင်။

အဖြေ။ ။ထိုမဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်မြတ်၌ ဓမ္မာနုပဿနာ တရားတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသည်

၁။ နီဝရဏ အပိုင်းအခဏ်း။

၂။ ခန္ဓာအပိုင်းအခဏ်း။

၃။ အာယတန အပိုင်းအခဏ်း။

၄။ ဗောဇ္ဈင် အပိုင်းအခဏ်း။

၅။ သစ္စာ အပိုင်းအခဏ်း။

ဤသို့ အခဏ်းကြီး ငါးခဏ်းဖြင့် ခွဲခြမ်း စိတ်ဖြာ ဟောပြတော်မူအပ်ပါသည် အရှင်ဘုရား။

စိုဠသီဟနာဒသုတ်

ပုစ္ဆာ။ ။စိုဠနသီဟနာဒသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒန္တေ ပရိဟီနလာဘသက္ကာရေ နာနာတိတ္ထိယေ အာရဗ္ဘ ဘာသိတံ၊ နာနာတိတ္ထိယာ ဘဒ္ဒန္တေ ပရိဟီနလာဘသက္ကာရာ တေသု တေသု ဌာနေသု ပရိဒေဝိံသု၊ စတသော စ ဘဒ္ဒန္တေ ပရိသာ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ တသ္မိံ ဘဒ္ဒန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။စိုဠသီဟနာဒ မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းအထူးပွတို့ကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။စိုဠသီဟနာဒ မည်သော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်အရပ်ဝယ် ယုတ်လျော့သော လာဘ်လာဘရှိကုန်သော သာသနာပြင်ပ အညတိတ္ထိယတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အနည်းငယ်မျှ ဖွင့်ပြလျှောက်ထားလိုပါသည်၊ ပုဂ္ဂိုလ် သတ္တဝါ နတ် လူ ဗြဟ္မာ ရှိသမျှတို့ကို သဘောတူရာ စုပေါင်းလိုက်သည် ရှိသော်—

၁။ **ရူပပမာဏ ရူပပသန္နေ** ပုဂ္ဂိုလ် ရုပ်အဆင်းလှသည်ကို ကြည်ညိုသော ရုပ်အဆင်းလှလျှင် ပမာဏဂရုပြုသော ပုဂ္ဂိုလ်။

၂။ **ဃောသပမာဏ ဃောသပသန္နေ** ပုဂ္ဂိုလ် အသံကောင်းသည်ကို ပမာဏပြု၍ အသံကောင်းလျှင် ကြည်ညိုကြသော ပုဂ္ဂိုလ်။

၃။ **လူခပမာဏ လူခပသန္နေ**ပုဂ္ဂိုလ် ရုပ်အဆင်းလှလှ မလှလှ အသံကောင်းကောင်း မကောင်းကောင်း ခေါင်းပါးသည်ကို ကြည့်၍ ကြည်ညိုတတ်သော နတ် လူ ဗြဟ္မာ သတ္တဝါပုဂ္ဂိုလ်။

၄။ **ဓမ္မပမာဏ ဓမ္မပသန္နေ** ပုဂ္ဂိုလ်၊ တရားကိုသာ အလေးအမြတ်ပြု၍ ရုပ်အဆင်းလှလှ မလှလှ အသံကောင်းကောင်း မကောင်းကောင်း ခေါင်းပါး ချင်ခေါင်းပါး မခေါင်းပါးချင်နေ သီလ သမာဓိ ပညာ တည်းဟူသော ကျေးဇူးဂုဏ်ကိုသာ အာရုံပြု၍ ကြည်ညိုတတ်သည့် နတ်လူဗြဟ္မာ သတ္တဝါတွေလည်း တစု၊

ဤသို့ သတ္တဝါလေးမျိုးလေးစု ရှိသည့်အနက် ရူပပမာဏ ရူပပသန္နေ ပုဂ္ဂိုလ်တို့သည်လည်း မြတ်စွာဘုရားကို သုံးဆယ့်နှစ်ရုပ်သော မဟာပုရိသ လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံခြင်း တည်းဟူသော **ရူပအစိန္တေယျဂုဏ်**ကို အာရုံပြု၍ ကြည်ညိုကြပါသည်၊ ဃောသပမာဏ ဃောသပသန္နေ ဖြစ်ကြသော နတ်လူဗြဟ္မာ သတ္တဝါတို့သည်လည်း **ဝါစာအစိန္တေယျဂုဏ်**ကို အာရုံပြု၍ ကြည်ညိုကြပါသည်၊ လူခပမာဏ လူခပသန္နေ ပုဂ္ဂိုလ်တို့သည်လည်း **ဒုက္ကရစရိယာ** ခြောက်နှစ်ကြာ ကျင့်တော်မူပုံကို အာရုံပြု၍ ကြည်ညိုကြပါသည်၊ ဓမ္မပမာဏ ဓမ္မပသန္နေ ပုဂ္ဂိုလ်တို့သည်လည်း ဘုရားရှင်ကိုယ်တော်မြတ်၏ **ဉာဏအစိန္တေယျ** ကျေးဇူးဂုဏ်ကို အာရုံပြု၍ ကြည်ညိုကြပါသည်၊ သို့ဖြင့် တလောကလုံးရှိသမျှ နတ်လူ ဗြဟ္မာ သတ္တဝါတို့သည် မြတ်စွာဘုရားသို့သာ တစုတရုံးတည်း ကြည်ညိုကြပါသည်။

ဘုရားမပွင့်မီ ခေတ်အခါဆီက ငါတို့သည် "ဘုရားပါ-ဘုရားပါ" ဟု တစာစာ ဟစ်အော် ကြွေးကြော်၍နေကြသော အညာဘိတ္ထိယ ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား ပွင့်ပေါ်တော်မူလာသောအခါ နေဝန်းထွက်ပြုလာသောအခါ ပိုးစုန်းကြူး (ပိုးစုန်းဖြူ) ကဲ့သို့ ယုတ်လျော့သော အဆင်းအရောင် ယုတ်လျော့သော ဂုဏ်ရောင် ယုတ်လျော့သော လာဘ်လာဘရှိကြပါသည်။

ထိုအညတိတ္ထိယ သာသနာပြင်ပ ပုဂ္ဂိုလ်ဘိသည် ဤသို့ ယုတ်လျော့သော လာဘ်လာဘ ရှိကြသဖြင့် ထိုထိုအရပ်ဒေသဝယ် ဘုရားရှိရာ တရားရှိရာ သံဃာတော်တိ စည်းဝေးရာ အရပ်ဌာန ထိုထိုလမ်းဆုံ အစရှိသော လူစုဝေးရာ အရပ်တို့၌ သွားရောက်ပြီးလျှင်

ရဟန်းကြီးဂေါတမသာ ရဟန်းလေလား....ငါတို့လည်း ရဟန်းပါတကား....ရဟန်းကြီးဂေါတမ၏ တပည့်တို့မှသာ ရဟန်းလေလား....ငါတို့၏ တပည့်သား သာဝကမျှားလည်း ရဟန်းပါတကား....ရဟန်းကြီးဂေါတမ

အားသာ လှူကောင်းလေသလား....ငါတို့အားလည်း လှူကောင်းပါပေသည်။ ရဟန်းကြီးဂေါတမ၏ တပည့်သား သာဝကအားသာ လှူကောင်းပါသလား....ငါတို့၏ တပည့်သား သာဝကအားလည်း လှူကောင်း လှူထိုက်ပါပေသည်၊

သို့ စသည်မြည်တွန်လျက် ငိုကြွေးကြပါသည်၊ ထိုအကြောင်းကို ပရိသတ်လေးပါးတို့သည် သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားကြသောအခါ သဗ္ဗညုမြတ်စွာဘုရားက

ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့.... ထိုသာသနာပြင်ပ အညတိတ္ထိယပုဂ္ဂိုလ်တို့သည် ထိုသို့ပြောဆိုစေကာမူ ထိုသာသနာပြင်ပ အညတိတ္ထိယအတွင်းဝယ် အညတိတ္ထိယတို့၏ သာသနာဝယ် ၁-သောတာပန်ရဟန်း၊ ၂-သကဒါဂါမ် ရဟန်း၊ ၃-အနာဂါမ် ရဟန်း၊ ၄-ရဟန္တာ ရဟန်း တည်းဟူသော တကယ့်ရဟန်းအစစ်အမှန် လေးမျိုးကို မရနိုင်ကြောင်း ရဲရဲတောက် မိန့်ကြားတော်မူသောအားဖြင့်

"ဣဓေဝ ဘိက္ခဝေ သမဏော၊ ဣဓ ဒုတိယော သမဏော၊ ဣဓ တတိယော သမဏော၊ဣဓ စတုတ္ထော သမဏော၊ သုညာ ပရပ္ပဝါဒါ သမဏေဘိ အညေဟိ" အစရှိသော စကားတော်တို့ဖြင့် တန်းဆာဆင်အပ်သော ဤစဋ္ဌသိဟနာဒ သုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

စဋ္ဌသိဟနာဒသုတ် ပြီး၏

မဟာသီဟနာဒသုတ်

ပဋ္ဆာ။ ။တေနာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာ-သမ္မုဒ္ဓေန မဟာသီဟနာဒသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ သုနက္ခတ္တံ လိစ္ဆဝိပုတ္တံ အာရဗ္ဘ ဘာသိတံ၊ သုနက္ခတ္တော ဘန္တေ လိစ္ဆဝိပုတ္တော အစိရပက္ကန္တော ဟောတိ ဣမသ္မာ ဓမ္မဝိနယာ၊ သော ဝေသာလိယံ ပရိသတိ ဧဝံ ဝါစံ

ဘာသတိ “နတ္ထိ သမဏသ ဂေါတမသ ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသော၊ တက္ကပရိယာဟတံ သမဏော ဂေါတမော ဓမ္မံ ဒေသေတိ ဝီမံသာနုစရိတံ သယံ ပဋိဘာနံ။ ယဿ စ ခွါဿ အတ္ထာယ ဓမ္မော ဒေသိတော၊ သော နိယျာတိ တက္ကရဿ သမ္မာ ဒုက္ခက္ခယာယာ”တိ၊ ဧတ-မတ္ထံ ဘန္တေ အာယသ္မာ သာရိပုတ္တော ဘဂဝတော အာရော-စေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိဒတော်မှူ မြင်တော်မှူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ဥယျဉ်ငါးပါး တရားအသုံးစုံကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်ပင် သိမြင်တော်မူပြီးသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် မိမိ၏ ဂုဏ်တော်တို့ကို ဟုတ်မှန်သည့်အတိုင်း ရဲရဲဝံ့ဝံ့ မိန့်တော်မူရာဖြစ်သောကြောင့် မဟာသီဟနာဒ အမည်ရှိသော သုဘွန်တရားဒေသနာတော်မြတ်ကို အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည်အရပ်ဝယ် သုနက္ခတ္တ အမည်ရှိသော လိစ္ဆဝိမင်းသားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သုနက္ခတ္တ အမည်ရှိသော မင်းသားသည် ဤဘုရားသာသနာတော်မှ မကြာမြင့်မီကပင် လျှောကျခဲ့ပါသည်၊ ထိုသုနက္ခတ္တမင်းသားသည် ဝေသာလီပြည်ဝယ် ပရိသတ်တို့၏ အလယ်၌—

ရဟန်းကြီး ဂေါတမအား လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော မဂ်ဖိုလ်ပညာဟူ၍ လုံးလုံးလျားလျား မရှိပါ၊ မိမိကြုံကြိုက်ရာ စဉ်းစားမိရာ ဉာဏ်ထည်းထင်ရာကိုသာ တရားကိုဟောဆိုတတ်ပါပေသည်၊

သို့ပင်ဖြစ်သော်လည်း အကြင် ဒုက္ခခပ်သိမ်း ငြိမ်းရန်အလို့ငှါ တရားကို ဟောတော်မူခဲ့လေပြီ။ ထိုတရားကို ကျင့်သော ပုဂ္ဂိုလ်အား ထိုသို့ ရာဂ ဒေါသ မောဟ အစရှိသော ကိလေသာခပ်သိမ်း ဒုက္ခခပ်သိမ်းတို့ ကင်းငြိမ်းခြင်းကား ဖြစ်ပါ၏ ဟူ၍ ပရိသတ် အလည်ဝယ် ပြောကြားခဲ့ပါသည်။

ထိုအကြောင်းကို ဆွမ်းခံကြွသွားတော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ် ကြားတော်မူသောအခါ ဆွမ်းခံရာမှအပြန်ဝယ် မြတ်စွာဘုရား အား လျှောက်ထားပါသည်။

ထိုသို့သော မှုခင်းကိစ္စကြောင့် မြတ်စွာဘုရားသခင်၏ မိမိ၏ ကျေးဇူး ဂုဏ်တော်တို့ကို မကြောက်မရွံ ရဲဝံ့စွာ ခြေသံ့မင်းကဲ့သို့ ဟိန်းဟောက် ကျူးရင့်ရာဖြစ်သောကြောင့် မဟာသီဟနာဒ အမည်ရသော ဤသုတ္တန်ဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတိ ပနာဝုသော တတ္ထ ဘဂဝတာ တထာဂတဿ တထာဂတ-ဗလာနိ ဝိဘဇိတ္ဝာ ပကာသိတာနိ၊ ယေဟိ ဗလေဟိ သမန္နာဂတော တထာဂတော အာသဘံ ဌာနံ ပဋိဇာနာတိ၊ ပရိသာသု သီဟနာဒံ နဒတိ၊ ဗြဟ္မစက္ကံ ပဝတ္တေတိ။

ဝ ဝ

ဝိဿဇ္ဇနာ။ ။ဒီသ ဘန္တေ တထာဂတဿ တထာဂတဗလာနိ ဘဂဝတာ ဝိဘဇိတ္ဝာ ပကာသိတာနိ၊ ယေဟိ ဗလေဟိ သမန္နာဂတော တထာဂတော အာသဘံ ဌာနံ ပဋိဇာနာတိ၊ ပရိသာသု သီဟနာဒံ နဒတိ၊ ဗြဟ္မစက္ကံ ပဝတ္တေတိ။

အမေး။ ။မြတ်စွာဘုရားတို့၌ ပြည့်စုံမြဲဖြစ်သော ဉာဏဗလ ဉာဏ်ခွန်အားတို့သည် ရှိကုန်၏၊ ယင်း ဉာဏ်ခွန်အားတို့နှင့် ပြည့်စုံတော်မူသောကြောင့် ဘုရားမြတ်စွာသည် အမြင့်အမြတ်ဆုံး အရာဌာနဖြစ်သော ဘုရားအဖြစ်ကို ဝန်ခံတော်မူနိုင်ပေ၏၊ ထို့ပြင် ယင်း ဉာဏ်ခွန်အားတို့နှင့် ပြည့်စုံခြင်းကြောင့် ပင်လျှင် ပရိသတ် ရှစ်ပါးတို့၏ အလယ်၌ ရဲရင့်သော မိန့်ခွန်းကို ရဲရဲရင့်ရင့် မိန့်ကြားတော်မူနိုင်ပေ၏၊ ထို့ပြင် ယင်း ဉာဏ်ခွန်အားတို့နှင့် ပြည့်စုံခြင်းကြောင့်ပင်လျှင် မြတ်သော တရားစက်ကိုလည်း လည်စေတော်မူနိုင်ပေ၏၊ ထိုသို့သော ဘုရားရှင်တို့မှာ ပြည့်စုံမြဲဖြစ်သော ဘုရားရှင်တို့၏ ဉာဏဗလ ဉာဏ်တော်အားတို့ကို ဘုရားမြတ်စွာသည် ထိုမဟာသီဟနာဒသုတ္တန် တရား ဒေသနာတော်၌ အဘယ်မျှ ဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို မဟာသီဟနာဒ သုတ္တန်ဒေသနာတော်မြတ်၌—

(၁) အကြောင်း ဟုတ်သည် မဟုတ်သည်ကို အကြင်းမရှိ ကုန်စင်အောင် သိမြင်တော်မူသော ဌာနာဌာနကောသလ္လ ဉာဏ်တော်တည်းဟူသော ဒသဗလ ဉာဏ်တော်တပါး။

(၂) ထိုထိုသို့သော ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော တကာလိက ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးတရားတို့ကို အယုတ်အားဖြင့် ပါဏာတိပါတအမှုကို တပေါင်းတည်း တစုတည်း ပြုလုပ်ကြသော သူတို့ပင် ဖြစ်စေကာမူ ထို တပေါင်းတည်း တစုတည်း အတူတကွ ပြုလုပ်ကြသော သူတို့၏ အနက်မှ ဤသူပြုလုပ်သော ပါဏာတိပါတဒုစရိုက်သည်ကား ငရဲအကျိုးကို ပေးလိမ့်မည်၊ ဤသူပြုလုပ်သော ပါဏာတိပါတ ဒုစရိုက်စေတနာကား တိရစ္ဆာန်အကျိုးကို ပေးလိမ့်မည်၊ ဤသူပြုလုပ်သော ပါဏာတိပါတ ဒုစရိုက်စေတနာကား ပြိတ္တာပဋိသန္ဓေကို အကျိုးပေးလိမ့်မည် အစရှိသည်ဖြင့် ထိုထိုကောင်းမှုမကောင်းမှု ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးကို အကြွင်းမရှိ သိမြင်တော်မူခြင်း တည်းဟူသော ကမ္မသမာဒါန ဝိပါက ဉာဏ်တည်းဟူသော ဒသဗလ ဉာဏ်တော်တပါး။

(၃) ထိုမှတပါး လူ့ပြည်ရောက်ကြောင်း နတ်ပြည်ရောက်ကြောင်း ငရဲတိရစ္ဆာန် ပြိတ္တာ အသုရကာယ် ရောက်ကြောင်း လူ့ပြည် နတ်ပြည် ငရဲတိရစ္ဆာန် ပြိတ္တာ အသုရကာယ်မှ ဘဝသုံးပါးမှ လွတ်မြောက်၍ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ပဋိပဒါကို သိမြင်သော သဗ္ဗတ္ထဂါမိနိပဋိပဒါ ဉာဏ်တော် တည်းဟူသော ဒသဗလ ဉာဏ်တော်တပါး။

(၄) ထိုမှတပါး အလုံးစုံသော ဓာတ်သဘောတို့ကို အယုတ်သဖြင့် ဤမည်သောဆူးဝယ် ဤမည်သောဓာတ် လွန်ကဲခြင်းကြောင့် ကွဲ၍ နေပေသည်၊ ဤမည် ဤမည်သော ပစ္စည်း ဝတ္ထုဝယ် ဤမည် ဤမည်သော ဓာတ်သဘော လွန်ကဲသောကြောင့် ညိုသည် ဖြူသည် ရှေသည် ဝါသည် အစရှိသည်ဖြင့် ကြွင်းမဲ့ကုန်စင် သိမြင်တော်မူသော နာနာဓာတုဝိဘင်္ဂ ဉာဏ်တော် တည်းဟူသော ဒသဗလ ဉာဏ်တော်တပါး။

(၅) ထိုမှတပါး သတ္တဝါ ဟူသမျှတို့၏ အလုံးစုံသော အလိုဆန္ဒ အဓိမုတ္တိကို သိမြင်တော်မူခြင်း တည်းဟူသော နာနာဓိမုတ္တိ ဉာဏ်တော် တည်းဟူသော ဒသဗလ ဉာဏ်တော် တပါး။

(၆) ထိုမှတပါး သတ္တဝါတို့၏ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ တည်းဟူသော ဣန္ဒြေ ငါးပါးတို့၏ အနုအရင့်ကို သိမြင်တော်မူခြင်း

တည်းဟူသော ကုန်ဆုံးယပရောပရိယတို့ ဉာဏ်တည်းဟူသော ဒဿဓလ ဉာဏ်တော် တပါး။

(၇) ထိုမှတပါး စျာန်ဝိမောက္ခ သမာဓိ သမာပတ် တရားတို့၏ ညစ်ညူးကြောင်းတရား ဖြူစင်ကြောင်းတရား ထိုစျာန်ဝိမောက္ခ သမာဓိ သမာပတ်ဘို့ ထကြောင်းတရားတို့ကို ကြွင်းမဲ့ကုန်စင် သိမြင်တော်မူခြင်း တည်းဟူသော စျာနာဒိသံကိလေသဝေါဒါနဝုဋ္ဌာန ဉာဏ်တော် တည်းဟူသော ဒဿဓလ ဉာဏ်တော်တပါး။

(၈) ထိုမှတပါး သာဝကပစ္စေကဗုဒ္ဓါတို့နှင့် မဆက်ဆံ အလိုတော်ရှိသမျှ အတိတ်လွန်လေပြီးသော ဘဝအသခ်္ယေတို့ကို ကြွင်းမဲ့ကုန်စင် အလိုတော်ရှိရာ သိမြင်တော်မူနိုင်ခြင်း တည်းဟူသော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော် တည်းဟူသော တထာဂတဒဿဓလ ဉာဏ်တော်တပါး။

(၉) ထိုမှတပါး ပစ္စေကဗုဒ္ဓါအရိယသာဝကတို့နှင့် မဆက်ဆံသော အသိုရှိရာ ဌာနတို့ကို တဇ္ဈာခြင်း သိမြင်တော် ရှုမြင်တော်မူနိုင်သော ဒိဗ္ဗစက္ခု ဉာဏ်တော် တည်းဟူသော ဒဿဓလ ဉာဏဓလ အားတော်တပါး။

(၁၀) ထိုမှတပါး အရိုယသာဝက ပစ္စေကဗုဒ္ဓါတို့နှင့် မဆက်ဆံသော ဝါသနာ အင်္ဂေအသက်နှင့် တကွ တဆောင့်ငါးရာ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်တော်မူနိုင်သော အရဟတ္တမဂ် ဉာဏ်တော် တည်းဟူသော အာသဝက္ခယဉာဏ် တည်းဟူသော ဒဿဓလ ဉာဏ်တော်တပါး။

ဤဆယ်ပါးသော တထာဂတ ဒဿဓလ ဉာဏ်တော်အားတို့ကို ထိုမဟာသီဟနာဒသုတ္တန်၌ ခဲခြမ်းစိတ်ဖြာ ဟောကြားတော်မူခဲ့ပါသည်။

ယင်း ဒဿဓလဉာဏ်တော်အားဆယ်ပါးတို့နှင့် ပြည့်စုံတော်မူသော ကြောင့်ပင်လျှင် သဗ္ဗညုမြတ်စွာဘုရားသည် အာသဘဌာန အမည်ရသည့် သမ္မာသမ္ဗုဒ္ဓ အဖြစ်ကိုလည်း ရဲရဲရင့်ရင့် ဝန်ခံတော်မူခဲ့ပါသည်။

ပရိသတ်ရှစ်ပါး ပရိသတ်လေးပါး အများတကာတို့၏ အလယ်ဝယ် ခြင်္သေ့မင်းကဲ့သို့ တင့်တယ်ရဲရင့်သော သစ္စဒေသနာ ဓမ္မကထာ တည်းဟူသော ကြုံးဝါးခြင်းကို ရဲရဲဝံ့ဝံ့ ကြုံးဝါးတော်မူခဲ့ပါပေသည်။ မြတ်သော တရားစကားကိုလည်း လည်စေတော်မူခဲ့ပါသည်။

ဤသို့လျှင် ထိုမဟာသီဟနာဒသုတ္တန်၌ ဆယ်ရပ်သော မြတ်စွာဘုရား၏ ဉာဏ်တော် အားတို့ကို စိတ်ဖြာ ခဲ့ခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဆဉ္ဆာဝုသော တတ္ထ ဘဂဝတာ စတုဝေရဇ္ဇဉာဏာနိ ဝိဘဇိတ္ဝာ ပကာသိတာနိ၊ ယေဟိ ဝေသာရဇ္ဇေဟိ သမန္နာဂတော တထာဂတော အာသဘံ ဌာနံ ပဋိဇာနာတိ၊ ပရိသာသု သီဟနာဒံ နဒတိ၊ ဗြဟ္မစက္ကံ ပဝတ္တေတိ။

ဝိဿဇ္ဇနာ။ ။ဓိဏာသဝဿ တေ ပဋိဇာနတော ဣမေ အာသဝါ အပရိက္ခီဏာတိ တတြ ဝတ မံ သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ဗြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ သဟဓမ္မေန ပဋိစောဒေဿတီတိ နိမိတ္တမေတံ သာရိပုတ္တ န သမနုပဿာမိ၊ တေမဟံ သာရိပုတ္တ နိမိတ္တံ အသမနုပဿန္တော ခေမပ္ပတ္တော အဘယပ္ပတ္တော ဝေသာရဇ္ဇပ္ပတ္တော ဝိဟရာမိ။ ဧဝမာဒိနာ ဘန္တေ တတ္ထ စတုဝေသာရဇ္ဇဉာဏာနိ ဘဂဝတာ ဝိတ္ထာရေန ဝိဘဇိတ္ဝာ ပကာသိတာနိ။

အမေး။ ။သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့အား ပြည့်စုံမြဲဖြစ်သော စတုဝေသာရဇ္ဇဉာဏ်တော်တို့သည် ရှိကုန်၏၊ ယင်း စတုဝေသာရဇ္ဇဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူသောကြောင့်ပင်လျှင် မြတ်စွာဘုရားသည် အမြင့်အမြတ်ဆုံး ဖြစ်သော သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်ကို ဝန်ခံတော်မူနိုင်ပေ၏၊ ယင်း ဝေသာရဇ္ဇဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူသောကြောင့်ပင်လျှင် ပရိသတ် လေးပါး ပရိသတ် ရှစ်ပါးတို့၏ အလယ်၌ ရဲရင့်သော မိန့်ခွန်းတော် တရားစကားကို မိန့်မြွက်ဟောကြားတော်မူနိုင်ပေ၏၊ ယင်း ဝေသာရဇ္ဇဉာဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့်ပင်လျှင် ပဋိဝေဓဉာဏ် ဒေသနာဉာဏ်တော်တည်းဟူသော မြတ်သော တရားစက်ကိုလည်း လည်စေတော်မူနိုင်ပေ၏။ ထိုသို့သော ရဲရင့်ကြောင်းဖြစ်သော စတုဝေသာရဇ္ဇဉာဏ်တော်လေးပါးတို့ကို ထိုမဟာသီဟနာဒသုတ်၌ ဘုရားမြတ်စွာသည် အဘယ်သို့လျှင် ဝေဘန်၍ ဟောပြတော်မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။လေးပါးသော ဝေသာရဇ္ဇဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓအဖြစ်ကို ဝန်ခံတော်မူပါသည်၊ ပရိသတ်လေးပါး ပရိသတ်ရှစ်ပါးတို့အလယ်ဝယ် စမ္ဘယ်ရဲရင့်စွာ ဓမ္မကထာကိုလည်း ကျူးရင့်တော်မူပါပေ၏၊ မြတ်သော ဓမ္မစက်ကိုလည်း လည်စေနိုင်တော်မူပါပေ၏၊ ထို့လေးပါးသော စတုဝေသာရဇ္ဇ ဉာဏ်တော်တို့ကို သမ္မာသမ္ဗုဒ္ဓဿ တေ ပဋိဇာနတော ဣမေ ဓမ္မာ အနဘိသမ္ဗုဒ္ဓါတိ အစရှိသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရားသည်—

ချစ်သား သာရိပုတ္တရာ....ဤလောကဝယ် နတ်ပင်ဖြစ်စေ လူပင်ဖြစ်စေ မာရ်ပင် ဖြစ်စေ ဗြဟ္မာပင်ဖြစ်စေ ရဟန်းပင်ဖြစ်စေ ပဏ္ဏားပင်ဖြစ်စေ တစုံတယောက်သောသူကပင်လျှင် ငါဘုရားအား သဗ္ဗညုဘုရားဟူ၍ ဝန်ခံပါသော်လည်း ဤမည် ဤမည်သော တရားတို့ကို အသင်သည် မသိပါတကား ဟူ၍ ယထာဘူတ သဘာဝအကြောင်းကို ဟုတ်မှန်စွာပြ၍ စောဒနာနိုင်ခွင့်ကို မမြင်။

သို့ စောဒနာနိုင်သောပုဂ္ဂိုလ် စောဒနာနိုင်ရန် အကြောင်းကို မမြင်ခြင်းကြောင့်ပင်လျှင် ငါဘုရားသည် ဘေးရန်ကင်းခြင်း ကြောက်ရွံ့ခြင်း ကင်းခြင်း သို့ ရောက်တော်မူသည်ဖြစ်၍ ပရိသတ်လေးပါးအလယ်ဝယ် စမ္ဘယ်တင့်တယ်စွာ တရားဟောဆို၍ နေနိုင်ပါပေသည်။

ထို့အတူ ဤလောကဝယ် တစုံတယောက်သော ရဟန်း တစုံတယောက်သော ပဏ္ဏား တစုံတယောက်သောနတ် တစုံတယောက်သောဗြဟ္မာ တစုံတယောက်သောမာရ် တစုံတယောက်သော သတ္တဝါမျှပင် အာသဝက္ခယဉာဏ်ကို ရောက်သည် ဟု ဝန်ခံစေကာမူ ဤမည် ဤမည်သော အာသဝေါတရားတို့သည် အသင့်အား မကုန်သေးပါတကား ဟူ၍ဌင်း ဤမည် ဤမည်သော အန္တရာယိကဓမ္မကို အသင် ဟောစေကာမူ ထိုအန္တရာယိက ဓမ္မတို့ကို သုံးစွဲမှီဝဲသော်လည်း နတ်ရွာ နိဗ္ဗာန် စျာန်မဂ်ဖိုလ်၏ အန္တရာယ်ကို မပြုနိုင် ဟူ၍ဌင်း ဤမည်သော တရားကို သံသရာဝဋ်မှ ကျွတ်ဘို့ရန် အသင်ဟောသော်လည်း ဤမည်သော အကြောင်းကြောင့် အသင်ဟောသော တရားသည် သံသရာဝဋ်မှ ကျွတ်ဘို့ရန် မဖြစ်စေနိုင်ဟူ၍ဌင်း ယထာဘူတ ဟုတ်မှန်စွာနေရာကျသော ယထာဓမ္မ အကြောင်းကိုပြ၍ တစုံတယောက်သောသူမျှ မစောဒနာနိုင်။

ဤသို့ တစုံတယောက်သောသူ တစုံတခုသောအကြောင်း ယထာဘူတပြ၍ မစောဒနာနိုင်ခြင်းကို သိမြင်တော်မူခြင်းကြောင့် ပင်လျှင် ငါဘုရားသည် ပရိသတ်လေးပါးတို့ အလယ်ဝယ် ကြွာက်ရှုံခြင်းကင်း ဘေးကင်းခြင်းသို့ ရောက်သည်ဖြစ်၍ ရဲတင်းစွာ သစ္စာလေးဝ ဓမ္မစကားကို ဟောကြားနေနိုင်တော်မူပေသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဤမဟာသီဟနာဒသုတ်တွန်ဝယ် ဤသို့သော အခြင်းအရာဖြင့် စတုဝေသာရဇ္ဇဉာဏ်တော်မြတ်တို့ကို စိတ်ဖြာ ခွဲခြမ်း ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ပဉ္စဂတိပရိစ္ဆေဒဉာဏံ ဝိဘဇိတ္ဝာ ပကာသိတံ။

ဝိဿဇ္ဇနာ။ ။ပဉ္စ ခေါ ဣမာ သာရိပုတ္တ ဂတိယော၊ ကတမာ ပဉ္စ၊ နိရယော တိရစ္ဆာနယောနိ ပေတ္တိဝိသယော မနုဿာ ဒေဝါ၊ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ တတ္ထ ပဉ္စဂတိပရိစ္ဆေဒကဉာဏံ ဝိဘဇိတ္ဝာ ပကာသိတံ။

အမေး။ ။ထို မဟာသီဟနာဒသုတ္တန် တရားဒေသနာတော်မြတ်၌ ငါးပါးသော ဂတိတို့ကိုလည်း ငါးပါးသော ဂတိသို့ ရောက်ကြောင်းအကျင့်နှင့် ထိုဂတိငါးပါးတို့မှ လွတ်သော အာသဝက္ခယဉာဏ်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကိုလည်း ပိုင်းခြားရှင်းပြ၍ သိသော ပဉ္စဂတိပရိစ္ဆေဒဉာဏ်တော်ကို မြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် ဝေဘန်၍ ဟောပြတော်မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုမဟာသီဟနာဒသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် ပဉ္စ ခေါ ဣမာ သာရိပုတ္တ ဂတိယော၊ ကတမာ ပဉ္စ၊ နိရယော တိရစ္ဆာနယောနိ ပေတ္တိဝိသယော မနုဿာ ဒေဝါ အစရှိသည်ဖြင့် ချစ်သား သာရိပုတ္တရာ....နိရယဂတိ တိရစ္ဆာနဂတိ ပေတဂတိ မနုဿဂတိ ဒေဝဂတိ ဟူ၍ ဂတိငါးပါး ရှိချေသည်၊ နိရယဂတိသို့ရောက်ကြောင်း ဖြစ်သော အကျင့်ကိုလည်း တိရစ္ဆာနဂတိ ပေတဂတိ မနုဿဂတိ ဒေဝဂတိ ဤဂတိလေးပါးကိုလည်း ထိုဂတိလေးပါးသို့ရောက်ကြောင်း အကျင့် ပဋိပဒါကိုလည်း ထိုဂတိငါးပါးမှ လွတ်မြောက်ရာဖြစ်သော ဝိဘဝ အမည်ရသော

အာသဝက္ခယဉာဏ်နှင့် နိဗ္ဗာန်ကိုဂုဏ်း ထိုနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ပဋိပဒါကိုဂုဏ်း ငါဘုရားသည် ကြွင်းမဲ့ကုန်စင် သိမြင်ချေသည်။

ချစ်သား သာရိပုတ္တရာ....လောကဥပမာ အားဖြင့် အလွန် နက်လှစွာသော မီးကျီးတွင်း အစုသည် ရှိသည်ဆိုပါစို့။ ထိုမီးကျီးတွင်း အစုသို့ တစုံတယောက်သောသူသည် တကြောင်းတည်းသောလမ်းဖြင့် ရှေ့ရှုတူရှု လာရောက်သည် ဆိုပါစို့။ ထိုယောကျ်ားကို မျက်စိအမြင်ရှိသော ယောကျ်ားသည် ဤယောကျ်ားကား လွန်စွဲ့ လွန်စွာ ဆင်းရဲလှသည့် ဤမီးကျီးတွင်း အစုသို့ ရှေးရှုလာနေပါတကား ဟု စဉ်းစားလေရာ၏။ နောက်တချိန်ဝယ် ထိုယောကျ်ားသည် မီးကျီးတွင်းဝယ်ကျ၍ ပြင်းထန်စွာ ဆင်းရဲသည်ကို မြင်သည့် ပမာ ထိုအတူ ငါဘုရားသည်လည်း ဤလောကဝယ် အချို့သော ပုဂ္ဂိုလ်၏ စိတ်ကို မိမိ၏ စေတောပရိယ အဘိညာဏ်ဖြင့် ဤသူသည်ကား ငရဲသို့ရောက်ကြောင်း အကျင့်ပဋိပဒါကို ကျင့်၍ နေသည် ဟု ရှေးဦးစွာ စေတောပရိယ အဘိညာဏ်ဖြင့် စိတ်အကြံကို သိမြင်နှင့်ပေသည်။ နောက် တချိန်ဝယ် ထိုသူသည် ငါဘုရား သိရှိသည့်အတိုင်း နိရယဂတိသို့ရောက်ရှိကာ လွန်စွဲ့ လွန်စွာ ဆင်းရဲလှသော နိရယဒုက္ခကို ခံစား၍ နေသည်ကို ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် သိမြင်ရပေသည်။

ထို့အတူ မစင်တွင်းသို့ ရှေ့ရှုလာသော ယောကျ်ားကို မျက်စိအမြင်ရှိသောသူသည် သိမြင်သကဲ့သို့ဂုဏ်း အရိပ်ကြဲသော မညီမညွတ်သော မြေအရပ်၌ ပေါက်ရောက်သော သစ်ပင်ရှိရာအရပ်သို့ ခရီးပန်းသော သူသည် ရှေ့ရှုလာရောက်သည်ကို သိမြင်သကဲ့သို့ဂုဏ်း ထူထဲသော အရိပ်ရှိသော ညီမျှသော မြေအပြင်၌ ပေါက်ရောက်သော သစ်ပင်ရိပ်သို့ ရှေ့ရှုလာသော ခရီးပန်းသော ယောကျ်ားကို သိမြင်သော မျက်စိအမြင်ရှိသော ယောကျ်ားကဲ့သို့ဂုဏ်း ပြာသာဒ်မသို့ ရှေ့ရှုလာရောက်သောယောကျ်ားကို ဒိဋ္ဌထင်ထင် သိမြင်သော မျက်စိအမြင်ရှိသော ယောကျ်ားကဲ့သို့ဂုဏ်း ကြာမျိုးငါးပါးတို့ဖြင့် တင့်တယ်စွာသော ရေကန် ရေအိုင်သို့ ရှေ့ရှုလာရောက်ကာ ထို့ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန် ရေအိုင်၏ အနီးဝယ် ဝမ်းမြောက်စွာ ရေကိုချိုး၍ သောက်၍ ကန်၏ ကန်ပေါင်ရိုးဝယ် ချမ်းသာစွာ နေထိုင်သော ယောကျ်ားကို မျက်စိအမြင်ရှိသောယောကျ်ားသည် သိမြင်သကဲ့သို့ဂုဏ်း ထို့အတူ ငါဘုရား သည်လည်း ရှေးဦးစွာဝယ် ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့၏ တိရစ္ဆာန်

ဘုံသို့ ရောက်ကြောင်း ပြိတ္တာဘုံသို့ရောက်ကြောင်း လူ့ပြည်သို့ရောက်ကြောင်း နတ်ပြည် ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း ဘဝသုံးပါးမှ လွှတ်မြောက်ရာ အာသဝက္ခယဉာဏ်သို့ရောက်ကြောင်း အကျင့်ပဋိပတ်ကို ကျင့်နေပါတကား ဟု စေတောပရိယဉာဏ်ဖြင့် ပုဂ္ဂိုလ်တပါး၏ စိတ်အကြံကို သိမြင်ပေသည်၊ နောက်အချိန်ဝယ် ငါဘုရား စေတောပရိယ အဘိညာဏ်ဖြင့် သိမြင်သည့်အတိုင်း ထိုပုဂ္ဂိုလ် ထိုပုဂ္ဂိုလ်တို့သည် တိရစ္ဆာနဂတိသို့ရောက်၍ ပင်ပန်းကြီးစွာ ဒုက္ခဝေဒနာတို့ကို ခံစား၍ နေရသည်ကို ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် သိမြင်ရပေသည်၊ ပေတဂတိသို့ရောက်၍ အနည်းငယ်မျှသာ သုခနှင့် တွေ့ကြိမ်၍ များစွာသော ဆင်းရဲဒုက္ခကို ခံစားသည်ကို ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် သိမြင်ရပေသည်၊ လူ့ပြည်သို့ရောက်၍ သုခချမ်းသာတို့ကို ချမ်းသာစွာ ခံစံသည်ကို ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် သိမြင်ရပေသည်၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်၍ ဧကန္တသုခအမည်ရသော သုခချမ်းသာတို့ကို ခံစားနေသည်ကို ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် သိမြင်ရပေသည်၊ အာသဝက္ခယဉာဏ်သို့ရောက်၍ နိဗ္ဗာန်ချမ်းသာကို မြိန်ရှက်စွာ ခံစံ၍ နေသည်ကို ဒိဗ္ဗစက္ခုအဘိညာဏ်စသည်ဖြင့် သိမြင်ရပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ထိုမဟာသီဟနာဒ သုတ္တန် ဒေသနာတော်မြတ်ဝယ် ဤပုံ ဤပန်း အခြင်းအရာအားဖြင့် ပဉ္စဂတိပရိစ္ဆေဒကဉာဏ်တော် ငါးပါးကို ပိုင်းခြားစိတ်ဖြာ ဟောကြာတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿဉ္စာဝုသော တတ္ထ တထာဂတော အတ္တနော ပညာဝေယျတ္တိ-ယာ အပရိဟာနိံ ပကာသေသိ။

ဝိဿဇ္ဇနာ။ ။သန္တိ ခေါ ပန သာရိပုတ္တ ဧကေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော ယာဝဒေဝါယံ ဘဝံ ပုရိသော ဒဟရော ဟောတိ၊ ဧဝမာဒိနာ ဘန္တေ တတ္ထ တထာဂတော အတ္တနော ပညာ-ဝေယျတ္တိယာ အပရိဟာနိံ ပကာသေသိ။

အမေး။ ။ထိုမဟာသီဟနာဒသုတ္တန် ဒေသနာတော်မြတ်၌ မြတ်စွာဘုရားသခင်သည် မိမိ၏ ဉာဏ်တော်အားအစွမ်း၏ မဆုတ်ယုတ်ကြောင်း ပရိနိဗ္ဗာန် စံခါနီးအထိ မိမိ၏ ဉာဏ်တော်အား အစွမ်းသည် ရှေးကအတိုင်းပင် ထက်မြက်နေကြောင်း မဆုတ်ယုတ်ကြောင်းကို အဘယ်သို့လျှင် ဖော်ပြ ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုမဟာသီဟနာဒသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် သန္တိ ခေါ ပန သာရိပုတ္တ ဧကေ သမဏဗြာဟ္မဏာ ဧဝံ-ဝါဒိနော ဧဝံဒိဋ္ဌိနော အစရှိသည်ဖြင့် "ချစ်သားသာရိပုတ္တရာ....ဤလောကဝယ် အချို့သော ရဟန်းပုဏ္ဏားတို့က အရှင်သတ္တဝါသည် ငယ်ရွယ်စဉ်ကာလ ပျိုနုစဉ်ကာလ၌သာလျှင် ပညာနှင့် ပြည့်စုံပါပေသည်။ အနှစ် ရှစ်ဆယ် ကိုးဆယ် တရာအရွယ်သို့ရောက်ရှိသောအခါ ပညာ၏ ထက်သန်ခြင်းနှင့် မပြည့်စုံနိုင်၊ ထိုပညာ၏ ထက်သန်ခြင်း အလုံးစုံသည် ယုတ်လျော့၍ နေတော့သည် ဟု ဤသို့ပြောကြ ဤသို့ အယူရှိကြပေသည်။

ချစ်သား သာရိပုတ္တရာ....ဤအရာဝယ် ငါဘုရားအတွက်ကား ဤသို့ မမှတ်အပ်ပေ၊ ချစ်သားသာရိပုတ္တရာ....ယခုအခါ ငါဘုရားသည် အရွယ်တော်ကြီးရင့်ခဲ့လေပြီ၊ သက်တော်ရှစ်ဆယ်သို့ရောက်ခဲ့လေပြီ၊ သို့စေကာမူ ချစ်သား သာရိပုတ္တရာ ငါဘုရား၏ တပည့်သား သာဝကတို့တွင် လွန်စွာ့ လွန်စွာ သတိကောင်းလှ လွန်စွာ့ လွန်စွာ အသိဉာဏ် ထက်သန်လှစွာသော လောကဥပမာအားဖြင့် ထန်းလုံးကို ဖြတ်၍ တမုဟုတ် အတွင်းပင် မြှားဖြင့် လွန်မြောက်အောင် ပစ်နိုင်သော လေးသမားအတူ ထက်သန်လှသော လျှင်မြန်လှသော ဉာဏ်အမြင်နှင့် ပြည့်စုံသော သာဝကလေးဦးတို့သည် တပြိုင်နက်စုဝေး စည်းရုံးကြပြီးလျှင် တဦးသော သာဝကက ကာယာနုပဿနာသတိပဋ္ဌာန် တဦးသော သာဝကက ဝေဒနာနုပဿနာသတိပဋ္ဌာန် တဦးသော သာဝကက စိတ္တာနုပဿနာသတိပဋ္ဌာန် တဦးသော သာဝကက ဓမ္မာနုပဿနာသတိပဋ္ဌာန် ဒေသနာတော်မြတ်ကို တကြိမ်တည်း တခဏတည်း တပြိုင်ထည်းမေးသည် ဆိုပါစို့။

ထိုလေးဦးသော သာဝကတို့၏ လေးရပ်သော သတိပဋ္ဌာန် ပုစ္ဆာပြဿနာနာ တို့ကို တချိန်တည်း တခဏတည်း တပြိုင်ထည်း အတွင်းမှာပင် ကာယာ-နုပဿနာသတိပဋ္ဌာန်ကို တဆယ့်လေးတန်သော အခြင်းအရာ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ကိုးပါးသော အခြင်းအရာ စိတ္တာနုပဿနာသတိပဋ္ဌာန်ကို တဆယ့်ခြောက်ပါးသော အခြင်းအရာ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ငါးပါးသော အပိုင်းအခဏ်းတို့ဖြင့် တကြိမ်တည်း တပြိုင်တည်း တခဏတည်းဝယ် အပြည့်ဖြေဆိုတော်မူနိုင်ကြောင်း။

သည်ကိုထားဘိဦး တကြိမ်တည်း တခဏတည်း တပြိုင်တည်းဝယ် သုံးကျိပ်ခုနစ်ပါးသော သာဝကတို့ဖြစ်စေ သုံးကျိပ်ခုနစ်ဦးသော နတ်မင်း ဗြဟ္မာမင်းတို့ပင် ဖြစ်စေ အရပ်လေးမျက်နှာ ပတ်ဝန်းကျင်မှ တည်၍ သတိပဋ္ဌာန်ကို လေးယောက် သမ္မပ္ပဓာန် လေးပါးကို လေးယောက် ဣဒ္ဓိပါဒ်လေးပါးကို လေးယောက် ဣန္ဒြေငါးပါးကို ငါးယောက် ဗိုလ်ငါးပါးကို ငါးယောက် ဗောဇ္ဈင်ခုနစ်ပါးကို ခုနစ်ယောက် မဂ္ဂင်ရှစ်ပါးကို ရှစ်ယောက် အသီးအသီး တခိုန်တည်း တခဏတည်း တပြိုင်တည်းဝယ် မေးကြစေကာမူ ထိုသုံးဆဲ့ခုနစ်ယောက်သော နတ်မင်း ဗြဟ္မာမင်းတို့ မေးမေးသမျှသော သုံးဆယ့်ခုနစ်ရပ်သော ဗောဓိပက္ခိယ ဓမ္မပုစ္ဆာပြဿနာတို့ကို တကြိမ်တည်း တခိုန်တည်း တခဏတည်း တပြိုင်တည်းပင် အပြီးတိုင် ဖြေဆိုတော်မူနိုင်ကြောင်း။

သို့ဖြစ်သောကြောင့် အသမွှာဟခမွှာ သတ္တာ လောကေ ဥပ္ပန္နော ဟု ဤလောကဝယ် မတွေ့ဝေသော အလွန်အလွန် ဉာဏ်ပညာထက်သန်သော ပုဂ္ဂိုလ်သည် ပွင့်ပေါ်၍ နေပါသည် ဟု အကယ်၍ ပြောဆိုလိုလျှင် ငါဘုရားကို ပင် ရည်သန်၍ ပြောဆိုလိုက မှန်ကန်သော ပြောဆိုခြင်း ဖြစ်မည်ဖြစ်ကြောင်း” ရဲတင်းသော သီဟနာဒကထာကို ကျူးရင့်တော်မူ၍ သဗ္ဗညုမြတ်စွာဘုရားသည် ထိုမဟာသီဟနာဒသုတ္တန် ဒေသနာတော်မြတ်ဝယ် ကိုယ်တော်မြတ်၏ အရှယ်တော်ခွစ်ဆယ်ပင် ရှိသော်လည်း ဉာဏ်ပညာတော်မြတ်၏ တစုံတရာ အနည်းငယ်မျှ ယုတ်လျော့ခြင်း မရှိသည်ကို ဖွင့်ပြစိတ်ဖြာ ဟောကြားတော်မူအပ်ပါသည်အချင်ဘုရား။

မဟာသီဟနာဒသုတ်ပြီး၏

မဟာဒုက္ခက္ခန္ဓသုတ်

ပုစ္ဆာ။ ။မဟာဒုက္ခက္ခန္ဓသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတိတ္ထိယေ အာရဗ္ဘ ဘာသိတံ၊ သမ္မဟုလာ ဘန္တေ အညတိတ္ထိယာ ဘိက္ခူ။ တေဒဝေါစုံ “သမဏော အာဝုသော ဂေါတမော ကာမာနံ ပရိညံ ပညပေတိ၊ မယမ္ပိ ကာမာနံ ပရိညံ ပညပေမ၊ သမဏော အာဝုသော ဂေါတမော

ရူပါနံ ဝေဒနာနံ ပရိညံ ပညပေတိ၊ မယမ္ပိ ရူပါနံ ဝေဒနာနံ ပရိညံ ပညပေမ၊ ဣဓ နော အာဝုသော ကော ဝိသေသော၊ ကော အဓိပ္ပယောသော၊ ကိံ နာနာကရဏံ သမဏသ္သ ဝါ ဂေါတမသ္သ အမှာကံ ဝါ ယဒိဒံ ဓမ္မဒေသနာယ ဝါ ဓမ္မဒေသနံ အနုသာသနိယာ ဝါ အနုသာသနိ”န္တိ၊ ဧတမတ္ထံ ဘိက္ခူ။ ဘဂဝတော အာရောစေသုံ၊တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။မဟာဒုက္ခက္ခန္ဓ မည်သော သုတ္တန်ဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် သာသနာပြင်ပ များစွာသော အညတိတ္ထိယတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းဝယ် မြတ်စွာဘုရားသခင် သီတင်းသုံးနေတော်မူဖူးသောအခါ များစွာသော ရဟန်းတော်တို့သည် သာဝတ္ထိပြည်သို့ ဆွမ်းခံအကြွတွင် စောလှသေးသဖြင့် တိတ္ထိတို့၏ အရံအတွင်းသို့ ကြွရောက် တိတ္ထိတို့နှင့် စကားနှိုးနှော ပြောဆိုသောအခါ ထိုသာသနာပြင်ပ တိတ္ထိတို့က ငါ့ရှင်တို့....ရဟန်းကြီးဂေါတမသည်လည်း ကာမတရားတို့ကို ပယ်ဘို့ရန် ဟောပေသည်၊ ငါတို့လည်း ကာမတရားတို့ကို ပယ်ဘို့ရန် ဟောကြပါသည်၊ ငါ့ရှင်တို့ ရဟန်းကြီးဂေါတမသည် ရုပ်တရားတို့ကို ပယ်ဘို့ရန် ဝေဒနာတို့ကို ပယ်ဘို့ရန် ဟောကြားပါပေသည်။ ငါတို့သည်လည်း ရုပ်တရား ဝေဒနာတရားတို့ကို ပယ်ဘို့ရန်ပင် ဟောကြားကြပါပေသည်။

ငါ့ရှင်တို့....ဤအရာဝယ် ရဟန်းကြီးဂေါတမနှင့် ငါတို့သည် အဘယ်သို့လျှင် ထူးပါကုန်အံ့နည်း၊ ရဟန်းကြီးဂေါတမက ငါတို့ထက် မည်သည့်အရာ ပိုလွန်ပါသနည်း၊ တရားဒေသနာချင်းပင် ဖြစ်စေ အဆုံးအမ ဩဝါဒချင်းပင် ဖြစ်စေ၊ရဟန်းကြီးဂေါတမနှင့် ငါတို့သည် အသို့လျှင် ထူးခြားပါသနည်းဟု—

ရဟန်းတော်တို့အား မခံချို့ မခံသာ ပြောဆိုကြပါသည်၊ ထိုအကြောင်းကို·ရဟန်းတော်တို့သည် မြတ်စွာဘုရားထံမှောက်သို့ ပြန်ရောက်၍ လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားသည်

ချစ်သားတို့....ထိုအညတိတ္ထိယ သာဿနာပြင်ပ ပုဂ္ဂိုလ်တို့သည် ကာမတရား ရူပတရား ဝေဒနာတရားတို့၏ အဿာဒကိုဂုဏ်း အာဒီနဝကိုဂုဏ်း နိဿရဏကိုဂုဏ်း ခဲ့ခြမ်းစိတ်ဖြာ မေးမြန်းသည်ရှိသော် အလုံးစုံပင် မဖြေဆိုနိုင်ရှိချိမ့်မည် ပင်ပန်းကြီးစွာရောက်ချိမ့်မည် ဟု—

ဖော်ပြတော်မူ၍ ဓမ္မပပ္ဒိဂ္ဂါဟက ရဟန်းတော် အရှင်သူမြတ်တို့အား ထိုကာမတရားတို့၌ သာယာဘွယ် အဿာဒ, အပြစ်ဒေါသ အာဒီနဝ, ထိုကာမတရားတို့မှ လွတ်မြောက်ရာ နိဿရဏ, ရူပ်တရား ဝေဒနာတရားတို့၏ အဿာဒ အာဒီနဝ, နိဿရဏ တို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော မဟာဒုက္ခက္ခန္ဓသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်အရပ်ဝယ် ပညတ်ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာဒုက္ခက္ခန္ဓသုတ်ပြီး၏

စူဠဒုက္ခက္ခန္ဓသုတ်

ပုစ္ဆာ။ ။စူဠဒုက္ခက္ခန္ဓသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သက္ကေသု ဘဒ္ဒေ ကပိလဝတ္ထုသ္မိံ မဟာနာမံ သက္ကံ အာရဗ္ဘ ဘာသိတံ၊ မဟာနာမော ဘဒ္ဒေ သက္ကော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ တေဒဝေါစ "ဒီဃရတ္တာဟံ ဘန္တေ ဘဂဝတာ ဧဝံ ဓမ္မံ ဒေသိတံ အာဇာနာမိ 'လောဘော စိတ္တသ ဥပက္ကိလေသော၊ ဒေါသော စိတ္တသ ဥပက္ကိလေသော၊ မောဟော စိတ္တသ ဥပက္ကိလေသော' တိ၊ ဧတ္တာဟံ ဘန္တေ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ 'လောဘော စိတ္တသ ဥပက္ကိလေသော၊ ဒေါသော စိတ္တသ ဥပက္ကိလေသော၊ မောဟော စိတ္တသ ဥပက္ကိလေသော' တိ။ အထ စ ပန မေ ကေဒါ လောဘဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ ဒေါသဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ မောဟဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ တဿ မယှံ ဘန္တေ ဧဝံ ဟောတိ 'ကော သု နာမ မေ ဓမ္မော အဇ္ဈတ္တံ အပ္ပ-

ဟိနော၊ ယေန မေ ဧကဒါ လောဘမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ ဒေါသမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ မောဟမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တီ'တိ"၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသတ။

အမေး။ ။စူဠဒုက္ခက္ခန္ဓမည်သော သုတ္တန်ဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သက္ကတိုင်း ကပိလဝတ်ပြည် အရပ်ဝယ် အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်၏ နောင်တော်ဖြစ်သော မဟာနာမ သာကီဝင်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ကိန်းအောင်းမွေလျော် စံနေတော်မူသောအခါ အရှင်အနုရုဒ္ဓါ၏ နောင်တော်ဖြစ်သော မဟာနာမ သာကီဝင်မင်းသည် မြတ်စွာဘုရားရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် ရိုသေစွာ ရှိခိုး၍ အပြစ်ခြောက်ပါး လွတ်ရာအရပ်၌ ထိုင်ပြီးလျှင်—

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားတပည့်တော်သည် ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော တရားသဘောကို လောဘသည်ၾကင်း ဒေါသသည်ၾကင်း မောဟသည်ၾကင်း စိတ်၏ ညစ်ညူးကြောင်း တရားဟူ၍ တပည့်တော် ရှည်မြင့်စွာသော ကာလကပင်လျှင် သကဒါဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်၍ သကဒါဂါမ်ပုဂ္ဂိုလ်အနေဖြင့် သိမြင်ခဲ့ပါပေသည်၊ သို့စေကာမူ တပည့်တော် သန္တာန်ဝယ် တရံတခါ လောဘတရား တရံတခါ ဒေါသတရား တရံတခါ မောဟတရားတို့သည် တပည့်တော်၏ စိတ်ကို ကုသိုလ်စိတ်တွေကို ကုန်ခန်းစေ၍ ထက်ဝန်းကျင် လွှမ်းမိုး၍ တည်ကြပါသည်။

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား.... တပည့်တော်၏ စိတ်အကြံမှာ ဤသို့ ဖြစ်ပါသည်၊ အကြင်သို့သော အကြောင်းကြောင့် ငါ၏ ကုသိုလ်စိတ်တွေကို တရံတခါ လောဘ တရံတခါ ဒေါသ တရံ

တခါ မောဟ တို့သည် ထက်ဝန်းကျင် လွှမ်းမိုးကုန်ခန်းစေ၍ တည်ကြပေသည်၊ အဘယ်မည်သောလောဘ အဘယ်မည်သောဒေါသ အဘယ်မည်သောမောဟကို ငါသည် အဇ္ဈတ္တသန္တာန်ဝယ် မပယ်ရသေးပါသနည်း ဟု ဘုရားတပည့်တော် အကြံဖြစ်ပါကြောင်း လျှောက်ထားပါသည်။

ဤသို့ မဟာနာမ သာကီဝင် လျှောက်ထားသော အကြောင်းအင်္ဂါပွတ်ဝယ် သဗ္ဗညုမြတ်စွာဘုရားသည် ဤစုဠဒုက္ခက္ခန္ဓသုတ်တန် ဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

စုဠဒုက္ခက္ခန္ဓသုတ် ပြီး၏

အနုမာနသုတ်

ပုစ္ဆာ။ ။အနုမာနသုတ်ံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဘဂ္ဂေသု ဘန္တေ သုသုမာရဂိရေ ဘေသကဠာဝနေ အာယသ္မတာ မဟာမောဂ္ဂလ္လာနတ္ထေရေန သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။အနုမာနမည်သော သုတ်တန်ဒေသနာတော်ကို အဘယ်အရပ် ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်မည်သော ပုဂ္ဂိုလ်က ဟော ကြားထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤလောကငယ် အခြို့သော ရဟန်းတော်တို့သည် အရှင်တို့....အရှင်တို့သည် တပည့်တော်ကို ဆုံးမနိုင်ပါပေသည် ဟု ပဝါရဏာ ဘိတ် မန္တကပင် ပြုသော်လည်း တဆယ့်ခြောက်ပါးသော အဆိုဆုံးမခက်သော တရားကို မပယ်ရှားအပ်သေးသည်ဖြစ်ပါမူ ထိုကဲ့သို့ ဘိတ်မန်ပြုစေကာမူ ထို ရဟန်းကို သီတင်းသုံးဘော်ရဟန်းတော်တို့က မချစ်ခင် မမြတ်နိုးကြကြောင်း။

ထို့သို့ပင် မဘိတ်ကြားစေကာမူ တဆယ့်ခြောက်ပါးသော အဆိုဆုံးမခက်သော အလိုဆိုးရှိခြင်း အတွေ့ကြုံသနုပရဝမ္ဘန မိမိကိုယ်ကို မြှောက်ပင့်ခြင်း သူတပါးတို့ကို နှိမ့်ချခြင်း အမျက်ဒေါသထွက်ခြင်း အစရှိသော အဆိုဆုံးမခက်သော ဒေါဝစဿကရဏတရားတို့မှ ကင်းစင်သူ ဖြစ်ပါမူ မဘိတ်ကြား

မလျှောက်ထား အပ်စေကာမူ သီတင်းသုံးဘော် သံဃာတော်တို့က ထိုအရှင်မြတ်ကို ချစ်ခင်နှိုင်ကြောင်း။

သို့ဖြစ်သောကြောင့် ငါ့ရှင်တို့သည် မိမိတို့ သန္တာန်ဝယ် အဆိုဆုံးမခက်သော တဆယ့်ခြောက်ပါးသော တရားတို့ ရှိ မရှိကို ဆင်ခြင်ရပေမည်၊ အဆိုဆုံးမခက်သော တဆယ့်ခြောက်ပါးသော တရားတို့ သူတပါးသန္တာန်ဝယ် ရှိလျှင် မိမိမနှစ်သက်သကဲ့သို့ မိမိသန္တာန်ဝယ် ထိုတဆယ့်ခြောက်ပါးသော တရားတိရှိလျှင်လည်း သူတပါးတို့ မနှစ်သက် ချိမ့်မည်၊ ဤအကြောင်းကို သိသော ရဟန်းတော်သည် တဆယ့်ခြောက်ပါးသော အဆိုဆုံးမခက်သော ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်ရှားဘို့ရန် စိတ်ကို ဆောက်တည်ရမည်။

သို ဆောက်တည်၍ ပယ်ရှား၍ တဘန်ပြန်၍ စေ့စပ်သောအခါ မိမိသန္တာန်ဝယ် တဆယ့်ခြောက်ပါးသော အဆိုဆုံးမခက်သော တရားတို့ ထင်ရှားရှိနေပါလျှင် ထိုတရားတို့ကို ပယ်ဘို့ရန် လုံ့လပြုရမည်၊ ထိုတရားတို့ မရှိပါမူ ထိုမရှိခြင်းကိုပင် အာရုံပြု၍ နှစ်လိုအားရမ်း ဝမ်းမြောက်ဝမ်းသာ ထိုပီတိပါမောဇ္ဇဖြင့်ပင် ကုသိုလ်တရားတို့ကိုဆက်၍ ကြိုးစားပွါးများရမည် ဟု မှန်ကြည့်သော အမျိုးကောင်းသား အမျိုးကောင်းသမီး ဥပမာဖြင့် ထင်စွာဖြင့်ပြဟောပြအပ်သော ဤအနုမာနသုတ္တန် ဒေသနာတော်မြတ်ကို ငြင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်သည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့အရပ်ဝယ် မျှားစာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အနုမာနသုတ်ပြီး၏

စေတောခိလသုတ်

ပုစ္ဆာ။ ။စေတောခိလသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။(၁) သဗ္ဗညုမြတ်စွာဘုရားသည် လောကဋ္ဌ ပစ္စုပ္ပန် အတိတ် အနာဂတ် အလုံးစုံသော တရားတို့ကို သိသည် ဟု ဆို၏၊ ထိုသို့ ပစ္စုပ္ပန် အတိတ် အနာဂတ် အလုံးစုံသော တရားတို့ကို သိသော သဗ္ဗညုမြတ်စွာ

ဘုရားဆိုသည်မှာ ဟုတ်လေသလော၊ မဟုတ်လေသလော ဟု ယုံမှားခြင်းကတပါး။

(၂)။ ထို့ပြင် မြတ်စွာဘုရား ဟောကြားတော်မူသည့် အတိုင်း ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတို့ကို တွေ့ရသည် ဟု ဆို၏၊ ထိုမဂ်တရား ဖိုလ်တရား လောကုတ္တရာတရားတို့သည် တကယ်ပင် ရှိလေသလော မရှိလေသလော ဟု ယုံမှားခြင်းကတပါး။

(၃)။ ထို့ပြင် မြတ်စွာဘုရား ဆိုဆုံးမသည့်အတိုင်း ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်တို့သည် အရိယမဂ်ဖိုလ်တို့သို့ ရောက်၍ အရိယာပုဂ္ဂိုလ်တို့ ဖြစ်ကြသည် ဟု ဆို၏၊ ထိုသို့ အရိယာအဖြစ်သို့ရောက်သော အရိယာ သံဃာတော်မည်သည်မှာ လောက၌ တကယ်ပင် ရှိလေသလော မရှိလေသလော ဟုတ်လေသလော မဟုတ်လေသလော ဟု ယုံမှားခြင်းကတပါး။

(၄)။ ထို့ပြင် မိမိကျင့်သုံးနေသော အကျင့်သိက္ခာကိုပင်လျှင် ငါကျင့်နေသော ဤအကျင့်သိက္ခာသည် ကောင်းသောအကျင့် မှန်သော အကျင့် အကျိုးရှိသောအကျင့် ဟုတ်လေသလော မဟုတ်လေသလော ဟု ယုံမှားခြင်းကတပါး။

(၅)။ ထို့ပြင် သီတင်းသုံးဘော်တို့အပေါ်၌ အမျက်ဒေါသ ဖြစ်နေခြင်းကတပါး ဟူသော ဤငါးပါးသော တရားတို့ကို စိတ်ထည်း၌ ဖြစ်ပေါ်နေသော အမှုက်သရိုက် စိတ်ဆည်း၌ ဖြစ်ပေါ်နေသော ငြောင့်တံသင်းနှင့် အလားတူသောကြောင့် စေတောခိလ ဟူ၍ဂုဏ်း။

ထို့ပြင် (၁) ကာမဂုဏ်ငါးပါးတို့၌ တပ်မက်တွယ်တာမှု မကင်းခြင်းတပါး။ (၂) မိမိ၏ ကိုယ်၌ တပ်မက်တွယ်တာမှု မကင်းခြင်းတပါး။ (၃) ဗဟိဒ္ဓ ရုပ်ပစ္စည်းဝတ္ထုတို့ အပေါ်၌ တပ်မက်တွယ်တာမှု မကင်းခြင်းတပါး။ (၄) အသိုရှိတိုင်း စားသောက်၍ အလိုရှိတိုင်း အိပ်စက်လျက် ညာဘက် ဘယ်ဘက် ပြောင်းလဲကာ အိပ်လျက် မှိတ်စက်လျက် ချမ်းသာကို ခံစားနေခြင်း တပါး။ (၅) ထို့ပြင် နတ်ပြည်သုဂတိလောက်သာ ရည်ရွယ်၍ နတ်ပြည်သုဂတိသို့ ရောက်ရန် ရည်ရွယ်မှုနှင်းထားပြီးလျှင် သီလ အစရှိသော မြတ်သောအကျင့်ကို ကျင့်သုံးနေခြင်း တပါး ဟူသော ဤငါးပါးသော တရားတို့ကို သံသရာဝဋ်မှ မလွတ်မြောက်စေရန် စိတ်ကို ချည်နှောင်တုတ်ဖွဲထားသော

အနှောင် အဖွဲ့များဖြစ်သော ကြောင့် စိတ်၏ အနှောင်အဖွဲ့ စေတောဝိနိဗန္ဓ ဟူ၍ဝင်း။

ဤစေတောခိလ ငါးပါး စေတောဝိနိဗန္ဓငါးပါးတို့နှင့် ပြည့်စုံနေသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ သာသနာတော်၌ သီလ သမာဓိ ဝိပဿနာ မဂ်ဖိုလ် နိဗ္ဗာန် တည်းဟူသော တရားထူးတို့ဖြင့် တိုးတက်ကြီးပွါးခြင်းငှါ မဖြစ်နိုင် ဟူ၍ဝင်း။

ဤစေတောခိလငါးပါး စေတောဝိနိဗန္ဓငါးပါးတို့မှ ကင်းစင်သော အမျိုးကောင်းသားသည် မြတ်စွာဘုရား၏ သာသနာတော်၌ သီလ သမာဓိ ဝိပဿနာ မဂ် ဖိုလ် နိဗ္ဗာန် တည်းဟူသော တရားထူးတို့ဖြင့် အဆင့်ဆင့် တိုးတက် ကြီးပွါးသွားနိုင်သည် ဟူ၍ဝင်း။

ဤစေတောခိလငါးပါး စေတောဝိနိဗန္ဓငါးပါးတို့မှ ကင်းကွာ သန့်ရှင်းပြီးသော ပုဂ္ဂိုလ်သည် ဥဿောဠီ မည်သော ဆုတ်နစ်ခြင်း မရှိ အလွန် ပြင်းထန်စွာ အားထုတ်သော ဝီရိယနှင့်တကွ ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများလျှင် ထို ပုဂ္ဂိုလ်သည် အနုတ္တရယောဂကွေမ မည်သော ယောဂလေးပါးတို့၏ ကုန်ရာ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ရန် ဖြစ်နိုင်သည်ဟူ၍ဝင်း ဟောပြရာ ဖြစ်သော စေတောခိလ သုတ္တန် တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။စေတောခိလ တရားငါးပါး စေတသောဝိနိဗန္ဓတရား ငါးပါးတို့ မပယ်ရ မနုတ်ရသေးသော ရဟန်းတော်တို့အား သီလ သမာဓိ ပညာ သိက္ခာ သုံးပါးတို့ဖြင့် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ မရောက်နိုင်ကြောင်း၊ ထိုငါးပါးသော စေတောခိလ ငါးပါးသော စေတသော ဝိနိဗန္ဓတရားတို့ကို ပယ်ဖျောက်ပြီး အကြွင်းမဲ့ နုတ်သတ်အပ်ပြီးသော ရဟန်းတော် အရှင်သူမြတ်အား သီလ သမာဓိ ပညာ သိက္ခာ သုံးပါးတို့ဖြင့် နိဗ္ဗာန်တိုင်ရောက်အောင် ကြီးပွါးစည်ပင် ပြန့်ပြောနိုင်ကြောင်းကိုဝင်း။

ထိုစေတောခိလ တရား ငါးပါးတို့ကို ပယ်ရှားပြီးခြင်း စေတသော ဝိနိ-ဗန္ဓ တရား ငါးပါးတို့ကို ပယ်ရှားပြီးခြင်း တည်းဟူသော အင်္ဂါဆယ်ပါး၊ ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများပြီးခြင်း တည်းဟူသော အင်္ဂါလေးပါး၊ ဥဿောဠီ

အမည်ရှိသော သမ္မပ္ပဓာန် လုံ့လဝီရိယနှင့် ပြည့်စုံခြင်း အင်္ဂါတပါး၊ ဤတဆယ့် ငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဉာဏ် အရဟတ္တ ဖိုလ်ဉာဏ်တိုင်ရောက် ပေါက်ရောက်နိုင်ကြောင်းကို အကျယ်တဝင့် ဖွင့်ပြ ဟော ကြားရာဖြစ်သော ဤစေတောခိလ သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိ ပြည် အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ထိုစေတောခိလ တရား စေတသောဝိနိဗန္ဓတရားတို့ကို ပယ်ရှားတော်မူစေလိုသော မဟာ ကရုဏာတော်ဧောဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

စေတောခိလသုတ်ပြီး၏

ဝနပတ္ထသုတ်

ပုစ္ဆာ။ ။ဝနပတ္ထသုတ်ံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။ အမေး။ ။ဝနပတ္ထ မည်သော သုတ္တန် တရားဒေသနာတော်ကို သဗ္ဗညု မြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝနပတ္ထ မည်သော သုတ္တန်ဒေသနာတော်မြတ်ကို၊ သဗ္ဗညု မြတ်စွာဘုရားသည် သာဝတ္ထိပြည် အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အနည်းငယ် ဖွင့်ပြ လျှောက်ထားလိုပါသည်၊ သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း ဝယ် ကိန်းအောင်းမွေ့လျော် နေတော်မူသော အခါ ဓမ္မပဋိဂ္ဂါဟက ရဟန်းတော် အရှင်သူမြတ်တို့ကို “ဝနပတ္ထပရိယာယံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ၊ တံ သုဏာထ သာဓုကံ မနသိကရောထ” အစ ရှိသည်ဖြင့် ချစ်သားတို့....ဝနပတ္ထပရိယာယ အမည်ရသော ဒေသနာကို သင် ချစ်သားတို့အား ငါဘုရား ဟောပြမည်၊ ထို့ဝနပတ္ထပရိယာယ အမည်ရှိသော ဒေသနာကို သင်ချစ်သားတို့သည် ကောင်းမွန်စွာ နာကြားကြကုန် ဟု တိုက် တွန်းတော်မူပြီးလျှင် ——

(၁) ချစ်သားတို့....ဤသာသနာဝယ် ရဟန်းသူမြတ်သည် အကြင် အကြင် တောအုပ်ကိုပင်ဖြစ်စေ ရွာကိုပင် ဖြစ်စေ နိဂုံးကိုပင် ဖြစ်စေ မြို့ကိုပင် ဖြစ်စေ ဇနပုဒ်ကိုပင် ဖြစ်စေ ပုဂ္ဂိုလ်ကိုပင်ဖြစ်စေ အမှီပြု၍ နေသည်ဆိုပါစို့၊ ထိုသို့ တောအုပ်ကိုဖြစ်စေ ရွာ နိဂုံး မြို့ ဇနပုဒ် ပုဂ္ဂိုလ်ကို ဖြစ်စေ မှီ၍ နေသောပုဂ္ဂိုလ်အား မတည်သေးသော သတိတရားလည်း မတည်၊ မရသေးသော သမာဓိကိုလည်း မရ၊ မကုန်သေးသော အာသဝေါတရားတို့လည်း မကုန်၊ ပစ္စည်းလေးပါး လာဘ်လာဘတို့လည်း ခဲယဉ်းပင်ပန်းစွာ ရသည်ဆိုပါစို့၊ ထိုသို့ သဘောရှိသော တောအုပ် ထိုသို့သဘောရှိသော ရွာ နိဂုံး မြို့ ဇနပုဒ် ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို သိသည် စဉ်းစားမိသည်နှင့်တပြိုင်နက် စွန့်ပယ်၍ သွားရမည် ဟူ၍ဎင်း။

(၂) ချစ်သားတို့....ဤသာသနာတော်ဝယ် သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တာ အမျိုးကောင်းသားသည် အကြင်သို့သော တောအုပ် အကြင်သို့သော ရွာ နိဂုံး မြို့ ဇနပုဒ် အကြင်သို့သော ပုဂ္ဂိုလ်ကို မှီဝဲ၍ နေသည်ဆိုပါစို့၊ ထိုရဟန်း အား သတိ သမာဓိ ပညာ တရားတို့လည်း မတိုးပွါး ပစ္စည်းလေးပါးမှာမူကား အကယ်၍ ပြည့်စုံသည် ဆိုပါစို့၊ ထိုရဟန်းသည် ဤသို့ ဆင်ခြင်ရမည်။

ငါသည် ပစ္စည်းလေးပါး အလို့ငှါ ဤသာသနာတော်ကို ဝင်ရောက်၍ ရဟန်းပြုသည်မဟုတ်၊ နိယျာနိက သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း သူတော်ကောင်းတရား အားထုတ်ဘို့ရန် ရဟန်းပြုခြင်း ဖြစ်သည် ဟု ဆင်ခြင်စဉ်းစားပြီးလျှင် ထိုရဟန်းသည်လည်း ထိုတောအုပ် ထိုရွာ ထိုနိဂုံး ထိုမြို့ ထိုဇနပုဒ် ထိုပုဂ္ဂိုလ်အထံမှ ဖဲသွားရမည် ဟူ၍ဎင်း။

(၃) ချစ်သား ရဟန်းတို့....ထိုမှတပါး အကြင် သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တာ အမျိုးကောင်းသားသည်၊ အကြင်တောအုပ် အကြင်ရွာ အကြင်နိဂုံး အကြင် မြို့ အကြင်ဇနပုဒ် အကြင်ပုဂ္ဂိုလ်ကိုမှီ၍ နေ၏၊ ထိုရဟန်းသူမြတ်အား မဖြစ်သေးသော သတိတရား၊ မဖြစ်သေးသော သမာဓိတရား မဖြစ်သေးသော ပညာတရားတို့ ဖြစ်သည်ဆိုပါစို့၊ ပစ္စည်းလေးပါးမှာကား ခေါင်းပါးသည် ဆိုပါစို့၊ ထိုသို့ သဘောရှိသော ရဟန်းသည်—

ငါတမူကား ပစ္စည်းလေးပါး အလို့ငှါ သာသနာ ဝန်ထမ်း ရဟန်း ပြုသည်မဟုတ်၊ သတိ သမာဓိ ပညာ သီလ သမာဓိ ပညာ သိက္ခာသုံးပါး

သူတော်ကောင်း တရားကို အားထုတ်ရန် အလို့ငှါသာလျှင် သာသနာ ဝန်ထမ်း ရဟန်းပြုခြင်း ဖြစ်သည် ဟု—

ဆင်ခြင် စဉ်းစားပြီးလျှင် ထိုရဟန်းသည် ထိုတောအုပ် ထိုရွာ ထိုနိဂုံး ထိုမြို့ ထိုဇနပုဒ် ထိုသို့သော ပုဂ္ဂိုလ်အထံမှ မစွန့် မဖဲး မခွါ မသွားရာ ဟူ၍ဝင်း။

(၄) ချစ်သား ရဟန်းတို့....ထိုမှတပါး အကြင်သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသား ရဟန်းသည် အကြင်တောအုပ်ကိုဖြစ်စေ အကြင်ရွာကို ဖြစ်စေ နိဂုံးကိုဖြစ်စေ မြို့ကိုဖြစ်စေ ဇနပုဒ်ကိုဖြစ်စေ ပုဂ္ဂိုလ်ကိုဖြစ်စေ အမှီပြု၍ နေရာ၏၊ ထိုရဟန်းအား မဖြစ်သေးသော သီလ မဖြစ်သေးသော သမာဓိ မဖြစ်သေးသော ပညာတို့လည်း ဖြစ်သည်၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့လည်း မငြိုမငြင် မပင်မပန်း ရသည် ဖြစ်ငြားအုံ၊ ထိုရဟန်း သည် ထိုအရပ် ထိုတောအုပ် ထိုရွာ ထိုနိဂုံး ထိုမြို့ ထိုဇနပုဒ် ထိုပုဂ္ဂိုလ်တို့၏ အထံဝယ် အသက်ထက်ဆုံး နေရမည်ဟူ၍ဝင်း။

ပုဂ္ဂိုလ် လေးမျိုးကို စိတ်ဖြာ ခွဲခြမ်း၍ ဖော်ပြရာ ဖြစ်သော **ဝနပတ္ထပရိယာယ** သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသည့်အတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းအရပ်ဝယ် မျှားစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဝနပတ္ထသုတ်ပြီး၏

မဓုပိဏ္ဍိကသုတ်

ပုစ္ဆာ။ ။မဓုပိဏ္ဍိကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သက္ကေသု ဘန္တေ ဒဏ္ဍပါဏိံ သက္ကံ အာရဗ္ဘ ဘာသိတံ၊ ဒဏ္ဍပါဏိ ဘန္တေ သက္ကော ဘဂဝန္တံ ဥပသင်္ကမိတွာ ဧတဒဝေါစ "ကိံ ဝါဒီ သမဏော ကိမက္ခာယီ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။မဓုပိဏ္ဍိက မည်သော သုတ္တန် တရားဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းအင်္ဂါပွတ်တို့ကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သက္ကတိုင်း ကပိလဝတ်ပြည်အရပ်ဝယ် ဆန်းကြယ်သော တုတ်နှင်တံ (ဒုတ်)ကို ဆောင်၍ သွားတတ်သောကြောင့် ဒဏ္ဍပါဏိ အမည်ရသော ဒေဝဒတ်၏ အပင်းအသင်း သာကီဝင်မင်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ နေတော်မူသောအခါ နံနက်အခါ မြို့တွင်းသို့ ဆွမ်းခံကြွတော်မူပြီး သည့်နောက် မဟာဝုန်တောအတွင်းဝယ် တခုသော ညဿဂ်ပင်ပျိုး၏ အရင်းဝယ် ခေတ္တသီတင်းသုံး နေတော်မူသောအခါ အဆိုပါ ဒဏ္ဍပါဏိ အမည်ရသော ဒေဝဒတ်၏ အပင်းအသင်း သာကီဝင်သည် ဘုရားထံမှောက် လာရောက်ပြီး လျှင်—

ကိ ံ ဝါဒီ သမဏော ကိမက္ခာယီ—ရဟန်းဟူသည် အဘယ်တရားကို ဟောပါသနည်း အဘယ်တရားကို အသင်သည် ဟောကြားလေ့ရှိသနည်း ဟု—

မထိတထိ မသိလိုသော ဇောဖြင့် မေးမြန်းပါသည်၊ ဤသို့သော အင်္ဂါပွတ်ဝယ် ဤမဓုပိဏ္ဍိက သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဓုပိဏ္ဍိကသုတ်ပြီး၏

ဒွေဓာဝိတက္ကသုတ်

ပုစ္ဆာ။ ။ဒွေဓာဝိတက္ကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟူလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။ဒဋ္ဌဓာဝိတက္က မည်သော သုတ္တန်တရားဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် ဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ဝိတက်တရားတို့ကို အကုသိုလ်ဝိတက် ကုသိုလ်ဝိတက် နှစ်မျိုး နှစ်ဖုံ ခဲ့ခြားထားပြီးလျှင် အကုသိုလ်ဝိတက်တရားတို့ဝယ် အပြစ်ကို ရှုကြည့်ရပုံ ကုသိုလ်ဝိတက်တရားတို့ဝယ် အကျိုးကို ရှုကြည့်ရပုံတို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော ဒဋ္ဌဓာဝိတက္ကသုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သမ္ဗညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒဋ္ဌဓာဝိတက္ကသုတ်ပြီး၏

ဝိတက္ကသဏ္ဌာနသုတ်

ပုစ္ဆာ။ ။ဝိတက္ကသဏ္ဌာနသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။ဝိတက္ကသဏ္ဌာန မည်သော သုတ္တန် တရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားသခင်သည် ဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သူတော်ကောင်းတရား အဓိစိတ္တသိက္ခာ အဓိစိတ္တ သာသနာကို ကျင့်ကြံပွါးများ အားထုတ်၍ နေသော ယောဂါဝစရပုဂ္ဂိုလ်အား အကုသိုလ်နှင့်စပ်သော လောဘနှင့်စပ်သော ဒေါသနှင့် စပ်သော မောဟနှင့် စပ်သော မိစ္ဆာဝိတက်တို့ အကယ်၍ ဝင်ရောက်လာလျှင်—

၁။ ရွေးဦးစွာ လောဘ၏ ဆန့်ကျင်ဘက်ဖြစ်သော အသုဘ, အနိစ္စ, မနသိကာရဖြင့် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာဘာဝနာ ဓာတု-မနသိကာရဖြင့် မောဟ၏ ဆန့်ကျင်ဘက်ဖြစ်သော ဂရုသံဝါသ ဆရာ့ထံပါး ဆည်းကပ်ခြင်း အစရှိသော ငါးပါးသော အကြောင်းတို့ဖြင့် ထိုမိစ္ဆာအကုသိုလ် ဝိတက်တို့ကို ပယ်ဖျောက်ပုံ အပိုင်းကဏ္ဍဖြင့်ဂုဏ်း။

၂။ ထိုသို့ ပယ်ဖျောက်သော်လည်း အကုသိုလ်ဝိတက်တို့ ဝင်မြဲဝင် ရောက်လာသော ရဟန်းသူမြတ်အား ထိုအကုသိုလ်ဝိတက်တို့အပေါ် ဝယ် အပြစ်ကိုရှု၍ အကုသိုလ်ဝိတက်တို့ကို ပယ်ဖျောက်ရာ အာဒီနဝ အပိုင်းကဏ္ဍ ပဗ္ဗဖြင့်ဝင်း။

၃။ ထိုသို့အပြစ်ရှုသော်လည်း အကုသိုလ်ဝိတက်တို့ မငြိမ်းသော် ဗဓဲ သော် ထိုအကုသိုလ်ဝိတက်တို့ကို နှလုံးမသွင်းခြင်း သတိမထားခြင်း အသတိ မနသိကာရ အပိုင်းအခဏ်းဖြင့်ဝင်း။

၄။ ထိုသို့ သတိမထားခြင်း နှလုံးသွင်းခြင်း မပြုသော်လည်း အကုသိုလ် ဝိတက်တို့ ဝင်မြဲဝင်ခဲ့သည်ရှိသော် ထိုအကုသိုလ်ဝိတက်တို့၏ အကြောင်းတရား တို့ကို အနုစိပ်နည်းအားဖြင့် သေးဖဲ့သည်တိုင်အောင် စုံစမ်း၍ ပယ်ဖျောက် ခြင်း တည်းဟူသော ဝိတက္ကသန်္ဌာန အပိုင်းအခဏ်းဖြင့်ဝင်း။

၅။ ထိုသို့ အကုသိုလ်ဝိတက်တို့၏ အကြောင်းကို စုံစမ်းစဉ်းစားပါလျက် နှင့် အကုသိုလ် ဝိတက်တို့ ဤသူတော်ကောင်းသန္တာန်ဝယ် တဘန်ထပ်၍ ဝင်ရောက်လာသည်ရှိသော် အံသွားကိုကြိတ် အံကိုနှိပ်၍ ထိုအကုသိုလ် ဝိတက်တို့ကို မိမိ၏သမထစိတ် သမာဓိစိတ်ဖြင့်ပင် အပြင်းအထန်နှိပ်ကွပ်ရမည့် အဘိနိဂ္ဂဏှန အပိုင်းအခဏ်းဖြင့်ဝင်း။

ဤငါးပါးသော အပိုင်းအခဏ်းတို့ဖြင့် အကုသိုလ်ဝိတက်တို့ကို နှိပ်နှင်းပုံ ပယ်ရှားပုံကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော ဝိတက္ကသဏ္ဌာန သုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် မျှားစွာသော ရဟန်း တိကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဝိတက္ကသဏ္ဌာနသုတ်ပြီး၏

ကကစူပမသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ကကစူပမသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒေ အာယသ္မန္တံ မောဠိယဖဂ္ဂုနံ အာရဗ္ဘ ဘာသိတံ၊ အာယသ္မာ ဘဒ္ဒေ မောဠိယဖဂ္ဂုနော ဘိက္ခုနီဟိ

သဒ္ဓိံ အတိဝေလံ သံသဒ္ဒေါ ဝိဟရတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ရန်သူ လူဆိုး သူဆိုးများက အင်္ဂါကြီးငယ်ကို လှဖြင့် တိုက်ဖြတ်၍ နှိပ်စက်ပင် နှိပ်စက်ငြားသော်လည်း ထိုရန်သူလူဆိုးတို့ အပေါ်၌ အမျက်မထွက်မူ၍ သည်းခံနိုင်ရန်အလို့ငှါ ဆုံးမဟောကြားရာဖြစ်သော ကကစူပမသုတ်တွန် တရားဒေသနာတော်မြတ်ကို သိတော်မူမြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော တရားအလုံးစုံကို အကုန်အစင်သိမြင်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အရှင်မောဋ္ဌိယဖဂ္ဂုန အမည်ရှိသော ရဟန်းတော်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အရှင်မောဋ္ဌိယဖဂ္ဂုန ရဟန်းတော်မထေရ်သူမြတ်သည် ဘိက္ခုနီမတို့နှင့် အတူတကွ အခါလွန်အောင် ရောယှက်၍ နေခဲ့ပါသည်၊ ထိုမောဋ္ဌိယဖဂ္ဂုန ရဟန်းတော်သည် မိမိထံမှောက်၌ ဘိက္ခုနီမတို့၏ ကျေးဇူးမဲ့စကားကို သူတပါးတို့က ပြောဆိုလျှင် အမျက်ထွက်ခြင်း နှလုံးမသာယာခြင်း ငြင်းခုံခြင်း ဖြစ်ရပါသည်၊ ဘိက္ခုနီမတို့၏အထံ၌ တပါးသော ရဟန်းတော်တို့က မောဋ္ဌိယဖဂ္ဂုန ရဟန်း၏ ကျေးဇူးမဲ့စကားကို ပြောကြားလျှင်လည်း ထိုဘိက္ခုနီမတို့သည် အမျက်ထွက် နှလုံးမသာမယာ ရှိကြ၍ ပြင်းထန်စွာ ငြင်းခုံကြပါသည်၊ ထိုအကြောင်းကို ရဟန်းတော်တို့ သိရှိသောအခါ မြတ်စွာဘုရားထံမှောက်သို့ ကြားလျှောက်ကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတပါးကို မောဋ္ဌိယဖဂ္ဂုန ရဟန်းတော်ကို ကိုယ်တော်မြတ်၏ ထံပါးသို့ ခေါ်စေတော်မူပြီး၍ “ချစ်သား ဖဂ္ဂုန....သင်ချစ်သားသည် ဘိက္ခုနီမတို့နှင့်အတူတကွ အခါခါကာလလွန်အောင် နှီးနှော ရောနှော၍ နေသည် ဟူသည် ဟုတ်သလော၊ သင် ချစ်သား၏ မျက်မှောက်ဝယ် တပါးသော ရဟန်းတို့က ဘိက္ခုနီမတို့၏ အပြစ်စကားကို ပြောကြားလျှင် သင် ချစ်သားသည် အမျက်ထွက် နှလုံးမသာမယာ ရှိကြ၍ ပြင်းထန်စွာ ငြင်းခုံကြပါသည်၊ ထိုဘိက္ခုနီမတို့၏ အထံ၌ ရဟန်းတော်တို့က သင် ဖဂ္ဂုန၏ အပြစ်ကိုပြောကြားလျှင် ထိုဘိက္ခုနီမတို့သည် အမျက်ထွက်

နှလုံးမသာမယာဖြစ်ကြ၍ အဓိကရုဏ်း ငြင်းခုံမှု ဖြစ်ကြသည် ဟူသည် မှန်၏လော" ဟု မေးမြန်းတော်မူပါသည်။

မှန်ပါကြောင်း လျှောက်ထားသည်တွင် ချစ်သား ဖဂ္ဂုန....သင်သည် သဒ္ဓါတရားကို ရွှေထား၍ အိမ်ရာတည်ထောင် လူတို့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ထွက်မြောက်လာခဲ့သည် မဟုတ်ပါလော၊ သင်ကဲ့သို့သော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တာ အမျိုးကောင်းသား ရဟန်းတော်မထေရ်သူမြတ်အား ဤသို့ မသင့်တော် မလျော်မလျောက်ပတ်သော ရောနှောခြင်းဖြင့် ရောနှော၍ နေခြင်းသည် မလျောက်ပတ်ပေ ဟု မိန့်ကြားတော်မူပြီးလျှင် —

ချစ်သား ဖဂ္ဂုန....သင်ချစ်သား၏ မျက်မှောက်ဝယ် တစုံတယောက် သောသူက ထိုဘိက္ခုနီမတို့၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ပြောစေကာမူငှင်း၊ သင်ချစ်သား၏ မျက်မှောက်ဝယ် တစုံတယောက်သောသူက ထိုဘိက္ခုနီမတို့ကို လက်ဖြင့်ဖြစ်စေ တုတ်လှုန်ကန်ဖြင့်ဖြစ်စေ ခဲ အုတ်ခဲတို့ဖြင့် ဖြစ်စေ ဓားလက်နက်တို့ဖြင့် ဖြစ်စေ ခုတ်ဖြတ်စေကာမူ သင်ချစ်သား၏ သန္တာန်ဝယ် ဂေဟသိတပေမ ဂေဟသိတဆန္ဒ ဂေဟသိတဝိတက္ကခေါ်သော မသင့်မတော် မလျော်မလျောက်ပတ်သော ဆန္ဒမျိုး ဝိတက်မျိုး မဖြစ်စေဘို့ရန် သင် ချစ်သား ကျင့်ကြံရမည်။

ချစ်သား ဖဂ္ဂုန....သင်ချစ်သားအား တစုံတယောက်သောသူက သင် ချစ်သား၏ မျက်မှောက်သို့ လာရောက်၍ ကျေးဇူးမဲ့စကားကို ပြောဆိုစေကာမူငှင်း၊ သင်ချစ်သားအား တစုံတယောက်သောသူက လက်ဖြင့်ဖြစ်စေ ခဲအုတ်ခဲတို့ဖြင့် ဖြစ်စေ တုတ်လုံကန်တို့ဖြင့် ဖြစ်စေ ဓားလက်နက်ဖြင့် ဖြစ်စေ သင်ချစ်သားကို ရိုက်နှက်ပုတ်ခတ်စေကာမူ သင်ချစ်သားသည် ထိုရိုက်နှက်ပုတ်ခတ်ခြင်း ဟူသော အကြောင်းကြောင့် ငါ၏ စိတ်သည် ဖောက်ပြန်ထွဋ်ပြားမှုကို မဖြစ်စေရ၊ ငါသည် ယုတ်မာသော စကားကို ထိုသူတို့၏ အပေါ်ဝယ် ပြန်ကြား၍ မပြောဆိုအံ့၊ ထိုသူတို့အပေါ်ဝယ် မေတ္တာရွှေထား ဒေါသစိတ်ကို ပယ်ရှားပြီး နေအံ့ဟူ၍ သင် ချစ်သားသည် ကျင့်ရမည် ဟု မဟာကရုဏာတော်ရွှေထား၍ သြဝါဒစကား မိန့်ကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် အရှင်မောဋ္ဌိယဖဂ္ဂုန ရဟန်းတော်မထေရ်သူမြတ်၏ ကာလမြင့်ကြာ ဘိက္ခုနီမတို့နှင့် ရောနှောသော အကြောင်းဝတ္ထု အဋ္ဌုပ္ပတ်ကြောင့်

ဤကကစူပမသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အထ ခေါ အာဝုသော အာယသ္မတော မောဋ္ဌိယဖဂ္ဂုနဿ တံ ဘဂဝတော ဩဝါဒံ သုတ္ဝာ ကထံ စိတ္တံ ဥပ္ပန္နံ၊ ကထဥ္ဉ ဘဂဝါ ဥတ္တရိ ဘိက္ခူနံ ဩဝါဒမဒါသိ။

ဝိဿဇ္ဇနာ။ ။အထ ခေါ ဘဒ္ဒေ မောဋ္ဌိယဖဂ္ဂုနဿ ဘဂဝတော ဣမံ ဩဝါဒံ သုတ္ဝာ ဘိက္ခုနိသံသဂ္ဂတော ဩရမိဿာမိ ဝိရမိဿာမိတိပိ စိတ္တံ နဥပ္ပန္နံ၊ အသံဝရမေဝ ဘဒ္ဒေ စိတ္တံ ဥပ္ပန္နံ၊ ဘဂဝါ စ ဘဒ္ဒေ အာရာဓယိံသု ဝတ မေ ဘိက္ခဝေ ဘိက္ခူ ဧကံ သမယံ စိတ္တံ၊ ဧဝမာဒိနာ ဥတ္တရိ ဘိက္ခူနံ ဩဝါဒမဒါသိ။

အမေး။ ။မိမိ အတ္တက်သော်ငင်း မိမိနှင့်စပ်သော ချစ်ခင်ရင်းနှီးသော ပုဂ္ဂိုလ်တို့အတ္တက်သော်ငင်း အမျက်ဒေါသထွက်၍ စိတ်ဆိုးနေလေလျှင် ထို မောဋ္ဌိယဖဂ္ဂုနရဟန်းအား ထိုအမျက်ဒေါသထွက်ခြင်း ထိုစိတ်ဆိုးခြင်း တည်း ဟူသော ကိလေသာတရားတို့ကြောင့် အပါယ်လေးပါးသို့လည်း ရောက်နိုင်ရာ၏၊ သံသရာဝဋ်ဆင်းရဲမှုလည်း မလွတ်မြောက်နိုင်ဘဲ ရှိလေရာ၏၊ ထိုသို့ အပါယ် ဆင်းရဲ သံသရာဆင်းရဲတို့နှင့် တွေ့ကြုံသွားရမည့်အရေးကို မြော်တွေးသိမြင် တော်မူသော မြတ်စွာဘုရားသခင်သည် လွန်စွာ လွန်စွာ သနားကြင်နာတော် မူလတ်သဖြင့် မောဋ္ဌိယဖဂ္ဂုနရဟန်းအား အဆိုပါ ဩဝါဒစကားကို မိန့်ကြား တော်မူသောအခါဝယ် မောဋ္ဌိယဖဂ္ဂုန အမည်ရှိသော ရဟန်းသည် ထိုမြတ်စွာ ဘုရားသခင်၏ ကရုဏာရေစင်ဖြင့် ကြည်လင်စွာပေးသနားသော အဆုံးအမ ဩဝါဒစကားကို ကြားသည်ရှိသော် အဘယ်သို့သော အကြံအစည်စိတ်ကူး ဖြစ်ပါသနည်း၊ မြတ်စွာဘုရားသခင်ကလည်း မောဋ္ဌိယဖဂ္ဂုနမှ တပါးသော ရဟန်းတို့အား အဘယ်သို့သော အဆုံးအမ ဩဝါဒကို ဆက်လက်၍ ပေး သနားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရားသခင်က အရှင်မောဋ္ဌိယဖဂ္ဂုနရဟန်းအား အဆုံးအမဩဝါဒကို ပေးသနားတော်မူသောအခါ ထိုအဆုံးအမဩဝါဒကို ကြား၍ အရှင်မောဋ္ဌိယဖဂ္ဂုနရဟန်းတော်၏စိတ်ဝယ် "ဘိက္ခုနိမတို့နှင့် ရောယှက်ခြင်းမှ ရှောင်ကြဉ်အံ့" ဟူ၍ မျှပင် စိတ်မဖြစ်ပါ၊ မစောင့်စည်းလိုသော စိတ်သာလျှင် ဆက်လက်၍ ဖြစ်နေပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ရေမွှတ်သိပ်သော ပုဂ္ဂိုလ်သည် ရေကို အမှတ်ရဘိသကဲ့သို့၎င်း၊ ဆာလောင်သောပုဂ္ဂိုလ်သည် မွန်မြတ်သောဆွမ်းခဲဘွယ်ဘောဇဉ်ကို အမှတ်ရဘိသကဲ့သို့၎င်း၊ ထိုအတူလျှင် အဆုံးအမ ဩဝါဒကို မလိုက်နာသော မောဋ္ဌိယဖဂ္ဂုနရဟန်းကို တွေ့ကြုံတော်မူသောအခါ ပဌမဗောဓိအချိန်အခါတုန်းက ရဟန်းတော် အရှင်သူမြတ်တို့သည် သိက္ခာပုဒ်မျှ ပညတ်တော်မမူရဘဲ ရှင်တော်ဘုရားမိန့်ကြားခါမျှဖြင့် အလိုတော်ရှိရာ လိုက်နာသည့်အဖြစ်ကို နက်နက်နဝေနဝေ တွေးတောဆင်ခြင် သိမြင်တော်မူပြီး ဖြစ်ပါသောကြောင့် "အာရာဓယိ ံသု ဝတ မေ ဘိက္ခဝေ ဘိက္ခူ ဧကံ သမယံ စိတ္တံ" အစရှိသည်ဖြင့် —

ချစ်သားတို့ တခုသော ပဌမဗောဓိအချိန်အခါကာလဝယ် ငါ၏ချစ်သား ရဟန်းတော်တို့သည် ငါဘုရား၏စိတ်နှလုံးကို ရှင်ပြုံးအားရမ်း ဝမ်းမြောက်စေခဲ့လေပြီ၊ ငါဘုရားသည် ကောဿနိုက် ဆွမ်းတထပ်စားခြင်းကိုခြိမ့်မှမ်း တော်မူလျှင်ပင် ထိုငါ၏ ချစ်သား ရဟန်းတော်တို့သည်လည်း သိက္ခာပုဒ်မျှ မပညတ်ရဘဲ ငါဘုရား၏ အလိုသို့လိုက်ပါ၍ ကောဿနိုက်ဆွမ်းစားကြပေသည်။

လောကဥပမာအားဖြင့် ထိုအချိန်ကာလဝယ် ညီညွတ်သော မြေအပြင်၌ ယဉ်ကျေးသော အာဇာနည်မြင်းကသော ရထားသည် သွားသောအခါ ရထားထိန်းသည် လက်ဝဲလက်ဖြင့် ကြိုးကို ဖြေးညှင်းစွာကိုင်၍ လက်ျာလက်ဖြင့် နှင်တံ တံဖျာကို အသာမချီကာ အသာအယာ မပင်မပန်း လိုက်ပါရဘိသကဲ့သို့ ထိုအတူ ပဌမဗောဓိ ပဌမဝါနှစ်ဆယ်အတွင်းဝယ် ငါ၏ ချစ်သား ရဟန်းတော်များသည် ငါဘုရား၏ စိတ်နှလုံးကို ရှင်ပြုံးအားရမ်း ဝမ်း မြောက်စေခဲ့လေပြီ ဟု အတိတ်အကြောင်းကို ပြန်ပြောင်းမိန့်ကြားတော်မူ ပြီးလျှင် ဝေဒေဟီမည်သော သူကြွယ်မ၏ ဝတ္ထုဖြင့် သည်းမခံနိုင်ခြင်း၏ အပြစ် ကို အကျယ်တဝင့် ဟောကြားတော်မူပြီးလျှင် —

ချစ်သားရဟန်းတို့....ဤလောကဝယ် တပါးသော ပုဂ္ဂိုလ်တို့က သင် ချစ်သားတို့ကို အချိန်ကာလဟုတ်၍၎င်း အချိန်ကာလမဟုတ်ဘဲ၎င်း မှန်ကန် သော စကားဖြင့်၎င်း မမှန်ကန်သောစကားဖြင့်၎င်း နူးညံ့သောစကားဖြင့်၎င်း ကြမ်းတမ်းသော စကားဖြင့်၎င်း အကျိုးနှင့်စပ်သွယ်သော စကားဖြင့်၎င်း အကျိုးနှင့်မစပ်သွယ်သော စကားဖြင့်၎င်း မေတ္တာရှေထား၍သော်၎င်း ဒေါသ ရှေထား၍သော်၎င်း သင်ချစ်သားတို့ကို ပြောကြားကြပေလိမ့်မည်။

သို့ သင်ချစ်သားတို့အား ပြောကြားလာသောအခါ သင်ချစ်သားတို့သည် "ငါတို့၏စိတ်သည် ဖောက်ဖောက်ပြန်ပြန် မဖြစ်စေလင့်၊ ငါတို့သည် ထိုသူတို့အပေါ်ဝယ် တဘန် ယုတ်မာသော စကားကို မဖြစ်စေပါ၊ ထိုသူတို့အပေါ်ဝယ် မေတ္တာရှေထား ဒေါသကို ပယ်ရှား၍သာလျှင် မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့်နေကြကုန်အံ့၊ ထိုပုဂ္ဂိုလ်ကိုလျှင် ဒေကြောင်းရင်းခံ၍ သတ္တလောကကြီးတခုလုံးကို အပ္ပမာဏ မေတ္တာတရား ဖြန့်ဖြူး၍နေပါကုန်အံ့" ဟူ၍ သင် ချစ်သားတို့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမည်။

ချစ်သား ရဟန်းတို့....လောကဥပမာအားဖြင့် တစုံတယောက်သော သူသည် ပေါက်တူး ခြင်းတောင်းတို့ကို ယူဆောင်၍ "ငါသည် ဤမဟာပထဝီမြေကြီးကို မြေမဟုတ်သည်ကို ပြုအံ့" ဟု နှုတ်မှ တတွတ်တွတ် ရွတ်ဆိုကာ ထိုထိုဤဤအရပ်သို့ တူးဆွသော်လည်း ထိုသူတူးဆွခြင်း ဟူသော အကြောင်းကြောင့် ဤမဟာပထဝီမြေကြီးသည် မြေမဟုတ်ဘဲ ဖြစ်ရာနိုင်ပါအံ့လော။

မဖြစ်ရာနိုင်ပါဘုရား။

ချစ်သား ရဟန်းတို့....လောကဥပမာ တနည်းသော်ကား တစုံတယောက်သော သူသည် ပေါက်တူး ခြင်းတောင်းတို့ကို ယူဆောင်၍ "ငါသည် ဤအဇ္ဇတကာသ ကောင်းကင်အပြင်ဝယ် အမျိုးမျိုးသော ရုပ်အဆင်းကို ထင်စေအံ့" ဟု ရေးသားသော်လည်း ထိုအဇ္ဇတကာသ ကောင်းကင်ဝယ် အရုပ်အမျိုးမျိုး ထင်နိုင်ပါအံ့လော။

မထင်နိုင်သည်သာပါဘုရား။

ချစ်သား ရဟန်းတို့....ဥပမာ တနည်းသော်ကား တစုံတယောက်သော ယောကျ်ားသည် မြက်မီးရှူးကို ယူဆောင်လာ၍ ဂင်္ဂါမြစ်မှာရှိသော ရေတို့ကို အကြွင်းမဲ့ ကုန်ခန်းအောင် ငါသည် မီးတိုက်အံ့ ဟု ဆိုသော်လည်း ထိုယောကျ်ား ပြောဆိုသည့်အတိုင်း ဂင်္ဂါမြစ်ရေကို အကြွင်းမဲ့ ကုန်ခန်းအောင် ထိုယောကျ်ားသည် မီးဖြင့် တိုက်နိုင်ပါအံ့လော။

မတိုက်နိုင်ပါဘုရား။

ချစ်သားရဟန်းတို့....ဥပမာ တနည်းသော်ကား တစုံတယောက်သော သူသည် အနှူးအညံ့ ပြုလုပ်အပ်သော ကြောင်ရေ သိုးရေ ဆိတ်ရေ စသည်တို့ဖြင့် ပြီးသော အတွင်းဝယ် လဲတို့ဖြင့် အပြည့်အသိပ် သွင်း၍ ထားအပ်သော

သားရေအိတ်ကို သာယာသောအသံ မြည်တွန်သောအသံကို ပြုအံ့ ဟု ထင်းချောင်း လက်ခတ်စသည်တို့ဖြင့် ရိုတ်ခတ်သော်လည်း အသံထွက်ရာအံ့လော။

မထွက်ရာနိုင်ပါဘုရား။

ချစ်သား ရဟန်းတို့....ထို့နည်းအတူပင်လျှင် တပါးသော သူတို့က သင် ချစ်သားတို့အား အခါဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အမျိုးမျိုးသော စကားတို့ကို ပြောကြားကြပေလိမ့်မည်။ ဟုတ်သောအကြောင်း မဟုတ်သော အကြောင်း နှစ်မျိုးဖြင့်ပင်လျှင် အမျိုးမျိုး စကား ပြောကြားကြပေလိမ့်မည်၊ နူးညံ့သောစကား ရုန့်ရင်းကြမ်းတမ်းသောစကား ဖြင့်လည်း ပြောကြားကြပေလိမ့်မည်။ အကျိုးရှိ အကျိုးမရှိသော စကားကိုလည်း ပြောကြားကြပေလိမ့်မည်၊ မေတ္တာရှေထားရှိသော်ငင်း ဒေါသစိတ်ထားဖြင့်သော်ငင်း သင် ချစ်သားတို့အား စကားပြောဆိုကြလှာပေလိမ့်မည်။

ထိုသို့ ထိုသူတပါးတို့ အမျိုးမျိုးအထွေထွေ ပြောကြားကြသော်လည်း သင်ချစ်သားတို့သည် ယခင် ငါဘုရား ဖော်ပြအပ်ပြီးသော မြေကြီးနှင့် တူသောစိတ် ကောင်းကင်နှင့် တူသောစိတ် ဂင်္ဂါမြစ်ရေနှင့် တူသောစိတ် အနှူးအညံ့ အပြေအပြစ်ပြုလုပ်၍ အတွင်းဝယ် ဝါဉမ်းတို့ဖြင့် ပြည့်စုံသော သားရေအိတ်တို့နှင့်တူသော စိတ်ရှိကြသည်ဖြစ်၍ ဤသတ္တလောကကြီးတခုလုံးကို မေတ္တာစိတ်ဖြင့်သာလျှင် သင်ချစ်သားတို့ နေဘို့ရန် ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမည်။

ဥဘတော ဒဏ္ဍကေန စေ ပိ ဘိက္ခဝေ ကကစေန စောရာ သြစရကာ အင်္ဂမင်္ဂါနိ သြကန္တေယျုံ။

ချစ်သား ရဟန်းတို့....ခိုးသူလူကြမ်းတို့သည် သင် ချစ်သားတို့၏ လက်ခြေ အစရှိသော အင်္ဂါကြီးငယ်ကို နှစ်ဘက်အရိုးရှိသော လှဖြင့် ဝိုင်းဝန်း၍ ဖြတ်တောက်စေကာမူ သို့ဖြတ်တောက်သော ခိုးသူလူကြမ်းတို့ အပေါ်ဝယ် သင် ချစ်သားတို့သည် အမျက်ဒေါသကို အကယ်၍ ထားပါမူ ငါဘုရား၏ အဆုံးအမ သြဝါဒကို လိုက်နာသည် မမည်ပေ။

ထိုသို့လျှင် မိမိအပေါ်ဝယ် ရိုင်းရိုင်းပြပြ ရက်ရက်စက်စက် နှစ်ဘက်သော အရိုးရှိသော လှသွားဖြင့် အင်္ဂါကြီးငယ်ကို ဖြတ်တောက်သော ပုဂ္ဂိုလ်တို့၏ အပေါ်၌ပင်သော်လည်း ငါတို့၏ စိတ်နှလုံးသည် ထိုသူတို့၏ အပေါ်ဝယ်

တစုံတခု ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား မဖြစ်စေရ၊ ငါတို့သည် ယုတ်မာသော စကားကို မပြောကြားကုန်အံ့၊ ငါတို့သည် မေတ္တာနှင့်ယှဉ်သော စိတ်ကိုသာလျှင် ဖြစ်စေအံ့၊ ဤပုဂ္ဂိုလ်အပေါ် ဝယ် မေတ္တာနှင့်ယှဉ်သောစိတ်ကို ဖြစ်စေပြီးလျှင် ဤပုဂ္ဂိုလ်လျှင် အကြောင်းရင်းခံ၍ သတ္တလောကကြီးတခုလုံးကို မေတ္တာနှင့်ယှဉ်သော စိတ်ဖြန့်၍နေပေအံ့ ဟု သင်ချစ်သားတို့သည် ကျင့်ကြံပွါးများ လိုက်နာ အားထုတ်ရမည်။

ဤသို့ ကကစူပမ သြဝါဒဒေသနာကို အဖန်တလဲလဲ နှလုံးသွင်းသော သင်ချစ်သားတို့ သန္တာန်ဝယ် သည်းမခံနိုင်ဘွယ်ရာ ရှုန့်ရင်းသောစကား, သည်းမခံနိုင်ဘွယ်ရာ သေးသိမ်သော စကား ဟူ၍ ရှိပါအံ့လော။

မရှိပါဘုရား။

တသွာ တိဟ ဘိက္ခဝေ အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....ထို့သို့ ဖြစ်ရကား သင် ချစ်သားတို့သည် ဤယခု ငါဘုရား ဟောကြားတော်မူအပ်ပြီးသည့် အတိုင်း လွန်နှင့်,တိုက်သော ခိုးသားယောကျ်ားတို့ကို ဥပမာထားကာ ဟောကြားအပ်သော ကကစူပမ သုတ္တန်ဒေသနာ သြဝါဒ တရားတော်မြတ်ကို သင် ချစ်သားတို့သည် အမြဲမပြတ် နှလုံးသွင်းကြကုန် ဟူ၍ မဟာကရုဏာတော် ပြဋ္ဌာန်း၍ သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတော် အရှင်သူမြတ်တို့အား သြဝါဒစကား မိန့်ကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ကကစူပမသုတ်ပြီး၏

အလဂဒ္ဒူပမသုတ်

ပုစ္ဆာ။ ။အလဂဒ္ဒူပမသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အရိဋ္ဌံ ဘိက္ခုံ ဂဒ္ဓဗာဓိပုဗ္ဗံ အာရဗ္ဘ ဘာသိတံ၊ အရိဋ္ဌဿ ဘန္တေ ဘိက္ခုနော ဂဒ္ဓဗာဓိပုဗ္ဗဿ ဧဝံ-ရူပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ "တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ၊ ယထာ ယေမေ အန္တရာယိကာ ဓမ္မာ ဝုတ္တာ ဘဂဝတာ၊ တေ ပဋိသေဝတော နာလံ အန္တရာယာယာ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။မြတ်ဘုန်းသောယောကျ်ား၏ ဥပမာကိုဖော်ပြ၍ ဆုံးမဟောကြားရာဖြစ်သောကြောင့် အလဂဒ္ဒူပမ ဟူ၍ ခေါ်ဆိုအပ်သော သုတ္တန်တရားဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ဥင်းတသတ် အမျိုးဥ်ဖြစ်ဘူးသော အရိဋ္ဌ ရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အရိဋ္ဌ ရဟန်း၏ သန္တာန်ဝယ် ဤလျောက်ဆိုလတ္တံ့သော အတိုင်း ယုတ်မာ ဖောက်ပြန်သော မိစ္ဆာအယူဖြစ်ပါသည်၊ အဘယ်သို့ ဖြစ်ပါသနည်းဟူမူကား။

"အကြင် အခြင်းအရာအားဖြင့် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို သုံးစားသည်ရှိသော် နတ်ရွာနိဗ္ဗာန် မဂ်ဖိုလ်ဈာန်၏ အန္တရာယ် မဖြစ်နိုင်။ ထိုအခြင်းအရာအားဖြင့် အာရုံငါးပါး ကာမတရားတို့ကို သုံးစားပုံ သဗ္ဗညု မြတ်စွာဘုရား ဟောထားသောနည်းကို ငါသိသည်" ဟု—

သဗ္ဗညုတရှေ့ဥာဏ်တော်ကိုပင် ထိခိုက်၍ ယုတ်မာသော အယူဖြစ်ခဲ့ပါသည်၊ ထိုအကြောင်းကို ရဟန်းတော်တို့ ကြားသောအခါ အရိဋ္ဌ ရဟန်း အထံသို့ သွားရောက်၍ "မာ ဟေဝံ အာဝုသော အရိဋ္ဌ အဝစ၊ မာ ဘဂဝန္တံ အဗ္ဘာစိက္ခိ အစရှိသည်ဖြင့်—

ငါ့ရှင် အရိဋ္ဌ....ဤသို့ မပြောဆိုပါလင့်၊ သဗ္ဗညုမြတ်စွာဘုရားကို ငါ့ရှင်သည် မစွပ်စွဲပါလေလင့်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် နတ်ရွာနိဗ္ဗာန်မဂ်ဖိုလ်ဈာန်၏ အန္တရာယ်ကို ပြုတတ်သော **အန္တရာယိကဓမ္မ** ငါးပါးတို့ကို ထင်ရှားစွာ ဟောကြားတော်မူအပ်ပါပေသည်။

ထိုအန္တရာယိက ဓမ္မတို့ကို မှီဝဲသည်ရှိသော် အထူးအားဖြင့် ထိုကာမဂုဏ်တရားကို မှီဝဲသည်ရှိသော် ရဟန်းတော် အရှင်သူမြတ်တို့အား နတ်ရွာနိဗ္ဗာန်မဂ်ဖိုလ်ဈာန်၏ အန္တရာယ်ကို ပြုတတ်သည်သာလျှင် ဖြစ်ပါပေ၏။

ငါ့ရှင် အရိဋ္ဌ....သဗ္ဗညုမြတ်စွာဘုရားသည် ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို အနည်းငယ်မျှသာ သာယာဘွယ်ရှိ၍ အပြစ်တရား လွန်စွာများသည်ဟု ဟောကြားအပ်ပါသည် စသည်ဖြင့်—

တဆယ့်တဌာနသော အခြင်းအရာတို့ဖြင့် ထိုအယူမှကင်းစေ လွတ်စေ ဆိတ်စေပါသော်လည်း ထိုအရိဋ္ဌ ရဟန်းသည် ထိုအယူကို မစွန့်ခဲ့ပါ။

ထိုအကြောင်းကို ရဟန်းတော်တို့သည် ဘုရားထံမှောက် သွားရောက် လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားသည် အရိဋ္ဌ ရဟန်းကို ရဟန်း တပါးကို လွှတ်၍ ခေါ်စေပြီးလျှင် "ဤသို့ သင့်အား ယုတ်မာသော အယူရှိသည် ဟူသည် မှန်သလော" ဟု မေးမြန်းသောအခါ ထိုသို့ ယုတ်မာသော အယူရှိကြောင်းကို ပြန်ပြောင်းလျှောက်ထားသည်တွင်—

အို မင်္ဂိုလ်မရ ကိစ္စမပြီး အချည်းနှီးသောယောကျ်ား....ငါဘုရား သည် မည်သူအား ဤသို့ ဟောကြားနေသည်ကို သင်ကြားဘူးသ နည်း၊ မင်္ဂိုလ်မရ ကိစ္စမပြီး အချည်းနှီးသောယောကျ်ား....ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို ငါဘုရားသည် သာယာဘွယ်နည်းသော **အပ္ပဿာဒ** တရားတို့ဟူ၍ငင်း အသားမရှိ သွေးမျှသာ လိမ်းကျံ၍နေသော အရိုးနှင့်တူသည် အစရှိသည်ဖြင့်ငင်း များစွာသော အပြစ်ဒေါသတို့ ရောပြွမ်းလျက်ရှိသည်ကိုငင်း ဟောကြားအပ်သည် မဟုတ်လော။

သို့ပါလျက် မိမိ၏ မှားယွင်းသော အယူဖြင့် ငါဘုရားတို့ကိုလည်း စွပ်စွဲဘိသည်၊ မှားယွင်းသော မိစ္ဆာအယူဖြင့် မိမိကိုယ်ကိုလည်း တူးဖြိုပါစေဘိသည်၊ များစွာသော အကုသိုလ်တရားတို့ကိုလည်း ပွါးစေဘိသည် အစရှိသည်ဖြင့်—

သဗ္ဗညုမြတ်စွာဘုရားသည် အရိဋ္ဌ ရဟန်းအား မောဃပုရိသ မောဃပုရိသ—မင်္ဂိုလ်မရ ကိစ္စမပြီး အချည်းနှီးသော ပုဂ္ဂိုလ်ဟူ၍ မောဃပုရိသ အဖြစ်သို့တင်ကာ အဖန်ဖန် အဆုံးအမ ဩဝါဒစကား ပေးသနားတော်မူခဲ့ပါသည်။

ဤသို့လျှင် အရိဋ္ဌ ရဟန်း၏ ယုတ်မာဖောက်ပြား အယူမှားဖြစ်သော အကြောင်းဝတ္ထု အင်္ဂုပ္ပတ်ဝယ် ဤအလင်္ကဒ္ဒုပမသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အထ ခေါ အာဝုသော အာယသ္မတော အရိဋ္ဌဿ ဂဒ္ဓဗာဓိပုတ္တဿ
ကထံ စေတသော ပရိဝိတက္ကော ဥဒပါဒိ၊ ကထဥ္စ ဘဂဝါ ဥတ္တရိ
ဘိက္ခုနံ ဓမ္မဒေသနံ ပဝတ္တေသိ။

ဝိဿဇ္ဇနာ။ ။အထ ခေါ ဘဒ္ဒေ. အရိဋ္ဌဿ ဘိက္ခုနော ဂဒ္ဓဗာဓိပုတ္တဿ
“ကိဉ္စာပိ မံ ဘဂဝါ မောဃပုရိသဝါဒေန ဝဒေသိ၊ န ခေါ ပန
မေ မဂ္ဂဖလာနံ ဥပနိဿယော န ဟောတိ၊ သ္ဝာဟံ အာရ-
ဘိတ္ဝာ ဃဋ္ဋေတ္ဝာ မဂ္ဂဖလာနိ နိဗ္ဗတ္တေဿာမီ”တိ၊ ဧဝံ ခေါ
ဘဒ္ဒေ စေတသော ပရိဝိတက္ကော ဥဒပါဒိ၊ ဘဂဝါ စ ဘဒ္ဒေ
ဒုပ္ပညဿ အလဂဒ္ဒူပမံ ဒဿေတ္ဝာ အလဂဒ္ဒူပမံ ပရိယတ္တိံ
စ ဒဿေတ္ဝာ ပညဝတော အလဂဒ္ဒူပမာယ စ ကုလ္လူပမာယ
စ ပညဝတော နိဿရဏဖလပရိယတ္တိံ ဒဿေတ္ဝာ ဆ စ ဒိဋ္ဌ-
ဋ္ဌာနာနိ၊ တေသဉ္စ ဆန္နံ ဒိဋ္ဌဋ္ဌာနာနံ ဝိနိဝေဌနာကာရံ
ဒဿေတ္ဝာ ပရိယောသာနေ စ ခန္ဓကမ္မဋ္ဌာနံ အရဟတ္တ-
နိကူဋေန ဒဿေတ္ဝာ ဥတ္တရိ ဘိက္ခူနံ ဓမ္မကထံ ပဝတ္တေသိ။

အမေး။ ။သဗ္ဗညုမြတ်စွာဘုရားသခင်က လွန်စွာသနားတော်မူသော
ကရုဏာစိတ်ဓာတ်ဖြင့် မောဃပုရိသ မင်ဖိုလ်မမှီး အချည်းနှီးသောယောကျ်ား
ဟု နှိမ့်တော်မူ၍ အဆိုပါ ဩဝါဒစကားကို မိန့်ကြားတော်မူသောအခါဝယ်
ဌာင်းတသတ် အမျိုးအနွယ်ဖြစ်သော အရိဋ္ဌ အမည်ရှိသော် အရှင်ရဟန်းသည်
အဘယ်သို့ စိတ်ကူးကြံစည်နေပါသနည်း၊ ထိုအခါဝယ် သဗ္ဗညုမြတ်စွာဘုရား
သခင်ကလည်း ရဟန်းတို့ကို မိန့်တော်မူ၍ အဆုံးအမ ဩဝါဒတရား ဒေသနာကို
ဆက်လက်ကာ အဘယ်သို့လျှင် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုသို့ သဗ္ဗညုမြတ်စွာဘုရား မိန့်ကြားတော်မူသောအခါ
ဌာင်းတသတ်အမျိုးဌ ရှေးကဖြစ်ဘူးသော အရိဋ္ဌရဟန်း၏ စိတ်သန္တာန်ဝယ်
“သဗ္ဗညုမြတ်စွာဘုရားသည် ငါ့ကို မောဃပုရိသ ဟူသော ဝါဒစကားဖြင့်
အကယ်၍ ပြောကြားစေကာမူ ဤသာသနာတော်ဝယ် ဝက်နွားပုဏ္ဏား၏သား
ဖြစ်သော ဥပသေနရဟန်းကိုလည်း မောဃပုရိသ မင်ဖိုလ်မရ ကိစ္စမပြီး
အချည်းနှီးသော ယောကျ်ားဟူ၍ ပြောဆိုသည်ပင်၊ သို့စေကာမူ နောက်

တချိန်ဝယ် အရှင်ဥပသေန မထေရ်သူမြတ်သည် သူတော်တရား အားထုတ်ခြင်းဖြင့် အရဟတ္တဖိုလ်တိုင် ပေါက်ရောက်တော်မူခဲ့လေသည်။

ထို့အတူ ငါ့ကိုလည်း သဗ္ဗညုမြတ်စွာဘုရားသည် မောဃပုရိသဟူ၍ အကယ်၍ ခေါ်ဆိုစေကာမူ ငါ့အား မဂ်ဖိုလ်၏ ဥပနိဿယည်း အားကြီးသော အကြောင်းသည် မရှိမဟုတ် ရှိတန်လေရာ၏၊ ငါသည် ဝီရိယကို ကြိုးစား၍ မဂ်ဖိုလ်တရားတို့ကို ဖြစ်စေအံ့ ဟူ၍ အကြံဖြစ်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဤအရိဋ္ဌရဟန်းအား မဂ်ဖိုလ်၏ ဥပနိဿယည်း အားကြီးသော အကြောင်းမရှိသည်၏ အဖြစ်ကို သိသာထင်ရှားစွာ ဖော်ပြတော်မူလိုသဖြင့်

အပိ နာယံ အရိဋ္ဌော ဘိက္ခူ ဂဒ္ဓဗာဓိပုဗ္ဗော ဥသ္မီကတောပိ ဣမသ္မိံ ဓမ္မဝိနယေ အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....စင်စစ်သော်ကား ဋ္ဌင်းတသတ် အမျိုး၌ ရှေးကဖြစ်ဘူးသော ဤအရိဋ္ဌရဟန်းသည် ဤ ငါဘုရား၏ သာသနာတော်ဝယ် မဂ်ဖိုလ်ကို ရဘို့ရန် ဥာဏ်ပညာအငွေ့အသက်မျှရှိသေးသည် ဟု သင်ချစ်သားတို့ မှတ်ထင်ကြသလော ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ရဟန်းတော်တို့က ဥာဏ်ပညာအငွေ့အသက် ပညာဥာဏ်မီး အနည်းငယ်မျှ အကြွင်းအကျန် မရှိသည်ကို လျှောက်ထားကြပါသည်၊ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ရဟန်းတော်တို့အား—

ချစ်သား ရဟန်းတို့သည်လည်း ငါဘုရား ဤအရိဋ္ဌ ရဟန်း ပြောသည့်အတိုင်း တရားဟောသည်ကို သင် ချစ်သားတို့ ကြားဘူးပါသလော ဟု မေးမြန်းတော်မူပါသည်။

မကြားဘူးပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် သဗ္ဗညုမြတ်စွာဘုရားက "ချစ်သား ရဟန်းတို့....လောကဥပမာအားဖြင့် မလိမ်မာသော မြွေဘမ်းယောကျ်ားသည် တောအရပ်သို့ သွား၍ မြွေကို ဘမ်းယူသော အခါ မလိမ်မာသည့်အတိုင်း ထိုတွေ့ရှိသော မြွေကို အမြီး၌ဖြစ်စေ အခွေ၌ဖြစ်စေ ကိုင်၍ ဘမ်းယူငြားအံ့။ ထိုယောကျ်ားကို ထိုမြွေသည် လက်ကိုဖြစ်စေ လက်ရုံးကိုဖြစ်စေ ကိုက်ခဲလေရာ၏။

ချစ်သား ရဟန်းတို့....အသို့နည်း၊ ထိုယောကျ်ားသည် ထိုသို့ မြွေကိုက်ခြင်း ဟူသော အကြောင်းကြောင့် သေခြင်းဆင်းရဲသို့သော်၎င်း သို့မဟုတ် သေကောင်ပေါင်းလဲ ဆင်းရဲသို့သော်၎င်း ရောက်ရာသည် မဟုတ်လော။

ရောက်ရာပါသည် ဘုရား။

ထို့အတူ ချစ်သားတို့....ဤသာသနာတော်ဝယ် အခြို့သော မောဃပုရိသ အရိဋ္ဌကဲ့သို့သော ရဟန်းတို့သည် အင်္ဂါကိုးတန် ဓမ္မကွန်ရှစ်သောင်း ငါဘုရား၏ တရားတော်အပေါင်းကို မကောင်းသောအလိုဆန္ဒ သုတပါဠိတို့အား ကော်မည်, ခတ်မည် အစရှိသော အလိုဆန္ဒမျိုးဖြင့် သင်ကြားကြကုန်ငြားအံ့။

ထိုသို့ သင်ကြားသော ထိုရဟန်းတို့အား ထိုသို့ သင်ကြားရသော ပရိယတ်သည် ထိုရဟန်းတို့၏ ရှည်လျားစွာသော နေ့ညဉ့်ပတ်လုံး အကျိုးမဲ့သာလျှင် ဖြစ်ဘို့ရာရှိသည်။ အကြောင်းသော်ကား ပရိယတ်ကို မကောင်းသဖြင့် သင်အပ်သောကြောင့် ဖြစ်ပေသည် ဟု မလိမ်မာသော ယောကျ်း၏ မြွေဘမ်းဥပမာဖြင့် ဤသာသနာဝယ် အရပ်သုံးအားဖြင့် **အလဂ္ဂဒူပမ** စင်စစ် အမှန်အားဖြင့် **အလဂဒ္ဓူပမ**အမည်ရသော စာသင်နည်း ဥပမာကို ဖော်ပြတော်မူချေငုံး။

ချစ်သား ရဟန်းတို့....ဥပမာအားဖြင့် မြွေဘမ်းလိမ်မာသော ယောကျ်းတယောက်သည် တောအရပ်သို့ သွားရောက်ပြီးလျှင် ကြီးစွာသောမြွေကို လုံကန်တိုဖြင့် လည်ပင်းမှာနှိပ်၍ ဦးခေါင်းကိုဖိကာ ပိုင်ပိုင်နိုင်နိုင် ဘမ်းယူသည် ဆိုပါစို့။ သို့ဘမ်းယူသောယောကျ်း၏ လက်မောင်းကိုဖြစ်စေ၊ လက်ရုံးကိုဖြစ်စေ၊ ထိုမြွေသည် ကိုက်ကား မကိုက်နိုင်ပေ၊ အမြီးဖြင့် ကိုယ်ဖြင့် ပတ်စေကာမူ ထိုယောကျ်းသည် သေခြင်းသို့လည်း မရောက်နိုင်ရာ၊ သေလောက်ရုံမျှသော ဆင်းရဲဒုက္ခသို့လည်း မရောက်နိုင်ရာ။

ချစ်သား ရဟန်းတို့....ထို့အတူပင်လျှင် ဤသာသနာတော်ဝယ် အခြို့သော အမျိုးကောင်းသား ရဟန်းတော်အရှင်သူမြတ်တို့သည် အင်္ဂါကိုးတန် ဓမ္မကွန်ရှစ်သောင်း ငါဘုရား၏ တရားတော် အပေါင်းကို ကောင်းမြတ်သော သဒ္ဓါဆန္ဒ နိဿရဏစိတ်ထားဖြင့် သင်ကြားကြကုန်သည်၊ သို့သင်ကြားသည့် အတိုင်း ထိုအင်္ဂါကိုးတန် ဓမ္မကွန်ရှစ်သောင်း တရားတော်အပေါင်းဝယ် လာရှိသော အရဟတ္တမဂ် အရဟတ္တဖိုလ် တည်းဟူသော အကျိုးကိုလည်း ပြီးစေကြ

ပေသည်၊ သို့ ပြီးစေခြင်း၏ အကြောင်းရင်းကား ကောင်းစွာ သင်ကြားအပ်သောကြောင့် ဖြစ်ပေသည် ဟု လိမ်မာသော မြွေဘမ်းသမား ဥပမာဖြင့်ရင်း။

ကုလ္လူပမံ ဝေါ ဘိက္ခဝေ ဓမ္မံ ဒေသေဿာမိ နိတ္ထရဏတ္ထာယ၊ နော ဂဟဏတ္ထာယ အစရှိသည်ဖြင့်၊

ချစ်သား ရဟန်းတို့....လှေဖောင်ဥပမာရှိသော ဓမ္မကထာကို သင် ချစ်သားတို့အား ငါဘုရားဟောကြားမည်။ ချစ်သား ရဟန်းတို့....တစုံတယောက်သော ယောကျ်ားသည် အဓွန့်ရှည်သော ခရီးသို့ သွားသည် ဆိုပါစို့။ သို့အစဉ်သဖြင့် သွားရာဝယ် ဂင်္ဂါမြစ်တခုသို့ရောက်ရာ ထိုဂင်္ဂါမြစ်၏ ဤမှာဘက်ကမ်းမှလည်း ဘေးရန်ထူပြောလှချေသည်၊ ထိုမှာဘက်ကမ်းမှာကား ဘေးရန်ကင်းရှင်းလှချေသည်။ ဤမှာဘက်ကမ်းဝယ် ထိုမှာဘက်ကမ်းသို့ ကူးသန်းဘို့ရန် လှေဖောင်စသည်တစုံတရာမျှမရှိချေ၊ တံတားနင်းကြမ်းစသည်လည်း မရှိချေ၊ ငါသည် မြက်သစ်ပင် သစ်ကိုင်းစသည်တို့ကို စုရုံးဖွဲ့နှောင်ကာ ဖောင်ပြု၍ ထိုမှာဘက်ကမ်းသို့ ကူးရမူ ကောင်းလေစွဟု အကြံဖြစ်ပြီးလျှင် အကြံဖြစ်သည့်အတိုင်း ထိုမှာဘက်ကမ်းသို့ ကူးရောက်သည် ဆိုပါစို့။....

ထိုယောကျ်ားသည် ထိုမှာဘက်ကမ်းသို့ ကူးရောက်သည့်အခါ ဤဖောင်သည်ကား ငါ့အား လွန်စွာ့လွန်စွာကျေးဇူးများလှချေသည်၊ သို့ ကျေးဇူးများသည့်အတိုင်း ဤဖောင်၏ကျေးဇူးကို မမေ့မလျော့သောအားဖြင့် ငါသည် ဤဖောင်ကို ပခုံးပေါ်တင်၍ ဖြစ်စေ ဦးခေါင်းပေါ်သို့ တင်ရွက်၍ ဖြစ်စေ သွားအံ့ဟူ၍ အကယ်၍ သွားခဲ့လျှင် ထိုယောကျ်ားသည် ထိုဖောင် အပေါ်ပြုရန် ကိစ္စစင်စစ်ကို အမှန် အကန်ပြုရာကျပါမည်လော။....

မကျပါရှင်တော်ဘုရား။

ချစ်သား ရဟန်းတို့....ထိုသို့မဟုတ် ထိုယောကျ်ားသည် ဤဖောင်သည်ကား ငါ့အား ကျေးဇူးများလှပါပေသည်၊ ဤဖောင်ကို ငါသည် ကုန်းပေါ်တင်၍ ဘေးရန်လွတ်ကင်းရာအရပ်၌ ထားခဲ့၍ ဖြစ်စေ၊ ရေထည်းသို့ ရိုသေစွာမျှော၍ ဖြစ်စေ၊ ငါအလိုရှိရာသွားအံ့ ဟု သွားသည်ရှိသော် ထိုယောကျ်ားသည် ထိုဖောင် အပေါ်ပြုရန် ကိစ္စကို ပြုသည်မည်၏လော....ဟု မေးမြန်းတော်မူသော အခါ၊ ပြုရန်ကိစ္စကို ယထာဘူတ နေရာကျ နည်းမှန် လမ်းမှန် ပြုသည်မည်ကြောင်း ရဟန်းတို့ လျှောက်ထားကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက.... ချစ်သားရဟန်းတို့.... ဖောင်ပင်သော်မှ မြစ်တဘက်ကမ်းသို့ ကူးသန်းဘို့ရန်အလို့ငှါသာလျှင်ဖြစ်ချေသည်၊ ထိုဖောင် ထိုလှေကို ပခုံးပေါ် ခေါင်းပေါ်ရွက်၍သွားရန် မဟုတ်ဘိသကဲ့သို့၊ ထို့အတူ ချစ်သားရဟန်းတို့ ဤငါဘုရားသာသနာဝယ် အင်္ဂါကိုးတန် ဓမ္မကွန်ရှစ်သောင်း တရားတော်ပေါင်းကား မြစ်တဘက်သို့ ကူးသန်းကြောင်းလှေ ဖောင်နှင့် တူလှပေသည်၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ ရောက်သောအခါ ဤဓမ္မကိုသော်မှလည်း စွန့်ရ ပယ်ခဲ့ရပေမည် အဓမ္မဖြစ်သော တရားကိုကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိအံ့နည်းဟု....လှေဖောင်ဥပမာဖြင့် သံသရာမှ ကျွတ်လွတ်ကြောင်း ကောင်းစွာစာသင်သော ရဟန်းတော်၏ နိဿရဏပရိယတ္တိကို ထင်စွာပြတော်မူ၍ ၎င်း။

ထိုမှတပါး ရုပ်ကိုဌင်း ဝေဒနာကိုဌင်း သညာကိုဌင်း သင်္ခါရကိုဌင်း မြင်အပ်,ကြားအပ်,ထိအပ်,သိအပ်,တွေ့အပ်,အလုံးစုံသော အာရုံခြောက်ရပ်ကိုဌင်း၊ ထိုမှတပါး မိစ္ဆာဒိဋ္ဌိကိုဌင်း ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ, ငါ၏ဥစ္စာ ငါပါတကား ငါ၏လိပ်ပြာပါတကား ဟု ဤခြောက်ပါးဝယ် အနုဗာလ ပုထုဇဉ်တို့ ဒိဋ္ဌိအယူ စွဲလမ်းပုံကိုဌင်း။

ကလျာဏ ပုထုဇဉ်တို့က ဤခြောက်ဌာနဝယ် နေတံ မမ၊ နေသော-ဟမသ္မိ၊ န မေသော အတ္တာ ငါ၏ဥစ္စာ မဟုတ်ပါတကား ငါ မဟုတ်ပါတကား ငါ၏ အတ္တလိပ်ပြာမဟုတ်ပါတကား ဟု ဒိဋ္ဌိကြိုးခြောက်ပါးကို ပယ်ရှားပုံကို ၎င်း။

ထိုဒိဋ္ဌိကြိုးခြောက်ပါးကို ပယ်ရှားနိုင်ရန်အလို့ငှါ **အနတ္တလက္ခဏာ** သုတ္တန်ဒေသနာတော်၌ ကဲ့သို့ တံ ကိ ံ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ အစရှိသည်ဖြင့် ခန္ဓာငါးပါး ကမ္မဋ္ဌာန်းတရားကို အရဟတ္တဖိုလ်တိုင်အထွတ်တပ်၍ သဗ္ဗညုမြတ်စွာဘုရားသည် တပည့်သား အရှင်သူမြတ်တို့အား အဆုံးအမသြဝါဒ ဓမ္မဒေသနာတော်ကို မဟာကရုဏာတော်ရှေထား ပုံးစေတော်မူခဲ့ပါသည်အရှင်ဘုရား။

အလင်္ကာပမသုတ် ပြီး၏

ဝမ္မိကသုတ်

ပုစ္ဆာ။ ။ဝမ္မိကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ကုမာရကဿပံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ ကုမာရကဿပေါ ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ဝမ္မိကပဋ္ဌံ ပုစ္ဆိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။တောင်ဘို့ ဥပမာကိုဖော်ပြ၍ ဟောကြားရာဖြစ်သော ကြောင့် ဝမ္မိကသုတ်ဟု အမည်ရသော သုတ္တန်တရားဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ အရှင်ကုမာရကဿပမထေရ် မြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အနည်းငယ်မျှ ဖွင့်ပြလျှောက်ထားလိုပါသည်၊ အရှင်ကုမာရကဿပ မထေရ်သူမြတ်သည် သာဝတ္ထိပြည်၏အနီး အနွဝန်တောအုပ်အရပ်ဝယ် နေတော်မူသောအခါ အကာလ ညသန်းခေါင်ယံအခါ၌ မထင်ရှားသော နတ်သားတယောက် လာရောက်၍ အနွဝန်တောအုပ်တခုလုံး လင်းချင်းစေပြီးလျှင် ဝမ္မိကပုစ္ဆာ ပြဿနာကိုလျှောက်ထားခဲ့ပါသည်။ လျှောက်ထားပြီးလျှင် “အရှင်ဘုရား ဤဝမ္မိက ပုစ္ဆာပြဿနာကို သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍ လျှောက်ထားပါခြေ၊ သဗ္ဗညုမြတ်စွာဘုရားမှတပါး ဖြေကြားနိုင်မည့်သူ မရှိပါ” ဟု ပြောဆိုမှာကြားခဲ့ပါသည်။

နောက်တနေ့ဝယ် အရှင်ကုမာရကဿပမထေရ်သူမြတ်သည် သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံးရာ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ သဗ္ဗညုမြတ်စွာဘုရားကို ဤဝမ္မိကသုတ္တန်ဒေသနာ,ဝမ္မိကပဥ္စာ,ဝမ္မိက

ပြဿနာကိုမေးလျှောက်ပါသည်။ ထိုသို့သော အင်္ဂုပ္ပတ်ကြောင့် ဤဝမ္မိက သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဝမ္မိကသုတ်ပြီး၏

ရထဝိနီတသုတ်

ပုစ္ဆာ။ ။ရထဝိနီတသုတ္တံ ပနာဝုသော ကတ္ထ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မတာ စ သာရိပုတ္တတ္ထေရေန စ မမ္မသေနာပတိနာ အာယသ္မတာ စ ပုဏ္ဏေန မန္တာဏိပုတ္တေန အညမညံ ပုစ္ဆာဝိဿဇ္ဇနဝသေန ဘာသိတံ။

အမေး။ ။မြင်းလိမ်မာကသော မြင်းယဉ်ရထား ခုနစ်စီးဖြင့် ဥပမာ ပြု၍ ဟောကြားဖြေဆိုရာဖြစ်သောကြောင့် ရထဝိနီတမည်သော သုတ္တန် တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်မည်သော ပုဂ္ဂိုလ်က ဟောကြား၍ ထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ်နှင့် မန္တာဏိပုဏ္ဏားမ၏သား ဓမ္မကထိက အရာဝယ် ဧတဒဂ်တင်ထားတော်မူအပ်သော အရှင်ပုဏ္ဏ မထေရ်သူမြတ် နှစ်ပါး တို့သည် ဝိသုဒ္ဓိခုနစ်ပါး ရထားကြီး ခုနစ်ခုနှင့်စပ်၍ အချင်းချင်း မေးဖြ သောအားဖြင့် ဤရထဝိနီတသုတ္တန်ဒေသနာတော်မြတ်ကို ဟောထားတော် မူခဲ့ပါသည် အရှင်ဘုရား။

ရထဝိနီတသုတ် ပြီး၏

နိဝါပသုတ်

ပုစ္ဆာ။ ။နိဝါပသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ဘာသိတံ။

အမေး။ ။နိဝါပ မည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် ဇေတဝန်ကျောင်းအရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ "ချစ်သား ရဟန်းတို့....လောကဥပမာအားဖြင့် သမင်တို့စားဘို့ရန် မြက်ခင်းကို စိုက်ပျိုးသော သားသတ် မုဆိုးသည် ဤငါစိုက်ပျိုးသော မြက်ကိုစား၍ သားသမင်တို့သည် အသက်ရှည်လျားစွာ အားရှိ၍ ကာလရှည်လျားစွာ တည်နိုင်ကြပါစေ" ဟု မြက်ခင်းကို စိုက်ပျိုးသည် မဟုတ်ပေ။ စင်စစ်သော်မူ ဤငါစိုက်ပျိုးသော သမင်စာ မြက်မျိုးကို မွေမွေ လျော့လျော့ တိုးတိုး ဝှေ့ဝှေ့ သမင်တို့စားသောက်ကြသောအခါ မွေလျော့ခြင်းဖြစ်ကြလိမ့်မည်၊ သို့မွေလျော့ခြင်းဖြစ်ကြသော အခါ ထိုသမင်တို့ကို ငါသည် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်စေအံ့၊ သတ်ဖြတ်အံ့ဟူသော အလိုဖြင့်သာလျှင် စိုက်ပျိုးခဲ့ပေသည်။

ချစ်သားရဟန်းတို့....ထိုစိုက်ပျိုးသော သမင်စာ မြက်ခင်း၌ ပဌမသမင်အုပ် သမင်အစုသည် မဆင်မခြင်မစဉ်းစားဘဲ ထိုသမင်စာ မြက်ခင်းသို့ ဝင်ရောက်ပြီး အချင်းချင်း တိုးဝှေ့ မွေမွေ လျော့လျော့ ပေါ့ပေါ့ တန်တန် စားကြပေသည်၊ ဤသို့ မွေမွေ လျော့လျော့ ပေါ့ပေါ့ တန်တန် စားသော အခါ ထိုသမင်အားလုံးတို့သည်ပင် သားသတ်မုဆိုး၏ အလိုသို့ လိုက်ပါကြရပေသည်။

ထိုအခါ ဒုတိယ သမင်အုပ် ဒုတိယသမင်အစု၏ စိတ်သန္တာန်ဝယ် ဤသို့သော အကြံဖြစ်သည် "ပဌမသမင်အစု ပဌမသမင်အုပ်သည်မူကား အချင်းချင်းတိုးဝှေ့ မွေမွေ လျော့လျော့ ပေါ့ပေါ့ တန်တန် ဤသမင်စာမြက်ကို စားခြင်းဟူသော အကြောင်းကြောင့် သားသတ် မုဆိုး၏ အလိုသို့ လိုက်ပါကြရသည်၊ ငါတို့သည် ဘေးရန်ရှိသော ဤမြက်ကို မစားမူ၍ လွတ်ရာကျွတ်ရာတောအုပ်သို့ သွားကြကုန်အံ့" ဟု ကြံစည်ပြီးလျှင် လွတ်ရာဖြစ်သော မတောအုပ်သို့ သွားကြသည်၊ ထိုတောအုပ်ဝယ် ပေါက်ရောက်သော မြက်တို့ကို စား၍ အချိန်ကာလကိုကုန်စေကြသည် နွေလ၏နောက်နှောင်း နွေလ၏ အဆုံးလသို့ရောက်ရှိသော အခါ တောအုပ်၌ မြက်ရေတို့ ကုန်ခန်းသော အခါ

ပင်ပန်းသော ကိုယ်ရှိကြသဖြင့် ဆာလောင်မွတ်သိတ်ခြင်းကို သည်းမခံနိုင်ကြဘဲ မူလသားသတ် မုဆိုးစိုက်ပျိုးရာ သမင်စာမြက်ခင်းရှိရာသို့ပင် ဝင်ရောက် ၍ မဲ့မဲ့ လျော့လျော့ တိုးတိုး ဝှေ့ဝှေ့ စားသောက်ကြခြင်းဖြင့် ဒုတိယ သမင်တို့သည်လည်း အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ရကုန်သည်။

ထိုအခါ တတိယ သမင်အုပ် သမင်အစု၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံဖြစ်ပေသည် "ပဌမသမင်တို့သည်လည်း ဤပုံဤပန်း အခြင်းအရာအားဖြင့် ပျက်စီးခြင်းသို့ရောက်ကြသည်၊ ဒုတိယသမင်တို့သည်လည်း ဤပုံဤပန်း အခြင်းအရာအားဖြင့် ပျက်စီးခြင်းသို့ရောက်ကြသည် ငါတို့မှာမူကား ဤသားသတ်မုဆိုး စိုက်ပျိုးထားရာဖြစ်သော သမင်စာ မြက်ခင်း၏ အနီးအပါး မနီးမဝေး ခြုံပိတ်ပေါင်း ထူထပ်ရာအရပ်ဝယ် အသိုက်အအုံပြုလုပ်ကာ ထိုသားသတ်မုဆိုးနှင့် မုဆိုး၏ ပရိသတ်တို့ မမြော်လျှော့၍ ထမင်းစားသော အခါ ရေချိုးသော အခါ ထိုသို့မျက်ကွယ်သော အခါမှာပင် ထိုသမင်စာမြက်ကို ဝင်ရောက်၍ တိတ် တဆိတ် မမြဲ မလျော့ မတိုးမဝှေ့ စားကြကုန်အံ့" ဟု ကြံစည်ပြီးလျှင် မိမိတို့ ကြံစည်သည့်အတိုင်း သမင်စာမြက်ခင်း၏ မနီးမဝေး တောအုပ် ခြုံပိတ်ပေါင်း ထူထပ်ရာ အရပ်ဝယ် အသိုက်အအုံ ပြုလုပ်ကာ သားသတ် မုဆိုးနှင့် မုဆိုး၏ ပရိသတ်တို့ ထမင်းစားသောအခါန် ရေသောက်သောအခါန်ဝယ် တိတ်တဆိတ်ဝင်ရောက်၍ အချင်းချင်း မတိုးမဝှေ့ မမြဲ မလျော့ဘဲ စားသောက်ကြပေသည်။

ထိုအခါ သားသတ် မုဆိုးနှင့်တကွ မုဆိုး၏ ပရိသတ်တို့သည် "ဤသမင်တို့သည်ကား လွန်စွာလွန်စွာကောက်ကျစ်ကြပါပေကုန်စွ၊ သမင်မှ ဟုတ်ပါလေကုန်စွ နတ်ဘီးလူးတို့ပင် ဖြစ်လေရော့သလား" ဟု စသည်ဖြင့် တွေးတော ပြီးလျှင် ငါတို့သည် ဤသမင်တို့၏ နေရာအရပ်ကို ရှာကုန်အံ့ ဟု သမင်စာ မြက်ခင်း၏ ပတ်ဝန်းကျင် အရပ်ဝယ် ပိုက်ကွန်တို့ကို အစေ့အနှံ့ ချထား၍ ပတ်ဝန်းကျင်ကို ခြောက်လှန့်၍ ထုတ်သော အခါ ထိုသမင်တို့၏ နေရာအသိုက်အအုံကို တွေ့ရှိ၍ ထိုတတိယသမင်အစုတို့သည်လည်း အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ကြရပေသည်။

ထို့မှတပါး စတုတ္ထသမင်အစုတို့သည်ကား ဤသို့ စိတ်အကြံဖြစ်ကြပါသည် "ပဌမသမင် ဒုတိယသမင် တတိယသမင် အစုတို့သည် ဤပုံဤပန်း ဤအချင်းအရာတို့ဖြင့် မုဆိုး၏အလိုသို့ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ကြ

ရကုန်သည်။ ငါတို့ တမူကား ဤမုဆိုးစိုက်ပျိုးသော သမင်စာမြက်ကို စားမူကား စားကြပါကုန်အံ့၊ သို့စေကာမူ ဤမုဆိုးတို့ မမြင်ရာ ဤမုဆိုးတို့ မရောက်နိုင်ရာ တောအုပ် အရပ်မှာသာလျှင် ခြုံပိတ်ပေါင်း ထူထပ်ရာအရပ်တို့၌ အသိုက်အအုံပြုလုပ်ကာ နေကြ၍ အကာလ ညအခါ စသည်တို့၌ လူတို့ တိတ်ဆိတ်မဲ့လျော့သော အခါမှသာလျှင် မမဲ့ မလျော့ မတိုးမဝှေ့ဘဲ စားကြကုန်အံ့" ဟု ရံခါရံခါ မှသာလျှင် ကြီးစွာသော သတိနှင့် ဤမုဆိုးစိုက်ပျိုးအပ်သော သမင်စာမြက်ခင်းတို့ကို စားကြပေသည်။ ထိုသမင်တို့ကို မူကား ထိုမုဆိုးနှင့် တကွ ထိုသားသတ် မုဆိုး၏ ပရိသတ်တို့သည် တစုံတရာမျှ မပြုနိုင်ဘဲ ဘေးမဲ့ပြုကြရပါသည်။

ဤသို့လျှင် သမင်လေးမျိုးတို့ဖြင့် ဥပမာပြု၍ ဖော်ပြရာဖြစ်သော ဤနိဝါပသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် အရပ်ဝယ် မျှားစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည် အခွင့်ဘုရား။

ပုစ္ဆာ။ ။ဣမသ္မိံ အာဝုသော သုတ္တေ ကော နိဝါပေါ ကော နေဝါပိကော ကာ နေဝါပိကပရိသာ ကာ မိဂဇာတာ ကထဉ္စေတိသာ ဥပမာယ အတ္ထော ဒဋ္ဌဗ္ဗော။

ဝိဿဇ္ဇနာ။ ။ဣမသ္မိံ ဘန္တေ သုတ္တေ နိဝါပေါတိ ခေါ ဘန္တေ ပဉ္စန္နေတံ ကာမဂုဏာနံ အဓိဝစနံ၊ နေဝါပိကောတိ ခေါ ဘန္တေ မာရဿေတံ ပါပိမတော အဓိဝစနံ၊ နေဝါပိကပရိသာတိ ခေါ ဘန္တေ မာရပရိသာယေတံ အဓိဝစနံ၊ မိဂဇာတာတိ ခေါ ဘန္တေ သမဏဗြာဟ္မဏာနမေတံ အဓိဝစနံ၊ ဣမသ္မိံ ဘန္တေ သုတ္တေ ဧတေသ အတ္ထော ဧဝံ ဒဋ္ဌဗ္ဗော။

အမေး။ ။သမင်တို့ကို ဖြားယောင်း၍ ဘမ်းယူရန် အလို့ငှါ စိုက်ပျိုး၍ ထားသော သမင်စာမြက်ခင်းဟူသည် ဤသုတ်၌ အဘယ်အရာကိုဆိုလို ပါသနည်း။ သမင်တို့ကို ဘမ်းယူရန် အလို့ငှါ သမင်စာ မြက်ခင်းစိုက်ပျိုး၍ သမင်တို့ကို ဖြားယောင်းပြီးလျှင် သတ်ဖြတ်၍ စားသော မုဆိုးဟူသည်မှာ ဤသုတ်၌ အဘယ်ပုဂ္ဂိုလ်ကို ဆိုလိုပါသနည်း။ ထိုသမင်စာ မြက်ခင်း စိုက်ပျိုးသော မုဆိုး၏ ပရိသတ် အသင်းအပင်းများ ဟူသည်မှာ အဘယ်

သို့သော ပုဂ္ဂိုလ်များကို ဆိုလိုပါသနည်း၊ ဤသမင်စာမြက်ခင်းဌ် ဝင်ရောက်၍ ဝင်ရောက်၍ စားသဖြင့် အကျိုးမဲ့ဖြစ်သော ပဌမ ဒုတိယ တတိယ သမင် အပေါင်းနှင့် ဝင်ရောက်၍ စားသော်လည်း ဘေးမှလွတ်သော စတုတ္ထသမင် အပေါင်းတို့ဟူ၍ ဆိုရာဝယ်၊ ထိုသို့သော သမင်တို့ဟူသည်မှာ အဘယ်သို့သော ပုဂ္ဂိုလ်တို့ကို ဆိုလိုပါသနည်း။ ဤနိဝါပ သုတ်၌လာသော သမင်စာ မြက်ခင်း ဖြင့် ပြအပ်သော ဥပမာဝယ် မြတ်စ္စာဘုရားသခင်၏ ဆိုလိုရင်း အနက်အဓိပ္ပါယ် ကို အဘယ်သို့လျှင် မှတ်သားအပ်ပါသနည်းငါ့ရှင်။

အဖြေ။ ။ဤနိဝါပသုတ္တန် ဒေသနာတော်မြတ်၌ သမင်စာမြက်ခင်း ဟူသော အမည်မှာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အာရုံငါးပါး ကာမဂုဏ်တရား၏ အမည်ဖြစ်ပါသည်။

သမင်စာ မြက်ခင်းကို စိုက်ပျိုးသော သားသတ်မုဆိုး ဟူသည်မှာ ထို အာရုံငါးဖြာ သမင်စာမြက်ခင်း ကို စိုက်ပျိုးသူနှင့်တူသော မာရ်နတ်မင်းကို ဆိုလိုပါသည်၊ မာရ်နတ်မင်း၏ အမည်ပင် ဖြစ်ပါသည်။

ထိုသမင်စာမြက်ခင်းကို စိုက်ပျိုးသော သားသတ် မုဆိုး၏ အခြေ အရုံ အသင်း အပင်း ပရိသတ်ဟူသည်မှာ မာရ်နတ်မင်း၏ အခြေအရုံ အသင်း အပင်း ပရိသတ်အပေါင်းကို ဆိုလိုပါသည်၊ မာရ်နတ်မင်း၏ အခြေအရုံ အသင်း အပင်း ပရိတ်သတ်အပေါင်း၏ အမည်ပင်ဖြစ်ပါသည်။

ထိုသမင်စာ မြက်ခင်းကိုစား၍ ဘေးရန်ရောက်သော ပဌမသမင်အစုတို့ ဟူသည်မှာ သာသနာပြင်ပဝယ် သားမယားနှင့် တကွ ရဟန်းပြုကြသည့် ပဌမ ပဗ္ဗဇ္ဇာအမည်ရသော ပုဂ္ဂိုလ် တို့ကိုပင် ဆိုလိုပါသည်။

ထိုသမင်စာ မြက်ခင်းဝယ် မြက်ကိုစား၍ ဒုတိယ အကျိုးမဲ့ ပျက်စီးခြင်း သို့ ရောက်ရသော သမင်အစုဟူသည်မှာ သာသနာပြင်ပ ဗာဟိရက တို့၏ အယူဖြစ်သော ပုဏ္ဏားတို့သည် ငယ်စဉ်ကာလဝယ် တောအရပ်သို့ ထွက်၍ အသက်ငါးဆယ်ကျော် ခြောက်ဆယ်ကျော်ကာလ ရောက်သောအခါ ဝယ် မိမိတို့လူမျိုး ဆွေမျိုးပြတ်အံ့စိုးသဖြင့် တဘန်လှူ ဘောင်သို့ ဝင်ရောက် လှူ ဌာန်သို့ လာရောက်၍ အိမ်ရာတည်ထောင် လူတို့ဘောင်နေကြပါသည်၊ ဤသို့ ဗြာဟ္မဏတို့၏ ရဟန်းပြုခြင်းကိုပင် ဒုတိယ သမင်စာ မြက်ကိုစား၍ အကျိုး မဲ့ပျက်စီးသော သမင်ဟူသည် ထိုဒုတိယ ဗြာဟ္မဏတို့ ရဟန်းပြုခြင်းမျိုးဖြင့် ရဟန်းပြုသော ပုဂ္ဂိုလ်တို့ကိုပင် ဆိုလိုပါသည်။

တတိယ သမင်စာ မြက်ခင်းကိုစား၍ အကျိုးမဲ့ ပျက်စီးရသော သမင်တိဟူသည်မှာ ထိုဗြာဟ္မဏတို့အထည်းမှာပင် အခွံအခွံသော ဗြာဟ္မဏတို့သည် သံသရာဝတ်မှ ကျွတ်လွှတ်အောင် တရားအားမထုတ်နိုင်ကြပါဘဲ မင်း၏ ဥယျာဉ်စသည်တို့ဝယ် သခ်ၤမ်းကျောင်းစသည်ကို ပြုလုပ်၍ မင်းညီ မင်းသား မှူးမတ်သားစသည်တို့ကို ဆင်အတတ် မြင်းအတတ် စသည် သင်ပြကာ ဗာဝရိယ ပုဏ္ဏားအစရှိသူတို့ကဲ့သို့ အာရုံ ငါးပါးမှ မလွတ်မမြောက်နိုင်ဘဲ ရဟန်းအသွင်ကို ယူကြသော ရဟန်းပုဏ္ဏားတို့ကို ဆိုလိုပါသည်။

စတုတ္ထ သမင်စာ မြက်ကိုလည်းစား ဘေးရန်မှလည်း လွတ်ကင်းသော ရဟန်းပုဏ္ဏားတို့ဟူသည်မှာ ဤသာသနာတော်ဝယ် ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်မှအစ အရဟတ္တဖိုလ် တိုင်ကျအောင် **ဝိဇ္ဇာစရဏ** တရားတို့ကို ပြည့်စုံစွာ ပွါးများအားထုတ်၍ ဒကာ ဒကာမ တို့လျှောက်အပ်သော ပစ္စည်းလေးပါးတို့ကို ဒကျိုဏောယျ ပုဂ္ဂိုလ်အဖြစ်ဖြင့် သုံးဆောင် ခံယူတော်မူကြသော သာဝကဂိုဏ်းဝင် ရဟန်းတော် အရှင်သူမြတ်တို့ကို ဆိုလိုပါသည်။

ဤသို့လျှင် ဤနိဝါပ သုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရား မိန့်ကြားတော်မူလိုသော ဆိုလိုရင်း အနက် အဓိပ္ပါယ်ကို ဤသို့ စိတ်သွယ်ဝေဖြာ သိမှတ်ရမည်ဖြစ်ပါသည် အရှင်ဘုရား။

နိဝါပသုတ်ပြီး၏

ပါသရာသိသုတ်

ပုစ္ဆာ။ ။ကေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ပါသရာသိသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ၊ သမ္မဟုလာ ဘန္တေ ဘိက္ခူ။ ရမ္မကဿ ဗြာဟ္မဏဿ အဿမေ ဘဂဝန္တံ အာရဗ္ဘ ဓမ္မယာ ကထာယ သန္ဒဿဒ သု၊ တသ္မ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ။ပ။ ထိုမြတ်စွာဘုရားရှင်သည် အရိယာသူမြတ်တို့၏ ရှာမှီးခြင်းကို

ဖော်ပြရာဖြစ်သောကြောင့် **အရိယပရိယေသန** သုတ်ဟူ၍ဝင်း ကျော့ကွင်း ဥပမာဖြင့် ပြရာဖြစ်သောကြောင့် **ပါသရာသိ** သုတ်ဟူ၍ ဝင်း ခေါ်ဆိုအပ်သော သုတ္တန်တရားဒေသနာတော်မြတ်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အင္ဂုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ငါးရာ အတိုင်းအရှည်ရှိသော မျှားစ့ဝသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စ့ဝဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးစံနေတော် မူသောအခါ ငါးရာသော အရပ်တပါးမှ ရောက်သစ်စ ရဟန်းတော်တို့သည် အရှင်အာနန္ဒာကို မြတ်စ့ဝဘုရားထံမှောက်မှ မျက်မှောက်တရားနာခွင့်ရလိုပါကြောင်း တောင်းပန်လျှောက်ထားကြပါသည်။

ထိုအခါ အရှင်အာနန္ဒာ မထေရ်သူမြတ်က "ငါ့ရှင်တို့....သို့တပြီးကား ရမ္မက အမည်ရှိသော ပုဏ္ဏား၏ သခ်ၤမ်းကျောင်းသို့ သွားရောက်စုဝေးကြပါကုန်၊ မြတ်စ့ဝဘုရား၏ မျက်မှောက်တော်မှ တရားနာခွင့်ကို ရလိမ့်မည် ထင်ပါသည် ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ သဗ္ဗညုမြတ်စ့ဝဘုရားသည် သာဝတ္ထိပြည်သို့ ဇေတဝန်ကျောင်းတော်မှ ဆွမ်းခံကြွတော်မူပြီးလျှင် နေမ့နန်းလဲ့အခါ ဆွမ်းခံရှာမှ ဇရကြွတော်မူသည်ရှိသော် ပုဗ္ဗာရုံကျောင်းသို့ ကြွခါ နေ့သန့်တော်မူပါသည်၊ ပုဗ္ဗာရုံကျောင်း၌ နေ့သန့်တော်မူပြီးလျှင် ပုဗ္ဗကောဋ္ဌက အရပ်သို့ သွားရောက်၍ ကိုယ်တော်မြတ်ကို ရေသန့်နန်းလောင်းတော်မူပါသည်၊ ကိုယ်တော်မြတ်ကိုရေသန့်နန်းလောင်းတော်မူပြီး၍ ကိုယ်တော်ကို ခြောက်သွေ့စေသော အခိုက်ငယ် ရှင်အာနန္ဒာတောင်းပန်သဖြင့် ရမ္မက အမည်ရှိသော ပုဏ္ဏား၏ ကျောင်းအရပ်သို့ ကြွရောက်တော်မူပါသည်။

ထိုသို့ မြတ်စ့ဝဘုရား ကြွရောက်တော်မူခိုက် ထို ငါးရာသော ရဟန်းတို့သည် မြတ်စ့ဝဘုရား၏ ကျေးဇူးဂုဏ်ကို အကြောင်းပြု၍ ဘုရားဂုဏ်နှင့်စပ်သော တရားစကားဖြင့် စည်းဝေးနေကြဆဲ ဖြစ်ပါသည်၊ မြတ်စ့ဝဘုရားသည် တရားစကားဖြင့် စည်းဝေးနေတော်မူကြသည်ကို သိမြင်တော်မူသဖြင့်

အစည်းအဝေးပြီးဆုံးသည်တိုင်အောင် ငုံလင့်တော်မူပြီးလျှင် အစည်းအဝေးပြီးဆုံးလတ်သော်အခါ သခ်ၤမ်းကျောင်းတွင်းသို့ ဝင်ရောက်တော်မူ၍ ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူပြီးလျှင်

ကာယ နုတ္ထ ဘိက္ခဝေ ဧတရဟိ ကထာယ သန္နိသိန္နာ၊ ချစ်သားတို့....သင်ချစ်သားတို့သည် ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်း ဟု မေးမြန်းတော်မူပါသည်။

ဤသို့လျှင် သာဝတ္ထိပြည်အရပ်၌ ငါးရာအတိုင်းအရှည်ရှိသော များစွာသော ရဟန်းတော်တို့ မြတ်စွာဘုရား၏ ကျေးဇူးဂုဏ်နှင့် စပ်သော တရားစကားဖြင့် စည်းဝေးသော အကြောင်းအင်္ဂါပွတ်ဝယ် အရိယပရိယေသနသုတ္တန်ဟူ၍၎င်း ပါသရာသိသုတ္တန်ဟူ၍၎င်း ခေါ်ဝေါ်ပညတ် သမုတ်အပ်သော ဤသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အထ ခေါ အာဝုသော တေသံ သမ္ဗဟုလာနံ ဘိက္ခူနံ ဓမ္မိယာ ကထာယ သန္နိသိန္နာနံ ကီဒိသံ မမ္မကထံ ကထေသိ။

ဝိဿဇ္ဇနာ။ ။သာဓု ဘိက္ခဝေ ဧတံ ခေါ ဘိက္ခဝေ တုမ္ဟာကံ ပတိရူပံ ကုလပုတ္တာနံ သဒ္ဓါ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတာနံ၊ ယံ တုမ္ဟေ ဓမ္မိယာ ကထာယ သန္နိသိဒေယျာထ၊ သန္နိပတိတာနံ ဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ ဓမ္မီ ဝါ ကထာ အရိယော ဝါ တုဏှီဘာဝေါ။ ဒ္ဝေမာ ဘိက္ခဝေ ပရိယေသနာ အရိယာ စ ပရိယေသနာ အနရိယာ စ ပရိယေသနာ။ ဧတမာဒိနာ ဘဂ္ဂေန ဘဂဝါ သန္နိပတိတာနံ တေသံ ဘိက္ခူနံ အရိယပရိယေသနာယ အနရိယပရိယေသနဉ္စ ဝိဘဇိတ္ဝာ ဒေသေသိ။

အမေး။ ။ရှုမှတ် မည်သော ပုဏ္ဏား၏ သခ်ၤမ်းကျောင်း၌ များစွာသော ငါးရာအတိုင်းအရှည်ရှိသော ထိုရဟန်းတော်ဘို့သည် မြတ်စွာဘုရားနှင့် စပ်သော တရားစကားကို ပြောဟောလျက်နေကြဘဲကို ကြားသိတော်မူရသော ထိုအခါကာလငယ် ဟုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် အခြားတပါးသော တိရစ္ဆာနကထာ ဗာဟိရစကား

ကို မပြောကြားမူ၍ တရားနှင့်စပ်သော တရားစကားကိုသာလျှင် ရှိသေလေးစားစွာ ပြောဟော၍ နေသော ထိုရဟန်းတော်တို့အား အဘယ်ကဲ့သို့သော တရားစကားကို ဆက်လက်၍ ဟောကြားတော်မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သဗ္ဗညုမြတ်စွာဘုရားသည် ထို ရဟန်းတော် ငါးရာတို့အား သာခု ဘိက္ခဝေ ဧတံ ခေါ ဘိက္ခဝေ တုမ္ဟာကံ ပဟိရွပံ ကုလပုတ္တာနံ အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....သင် ချစ်သားတို့သည် အခြားတပါးသော မင်္ဂိုလ်မှဖိလာကန့်လန့်ဖြစ်သော မင်းစကား ခိုးသူစကား အမတ်ကြီးစကား အစရှိသော တိရစ္ဆာနကထာ စကားကို လုံးလုံးလျားလျား မပြောဆိုဘဲ တရားနှင့်စပ်သော စကားကို ပြောဆိုစည်းဝေးကြခြင်းသည် ကောင်းလှပါပေစွ။ ဤသို့ တရားနှင့်စပ်သော စကားကို ပြောဆိုခြင်းသည်ပင်လျှင် သဒ္ဓါပဗ္ဗဇိတဖြစ်သော သင် ချစ်သားတို့အား သင့်လျော်လျောက်ပတ်လှပါပေသည်။

ချစ်သား ရဟန်းတို့....စည်းဝေးနေကြသည့် သဒ္ဓါပဗ္ဗဇိတဖြစ်သော သင် ချစ်သားတို့ ပြုလုပ်ဘွယ်ကိစ္စမှာ (၁) တရားနှင့်ယှဉ်သော စကားကို ပြောဆိုခြင်း။ (၂) တရားနှလုံးသွင်းကာ ဆိတ်ဆိတ်နေခြင်း ဤနှစ်ပါးပင်လျှင် သင် ချစ်သားတို့ ပြုလုပ်ရန် ကိစ္စဖြစ်ကြောင်း မိန့်ကြားတော်မူပြီးလျှင် ဒေ့မာ ဘိက္ခဝေ ပရိယေသနာ အရိယာ စ ပရိယေသနာ အနရိယာ စ ပရိယေသနာ အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....ဤလောကဝယ် ရှာမှီးခြင်းတို့သည် မြတ်သော အရိယာပုဂ္ဂိုလ်တို့၏ ရှာမှီးခြင်း, မမြတ်သော ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ ရှာမှီးခြင်း ဟူ၍ ရှာမှီးခြင်း နှစ်မျိုးရှိပေသည်၊ ထို နှစ်မျိုးနှစ်စားတို့တွင်—

မိမိကိုယ်တိုင်က ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ခြင်း ညစ်နွမ်းခြင်း သံကိလေသ ဘဝေါဒိပါလျက် ထို အတူပင် ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ခြင်း ညစ်နွမ်းခြင်း ရှိတဲ့ တရားကိုပင် ရှာမှီး၍ နေခြင်းကား အနရိယပရိယေသန အရိယာမဟုတ်သူ ပုဂ္ဂိုလ်တို့၏ ရှာမှီးခြင်းမျိုး ပင် ဖြစ်ပေသည်။

ချစ်သား ရဟန်းတို့....မိမိကိုယ်တိုင်က ဇာတိဒုက္ခ ပဋိသန္ဓေနေခြင်း ဇရာဒုက္ခ အိုခြင်း ဗျာဓိဒုက္ခ ဖျားနာခြင်း မရဏဒုက္ခ သေပျောက်ရခြင်း သောကဒုက္ခ စိုးရိမ်ရခြင်း ဆင်းရဲ သံကိလေသ ညစ်နွမ်းခြင်းတရားတို့နှင့် ညစ်နွမ်းခြင်း တရားသဘောရှိသည်ဖြစ်၍ ထို ဇာတိ ဇရာ ဗျာဓိ မရဏ

သောက သံကိလေသတရားတို့ဝယ် အပြစ်အာဒီနဝကို ရှုမြင်ပြီးလျှင် ထို ဇာတိ ဇရာ ဗျာဓိ မရဏ သောက သံကိလေသတို့မှ လွတ်မြောက်ရာ မဂ္ဂင်မြတ်လှစ္စာသော ယောဂလေးတန် ကုန်ရာမှန်သည့် နိဗ္ဗာန်ချမ်းသာကို ရှာမှီးခြင်းကသာလျှင် ဘုရားအစရှိသော အရိယာအရှင်သခင်သူမြတ်တို့၏ ရှာမှီးခြင်းတို့ဖြစ်ကြောင်း။

အကျယ်တဝင့် ဤအရိယပရိယေသန အနရိယပရိယေသန နှစ်မျိုး နှစ်စားကို ထို ရဟန်းတော်အရှင်မြတ် ငါးရာတို့အား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော ဘဂဝါ အတ္တနာပိ အနရိယပရိယေသနံ ပဟာယ အရိယပရိယေသနာယ ပရိယေသတီတဘာဝံ ပကာသေသိ။

ဝိဿဇ္ဇနာ။ ။အဟမ္ပိ သုဒံ ဘိက္ခဝေ ပုဗ္ဗေဝ သမ္ဗောဓာ အနဘိသမ္ဗုဒ္ဓေါ ဗောဓိသတ္တောဝ သမာနော အတ္တနံ ဇာတိဓမ္မော သမာနော ဇာတိဓမ္မံယေဝ ပရိဂဝေသာမိ၊ အတ္တနာ ဇရာဓမ္မော ဗျာဓိဓမ္မော မရဏဓမ္မော သောကဓမ္မော သံကိလေသဓမ္မော သမာနော သံကိလေသဓမ္မံယေဝ ပရိဂဝေသာမိ။ ဧဝမာဒိနာ ဘန္တေ ဘဂဝါ အတ္တနာပိ အနရိယပရိယေသနံ ပဟာယ အရိယပရိယေသနာယ ပရိယေသိတဘာဝံ ပကာသေသိ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ပြဆိုခဲ့ပြီးသော အရိယပရိယေသန အနရိယပရိယေသန နှစ်မျိုးကို ခွဲခြားရှင်း ဟောကြားတော်မူပြီးလျှင် မိမိကိုယ်တော်တိုင်ပင် ရှေးအခါကာလက အရိယာမဟုတ်သော မမြတ်သော သူတို့၏ ရှာမှီးခြင်းတည်းဟူသော အနရိယပရိယေသနကို ပယ်ရှားတော်မူခဲ့ပြီးလျှင် အရိယာ သူမြတ်တို့၏ ရှာမှီးခြင်းတည်းဟူသော အရိယပရိယေသနဖြင့် ရှာမှီးတော်မူခဲ့သော အကြောင်းအရာကို အဘယ်ပုံ အဘယ်နည်းဖြင့် အကျယ်ဖွင့်ပြ၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော် ခြောက်ဖုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဟမ္ပိ သုဒံ ဘိက္ခဝေ ပုဗ္ဗေဝ သမ္ဗောဓာ အနဘိသမ္ဗုဒ္ဓေါ ဗောဓိသတ္တောဝ သမာနော အစရှိသည်ဖြင့် ချစ်သား

ရဟန်းတို့....ငါဘုရားသည်လည်း သမ္မာသမ္ဗုဒ္ဓစင်စစ် သဗ္ဗညုဘုရားဖြစ်တော် မမူမီ ရှေးအခါကာလငယ် မိမိကိုယ်တိုင်က ဇာတိသဘော, ဇရာသဘော, ဗျာဓိသဘော, မရဏသဘော, သောကသဘော, သံကိလေသ သဘော ထင်ရှားရှိနေပါလျက် ထိုဇာတိ ဇရာ ဗျာဓိ မရဏ သောက သံကိလေသ သဘောရှိသော တရားတို့ကိုပင် ရှာမှီးခဲ့ကြောင်း၊

ထို့သို့ရှာမှီးသော အခါ ငါဘုရားသန္တာန်ဝယ် ဤသို့ အကြံဖြစ်ပေသည် ငါတမူကား မိမိကိုယ်တိုင်ကပင် ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ခြင်း ညစ်နွမ်းခြင်း သဘောရှိပါလျက် ထိုပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ခြင်း ညစ်နွမ်းခြင်း သဘောရှိသော တရားကို အဘယ့်ကြောင့် ငါသို့သော အလောင်းလျာ သူမြတ်သည် ရှာမှီးပါအံ့နည်း။

ယခုအခါ ငါသည် ပဋိသန္ဓေ တည်နေခြင်း အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ခြင်း ပူပန်ခြင်းသဘောရှိသော်လည်း ထိုပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ခြင်း ပူပန်ခြင်း သဘောတို့၌ အပြစ်အာဒီနဝကို အလုံးစုံ သိမြင်ကာ ထိုပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ခြင်း ပူပန်ခြင်းတို့၏ ကင်းရာဖြစ်သော အတုမရှိ မှန်မြတ်လှသော ယောဂလေးတန် ကုန်ရာမှန်သည့် နိဗ္ဗာန်ချမ်းသာ မြတ်ကို ရှာမှီးအံ့ဟု အကြံဖြစ်ပါသည်။

သို့ ရှာမှီးအံ့ဟု အကြံဖြစ်ပြီးသော အခါ အသက်တော် အရွယ်တော် နုနုနယ်နယ် နှစ်ဆဲကိုးနှစ်အချိန်ကပင် အိမ်ရာတည်ထောင် လူ့ဘောင်စွန့်ခွါ၍ ရဟန်းအဖြစ်သို့ရောက်ခဲ့ပေပြီ၊ သို့ ရဟန်းအဖြစ်သို့ ရောက်ရှိသောအခါ သန္တိဝရပဒ အမည်ရတဲ့ အမဂဓနိဗ္ဗာန်ချမ်းသာကို ရှာမှီးလိုသော ငါဘုရားသည် ရှေးဦးစွာ ကာလာမ၏ အနွယ်ဖြစ်သော အာဠာရ ရဿ၏ အထံသို့ သွားရောက်၍ သန္တိဝရပဒ ဖြစ်သော နိဗ္ဗာန်တရားကို ရှာမှီးပါသော်လည်း နိဗ္ဗာန်တိုင်မြောက်အောင် မရနိုင်ဘဲ အာကိဉ္စညာယတနုပ္ပာန်တိုင်ရုံမျှသာ ရရှိနိုင်ကြောင်းသိမြင်သဖြင့် မိမိကိုယ်တိုင်လည်း ထိုအာဠာရ ရဿအထံဝယ် အာစရိယဝါဒကို အကြွင်းအကျန်မရှိ သိမြင်တော်မူပြီးလျှင် အာကိဉ္စညာယတနုပ္ပာန်တိုင်အောင် နှစ်ရက် သုံးရက် အတွင်းဖြင့် ပေါက်ရောက်တော်မူပြီးလျှင် ဤအာကိဉ္စညာယတနုပ္ပာန်သည်ကား သံသရာဝဋ်ဆင်းရဲဝယ် ငြီးငွေ့ရန် သံသရာဝဋ်ဆင်းရဲဝယ် တပ်မက်ခြင်းကင်းရန် ဒုက္ခခပ်သိမ်းငြိမ်းရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မဟုတ်ချေတကား၊

စင်စစ်သော်ဘာ့ဟူ အာကိဉ္စညာယတန ဘုံသို့ရောက်ရုံသာလျှင် အကျိုးရှိခြေတကား၊ အာကိဉ္စညာယတန ဘုံဟူသည်လည်း အာကိဉ္စညာယတန ခန္ဓာဟူသည်လည်း ဇာတိ သဘော ဇရာသဘော ဗျာဓိသဘော မရဏ သဘော သောကသဘော သံကိလေသသဘော တို့နှင့် ရောလျက် ထွေးလျက် ရှိခြေ၏တကား ဟု စဉ်းစား ဆင်ခြင်တော်မူပြီးလျှင် ထိုအာကိဉ္စညာယတန ဈာန်၌ ဇာတိ ဇရာ ဗျာဓိ မရဏ သောက သံကိလေသ သဘောတို့ကို တွေ့မြင်သဖြင့် ပြင်းစွာထိတ်လန့် သံဝေဂရပြီးလျှင် ထို အာကိဉ္စညာယတနဈာန်ကို လုံးဝမသုံးစွဲ မဝင်စားဘဲ အာဠာရ ရသေ့အထံမှ ဖဲခွါပြီးလျှင် ဥဒက ရသေ့ အထံသို့သွားရောက်၍ နေဝသညာနာသညာယတန ဈာန်တိုင်အောင် ကိုယ်တော်မြတ်ပေါက်ရောက်ခဲ့ပုံ။

ထိုနေဝသညာနာသညာယတနဈာနသည်လည်း နေဝသညာနာသညာယတနဘုံတိုင်ရောက်ရုံသာ အကျိုးရှိကြောင်း သံသရာဝဋ်မှ ကျွတ်လွတ်ရန် မဟုတ်ကြောင်း အကြွင်းမဲ့သိမြင်တော်မူသဖြင့် ထိုနေဝသညာနာသညာယတနဈာန်၌ ဇာတိ ဇရာ ဗျာဓိ မရဏ သောက သံကိလေသ သဘောတို့ကို ရောလျက် နှောလျက် ယှဉ်လျက်ရှိသဖြင့် ထိုနေဝသညာနာသညာယတနဈာန်ကိုလည်း ငြီးငွေ့တော်မူသဖြင့် လုံးဝသုံးဆောင်တော်မမူဘဲ ထိုမှသည် ဥဒ္ဒေလတောအရပ်သို့ ကြွရောက်၍ ခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာကျင့်သုံးကာဖြင့် မဟာသက္ကရာဇ် တရာ့ရှစ် (၁၀၈) ခုနှစ် ကဆုန်လပြည့် နေ့ဝယ် မဟာဗောဓိပင် ရွှေပလ္လင်၌ မဇ္ဈိမပဋိပဒါ လမ်းမှန်သို့ရောက်သဖြင့် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ရောက်ရှိတော်မူကြောင်း။

ထိုမဟာဗောဓိပင်၌ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူကြောင်းကို ဖော်ပြ၍ သဗ္ဗညုမြတ်စွာဘုရားသည် ကိုယ်တော်တိုင်ပင် အနရိယပရိယေသန အမည်ရသော အာရုံငါးပါး ဇာတိ ဇရာ ဗျာဓိ မရဏ သောက သံကိလေသ သဘောတို့နှင့် မကင်းတဲ့ တရားတို့ကို ရှာမှီးခြင်းကို အကြွင်းမဲ့ ပယ်စွန့်တော်မူ၍ အရိယာတို့၏ ရှာမှီးခြင်းဖြစ်သော နိဗ္ဗာန်တိုင် ရောက်အောင် ရှာခဲ့ပုံကို ထင်စွာဖွင့်ပြဟောကြားတော်မူအပ်ပါသည် အရှင် ဘုရား။

ပုစ္ဆာ။ ။ဧဝံ ပဌမာဘိသမ္ဗုဒ္ဓဿ အာဝုသော ဘဂဝတော အဇပါလနိဂြောဓ-
ရုက္ခမူလေ နိသိန္နဿ ဓမ္မဒေသနာယ ကတာသန္နိဋ္ဌာနဿ ကိဒိသော

စေတသော ပရိဝိတက္ကော ဥဒပါဒိ၊ကထဉ္စ ဓမ္မဒေသနာယ စာရိကာ အဟောသိ၊ ကထဉ္စ ပဌမာ ဓမ္မဒေသနာ အဟောသိ။

ဝိဿဇ္ဇနာ။ ။"ကဿ နု ခေါ အဟံ ပဌမံ ဓမ္မံ ဒေသေယ်ျ၊ ကော ဣမံ ဓမ္မံ ခိပ္ပမေဝ အာဇာနိဿတီ"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတော ပဌမာဘိသမ္ဗုဒ္ဓဿ အဇပါလနိဂြောဓမူလေ ဓမ္မဒေသနာယ ကတသန္နိဋ္ဌာနဿ ပရိဝိတက္ကော ဥဒပါဒိ၊ အထ ဘန္တေ ဘဂဝါ ဥရုဝေလာယံ ယထာဘိရန္တံ ဝိဟရိတ္ဝာ ယေန ဗာရာဏသီ၊ တေန ပဒသာယေဝ စာရိကံ ပက္ကာမိ ဓမ္မဒေသနာယ၊ ဒ္ဝေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ၊ ကတမေ ဒ္ဝေ၊ ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂါမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္တသံဟိတော၊ ဧဝ-မာဒိနာ ဘန္တေ ဘဂဝတော ပဌမာ ဓမ္မဒေသနာ အဟောသိ။

အမေး။ ။ဤသို့ ငါ့ရှင်ဖြေဆိုခဲ့သည့်အတိုင်း ဥရုဝေလတောဝယ် ဗောဓိပင်အောက် ရတနာပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးလျှင် မဇ္ဈိမာပဋိပဒါ အကျင့်လမ်းဖြင့် အရိယပရိယေသနကို အပြည့်အစုံ ရှာမှီး တော်မူလျက် ဘုရားအဖြစ်သို့ရောက်တော်မူခဲ့ပြီးလျှင် ထိုဘုရားဖြစ်တော်မူပြီး ကာစ၌ ရှေးရှေးသော ဘုရားရှင်တို့သည် သီတင်းသုံးမြဲဖြစ်သော ခုနစ်ရက် ခုနစ်လီ လေးဆယ့်ကိုးရက် အတွင်း၌ သတ္တဌာန ဟု ခေါ်သော ခုနစ်ခုသော ဌာနတို့၌ ဝိမုတ္တိသုခကို ခံစားတော်မူခဲ့ပြီးလျှင် ရှစ်ခုမြောက်သော သတ္တာဟ၌ အဇပါလ ညောင်ပင်အောက်ဝယ် သီတင်းသုံးနေတော်မူသောအခါ ဤအခါမှ စ၍ ကျွတ်သင့် ကျွတ်ထိုက်သော ဝေနေယျပုဂ္ဂိုလ်တို့အား တရားဟောတော့ မည် ဟု တရားဟောရန် သန္နိဋ္ဌာန်ကျ ဆုံးဖြတ်တော်မူပြီးသော အခါကာလ ဝယ် မြတ်စွာဘုရားသခင်အား တရားဟောရမည့်ပုဂ္ဂိုလ် တရားကို နာခံမည့် ဝေနေယျပုဂ္ဂိုလ်ဘို့နှင့် စပ်လျဉ်း၍ အဘယ်ကဲ့သို့ သော စိတ်အကြံအစည် ဖြစ် တော်မူခဲ့ပါသနည်း၊ ထိုသို့ စိတ်အကြံအစည် ဖြစ်တော်မူပြီးလျှင် ထိုသို့ တရား ဟောတော်မူရန် အတွက် တရားဟောရန်ဌာနသို့ အဘယ်သို့လျှင် ကြွချီတော် မူခဲ့ပါသနည်း၊ ထိုသို့ ကြွချီတော်မူပြီးလျှင် ရှေးဦးစွာသော တရားစက်ကို အဘယ်ကဲ့သို့လျှင် လည်စေ၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သမ္မာသမ္ဗုဒ္ဓ အနုတ္တရစင်စစ် ဓမ္မရာဇ်မှန်ကုံ သယမ္ဘူ။ ထုတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါ သတ္တသတ္တာဟ လုံးမြောက်တော်မူပြီးနောက် အဋ္ဌမသတ္တာဟာဝယ် အဇပါလ ညောင်ပင်ရင်းဦး သီတင်းသုံးစံနေတော်မူပြီးသော အခါ ဓမ္မဂမ္ဘီရဖြစ်ပုံကို ဆင်ခြင်တော်မူသော မြတ်စွာဘုရားအား ဗြဟ္မာမင်းတော်ပန်သဖြင့် တရားဟောဘို့ရန် ပဋိညာဉ် ဝန်ခံပြုပြီးတော်မူသော သဗ္ဗညုမြတ်စွာဘုရားအား "ကဿ နု ခေါ အဟံ ပဌမံ ဓမ္မံ ဒေသေယျံ၊ ကော ဣမံ ဓမ္မံ ခိပ္ပမေဝ အာဇာနိဿတိ၊ ငါသည် ယခုအခါ ဘယ်သူ့အား ရှေးဦးစွာ တရားကို ဟောရပါအုံးနည်း၊ ယခု ငါဟောမည့် သစ္စာလေးပါး နက်နဲသော တရားကို အဘယ်သူသည် လျင်မြန်စွာ သိနိုင်ပါမည်နည်း" ဟု အကြံအစည် ဖြစ်တော်မူပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရား၏ စိတ်တော်ဝယ် ကာလာမ၏ အနှယ် ဖြစ်သော အာဠာရ ရသေ့သည် ပညာလည်း ရှိပေသည်၊ လိမ္မလည်း လိမ္မာပေသည်၊ ထိုးထွင်းစူးရှသော ဉာဏ်ပညာလည်း ရှိပါပေသည်၊ ရှည်လျားစွာသော နေ့ညဉ့်ပတ်လုံး ဉာဏ်ပညာမျက်စိဝယ် ကိလေသာမြူမှုန်နည်းပါးသော သဘောလည်း ရှိပါပေသည်၊ ငါတမ္ပကား အာဠာရအား ရှေးဦးစွာ သစ္စာလေးပါးတရားကို ဟောအုံ ဟူ၍ အကြံအစည် ဖြစ်တော်မူသောအခါ သဗ္ဗညုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် လွန်ခဲ့ပြီးသော ခုနစ်ရက်ကပင် အာဠာရ ရသေ့ စုတေကွယ်လွန်၍ အာကိဉ္စညာယတနဘုံသို့ ရောက်ကြောင်း ကောင်းကောင်းကြီး သိမြင်တော်မူပါသည်၊ နတ်ဗြဟ္မာအပေါင်းတို့ကလည်း ထိုအကြောင်းကို လျှောက်ထားကြပါသည်။ ထိုအခါဝယ်—

မဟာဇာနိယော ခေါ အာဠာရော၊ အာဠာရရသေ့ကား အကြီး အကျယ် ဆုံးရှုံးခြင်း ဆုံးရှုံးခဲ့လေပြီတကား၊ ဒုက္ခာယ်၍ အာဠာရ ရသေ့သည် ယခု ငါဘုရားဟောမည့် သစ္စာလေးပါးတရားကို ကြားနာ ရလျှင် လျင်မြန်စွာသိနိုင်ချိမ့်မည်၊ ကဿ နု ခေါ အဟံ ပဌမံ ဓမ္မံ ဒေသေယျံ၊ ယခုသော်မူ ငါသည် အဘယ်သူအား ရှေးဦးစွာ တရားကို ဟောရပါအုံးနည်း၊ အဘယ်သူသည် ယခု ငါဘုရားဟောမည့် သစ္စာ လေးပါးတရားကို လျင်စွာသိနိုင်ပါအုံးနည်း ဟု—

တဖန်ကြုံစည် စဉ်းစားတော်မူပြန်သောအခါ ရာမ၏သားဖြစ်သော ဥဒက ရသေ့သည် ပညာလည်းရှိ လိမ္မလည်းလိမ္မာ ဖောက်ထွင်းစူးရှသော

ဉာဏ်အရည်အချင်းလည်း ရှိပါပေသည်၊ ရှည်မြင့်စွာသော နှေးညှဉ်ပတ်လုံး ဉာဏ်မျက်စိဝယ် ကိလေသာမြူမှုန်နည်းပါးသော သဘောရှိချေသည်၊ ငါဘုရားသည် ဥဒက ရသေ့အား သစ္စာလေးပါးတရားကို ဟောမူ ကောင်းလေစွဟု အကြံဖြစ်တော်မူပြီးသည်၏ အခြားမဲ့၌ လွန်ခဲ့သောညဉ့်ကပင် ဥဒကရသေ့သည် စုတိပြတ်ကျေ သေလွန်ခဲ့၍ နေဝသညာ နာသညာယတနဘုံသို့ ရောက်ကြောင်းကိုယ်တော်တိုင်လည်း သင့်ညှတဉာဏ်ဖြင့် သိမြင်တော်မူပါသည်၊ နတ်ဗြဟ္မာအပေါင်းတို့ကလည်း လျှောက်ထားကြပါသည်။

ထိုအခါဝယ် ဥဒက ရသေ့ကား အဆုံးရှုံးကြီး ဆုံးရှုံးခဲ့လေပြီ၊ အကယ်၍ ငါဟောသည့် သစ္စာလေးပါး တရားကိုကြားနာရမူ ဥဒကရသေ့သည် လျင်မြန်စွာသိပေရာ၏ဟု အကြံဖြစ်တော်မူပြီးနောက် ယခုအခါ ငါဘုရားသည် ရှေးဦးစွာအဘယ်သူအား သစ္စာလေးပါးတရားကို ဟောရပါမည်နည်း၊ အဘယ်သူသည် ငါဘုရားဟောမည့် သစ္စာလေးပါး တရားကို သိပါမည်နည်းဟု ကြံစည်တော်မူလတ်သောအခါ ပဉ္စဝဂ္ဂိငါးဦးတို့ မြတ်စွာဘုရား၏ ဉာဏ်ဝယ် ရှေ့ရှုထင်၍ လာပါသည်။

ထိုအခါ ယခုအခါ ပဉ္စဝဂ္ဂိမထေရ်ငါးဦးတို့သည် အဘယ်အရပ်၌နေကုန်သနည်း ဟု တဖန်စဉ်းစားတော်မူပြန်သောအခါ ဒိဗ္ဗစက္ခုဉာဏ် အဘိညာဉ်ဖြင့် ပဉ္စဝဂ္ဂိမထေရ်ငါးဦးတို့ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ နေကြကြောင်းကို သိမြင်တော်မူပါသည်။

ထိုအခါ သင့်ညှတမြတ်စွာဘုရားသည် ဥရုဝေလတောဝယ် သင့်တော်သလောက်နေတော်မူပြီးလျှင် ဝိပဿီအစရှိသော ရှေးရှေး ဘုရားရှင်တို့သည် မဟာဗောဓိမဏ္ဍိုင်မှ ဗာရာဏသီပြည် ဣသိပတနတောသို့ ကြွရောက်၍ ဓမ္မစကြာ တရားဦးကို ဟောသောအခါ ကောင်းကင်ခရီးမှ တန်းခိုးအဘိညာဉ်ဖြင့် ကြွရောက်မြဲဖြစ်တော်မူကြပါသော်လည်း တပည့်တော်တို့၏ ကိုးစားရာသမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားမှာမူ မဟာဗောဓိနှင့် ဂယာအကြား ဥပက အမည်ရှိသော တက္ကဒုန်းနှင့် တွေ့ဘို့ရန် အကြောင်းရှိတော်မူသဖြင့် မဟာဗောဓိမှသည် ဗာရာဏသီပြည်သို့ တိုင်ရောက်အောင် ခြေလျင်ခရီးဖြင့် သာ ကြွတော်မူခဲ့ပါသည်။

မဟာဗောဓိနှင့် ဂယာအကြား ဥပက တက္ကဒုန်းနှင့် တွေ့သော အခါ "ဝိပ္ပသန္နာနိ ခေါ တေ အာဝုသော ဣန္ဒြိယာနိ — အစရှိသည်ဖြင့် ဥပက

တက္ကဒ္ဒန်းက ငါ့ရှင်....သင်၏ စက္ခုသောတ အစရှိသော ဣန္ဒြေတို့သည်ကား တောက်ပလှချေ၏တကား၊ မျက်နှာ အဆင်းသည်ကား ဝါဝင်း တင့်တယ်လှပါပေ၏၊ သင်သည် အဘယ်သူကို ရည်ညွှန်း၍ ရဟန်းပြုပါသနည်း၊ သင့်ဆရာကား အဘယ်သူပါနည်း၊ သင်သည် အဘယ်သူ၏ တရားစကားကို နှစ်သက်ပါသနည်းဟု မေးမြန်းသော အခါ——

သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ၊
သဗ္ဗမေ့သု အနုပလိတ္တော။
သဗ္ဗဉ္ဇဟော တဏှာက္ခယေ ဝိမုတ္တော၊
သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

အစရှိသည်ဖြင့် မည်သူတဦးတယောက်ကိုမျှ ငါဘုရား၏ ဆရာအရာ ထားဘွယ်မရှိကြောင်း၊ ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် သစ္စာဥယျ ဓမ္မခပင်း ထိုးထွင်းသိမြင်တော်မူသဖြင့် သဗ္ဗညုစင်စစ် သမ္မာသမ္ဗုဒ္ဓ စင်စစ် ဖြစ်တော်မူကြောင်းမိန့်ကြားတော်မူပြီးလျှင်၊ အစဉ်သဖြင့် ကြွရောက်တော်မူသောအခါ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ရောက်ရှိတော်မူခဲ့ပါသည်။

ဣသိပတန မိဂဒါဝုန်တောဝယ် ပဉ္စဝဂ္ဂီမထေရ်သူမြတ်တို့ ရှိရာသို့ မြတ်စွာဘုရားကြွရောက်တော်မူသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့သည် အဝေးမှပင် ဘုရားရှင်ကြွလာသည်ကို မြင်ကြ၍ “အယံ ခေါ အာဝုသော သမဏော ဂေါတမော အာဂစ္ဆတိ ဗာဟုလ္လိကော ပဓာနဝိဗ္ဘန္တော အစရှိသည်ဖြင့်....

ငါ့ရှင်တို့....ဤရဟန်းကြီး ဂေါတမသည် ပစ္စည်းလေးပါး များဘို့ရန် ရှာမှီးသည့် ဗာဟုလ္လိက သမားကြီးပေတည်း၊ ကမ္မဋ္ဌာန်း ပဓာန အလုပ်မှ လျော့ကျသော ပုဂ္ဂိုလ်ကြီးပေတည်း၊ ထိုရဟန်းကြီး ဂေါတမကို ရှိလည်းမခိုးကြစတမ်း၊ ခရီးဦး မကြိုကြစတမ်း၊ သပိတ်သင်္ကန်း လှမ်းမယူကြစတမ်း၊ သို့သော် အလိုရှိသော်မူ ထိုင်နေရန်အလို့ငှါ နေရာကိုမူကား ထားကြစတမ်း ဟု ကတိကဝတ် ပြုကြပါသည်။

မြတ်စွာဘုရားသခင်သည် အစဉ်သဖြင့် ပဉ္စဝဂ္ဂီ မထေရ်တို့ အထံမှောက် သို့ ကြွရောက်တော်မူသော အခါ နီးလေ နီးလေ အားလုံးသော ပဉ္စဝဂ္ဂီ မထေရ်သူမြတ်တို့သည် မူလကတိကဝတ်၌ မတည်နိုင်ကြဘဲ တပါးကထ၍ ဘုရား၏ သပိတ်သင်္ကန်းကို ယူပါသည်၊ တပါးက ခရီးဦးကြိုပြုပါသည်၊ တပါးကနေရာ ခင်းပါသည်၊တပါးက ခြေဆေးရေ တပါးက ခြေဆေးအင်းပျဉ်ခင်းကြပါသည်။

ဤနည်းဖြင့် သဗ္ဗညူ မြတ်စွာဘုရား ထံပါးဝယ် ခစားဆည်းကပ်၍ နေကြသော်လည်း အာဂုသော အာဝုသော—ငါ့ရှင် ငါ့ရှင်နှင့် ကိုယ်ရိပ် တန်းတူထားကာ (ကိုယ်ရိပ်သတူ) ပြောကြားခြင်း, ဂေါတမ ဂေါတမ ဟူ၍ စကားပြောသော အခါ အမည်ရင်းကို ထုတ်ဖော်၍ ရိုင်းပြစွာပြောကြားခြင်းဖြင့် ပြောကြားကြပါသည်။

ထို့အခါ သဗ္ဗညူမြတ်စွာဘုရားက မာ ဘိက္ခဝေ တထာဂတံ နာမေန စ အာဝုသောဝါဒေန စ သမုဒါစရထ အစရှိသည်ဖြင့် ချစ်သားတို့....ရှေးဘုရားတို့ အဘူ လာခြင်းကောင်းတော်မူသော သဗ္ဗညူမြတ်စွာဘုရားကို ဂေါတမ ဂေါတမဟု အမည်ရင်းကို ထုတ်ဖော်၍ဂင်း ကိုယ်ရိပ်သတူထားရှိကာ အာဝုသော အာဝုသော—ငါ့ရှင် ငါ့ရှင်ဟူ၍ဂင်းမပြောကြားကြကုန်လင့်—

အရဟံ ဘိက္ခဝေ တထာဂတော သမ္မာသမ္ဗုဒ္ဓေါ၊ ချစ်သားတို့....သင်တို့ ဆရာငါဘုရားသည် ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ပူဇော် အထူးကို ခံထိုက်သော အရဟံဂုဏ်တော်နှင့်လည်း ပြည့်စုံကြောင်း၊ မဖောက်မပြန် သစ္စာညေယျမမ္မခပင်းကို ထိုးထွင်းသိမြင်တော်မူသဖြင့် သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့်လည်း ပြည့်စုံတော်မူကြောင်း၊ သို့ဖြစ်သောကြောင့် သင်ချစ်သားဝို့သည် နားကို ချထားကြပါကုန်၊ ငါဘုရားသည် သစ္စာလေးပါး တရားကို ဟောကြားပါအံ့၊ ငါဘုရား ဟောကြားသည့်အတိုင်း သင်ချစ်သားတို့ ကျင့်ကြံပါမူ သင်ချစ်သားတို့ အလို ရှိသည့် အရဟတ္တဖိုလ်တိုင်ရောက်အောင် မျက်မှောက်ဘဝမှာပင် ကျေးဇူး ရှိနိုင်ကြောင်း မိန့်ကြားတော် မူသော အခါ—

တာယ ပိ ခေါ တံ အာဝုသော ဂေါတမ အရိယာယ အစရှိသည် ဖြင့်--ဟို ဒုက္ကရုစရိယာ ခြောက်နှစ်ကြာအောင် ဥရုဝေလတောအုပ်ဝယ် ကျင့်သုံးတုန်းကမှ ပကတိလူတို့၏ ကုသိုလ် ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော စျာန် မဂ်ဖိုလ် သဗ္ဗညုတဉာဏ်ကို မရောက် မရ မရှိပါဘဲ လျက်နဲ့ ယခုအခါ ပစ္စည်းလေးပါးလိုက်စားသည့် ဗာဟုလ္လိက သမားကြီးဖြစ်မှ အဘယ်မှာလျှင် ဥတ္တရိမနုဿဓမ္မ အမည်ရသည့် စျာန် မဂ်ဖိုလ် သဗ္ဗညုဘဉာဏ်ကို ရနိုင်အုံနည်းဟု ပြောကြားသောအခါ—

ချစ်သားတို့....ငါဘုရားသည် ပစ္စည်းလေးပါး စုဆောင်းသည့် ဗာဟုလ္လိက သမားမဟုတ်ကြောင်း၊ ပဓာန အလုပ်မှ လျှောကျသည်မဟုတ်၊ ငါဘုရား

သည် အရဟံဂုဏ် သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံပေသည်၊ ချစ်သားတို့....နားကို ချထားကြပါ ငါဘုရားသည် သစ္စားလေးပါး ဓမ္မကထာဖြင့် သင်ချစ်သားတို့ကို အဆုံးအမ ဩဝါဒပေးပါမည်၊ ငါဘုရား ဆုံးမသည့်အတိုင်း လိုက်နာ ကျင့်ကြံလျှင် သင်ချစ်သားတို့ အလိုရှိတဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် မျက်မှောက် ဘဝမှာပင် ကျေးဇူးရှိနိုင်ကြောင်း ဒုတိယ တဖန် မိန့်ကြားပြန်သော် လည်း ရှေးနည်းအတူ ပြောမြဲပြောပြန်သဖြင့် တတိယအကြိမ်ဝယ်—

အဘိဇာနာထ မေ နော တုမ္ဟေ ဘိက္ခဝေ ဣတော ပုဗ္ဗေ ဝေရုပံ ပဘာဝိတမေတံ၊ ချစ်သားတို့....ရှေးအခါကာလ ဥရုဝေလတော အုပ်ဝယ် သင်တို့နှင့် ငါအတူနေစဉ်ကာလက ငါဘုရားသည် နိမိတ် မထင်ပါဘဲလျက် အရောင်အဝါ မရှိပါဘဲလျက် ငါ့မှာ နိမိတ်ထင်သည် အရောင်အဝါထင်သည်၊ သို့စသည်ဖြင့် သင်တို့အား အထင်ကြီးမား အောင် ငါဘုရားသည် ဝါကြွား ပလ္လားချ ပြောကြားဘူးသည်ကို သင်တို့ကြားဘူးပါသလား ဟု မိန့်ကြားတော်မူပါသည်။

မကြားဘူးပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင်—

အရဟံ ဘိက္ခဝေ တထာဂတော သမ္မာသမ္ဗုဒ္ဓေါ အစရှိသည်ဖြင့် ချစ်သားတို့....ငါဘုရားသည် အရဟံဂုဏ် သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုစင်ဖစ်ဖြစ်ပေသည်၊ ချထားသော နားရှိသည်ဖြစ်၍ တရားကို နာကြားကြကုန်၊ ငါဘုရား ဆုံးမသည့်အတိုင်း သင်ချစ်သားတို့ လိုက်နာ ကျင့်ကြံပါမူ ချစ်သားတို့ အလိုရှိသည့် အရဟာတ္တဖိုလ်တိုင်ပေါက် မျက်မှောက် ပြုနိုင်ကြောင်း မိန့်ကြားတော် မူသည်တွင်၊ အားလုံးသော ပဉ္စဝဂ္ဂိမထေရ်တို့သည် ချထားအပ်သော နားရှိ၍ ရှိသေကျိုးနွံစွာ တရားကိုနာယူဘို့ရန် ရှေးရှုကြပါသည်၊ အရဟတ္တဖိုလ်သို့ ရောက်ဘို့ရန် မိမိတို့၏ စိတ်ကို ဆောက် တည်ကြပါသည်၊ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဒုဗ္ဗမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နော သေဝိတဗ္ဗာ အစဖြာသော ဓမ္မစက္ကဒေသနာ သုတ္တန်တရား တော်မြတ်ကို ဟောကြားတော် မူအပ်ပါသည်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် ဘုရား ဖြစ်တော် မူပြီးစ အဌမ သတ္တာဟဝယ် တရားဟောတော် မူဘို့ရန် ဤသို့လျှောက်ဆိုအပ်ပြီးသည့်အ တိုင်း အကြံဖြစ်တော်မူပါပေသည်၊ ဤသို့ လျှောက်ဆို အပ်ပြီးသော

ခရီးအစဉ်ဖြင့် တရားဟောဘို့ရန် ဒေသစာရီကြွချီတော် မူခဲ့ပါသည်၊ ဤသို့ လျှောက်ဆိုအပ်သော စကားအစဉ်အတိုင်း သဗ္ဗညုမြတ်စွာဘုရားသည် ရှေးဦးစွာ ဓမ္မစက္ကဒေသနာ တရားကို ဟောကြားတော် မူခဲ့ပါသည်အဖြစ်ဘုရား။

ပုစ္ဆာ။ ။ကဆ္ဆာဝုသော ဘဂဝါ ပါသရာသိဥပမာယ တံ ဒေသနံ ပရိ-နိဋ္ဌာပေသိ။

ဝိသဇ္ဇနာ။ ။ပဠိမေ ဘိက္ခဝေ ကာမဂုဏာ၊ ကတမေ ပဉ္စ၊ စက္ခုဝိညေယ္ယာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ။ သောတဝိညေယ္ယာ သဒ္ဒါ။ ဃာနဝိညေယ္ယာ ဂန္ဓာ။ ဇိဝှါဝိညေယ္ယာ ရသာ။ ကာယဝိညေယ္ယာ ဖောဋ္ဌဗ္ဗာ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ။ ။ကတမေ ခေါ ဘိက္ခဝေ ပဉ္စ ကာမဂုဏာ။ ယေ ဟိ ကေစိ ဘိက္ခဝေ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ဣမေ ပဉ္စ ကာမဂုဏေ ဂထိတာ မုစ္ဆိတာ အဇ္ဈောပန္နာ အနာဒီနဝဒဿာဝိနော အနိဿရဏ-ပညာ ပရိဘုဉ္ဇန္တိ၊ တေ ဧဝမဿု ဝေဒိတဗ္ဗာ "အနယမာပန္နာ ဗျသနမာပန္နာ ယထာကာမကရဏီယာ ပါပိမတော"၊ ဝေမာဒိနာ ဘဒန္တေ ဘဂဝါ ပါသရာသိဥပမာယ ဓမ္မဒေသနံ ပရိနိဋ္ဌာပေသိ။

အမေး။ ။ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ထိုပါသရာသိသုတ်ဒေသနာတော်ကို အဘယ်သို့လျှင် ညွှတ်ကွင်းအစု ဥပမာဖြင့် ပြတော်မူ၍ အပြီးအဆုံးသတ်လျက် ဟော ကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ဘုန်းတော် ခြောက်ဖုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော် မူသော သဗ္ဗညုမြတ်စွာဘုရားသည် ပဉ္စမေ ဘိက္ခဝေ ကာမဂုဏာ အစရှိသည် ဖြင့် ချစ်သားရဟန်းတို့....လူ့လောကမှာသာလျှင် အာရုံငါးပါး ကာမဂုဏ် တရားရှိသည်မဟုတ်ပါ၊ ဤသာသနာတော်မှာလည်း ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ငယ် ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ တည်းဟူသော အာမုံ ငါးပါး ရဟန်းတော်တို့၏ ကာမတရားတို့သည်လည်း ထင်ရှားရှိကြပေသည်။

ချစ်သား ရဟန်းတို့....အကြင် ရဟန်းပုဏ္ဏားတို့သည် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး တည်းဟူသော ရဟန်းတော်တို့၏ အာရုံငါးပါး ကာမတရားတို့ကို တဏှာ လောဘ သက်ဝင်၍ နိဿရဏ ဥာဏ်ပညာ ပစ္စဝေက္ခဏဥာဏ်ပညာ မယှဉ်ဘဲ သုံးစွဲကြပါမူ၊ ထိုပုဂ္ဂိုလ်တို့ကို အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ကြကုန်ပြီ၊ မာရ်မင်း၏ အလိုရှိရာ ဆွဲရာ ငင်ရာ ပြုနိုင်တဲ့ ဘဝသို့ ရောက်ကြကုန်ပြီ ဟု ပြောဆိုရပေမည်။

လောကဥပမာအားဖြင့် နှောင်ကြိုးဖြင့် ဖွဲ့မှီ၍ ထိုနှောင်ကြိုးကိုမှီ၍ အိပ်သော သားသမင်ရှိလေရာ၏၊ထိုသားသမင်ကို ဘေးကမြင်သော ပုဂ္ဂိုလ်က ပျက်စီးခြင်းသို့ ရောက်လေပြီ, အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်လေပြီ, သားသတ်မုဆိုး၏ အလိုရှိရာ အပြုခံရတော့မည် ဟု ပြောဆိုသိမှတ်အပ်ဘိသကဲ့သို့၊ ထို့အတူ အာရုံငါးပါး ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး တည်းဟူသော ရဟန်းတို့၏ အာရုံ ကာမဂုဏ်၌ တဏှာလောဘ ငန်းငန်းတက်၍ နိဿရဏပညာ ပစ္စဝေက္ခဏာ မယှဉ်ပါဘဲ သုံးစွဲသော ရဟန်းပုဏ္ဏားတို့ကို ပျက်စီးခြင်းသို့ ရောက်ကြကုန်ပြီ, အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ကြကုန်ပြီ, မာရ်နတ်မင်း၏ အလိုရှိတိုင်း ပြုခွင့်ပိုင်လေကုန်ပြီ ဟု ပြောဆိုကြရမည်။

ချစ်သား ရဟန်းတို့....အကြင် ရဟန်းပုဏ္ဏားတို့သည်မူကား ထို ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဥာဏ် ဆင်ခြင်၍ တဏှာနှင့် မယှဉ်ဘဲ သုံးစွဲကြပါကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့ကိုကား အကျိုးမဲ့ ပျက်စီးခြင်းသို့ မရောက်ကုန် ဟု ပြောဆိုရပေမည်၊ မာရ်မင်း၏ ကြော့ကွင်းမှ လွတ်ကြရသည် ဟု ပြောဆိုရပေမည်။

ချစ်သား ရဟန်းတို့....သားသမင်တို့သည် မုဆိုး၏ မရောက်ရာ တော အရပ်ဝယ် အလိုရှိသလို လွတ်လွတ်လပ်လပ် သွားခြင်း ရပ်ခြင်း အိပ်ခြင်း နေခြင်းကို ပြုဘိသကဲ့သို့ ထို့အတူ ငါဘုရား၏ ဤသာသနာတော်ဝယ် ပဌမ စျာန် တိုင်ရောက် ပေါက်ရောက်သော ရဟန်း ဒုတိယ တတိယ စတုတ္ထစျာန်မှ သည် အာသဝက္ခယဥာဏ်တိုင်ရောက် ပေါက်ရောက်သော ရဟန်းတို့သည် မာရ်နတ် တည်းဟူသော သားသတ်မုဆိုး၏ မမြင်နိုင်ရာ ကျွတ်လွတ်ရာ ကွယ်ရာ အရပ်၌ပင် ရောက်ရှိ၍ နေကြကြောင်း၊ ထိုသို့ သဘောရှိသော စျာန်ရ

မဂ်ရ ဖိုလ်ရ ငါဘုရား၏ တပည့်သား သာဝကကို မူကား မာရ်နတ်မင်းသည် မည်သည့်နည်းနှင့်မျှ မမြင်နိုင်ကြောင်း မိန့်ကြားတော်မူ၍ သဗ္ဗညုမြတ်စွာဘုရားသည် ထိုပါသရာသိသုတ္တန်ဒေသနာတော်မြတ်ကို ကမ္ပတ်နိဂုံး ဖုံးအုပ်တော်မူခဲ့ပါသည် အရှင်ဘုရား။

ပါသရာသိသုတ်ပြီး၏

စူဠဟတ္ထိပဒေါပမသုတ်

ပုစ္ဆာ။ ။တေနဝုသော ဇာနတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန စူဠဟတ္ထိပဒေါပမသုတ္တံ ကတ္ထ ကာ အာရဗ္ဘ ကသ္မာ ဝုတ္တံသ္မာ ဘာသတ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဇာဏုဿောဏိံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။ ဇာဏုဿောဏိ ဘန္တေ ဗြာဟ္မဏော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ယာဝတကော အဟောသိ ပိလောတိကေန ပရိဗ္ဗာဇကေန သဒ္ဓိံ ကထာသလ္လာပေါ၊ တံ သဗ္ဗံ ဘဂဝတော အာရောစေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတော်မှ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသည် ဆင်ခြေရာခံပုံကို ဥပမာပြု၍ ဟောကြားရာ ဖြစ်သောကြောင့် စူဠဟတ္ထိပဒေါပမမည်သော သုတ္တန်တရား ဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အဓိကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ဇာဏုဿောဏိ အမည်ရှိသော ပုဏ္ဏားကို အကြောင်းပြု၍ ဟေားတော်မူအပ်ပါသည်။

အနည်းငယ်မျှ ဖွင့်ပြလျှောက်ထားလိုပါသည်၊ သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ကိန်းအောင်းမြဲလျောနေတော်မူသော အခါ ဇာဏုဿောဏိ အမည်ရှိသော ဗြာဟ္မဏဆရာကြီးသည် အလုံးစုံဖြူသော အဆင်းရှိသော အခြံအရံအဆောင်အယောင်တို့နှင့်တကွ နေမှန်းတည့် အချိန် အခါဝယ် သာဝတ္ထိပြည်အရပ်မှ ထွက်၍ လာခဲ့ပါသည်။

ထိုအခါ ဇာဏုဿောဏိ ပုဏ္ဏားသည် မြတ်စွာဘုရား၏ ကျောင်းတော်မှ ဝတ်ကြီး ဝတ်ငယ်ပြု၍ ပြန်လာသော ပိလောတိက ပရိဗိုဇ်ကို အဝေးကပင် မြင်၍ အနည်းသို့ ရောက်ရှိသောအခါ ဝစ္ဆာယနအနွယ်၌ ဖြစ်သော အသင် ပိလောတိက ပရိဗိုဇ်သည် မွန်းတည့်ရှိန်ရှိန် အဘယ်အရပ်မှ လာခဲ့ပါသနည်း ဟု မေးမြန်းသည်တွင် ဇေတဝန်ကျောင်းမှ လာခဲ့ကြောင်း ပြန်ပြောင်း၍ ပြောဆိုပါသည်။

ထိုအခါ ဇာဏုဿောဏိ ပုဏ္ဏားက "ဝစ္ဆာယန အနွယ်၌ ဖြစ်သော အသင် ပိလောတိက ပရိဗိုဇ်သည် ထိုမြတ်စွာဘုရား၏ ဉာဏ်ပညာတော်နှင့် ပြည့်စုံပုံကို အလုံးစုံ သိပါသလော" ဟု မေးမြန်းသောအခါ——

အို ဆရာပုဏ္ဏား....အကျွန်ုပ်သည် အဘယ်လိုသူ ဖြစ်ပါ၍နည်း၊ အကျွန်ုပ်သည် အဘယ်မှာလျှင် သဗ္ဗညုမြတ်စွာဘုရား၏ ကျေးဇူးဂုဏ်ကို အကုန်အစင်သိနိုင်ပါအံ့နည်း၊ အကြင်ပုဂ္ဂိုလ်သည် သဗ္ဗညုမြတ်စွာဘုရားကဲ့သို့ ကြီးမားသော ဉာဏ်ပညာရှင် ဖြစ်ပါပေ၏၊ ထိုပုဂ္ဂိုလ်မှသာလျှင် မြတ်စွာဘုရား၏ ကျေးဇူးဂုဏ်ကို အကုန်အစင် သိနိုင်ကြောင်း ပြန်ပြောင်းပြောဆိုပါသည်။

ထိုအခါ ဇာဏုဿောဏိ ပုဏ္ဏားက အသင် ပိလောတိက ပရိဗိုဇ်သည် အလွန်အလွန် မွန်မြတ်လှစွာသော ခြိမ်မှမ်းခြင်းဖြင့် ရဟန်းကြီးဂေါတမကို ခြိမ်မှမ်းလှပေသည် တကား ဟု ပြောဆိုသောအခါ

အကျွန်ုပ်သည် အဘယ်လိုလူစားဖြစ်၍ သဗ္ဗညုမြတ်စွာဘုရား၏ ကျေးဇူးဂုဏ်ကို ကုန်အောင်ခြိမ်မှမ်းနိုင်အံ့နည်း၊ အကျွန်ုပ်သည် သဗ္ဗညုမြတ်စွာဘုရား၏ ကျေးဇူးဂုဏ်ကို ကုန်စင်အောင် မခြိမ်မှမ်းနိုင်သည်သာတည်း ဟု ပြန်ကြားသော အခါ——

အသင် ပိလောတိက ပရိဗိုဇ်သည် အဘယ်သို့သော အကြောင်းကို မြင်သဖြင့် သဗ္ဗညုမြတ်စွာဘုရား၌ ရိုသေကြည်ညိုခြင်းဖြစ်ပါသနည်း ဟု မေးမြန်းပါသည်။

ထိုအခါငယ် ပိလောတိကပရိဗိုဇ်က အို ဇာဏုဿောဏိဆရာကြီး.... အကျွန်ုပ်သည် သဗ္ဗညုမြတ်စွာဘုရား၌ လေးပါးအတိုင်းအရှည်ရှိသော ဆင်ခြေရာနှင့်တူသော ကျေးဇူးဂုဏ်ပုဒ်တို့ကို မြင်ရပါသည်၊ ထိုအခါမှစ၍ သဗ္ဗညု

မြတ်စွာဘုရား၌ လွန်စွာလွန်စွာ ကြည်ညိုခြင်းဖြစ်ရပါသည်၊ ထိုလေးပါးသော ဆင်ခြေရာနှင့်တူသော ကြီးစွာသော ကျွေးဇူးဂုဏ်ပုဒ်တို့ဟူသည်မှာ—

(၁) အို ဆရာကြီး ဇာဏုသောဏိ....ဤလောက၌ အခွံရှိသော ခတ္တိယကိုဏ်းဝင် ပညာရှင် ပုဂ္ဂိုလ်ဘို၌ကြပါသည်၊ ထိုခတ္တိယကိုဏ်းဝင် ပညာရှင်ပုဂ္ဂိုလ်တို့သည် အကြင်ရာနိဂုံးအရပ်သို့သင့်သည်မြတ်စွာဘုရား ကြွလာတော်မူလိမ့်မည်ဟု ကြားလျင်ပင်၊ အထူးထူး အထွေထွေ ပဥ္စာပုစ္ဆာ ပြဿနာတို့ကို စီရင်ကြပါသည်၊ "ဤငှက်ပြန်း ငါတို့မေး၍ ဤနည်း ရှင်ကြီးဂေါတမဖြေဆိုလျှင် ဤနည်းအပြစ်တင်၍ ဝါဒကို နှိပ်ကွပ်လိုက်မည်၊ ဤနည်းမဟုတ် ထိုနည်းဖြင့် ထိုပုံထိုပန်း ဖြေဆိုလျှင်လည်း ထိုနည်းဖြင့်ပင် ရှင်ကြီးဂေါတမအပေါ် အပြစ်ဒေါသကိုဖော်ပြ၍ ဝါဒကိုတင်ကြမည်" ဟု ကြိုတင်၍ ပုစ္ဆာပြဿနာတို့ကို စီရင်ကြပါကုန်သည်။

ထိုခတ္တိယကိုဏ်းဝင် ပညာရှင်ဘို့သည် အကြင်အခါ သဗ္ဗညုမြတ်စွာဘုရားသည် ဖော်ပြရာပါ ရှာနိဂုံး အရပ်သို့ ရောက်သည်ဟု ကြားလျင်ပင် သဗ္ဗညုမြတ်စွာဘုရားရှိရာ အရပ်သို့ ပြဿနာမေးမြန်းဘို့ရန် သွားရောက်ကြပါသည်၊ ထိုခတ္တိယကိုဏ်းဝင် ပညာရှင်တို့သည် သဗ္ဗညုမြတ်စွာဘုရားအထံသို့ ရောက်ရှိကြသောအခါ ထိုပညာရှင်တို့ကို သဗ္ဗညုမြတ်စွာဘုရားက တရားနှင့်ယှဉ်သော ဓမ္မကထာဖြင့် ပြတော်မူပါသည်၊ ဆောက်တည်စေတော်မူပါသည်၊ စိဘ်ကို ထက်သန်စေတော်မူပါသည်၊ စိတ်ကို ရွှင်လန်းစေတော်မူပါသည်။

ထိုခတ္တိယကိုဏ်းဝင် ပညာရှင်တို့သည် သဗ္ဗညုမြတ်စွာဘုရား၏ တရားစကားဖြင့် ပြအပ်ကုန်သည် ဆောက်တည်စေအပ်ကုန်သည် စိတ်ကို ထက်သန်စေအပ်ကုန်သည် ရွှင်စေအပ်ကုန်သည် ဖြစ်၍ မိမိတို့ မူလရည်သန်ရင်း အမေးပုစ္ဆာပြဿနာကို မမေးမြန်းနိုင်ကြကုန်ဘဲ သဗ္ဗညုမြတ်စွာဘုရား၏ တပည့်သား သာဝက အဖြစ်သို့ ရောက်ကြရပါကုန်သည်။

ဤသည်လည်း သဗ္ဗညုမြတ်စွာဘုရား၏ အကျွန်ုပ်မြင်ရသော ကြီးစွာသော ဆင်ခြေရာနှင့်တူသော ကျွေးဇူးဂုဏ်ပုဒ်တရပ်ပင်ဖြစ်ပါသည်။ ဤကျွေးဇူး ဂုဏ်ပုဒ်တည်းဟူသော ဆင်ခြေရာကိုမြင်၍ အကျွန်ုပ်သည် သဗ္ဗညုမြတ်စွာဘုရား၌ ကြီးမားသော သဒ္ဓါတရားဖြစ်ရှိခဲ့ပါသည်။

အိုဇာဏုသောဏိ ဆရာကြီး.... ထို့ပြတပါး-

(၂) ဗြာဟ္မဏကိုဏ်းဝင် ပညာရှင် ပုဂ္ဂိုလ်တို့သည်၎င်း။ (၃) ဂဟပတိကိုဏ်းဝင် ပညာရှင် ပုဂ္ဂိုလ်တို့သည်၎င်း။ (၄) သမဏကိုဏ်းဝင် ပညာရှင် ပုဂ္ဂိုလ်တို့သည်၎င်း ရှေးဆိုအပ်ပြီးသော နည်းအတိုင်း သဗ္ဗညုမြတ်စွာဘုရား ထံမှောက်သို့ အမေးပုစ္ဆာပြဿနာမေးအံ့သောဋ္ဌာ လာရောက်ကြပါသည်၊ ထို့သို့လာရောက်ကြသော သမဏကိုဏ်းဝင် ပညာရှင် ပုဂ္ဂိုလ်တို့ကို သဗ္ဗညုမြတ်စွာဘုရားသည် တရားစကားဖြင့် ဟောကြား ပြသတော်မူပါသည်၊ ထို့သို့ တရားစကားဖြင့် ဟောကြားပြသအပ်ပြီးသော သမဏကိုဏ်းဝင် ပညာရှင်ပုဂ္ဂိုလ်တို့သည် မိမိတို့မေးဘို့ရန် ရည်သန်ခဲ့သော ပုစ္ဆာပြဿနာတို့ကို မမေးနိုင်ကြဘဲ သဗ္ဗညုမြတ်စွာဘုရား၏ အထံ၌ပင်လျှင် ရှင်ရဟန်းအဖြစ်ကို တောင်းပန်ကြပါသည်၊ ရှင်ရဟန်းအဖြစ်ကို ရယူကြပြီးသော အခါ အရဟတ္တဖိုလ်တိုင် ပေါက်ရောက် ကြရပါကုန်သည်၊ ထိုအခါ ထိုရဟန်း ပညာရှိ ပုဂ္ဂိုလ်တို့သည်—

မနုံ ဝတ ဘော အနုဿာဝမ၊မနုံ ဝတ ဘော အနုဿာဝမ-အိုအချင်းတို့ ငါတို့သည် ပျက်စီးတော့မလို့ အနည်းငယ်မျှသာ လိုတော့သည်၊ ဆည်မရအောင် ပျက်စီးဘို့ရန် အနည်းငယ်မျှသာ လိုကြပါကုန်သည်၊ ငါတို့သည် ရှေးအဘို့က ကိလေသာခပ်သိမ်း ငြိမ်းစေတတ်တဲ့ ရဟန်းသူမြတ်မဟုတ်ပါဘဲ ရဟန်းဟူ၍ ဝန်ခံမိခဲ့ကြပေကုန်ပြီ။ရှေးအဘို့က မကောင်းမှုကို အပပြုပြီးသည့် ဗြာဟ္မဏစင်စစ် မဟုတ်ကြဘဲ၊ ဗြာဟ္မဏဟူ၍ ဝန်ခံမိခဲ့ကြပါကုန်သည်၊ ငါတို့သည် ရှေးအဘို့အခါဝယ် ရဟန္တာ မဟုတ်ကြဘဲ ရဟန္တာဟူ၍ ဝန်ခံမှားခဲ့ကြကုန်ပြီ၊ ယခုအခါမှာမှ ငါတို့သည် သမဏစင်စစ် ဗြာဟ္မဏစင်စစ် ရဟန္တာစင်စစ် ဖြစ်ကြကုန်ပြီဟု ပြောဆိုကြပါသည်။

အိုဇာဏုသောဏိဆရာကြီး....အကျွန်ုပ်သည် အကြင်အခါ၌ သဗ္ဗညုမြတ်စွာဘုရား၏ ဤစတုတ္ထမြောက်ဖြစ်သော ကြီးစွာသော ဆင်ခြေရာနှင့်တူသော ကြီးလှစွာသော ကျေးဇူးဂုဏ်ပုဒ်ကို မြင်ရပါသည်၊ ထို့အခါ၌ သဗ္ဗညုမြတ်စွာဘုရားအပေါ်၌ ကြီးစွာသော သဒ္ဓါတရားဖြစ်ရှိခဲ့ပါသည် ဟု ပြန်ကြားပြောဆိုပါသည်။

ထိုအခါ ဇာဏုဿောဏိ ပုဏ္ဏားသည် မိမိစီးရင်းဖြစ်သော မြည်းဖြူလေးကောင် ကသော ရထားမှဆင်းသက်၍ ဘုရားရှိရာဘက်သို့ လက်အုပ်ချီမြောက်ပြီးလျှင် **နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ** ဟု သုံးကြိမ်တိုင် ဥဒါန်းကျူးရင့်၍ သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံးရာဇေတဝန်ကျောင်းတော်သို့ အရောက်သွားပြီးလျှင် ဘုရားထံပါး၌ အပြစ်ခြောက်ပါးလွှတ်၍ တင့်အပ်လျောက်ပတ်သော အရပ်ဝယ် ထိုင်နေပြီးလျှင် လမ်းခရီးအကြားဝယ် မိမိနှင့် ပိလောတိက ပရိဗိုဇ်တို့ စကားနှီးနှောပြောဆိုခဲ့သမျှ အလုံးစုံ ဥဿုံကို သဗ္ဗညုမြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားပါသည်။

ထိုသို့သော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် ဤစူဋ္ဌဟတ္ထိပဒေါပမသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဥ္ဇာဝုသော ဘဂဝါ ဟတ္ထိပဒေါပမံ ဝိတ္ထာရေန ပရိပူရေတွာ ဒေသေသိ။

ဂိဿဇ္ဇနာ။ ။"န ခေါ ဗြာဟ္မဏ ဧတ္တာဝတာ ဟတ္ထိပဒေါပမော ဝိတ္ထာရေန ပရိပူရော ဟောတိ၊ အပိ စ ဗြာဟ္မဏ ယထာ ဟတ္ထိပဒေါ-ပမော ဝိတ္ထာရေန ပရိပူရော ဟောတိ၊ တံ သုဏာဟိ သာဓုကံ မနသိကရောဟိ ဘာသိဿာမီ"တိ၊ ဧဝမာဒိနာ ဘန္တေ ဘဂဝါ ဟတ္ထိပဒေါပမံ ပရိပူရေတွာ ဗြာဟ္မဏဿ ဇာဏုဿောဏိဿ ဒေသေသိ။

အမေး။ ။ဇာဏုဿောဏိ ပုဏ္ဏားသည် လမ်းခရီး၌ ပိလောတိက ပရိဗိုဇ်ထံမှ ကြားခဲ့ရသော မပြည့်စုံသော ဆင်ခြေရာခံပုံ ဥပမာကို ဇာဏုဿောဏိ ပုဏ္ဏားက မြတ်စွာဘုရားအား လျှောက်ထားသောအခါ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ထိုမပြည့်မစုံသော ဆင်ခြေရာခံပုံ ဥပမာကို အကျယ်တဝင့် အပြည့်အစုံပြု၍ အဘယ်ပုံ အဘယ်နည်းဖြင့် ဇာဏုဿောဏိပုဏ္ဏားအား ထပ်မံ၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သဗ္ဗညုမြတ်စွာဘုရားသည် ဇာဏုဿောဏိပုဏ္ဏား လျှောက်ထားပြီးသည်၏ အဆုံးဝယ် နခေါ ဗြာဟ္မဏ ဧတ္တာဝတာ ဟတ္ထိပဒေါပမောဝိတ္ထာရေန ပရိပူရော ဟောတိ—အစရှိသည်ဖြင့် ဇာဏုဿောဏိ ဆရာပုဏ္ဏားကြီး....ဤယခု ပြောဆိုခဲ့သည့်အတိုင်း မင်းပညာရှိ ပုဏ္ဏားပညာရှိ သူကြွယ်ပညာရှိတို့သည် ငါဘုရားထံ တပည့်ခံရုံ၊ ရဟန်းပညာရှိတို့သည် ငါဘုရားအထံဝယ် သာဝကခံ၍ ရဟန်းပြုကြရုံ ဤမျှဖြင့် ဆင်ခြေရာခံ တရားဒေသနာသည် အပြည့်အစုံ မဟုတ်သေးကြောင်း၊ အကြင် အခြင်းအရာဖြင့် ဆင်ခြေရာခံ တရားဒေသနာသည် အပြည့်အစုံ ဖြစ်နိုင်၏၊ ထိုအခြင်းအရာဖြင့် ဟတ္ထိပဒေါပမ ဓမ္မဒေသနာကို အသင် ဇာဏုဿောဏိပုဏ္ဏားသည် ကြားနာလော့၊ ကောင်းမွန်စွာ နှလုံးသွင်းလော့ ဟု တိုက်တွန်းတော်မူပြီးလျှင်—

ဇာဏုဿောဏိ ပုဏ္ဏား....ဤလောကဝယ် လိမ်မာလှစွာသော ဆင်ဖမ်းယောကျ်ားသည် ဆင်ရှိရာတောသို့ သွားရောက်သောအခါ ရှေးဦးစွာ ဆင်ခြေရာကြီးကို တွေ့မြင်ပေသည်၊ ရှေးဦးစွာ အလျားရှည်သွယ် အနံပြန့်ကျယ်သော ဆင်ခြေရာကို တွေ့မြင်ရာသည်၊ထိုသို့တွေ့မြင်သောအခါ လိမ်မာစွာသော ဆင်ဖမ်းယောကျ်း၏ စိတ်ဝယ် ဤမျှဖြင့် ဤဆင်ကား ကြီးလှပါဘိတကား ဟု ဆုံးဖြတ်ခြင်းသို့ မရောက်နိုင်ပေ။ အကြောင်းသော်ကား **ဝါမနိကာ** မည်သော ခြေရာသာကြီး၍ အကောင်မကြီးသော ဆင်မမျိုးတို့လည်း ရှိကြပေသည်။

ထိုလိမ်မာလှစွာသော ဆင်ဖမ်းယောကျ်ားသည် ထိုခရီးဖြင့်ပင် အစဉ်တစိုက် လိုက်လတ်သော အခါ ရှေ့ခရီးဝယ် အလျားရှည်သွယ် အနံပြန့်ကျယ်၍ ခုနစ်တောင် ရှစ်တောင် မြင့်သော အရပ်ဝယ် ဆင်၏ ပွတ်တိုက်၍ သွားရာတို့ကို မြင်ရာသည်၊ ထိုအခါဌ်လည်း ထိုလိမ်မာသောဆင်ဖမ်းယောကျ်ားသည် ဤမျှဖြင့် ကြီးစွာသော ဆင်ကြီးရှိသည် ဟူ၍ ဆုံးဖြတ်ခြင်း မပြုနိုင်ပေ။ အကြောင်းသော်ကား မြင့်လှစွာသော **ကာဋ္ဌာရိကာ** အမည်ရသော ဆင်မတို့လည်း ရှိကြသည်၊ ထိုဆင်မတို့သည် အကောင်ပင် မကြီးသော်လည်း ခြေရာက ကြီးတက်ပါပေသည်။

ထိုလိမ်မာလှသော ထိုဆင်ဖမ်းယောကျ်ားသည် အစဉ်သဖြင့် ရှေ့ခရီးတထောက် ရောက်သောအခါ ရှေးနည်းအတူပင် အလျားရှည်သွယ် အနံပြန့်ကျယ်သော ဆင်ခြေရာကိုဝှင်း ထိုဆင်၏ ခုနစ်တောင်ရှစ်တောင် မြင့်မား

သော အခုပ်ဝယ် စားခဲ့ပုံ ဝါးခဲ့ပုံ သစ်ကိုင်း သစ်ခက်တို့ အကျိုးအပိုင်း ဖြစ်၍ နေပုံကို မြင်သောအခါ၌လည်း "မဟာ ဝတ ဘော နာဂေါ—ဆင်ပြောင်ကား အလွန်ကြီးပါပေစွတကား" ဟူ၍ မဆုံးဖြတ်နိုင်ပါ၊ အကြောင်းသော် ကား **ကဏ္ဍရုကာ** အမည်ရသော အရပ်မြင့်သော ဆင်မမျိုးတို့သည်လည်း ရှိကြသည်၊ ထိုဆင်မတို့သည် အရပ်ပင် မြင့်သော်လည်း ဆင်အလုံးအပေါက် ကြီးကြသည် မဟုတ်ပါ။

ဇာကုသောကိုပဏ္ဏား....ထိုလိမ်မာလှသော ဆင်ဖမ်းသမားသည် ရှေ့ ခရီးတထောက်သို့ရောက်သောအခါ မိမိခြေရာခံခဲ့သော ဆင်ကြီး ဆင်ကောင် အထည်ကို တွေ့မြင်ပေတော့သည်။ ထိုအခါမှာမှပင် အယမေဝ သော မဟာ-နာဂေါ—ဟု ဆင်ကောင်ကို တိုက်ရိုက်တွေ့မြင်သော် လျှင် အိုအချင်းတို့ ဆင် ကြီးသည်ကား အလွန်အလွန် ကြီးကျယ်လှပါပေစွတကား ဟု ဆုံးဖြတ်ခြင်းသို့ ရောက်ပါသည်။

ထို့အတူ ငါဘုရား ပွင့်ပေါ်လာသဖြင့် ငါဘုရား၏ တရားကိုကြားနာ ရသော သဒ္ဓါပဗ္ဗဇိတကုလပုတ္တာ အမျိုးကောင်းသားသည် သဒ္ဓါတရားရှေထား၍ အိမ်ရာတည်ထောင် လူတို့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ရဟန်းပြုပြီးလျှင် ရှေးဦးစွာ စူဠသီလ မဇ္ဈိမသီလ မဟာသီလတို့ကို ပြည့်စုံ စေပြီး၍ အလွန်အလွန်မှန်မြတ်လှသော သန္တုဋ္ဌိတရားကိုလည်း မိမိသန္တာန် ဝယ် ပြည့်စုံစေသည်၊ ဣန္ဒြေခြောက်ပါးတံခါးကြီးခြောက်ပေါက်တို့ကို လုံခြုံ ပိတ်ဆို့သော ဣန္ဒြိယသံဝရ သီလကိုလည်း မိမိသန္တာန်ဝယ်ပြည့်စုံစေသည်၊ လွန်မြတ်သော သတိသမ္ပဇဉ်တရားနှင့်လည်း ပြည့်စုံစေသည်။

ဤသို့ သီလသံဝရ ပရမသန္တောသ ဣန္ဒြိယသုဂုတ္တဒ္ဒါရ ပရမသတိ သမ္ပဇညတရားနှင့် ပြည့်စုံသော သဒ္ဓါပဗ္ဗဇိတကုလပုတ္တာ အမျိုးကောင်းသား သည် ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ သမထဘာဝနာဖြင့် နီဝရဏဝါးဖြာကို ခွါပြီးလျှင် ပဌမစျာန်သို့ရောက်ရှိခဲ့ပေသည်၊ ဤပဌမစျာန်သည်လည်း ငါဘုရား ၏ ဆင်ခြေရာတခုပင်ဖြစ်ပေသည်၊ ငါဘုရား၏ ခြေရာပင်ဖြစ်ပါသည်၊ ငါဘုရား ၏ မှီဝဲသုံးစွဲရာပင်ဖြစ်ပါသည်။

သို့စေကာမူ ငါဘုရား၏ တပည့်သား သာဝက သည်ကား ဤ၍မျှဖြင့် သမ္မာသမ္ဗုဒ္ဓါ ဘဂဝါ—ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော

မြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓစင်စစ် ဖြစ်တော်မူပါပေ၏၊ တရားတော်သည် ကောင်းစွာ ဟောကြားအပ်သော သုက္ခာတ ဂုဏ်နှင့် ပြည့်စုံ ပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သားသာဝက အပေါင်းသည် လောဘ ဒေါသ မောဟ ကင်းကြောင်း ကောင်းသော အကျင့် ပဋိပဒါကို ကျင့်ကြံတော်မူတတ်ပါပေ၏ဟူ၍ ဆိုးဖြတ်ခြင်းသို့ မရောက်သေးပါ။

ထိုအရိယသာဝကာ သဒ္ဓါပဗ္ဗဇိတ ရဟန်းတော်သူမြတ်သည် ဒုတိယစျာန်သို့ တတိယစျာန်သို့ စတုတ္ထစျာန်သို့ရောက်သော်လည်း ထိုဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တို့သည် ငါဘုရား၏ ခြေရာ ငါဘုရား၏ မှီဝဲရာ ငါဘုရား သွားရာ လမ်းစဉ်ပင်ဖြစ်သော်လည်း ထိုအရိယသာဝက၏ စိတ်သန္ဓာန်ဝယ် ဤမျှဖြင့်လည်း သဗ္ဗညုမြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ပီသတော်မူပါပေသည်၊ တရားတော်သည် သွက္ခာတဂုဏ်နှင့် ပြည့်စုံလှပါပေသည်၊ သံဃာတော်သည် သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံလှပါပေသည် ဟု မိမိစိတ်သန္ဓာန်ဝယ် အပြီးအပိုင် မဆုံးဖြတ်နိုင်သေး၊ အကြောင်းသော်ကား သာသနာပြင်ပမှာလည်း ဤပဌမစျာန် ဒုတိယစျာန် တတိယစျာန်တို့ကို ရနိုင်သောကြောင့် ဖြစ်ပေသည်။

ဇာဏုဿောဏိပုဏ္ဏား.... ဤနည်းအားဖြင့် သဒ္ဓါပဗ္ဗဇိတ အရိယသာဝက ရဟန်းတော်မထေရ်သူမြတ်သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဒိဗ္ဗစက္ခုဉာဏ်ကို ရပင်ရသော်လည်း ထိုပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဒိဗ္ဗစက္ခုဉာဏ်တို့သည်လည်း ငါဘုရား၏ခြေရာ ငါဘုရား၏ သုံးစွဲရာ ငါဘုရား၏ မှီဝဲရာ ပင်ဖြစ်သော်လည်း ဤ၍ ဤမျှ ဖြင့် အရိယသာဝက၏ စိတ်ဝယ် "သမ္မာသမ္ဗုဒ္ဓါ ဝတ ဘဂဝါ၊ သွက္ခာတော ဝတ ဘဂဝတာ ဓမ္မော၊ သုပ္ပဋိပန္နော ဝတ ဘဂဝတော သာဝကသံဃော" ဟု ဆုံးဖြတ်ခြင်းမဖြစ်နိုင်။

ဇာဏုဿောဏိပုဏ္ဏား.... အကြင်အခါဝယ် အရိယသာဝကသည် အရဟတ္တဖိုလ်တည်းဟူသော အာသဝက္ခယဉာဏ်သို့ ရောက်၏၊ ထိုအခါမှာမှ အရိယသာဝကသည် "ငါတို့၏ဆရာ သဗ္ဗညုမြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ပီတော်မူပါပေစွ၊ မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားတော်သည် အစဉ် သိလကောင်းခြင်း၊ အလယ်၌ သမာဓိကောင်းခြင်း၊ အဆုံး၌ ပညာကောင်းခြင်းတည်းဟူသော ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားအပ်သည့် သွက္ခာတဂုဏ်နှင့် ပြည့်စုံပါပေစွ၊ မြတ်စွာဘုရား၏

တပည့်သား သာဝကတို့သည်လည်း သုပ္ပဋိပန္နကျေးဇူးဂုဏ်နှင့် ပြည့်စုံပေစ”
ဟု ဆိုးဖြတ်ဆဲသာဖြစ်သေးသည် ဆိုးဖြတ်ပြီးမဟုတ်ပါသေး။

ဇာဏုဿောဏိပဏ္ဏား....ဤနည်းအားဖြင့် အာသဝက္ခယဉာဏ်မှ နောက်
ကာလဝယ် ပစ္စဝေက္ခဏာဉာဏ် တဆဲ့ကိုးတန်ရောက်သော ကာလမှ အရိယ
သာဝက ငါဘုရား၏ တပည့်သား သာဝကသည်-

သမ္မာသမ္ဗုဒ္ဓါ ဝတ ဘဂဝါ— ဘုန်းတော် အလွန်တရာကြီးမြတ်တော်
မူလှသော မြတ်စွာဘုရားသည် သဗ္ဗညုဂုဏ်ရှင်ပီတော်မူပါပေစ့၊ တရားတော်
သည် သွာက္ခာတဂုဏ်နှင့် ပြည့်စုံပါပေစ့၊ သံဃာတော်အရှင်သူမြတ်တို့သည်
သုပ္ပဋိပန္နကျေးဇူးဂုဏ်နှင့် ပြည့်စုံပါပေစ့ ဟု ဆိုးဖြတ်ပြီးဖြစ်တော့သည်ဟု
သဗ္ဗညုမြတ်စွာဘုရားသည် ဇာဏုဿောဏိပဏ္ဏားအား ဆင်ခြေရာခံညွှမာ
ဟတ္ထိပဒေါပမဒေသနာကို အပြီးအဆုံးမြွက်ကြား၍ ထင်ရှားစွာဟောတော်
မူခဲ့ပါသည်အရှင်ဘုရား။

စူဠဟတ္ထိပဒေါပမသုတ် ပြီး၏

မဟာဟတ္ထိပဒေါပမသုတ်

ပုစ္ဆာ။ ။မဟာဟတ္ထိပဒေါပမသုတ်ံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကေန
ဘာသိတံ။

ဝိသဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ။ အာရဗ္ဘ အာယသ္မတာ
သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။

အမေး။ ။သစ္စာလေးပါးတရားတို့ကို ဆင်ခြေရာနှင့် ဥပမာပြု၍
ဟောရာဖြစ်သောကြောင့် မဟာဟတ္ထိပဒေါပမ မည်သော သုတ္တန်တရား
ဒေသနာတော်ကို အဘယ်အရပ်၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်
ပုဂ္ဂိုလ်က ဟောကြားထားခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို
အကြောင်းပြု၍ တရားစစ်မှုးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်

သူမြတ်သည် မဟာဟတ္ထိပဒေါပမ သုတ္တန်ဒေသနာတော်မြတ်ကို လေးရပ်သော သဘောတို့ဖြင့် ဝေဘန် ပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာဟတ္ထိပဒေါပမသုတ် ပြီး၏

မဟာသာရောပမသုတ်

ပုစ္ဆာ။ ။မဟာသာရောပမသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိသဇ္ဇနာ။ ။ရာဇဂဟေ ဘဒ္ဒန္တေ ဒေဝဒတ္တံ အာရဗ္ဘ ဘာသိတံ၊ ဒေဝဒတ္တော ဘဒ္ဒန္တေ သံဃံ ဘိန္ဒိတ္ဝာ ရုဟိရုပ္ပါဒကမ္မံ ကတ္ဝာ အဓိရပက္ကန္တော ဟောတိ၊ တသ္မိံ ဘဒ္ဒန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။အနှစ်ကိုရှာသော ယောကျ်း၏ဥပမာဖြင့် ဟောပြရာဖြစ်သောကြောင့် မဟာသာရောပမမည်သော သုတ္တန်တရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် ရှင်ဒေဝဒတ်ကိုအကြောင်းပြု၍ ဟောကြားတော် မူအပ်ပါသည်။

ရှင်ဒေဝဒတ်သည်လာဘ် လာဘမျှ ဒိဗ္ဗစက္ခု အစရှိသော အဘိညာဉ်မျှဖြင့် ဤသာသနာတော်ဝယ် ရောင့်ရဲတင်းတိမ်၍ သံဃာတော်ကိုသင်းခဲ့ပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားအား သွေးစိမ်းတည်အောင် ပြုခြင်းတည်းဟူသော လောဟိတုပ္ပါဒ နိယတကံကြီး အာနန္တရိယကံကြီးကိုပြုပြီးလျှင် မြတ်စွာဘုရားမှ အသီးအခြား ခဲ့ထွက်၍ သွားပါသည်။

ထိုသို့သော အကြောင်း အဋ္ဌုပ္ပတ်ဝယ် အနှစ်ကိုရှာသော ယောကျ်း ဥပမာကိုဖော်ပြ၍ ရဟန်းတို့....ဤလောကဝယ် အခြို့သော အနှစ်ကိုရှာသော ပုဂ္ဂိုလ်သည် အနှစ်ရှိသော သစ်ပင်ရှိရာအရပ်သို့ သွားရောက်ပြီးလျှင် အနှစ်ကိုရှာအံ့ဟုနှလုံးသွင်း၍ အနှစ်ဟုမှတ်ဆင်ကာ အကိုင်းအခက်ကိုသာ ယူခဲ့သော ပဌမယောကျ်း၊ အနှစ်ဟုမှတ်ထင်ကာ အပေါ်ရံအခွံအဝပ်ကိုသာ ယူခဲ့သော

ယောကျ်ား၊ အနှစ်ဟူမှတ်ထင်ကာ အပေါ်ရုံအခေါက်မျှကိုသာ ယူခဲ့သော ယောကျ်ား၊ အနှစ်ဟူမှတ်ထင်ကာ အကာကို ယူခဲ့သော ယောကျ်ား၊ အနှစ်ဟူသေချာစွာသိ၍ အနှစ်ကိုပင်ယူခဲ့သော ယောကျ်ား ငါးယောက် ရှိသကဲ့သို့ ဤသာသနာတော်ဝယ် အခြို့သော အမျိုးကောင်းသားတို့သည်လည်း—

(၁) အနှစ်ဟူမှတ်ထင်ကာ အကိုင်းအခက်နှင့်တူသော ပစ္စည်းလေးပါး လာဘ်လာဘမျှကိုပင်လျှင် အနှစ်သာရထင်မှတ်ကြသော ပဌမရဟန်းတမျိုး ရှိကြောင်း။

(၂) ဒုတိယရဟန်းတို့မှာ အနှစ်သာရကိုရှာသူဖြစ်ပါလျက် အနှစ်သာရမဟုတ်သော သီလသမ္ပဒါတည်းဟူသော ဤသာသနာတော်ဝယ် အပွေးမျှကိုပင် အနှစ်သာရထင်ကြသော ရဟန်းတို့ရှိကြကြောင်း။

(၃) တတိယရဟန်းတို့မှာ အနှစ်သာရရှာသူဖြစ်ပါလျက် အပေါ်ရုံအခွံနှင့် တူသော သမာဓိသမ္ပဒါကိုပင် အနှစ်သာရထင်မှတ်သူရှိကြောင်း။

(၄) စတုတ္ထရဟန်းတို့မှာ ဤသာသနာဝယ် အနှစ်သာရကိုရှာသူဖြစ်ပါလျက် ဉာဏဒဿနသမ္ပဒါ တည်းဟူသော ဒိဗ္ဗစက္ခု အဘိညာဏ်လောက်ကိုသာ အနှစ်သာရထင်မှတ်၍ နေကြကြောင်း။

(၅) အခြို့သော ပဉ္စမအမျိုးကောင်းသားရဟန်းတို့မှာ အနှစ်သာရစင်စစ်ဖြစ်ပေသော အာသဝက္ခယဉာဏ် တိုင်အောင်သော အရိယမဂ်ဉာဏ်ကိုမှ အနှစ်သာရဟူ၍ စွဲယူသည့်ရဟန်းတော်ငါးမျိုးရှိကြောင်း။

ဤဘုရား၏ သာသနာတော်သည် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတည်းဟူသော အပေါ်ရုံ အကိုင်းအခက် အကျိုးငှာ ဟောကြားသည်မဟုတ်ကြောင်း၊ သီလသမ္ပဒါမျှ သမာဓိသမ္ပဒါမျှ ဒိဗ္ဗစက္ခုအဘိညာဉ်မျှကို မြှောက်ကိုး၍ ဤဘုရားသာသနာကို ထူထောင်ထားသည်မဟုတ်ကြောင်း။ စင်စစ်သော်မူ အရဟာတ္တဖိုလ်တည်းဟူသော အရိယဝိမုတ္တိ အနှစ်သာရတိုင်မှ ဤသာသနာတော်သည် အနှစ်ရောက်ကြောင်း အရဟာတ္တဖိုလ် ဝိမုတ္တိတိုင်မှ ဤသာသနာတော်သည် ပြီးဆုံးကြောင်းကို သဗ္ဗညုမြတ်စွာဘုရားသည် လျှောက်ဆိုအပ်ပြီးသော အတိုင်း ဒေဝဒတ်၏ သံဃာ သင်းခွဲကာ ဤသာသနာတော်မှ ဖဲခွါသွားသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤသုတ္တန်ဒေသနာတော်မြတ်ကို ပညတ်ဟောကြား တော်မူအပ်ပါသည်အရှင်ဘုရား။

မဟာသာရောပမသုတ် ပြီး၏

စူဠသာရောပမသုတ်

ပုဏ္ဏော။ ။စူဠသာရောပမသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိသဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပိဂ်လကောစ္ဆံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ၊ ပိဂ်လကောစ္ဆော ဘန္တေ ဗြာဟ္မဏော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ပဥ္ဉံ ပုစ္ဆိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ရှေးမဟာသာရောပမသုတ်နှင့် အလားတူစွာအနှစ်ရှာသော သူကိုပင် ဥပမာပြု၍ ဟောရာဖြစ်သောကြောင့် စူဠသာရောပမသုတ်ဟူ၍ ခေါ်ဆိုအပ်သော သုတ္တန်တရားဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အင္ဂုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ပိဂ်လကောစ္ဆ အမည်ရသော ပုဏ္ဏားကိုအကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊ ပိဂ်လကောစ္ဆ ပုဏ္ဏားသည် ဘုရားထံမှောက်သွားရောက်ပြီးလျှင်-

အိုအရှင်ကြီးဂေါတမ....ဤလောကဝယ် ဘုရားဟူ၍ ပဋိညာဉ်ဝန်ခံကြသော ဆသတ္ထာရဆရာကြီး ခြောက်ဦးတို့ရှိကြပါသည် ထိုဆရာကြီးခြောက်ဦးတို့သည် မိမိတို့ဝန်ခံသည့်အတိုင်း ခြောက်ဦးစလုံးပင် သဗ္ဗညုတညာဏ်ရှင်ဖြစ်ကြပါကုန်သလော....၊ ခြောက်ဦးစလုံးပင် သဗ္ဗညုတညာဏ်မရှိသူများဖြစ်ကြပါကုန်သလော....၊ သို့မဟုတ် အချို့ကား သဗ္ဗညုတညာဏ်ရှင် ဖြစ်၍ အချို့ကား သဗ္ဗညုတညာဏ်ရှင် မဟုတ်ကြပါသလော ဟု မေးမြန်းပါသည်။

ထိုသို့ ပိဂ်လကောစ္ဆပုဏ္ဏား သာသနာပြင်ပမှ သဗ္ဗညုတညာဏ်မရဘဲ ရသည်ဟု ဝန်ခံသော ပုဂ္ဂိုလ်တို့၏ အကြောင်းအရာကို မေးမြန်းသော အကြောင်း အင္ဂုပ္ပတ်ဝယ် ဤစူဠသာရောပမသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်အရှင်ဘုရား။

စူဠဂေါသိင်္ဂသုတ်

ပုစ္ဆာ။ ။စူဠဂေါသိင်္ဂသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကေန သဒ္ဓိံ ဘာသိတံ။

ဝိသဇ္ဇနာ။ ။နာဘိကေ ဘန္တေ ဂေါသိင်္ဂသာလဝနဒါယေ အာယသ္မတာ အနုရုဒ္ဓတ္ထေရေန သဒ္ဓိံ ဘာသိတံ။

အမေး။ ။ဂေါသိင်္ဂမည်သော တောအုပ်၌ သီတင်းသုံးနေကြသော အရှင်အနုရုဒ္ဓါအစရှိသော မထေရ်မြတ်သုံးပါးတို့၏ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ သီတင်းသုံးနေကြပုံ၊ ရဟန်းတရားများ ကျင့်ကြံ ပွါးများအားထုတ်နေကြပုံကို နောင်လာနောက်သားတို့ နည်းယူရန် အတွက် ဖော်ပြရာဖြစ်သော စူဠဂေါသိင်္ဂမည်သော သုတ္တန်ဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်နှင့်အတူဘက္ခ ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။နာဘိကမြို့အရပ်ဝယ် ဂေါသိင်္ဂသာလဝန်အမည်ရသော အင်ကြင်းတော၌ ဒိဗ္ဗစက္ခုအဘိညာဉ်အရာဝယ် ဧတဒဂ်ရဖြစ်တော်မူသော အရှင်အနုရုဒ္ဓါ မဟာသာဝကမထေရ်သူမြတ်နှင့်ဘက္ခ မေးတော်မူကာ ဖြေတော်မူကာ သမ္မာသမ္ဗုဒ္ဓသဗ္ဗညုမြတ်ဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

စူဠဂေါသိင်္ဂသုတ် ပြီး၏

မဟာဂေါသိင်္ဂသုတ်

ပုစ္ဆာ။ ။မဟာဂေါသိင်္ဂသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကေန သဒ္ဓိံ ဘာသိတံ။

ဝိသဇ္ဇနာ။ ။ဂေါသိင်္ဂသာလဝနဒါယေ ဘန္တေ အာယသ္မတာ စ သာရိပုတ္တ-ထေရေန မဟာမောဂ္ဂလ္လာနထေရေန သဒ္ဓိံ ဘာသိတံ။

အမေး။ ဂေါသိဂ်မည်သော အင်ကြင်းတော အရပ်ကို အဘယ်သို့သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသူမြတ်သည် တင့်တယ်စေနိုင်ပါသနည်း ဟူသော အမေးပုစ္ဆာကို အကြောင်းပြု၍ အရှင်အာနန္ဒာအစရှိသော မထေရ်သူမြတ်တို့သည်ရင်း မြတ်စွာဘုရားသခင်သည်ရင်း အကောင်းဆုံးသော ဂုဏ်အင်္ဂါတို့ကို ရွေးချယ်၍ ဟောပြရာဖြစ်သောကြောင့် မဟာဂေါသိဂ်မည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်နှင့်အတူတက္က မြတ်စွာဘုရားသည် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ဂေါသိဂ် သာလဝန အမည်ရသော အင်ကြင်းတော အရပ်၌ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ် လက်ဝဲရံတန်းခိုးအရာ ဧတဒဂ်ရ ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလ္လာန်မဟာထေရ်သူမြတ်တို့နှင့်တကွ သဗ္ဗညုမြတ်စွာဘုရားသည် ဤမဟာဂေါသိဂ် သုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာဂေါသိဂ်သုတ် ပြီး၏

မဟာဂေါပါလကသုတ်

ပုစ္ဆာ။ ။မဟာဂေါပါလကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

မေး။ နွားကျောင်းသား ဥပမာဖြင့် ပြ၍ ဟောကြားရာဖြစ်သောကြောင့် မဟာဂေါပါလက မည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသည် အာဘယ်အရပ်ဒေသ၌ အာဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ဤလောကဝယ်—

နွားတို့၏ ရုပ်အဆင်းလက္ခဏာ၌ မလိမ်မာခြင်း၊

နွားတို့၏ အခမဲ့ကြမ်း အခမဲ့ကောင်းအစရှိသော လက္ခဏာ၌ မလိမ်မာခြင်း၊

နွားတို့၏ ကိုယ်ခန္ဓာဝယ် ကျရောက်သော ပိုးလောက်တို့ကို ပယ်ရှားမှု၌ မလိမ်မာခြင်း၊

နွားတို့၏ ကိုယ်သန္တာန်ဝယ် ကျရောက်သော အနာတို့ကို ဖုံးအုပ်ခြင်း ဆေးလူးခြင်း၌ မလိမ်မာခြင်း၊

နွားတို့အား မိုဃ်းတွင်းအခါဝယ် အခိုးအလှုံပေးမှု၌ မလိမ်မာခြင်း။

နွားတို့၏ သက်ဆင်းရာ ရေသောက်ဆင်းရာ ရေချိုးဆင်းရာ ဆိပ်ကမ်း၌ မလိမ်မာခြင်း။

နွားတို့တွင် ရေသောက်ပြီးသောနွား ရေမသောက်ရသေးသော နွားတို့ကို ပိုင်းခြားခြင်း မသိခြင်း။

နွားတို့၏ သွားရာ လမ်းခရီးကို မသိခြင်း။

နွားတို့၏ စားကျက်ကိုလည်း ကောင်းစွာမသိခြင်း။

ထိုထိုသို့သော နွားမတို့ အထံမှ နို့ ရည်ကို အကြွင်းအကျန်မထား ညှစ်၍ ယူခြင်း။

ထိုထိုနွားအုပ်ဝယ် ဥသဘ အမည်ရှိသော နွားလားတို့အား အခွင့်အရေး မပေးခြင်း တည်းဟူသော တဆယ့်တပါးသော မလိမ်မာသော အင်္ဂါတို့နှင့် ပြည့်စုံသော နွားကျောင်းသားသည် ထိုနွားအုပ်ကို ကြီးပွါးတိုးတက်အောင် မပြုနိုင်ဘိသကဲ့သို့။

ထို့အတူ ဤသာသနာတော်ဝယ် ပထဝီ အာပေါ တေဇော ဝါယော အစရှိသော ရူပက္ခန္ဓာ၏ လက္ခဏာ၌ မလိမ်မာခြင်း မကျွမ်းကျင်ခြင်း မသိမြင်ခြင်း ထိုထိုပဋိပက္ခလ်တို့ကို လက္ခဏာအရည်အချင်းအားဖြင့် ဤသူကား ပညာရှိ ဤသူကား သူမိုက် ဟူ၍ မသိမမြင်ခြင်း။ မိမိကိုယ်သန္တာန်ဝယ် ကျရောက်၍ လာသော ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက် တည်းဟူသော ပိုးလောက်တို့ကို ပယ်ရှားမှု၌ မလိမ်မာခြင်း မိမိ၏ သန္တာန်ဝယ် ကျရောက်လျက်ရှိသော စက္ခု သောတ ဃာန ဇိဝှါ ကာယ မနော တည်းဟူသော ဒွါရခြောက်ပါး အမာဝကြီး ခြောက်ခု၌ အကုသိုလ် တည်းဟူသော ယင်မမဲရိုင်းတို့ မဝင်ရောက်အောင် သတိနှင့် ဆေးလိမ်းကျွမ်း မရှိခြင်း အစရှိသော တဆယ့်တပါးသော အခြင်းအရာ လက္ခဏာတို့နှင့် ပြည့်စုံသော ရဟန်းသည်

လည်း၊ ဤသာသနာတော်ဝယ် သီလ သမာဓိ ပညာ သိက္ခာ သုံးပါးဖြင့် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ မရောက်နိုင်ကြောင်း။

ထို့အပြန် တဆယ့်တပါးသော လက္ခဏာတို့နှင့် ပြည့်စုံသော နွားကျောင်းသားသည် မိမိထိန်းသိမ်းစောင့်ရှောက်သော နွားအုပ်ကို ကြီးပွါးစေခြင်းငှါ စွမ်းနိုင်ဘိသကဲ့သို့၊ ထို့အတူ ပထဝီ အာပေါ အစရှိသော ရုပ်အရာ၌ လက္ခဏာ ကျမ်းကျင်ခြင်း လူမိုက် ပညာရှိတို့ကို လက္ခဏာအားဖြင့် ခဲခြမ်းစိတ်ဖြာ သိမြင်ခြင်း အစရှိသော တဆယ့်တပါးသော ကောင်းမြတ်သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော ရဟန်းတော် အရှင်သူမြတ်သည်လည်း ဤသာသနာတော်ဝယ် သီလ သမာဓိ ပညာ သိက္ခာ သုံးပါးဖြင့် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်နိုင်ပုံကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာ ဖြစ်သော မဟာဂေါပါလက သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာဂေါပါလကသုတ် ပြီး၏

စူဠဂေါပါလကသုတ်

ပုစ္ဆာ။ ။စူဠဂေါပါလကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဝဇ္ဇီသု ဘန္တေ ဥက္ကစေလာယံ ဂင်္ဂါယ နဒိယာ တီရေ သမ္မဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ။မလိမ်မာသော နွားကျောင်းသား လိမ်မာသော နွားကျောင်းသား နှစ်ဦးတို့၏ ဥပမာကို ဖော်ပြ၍ ဟောကြား ဆုံးမရာဖြစ်သော ကြောင့် စူဠဂေါပါလက မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ် ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝဇ္ဇီတိုင်း ဥက္ကစေလမြို့အနီး ဂင်္ဂါမြစ်ဆိပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ မျက်မှောက်ရှေရှုတည်နေသော ဂင်္ဂါမြစ်ကို လက်ညှိုးညွှန်ပြတော်မူကာ ဤစုဠဝေါပါလက သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

စုဠသစ္စကသုတ်

ပုစ္ဆာ။ ။တေနာဘုသော ဇာနုတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန စုဠသစ္စကသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိဘံ။

ဝိဿဇ္ဇနာ။ ။ဧဝသာလိယံ ဘန္တေ သစ္စကံ နိဂဏ္ဌပုတ္တံ အာရဗ္ဘ ဘာသိတံ၊ သစ္စကော နိဂဏ္ဌပုတ္တော မဟာတိယာ လိစ္ဆဝိပရိသာယ သဒ္ဒိံ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္ဝာ ဘဂဝန္တံ ဧတဒဝေါစ "ကထံ ပန ဘဝံ ဂေါတမော သာဝကေ ဝိနေတိ၊ ကထံ ဘာဂါ စ ပန ဘောတော ဂေါတမဿ သာဝကေသု အနုသာသနီ ဗဟုလာ ပဝတ္တတိ" တိ၊ အထ ဘန္တေ ဘဂဝတာ အနိစ္စဝါဒေ စ အနတ္တဝါဒေ စ ပကာသိတေ သစ္စကော နိဂဏ္ဌပုတ္တော ပထဝီဥပမံ ဒဿေတ္ဝာ အတ္တာနော အတ္တဝါဒံ ပကာသေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ သိခတော်မှု မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားရှင်သည် စုဠသစ္စက မည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟော ကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ဝေသာလီပြည်အရပ်ဝယ် သစ္စကဃရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တောဝယ် သီတင်းသုံးနေတော်မူသောအခါ ဝေသာလီပြည်အရပ်၌ မိဘက် ဘဘက် နှစ်ဘက်မှ ဝါဒငါးရာစီ ဝါဒငါးရာစီ အာဂုမ်ဆောင်သဖြင့် လွန်စွာထင်ရှားကျော်

ကြားသော သစ္စက ပရိဗ္ဗိုဇ်ဟူ၍ရှိပါသည်၊ ထိုသစ္စက ပရိဗ္ဗိုဇ်သည် ဝေသာလီပြည်အရပ်ဝယ် ပရိသတ်အလယ်၌ ဤကဲ့သို့ ပြောဆို ကြုံးဝါးပါသည်။

အချင်းတို့....ဤလောကဝယ် အကြင်ရဟန်းကိုဖြစ်စေ ပုဏ္ဏားကိုဖြစ်စေ သမ္မာသမ္ဗုဒ္ဓသဗ္ဗညုတဉာဏ်ရှင် ဘုရားဟူ၍ ဝန်ခံသည့် သူကိုပင်ဖြစ်စေ ငါသည် ဝါဒချင်းချင်း ပြုင်ဆိုင်၍ ပြောဆို့မူကား မတုန်လှုပ်လေရာ၊ သို့ မတုန်လှုပ်နိုင်သည့် ရဟန်းကိုဂုင်း ပုဏ္ဏားကိုဂုင်း ဂိုဏ်းဆရာကိုဂုင်း သမ္မာသမ္ဗုဒ္ဓ ဘုရားဟူ၍ ခေါ်ယူပညတ်အပ်သော ပုဂ္ဂိုလ်ကိုဂုင်း ငါမမြင်ပါ။

ယင်တိုင်ကြီးကိုးပင်ဖြစ်စေ ငါသည် ဝါဒချင်းချင်း ပြုင်ဆိုင်ပြောဆိုပါမူ အသက်မရှိသည့် ယင်တိုင်ပင် တုန်လှုပ်၍ လာရာပါသည်၊ အသက်ရှိသော လူသားစင်စစ်မှာမူကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိပါအံ့နည်းဟု ဝါဒစကား ပလ္လား ပြောကြားလျက်ရှိပါသည်။

တနေ့သော အခါ အရှင်**အဿဇိ** မထေရ်သူမြတ်သည် ဝေသာလီပြည် အတွင်း ဆွမ်းခံကြွတော်မူသောအခါ သစ္စက ပရိဗ္ဗိုဇ်သည် အဿဇိမထေရ် သူမြတ်ရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် ငမ်းမြောက်ငမ်းသာ စကားနှိုးနှော ပြောဆိုပြီးမှ မတ်မတ်ရပ်လျက် "အိုအရှင် အဿဇိ.... အရှင်တို့ဆရာ ဂေါတမသည် သာဝကတို့ကို ဘယ်ပုံဘယ်ပန်း အဆုံးအမ ဩဝါဒ ပေးပါသနည်း၊ အရှင်တို့၏ဆရာ ရဟန်းကြီးဂေါတမ၏ သာဝကကို့အပေါ်ဝယ် အဆုံးအမများမှာ မည်သို့ မည်ပုံဖြစ်ပါသနည်း" ဟု မေးမြန်းသော အခါ အရှင်အဿဇိမထေရ်သူမြတ်က——

"သဗ္ဗညုမြတ်စွာ ငါတို့၏ဆရာဘုရားသည် သာဝကတို့ကို ရူပကွန်ဓာ ဝေဒနာကွန်ဓာ သညကွန်ဓာ သင်္ခါရကွန်ဓာ ဝိညာဏကွန်ဓာတည်းဟူသော ခန္ဓာငါးပါးတို့၌ အနိစ္စဟူ၍ဂုင်း အနတ္တဟူ၍ဂုင်း ခပ်သိမ်းသော သင်္ခါရတို့သည် အနိစ္စဟူ၍ဂုင်း ခပ်းသိမ်းသောဓမ္မတိသည် အနတ္တဟူ၍ဂုင်း အဆုံးအမဩဝါဒပေးတော်မူကြောင်း" ပြန်ပြောင်းမိန့်ကြားသည်တွင်။

ဒုဿုတံ ဝတ ဘော အဿဇိ အဿုမှ——အစရှိသည်ဖြင့် အိုအရှင်အဿဇိ....အကျွန်ုပ်တို့သည် မကောင်းသော ကြားခြင်းကို ကြားရကုန်စွတကား၊ အကျွန်ုပ်တို့သည် တရံတခါ အရှင်ကြီးဂေါတမနှင့် တွေ့ဆုံ

ကောင်း တွေ့ဆုံကြပါလိမ့်မည်၊ စကားနှီးနှော ပြောဆိုကောင်းပြောဆို ရပါလိမ့်မည်၊ အကျွန်ုပ်တို့သည် အရှင်ကြီးဂေါတမကို ထိုမိစ္ဆာအယူဝါဒမှ ဆိတ်စေကောင်း ဆိတ်စေနိုင်ပါလိမ့်မည် ဟု မခံချို မခံသာ မထိတရို ပြောလိုက်ပါသည်။

ထိုအခါ သစ္စကပရိဗ္ဗိုဇ်သည် လိစ္ဆဝီမင်းသားတို့ညီမူစည်းဝေးရာ မင်းကွန်း ဗိုလ်တဲသို့ သွားရောက်ပြီးလျှင် "အရှင်လိစ္ဆဝီမင်းသားတို့....လာကြကုန် ယနေ့ငါသည် ရဟန်းကြီးဂေါတမနှင့် ဝါဒချင်းပြိုင်ဆိုင်ပြောဆိုတိုက်ဖျက်ပါအံ့၊ ရဟန်းကြီးဂေါတမသည် သူ၏တပည့် ထင်ရှားလှစွာသော မဟာသာဝက အဝင်အပါ ရှင်အဿဇိပြောဆိုသည့်အတိုင်း ခန္ဓာငါးပါးတို့အပေါ် ဝယ် အနိစ္စဝါဒ အနတ္တဝါဒ တည်မြဲတည်နေပါမူကား အမွေးရှည်သော သိုးကလေး ကို အားရှိသော ယောကျ်ားသည် အမွေးကိုဆဲ့၍ အလိုရှိရာ ခါတုက်ပစ်ဘိ သကဲ့သို့ငင်း၊ အားရှိသော အမှုလုပ် ယောကျ်ားသည် မုဒ္ဂ မှုန့်ခင်းရာ ဖျာကို မြစ်တုင်း ကန်တုင်းသို့ချ၍ ထို့ ဤမှ ဆွဲငင်ပစ်ဘိသကဲ့သို့ငင်း၊ သေသောက် ကြူးယောကျ်ားသည် သေသောက်ခွက်ကို ထို့ ဤမှ ဆွဲငင်ဆေးကြော ဘိသကဲ့သို့ငင်း၊ အနှစ်ခြောက်ဆယ် အသက်ရှည်သော ဆင်ပြောင်ကြီးသည် သာဏဓောဝိက အမည်ရသော ကစားမျိုးဖြင့် နက်လှစွာသော ရေအိုင် အတုင်းသို့ သက်ဆင်း၍ ကစားဘိသကဲ့သို့ငင်း၊ ထို့အတူ ငါသည် ယနေ့ ရဟန်း ကြီးဂေါတမနှင့် ဝါဒစကားပြိုင်ဆိုင် တိုက်ဖျက်ပါအံ့၊ အချင်းလိစ္ဆဝီမင်းသား တို့....လာကြကုန် အချင်းလိစ္ဆဝီမင်းသားတို့....လာကြကုန်" ဟု လိစ္ဆဝီ မင်းသားတို့ကို ခေါ်ခဲ့ပါသည်၊ လမ်းခရီးအကြားဝယ် တွေ့မြင်သမျှသော ပရိသတ်တို့သည်လည်း အစဉ်တစိုက်နောက်က လိုက်လျက်ရှိကြပါသည်။

ထိုအခါ သစ္စကပရိဗ္ဗိုဇ်သည် မျှားစွာသော လိစ္ဆဝီပရိသတ်အခြံအရံဖြင့် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ မဟာဝုန်တောအတွင်း တခုသော သစ်ပင်ရင်းသို့ သွားရောက်ပြီးလျှင် မြတ်စွာဘုရားသခင်ကို ပြဿနာမေးရန် ခွင့်ပန်ပြီးလျှင် ကထံ ပန ဘဝံ ဂေါတမော သာဝကေ ဝိနေတိ—အစရှိသည် ဖြင့် "အို....အရှင်ကြီးဂေါတမ....အရှင်ကြီးဂေါတမသည် တပည့်သားသာဝက တို့ကို အဘယ်သို့ ဆုံးမပါသနည်း၊ အရှင်ကြီးဂေါတမ၏ သာဝကတို့အပေါ် ဝယ် အဘယ်သို့ အဘိုရှိသော အဆုံးအမသြဝါဒသည် မျှားစွာဖြစ်ပါသနည်း" ဟု မေးမြန်းသော အခါ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားရှင်က—

ငါဘုရားသည် သာဝကတို့ကို ခန္ဓာငါးပါး၌ အနိစ္စဟူ၍ ရှုရန် အနတ္တဟူ၍ ရှုရန် ဆုံးမတော်မူကြောင်း၊ သို့ခန္ဓာငါးပါးတို့အပေါ်ဝယ် အနိစ္စအနတ္တဟူ၍ ရှုရန် အဆုံးအမသြဝါဒသာလျှင် များစွာ ဖြစ်ကြောင်း ပြန်ပြောင်းမိန့်ကြားတော်မူသည်တွင်။

ဥပမာ မံ ဘော ဂေါတမ ပဋိဘာတိ—အိုအရှင်ကြီးဂေါတမ.... အကျွန်ုပ်၏ ဥာဏ်ဝယ် ဥပမာတခုထင်၍ လာပါသည် ဟု လျှောက်ထားပါသည်။

ပဋိဘာတု တံ အဂ္ဂိဝေဿန—အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော သစ္စကပရိဗိုဇ်....သင်၏ဥာဏ်ဝယ် ပေါ်လွင်ထင်ရှား၍ လာသော ဥပမာကို လွတ်လွတ်ကျွတ်ကျွတ် ပြောဆိုနိုင်ခွင့်ရှိပါသည်ဟု ခွင့်ပြုတော်မူသည်တွင် သစ္စကပရိဗိုဇ်က—

အို အရှင်ကြီးဂေါတမ....ဤလောကဝယ် အလုံးစုံသော မျိုးစေ့အပေါင်းတို့သည်၎င်း အလုံးစုံသော သစ်ပင် အပေါင်းတို့သည်၎င်း မြေကြီးကိုမှီ၍ မြေ၌သာ ကြီးထွားကြရဘိသကဲ့သို့၊ ဥပမာတနည်းသော်ကား ဤလောကဝယ် ကာယဗလခွန်အားစိုက်ထုတ် ပြုလုပ်ရမည့် ခပ်သိမ်းသော အမှုကိစ္စတို့ကို မြေကြီးကိုသာ အမှီပြု၍ မြေကြီး၌သာမှီ၍ ပြုရကုန်ဘိသကဲ့သို့၎င်း၊ ထို့အတူပင်လျှင် သတ္တဝါ ဟူဟူသမျှသည် ရုပ်တည်းဟူသော အတ္တလိပ်ပြာ ဝေဒနာတည်းဟူသော အတ္တလိပ်ပြာ သညာတည်းဟူသော အတ္တလိပ်ပြာ သင်္ခါရ တည်းဟူသော အတ္တလိပ်ပြာ ဝိညာဏ်တည်းဟူးသော အတ္တလိပ်ပြာ ရှိသည့်အတွက်ကြောင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တည်းဟူသော အတ္တကို အမှီပြု၍ ထို ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တည်းဟူသော အတ္တ၌မှီ၍သာလျှင် ကောင်းမှု မကောင်းမှု ကုသိုလ် အကုသိုလ်တရားတို့ကို ပွါးများရကြောင်း မိမိ၏ဝါဒကို ထင်ရှားပြခဲ့ပါသည်။

ဤသို့လျှင် သစ္စကပရိဗိုဇ် မြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍ မိမိ၏အတ္တဝါဒစကား လျှောက်ထားပြောဆိုသောအကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤစူဋ္ဌသစ္စကသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မေး-ဖြေ ၄—ဂ

ပုစ္ဆာ။ ။ဧဝံ အာဝုသော သစ္စကေန နိဂဏ္ဌာပုတ္တေန မဟာပဆဝီဥပမံ ဒဿေတ္ဝာ အတ္တဝါဒေ ပကာသိတေ ကထံ ဘဂဝါ တံ အတ္တဝါဒံ ပုန ပတိဋ္ဌာပေတ္ဝာ သမနုယုဉ္ဇိ သမနုဂါဟိ သမနုဘာသိ။

ဝိဿဇ္ဇနာ။ ။"နနု တ္ဝံ အဂ္ဂိဝေဿန ဧဝံ ဝဒေသိ၊ ရူပံ မေ အတ္တာ၊ ဝေဒနာ မေ အတ္တာ၊သညာ မေ အတ္တာ၊ သင်္ခါရာ မေ အတ္တာ၊ ဝိညာဏံ မေ အတ္တာ" တိ၊ ဧဝံ ခေါ ဘန္တေ ဘဂဝါ သစ္စကံ နိဂဏ္ဌပုတ္တံ တံ အတ္တဝါဒံ ပတိဋ္ဌာပေသိ။ ပတိဋ္ဌာပေတ္ဝာ စ ပန ဘန္တေ ဘဂဝါ "တေန ဟိ အဂ္ဂိဝေဿန တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ၊ ယထာ တေ ခမေယျ၊ တထာ တံ ဗျာကရေယျာသီ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝါ သစ္စကံ နိဂဏ္ဌပုတ္တံ သမနုယုဉ္ဇိ သမနုဂါဟိ သမနုဘာသိ။

အမေး။ ။ဤသို့ ငါ့ရှင် ဖြေဆိုသည့်အတိုင်းပင် နိဂဏ္ဌ၏သားဖြစ်သော သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရား၏ အထံ၌ ရှပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် စသည် အတ္တမဟုတ်ဟု ဟောတော်မူသော မြတ်စွာဘုရား၏ ဝါဒကို ပယ်ဖျက်ရန် အလို့ငှါ မဟာပထဝီမြေကြီး ဥပမာကို ဖော်ပြပြီးလျှင် ထိုမဟာပထဝီမြေကြီး တည်ရာရှိမှ ထိုမြေကြီးအပေါ်၌ လူတို့သည်ရင်း သစ်ပင်တို့သည်ရင်း တည်၍ ကြီးပွါးရသကဲ့သို့ **အတ္တကောင် လိပ်ပြာကောင် အသက်ကောင်** ရှိမှသာလျှင် ထိုအတ္တကောင် လိပ်ပြာကောင် အသက်ကောင် အပေါ်၌တည်၍ ကုသိုလ်ကံ အကုသိုလ်ကံတို့ ဖြစ်ပွါးရသည်၊ ထိုကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးတရားများကိုလည်း ခံစားရသည် ဟု ဖော်ပြလျက် အတ္တဝါဒကို ထင်ရှားပြောဆိုသောအခါဝယ် တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူပြီးသော မြတ်စွာဘုရားသည် ထိုသစ္စကပရိဗိုဇ်အား အတ္တဝါဒကို တဖန် ဝန်ခံစေပြီးလျှင် အဘယ်သို့လျှင် ပြန်လည်၍ မေးမြန်းစိစစ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုသို့ သစ္စကပရိဗိုဇ်၏ အတ္တဝါဒကို ထင်ရှားစွာ ဖော်ပြသောအခါ သဗ္ဗညုမြတ်စွာဘုရားသခင်သည် "နနု တ္ဝံ အဂ္ဂိဝေဿန ဧဝံ ဝဒေသိ အစရှိသည်ဖြင့် အဂ္ဂိဝေဿန အနွယ်၌ဖြစ်သော သစ္စကပရိဗိုဇ်....အသင်သည် ရှပ်သည် ငါ၏အတ္တလိပ်ပြာ ဝေဒနာသည် သညာသည် သင်္ခါရသည် ဝိညာဏ်သည် ငါ၏ အတ္တလိပ်ပြာ ဟု ပြောဆိုသလော" ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ သစ္စကပရိဗိုဇ်က အဟံ ဟိ ဘော ဂေါတမ ဧဝံ ဝဒါမိ "ရူပံ မေ အတ္တာ၊ ဝေဒနာ မေ အတ္တာ၊ သညာ မေ အတ္တာ၊ သင်္ခါရာ မေ အတ္တာ၊ ဝိညာဏံ မေ အတ္တာတိ၊ အယဉ္စ မဟတီ ဇနတာ-ဟု အရှင်ကြီး ဂေါတမ အကျွန်ုပ်သည်ငှင်း အကျွန်ုပ်နောက်ပါ ဤများစွာသော လိစ္ဆဝီမင်း ပရိသတ် အပေါင်းသည်ငှင်း ရုပ်သည် ဝေဒနာသည် သညာသည် သင်္ခါရသည် ဝိညာဏ်သည် ငါ၏ အတ္တ လိပ်ပြာ ဟူ၍ ပြောဆိုပါသည် ဟု လျှောက်ထား သောအခါ—

သဗ္ဗညုမြတ်စွာဘုရားက ကိုံ ဟိ တေ အဂ္ဂိဝေဿန မဟတီ ဇနတာ ကရိဿတိ-အဂ္ဂိဝေဿန အနွယ်ဌ်ဖြစ်သော သစ္စကပရိဗိုဇ်....အသင့်အား ဤ သင်၏ နောက်ပါ များစွာသော လိစ္ဆဝီပရိသတ် အပေါင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ အဘယ်ပြုအံ့နည်း ငါ တိုက်တွန်းလိုသည် သင်သည် မိမိ၏ ဝါဒကိုပင်လျှင် ဖြေရှင်းပါ ဟု မိန့်ကြားတော်မူသောအခါ—

အဟံ ဟိ ဘော ဂေါတမ ဧဝံ ဝဒါမိ-အစရှိသည်ဖြင့် အို အရှင်ကြီး ဂေါတမ....အကျွန်ုပ်သည် ရုပ်သည် ငါ၏ အတ္တလိပ်ပြာ ဝေဒနာသည် သညာ သည် သင်္ခါရသည် ဝိညာဏ်သည် ငါ၏ အတ္တလိပ်ပြာ ဟု ပြောဆိုကြောင်း တဖန် ပြန်ကြားလျှောက်ထားပါသည်။

ဤသို့ သစ္စကပရိဗိုဇ်အား မိမိ၏ အတ္တဝါဒကို ဝန်ခံစေပြီးလျှင် သဗ္ဗညု မြတ်စွာဘုရားသည် တေန ဟိ အဂ္ဂိဝေဿန တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ-အစရှိသည်ဖြင့် အဂ္ဂိဝေဿန အနွယ်ဌ်ဖြစ်သော သစ္စကပရိဗိုဇ်....သို့တပြီးကား ဤအရာဝယ် သင့်ကိုပင် တဖန်ပြန်၍ ငါမေးမည်၊ အသင် နှစ်သက်သည့်အတိုင်း ဖြေဆိုနိုင်ခွင့်ရှိသည်၊ ယခု ငါဘုရားမေးမည့်စကားကို အသင် သစ္စကပရိဗိုဇ် သည် မည်သို့သဘောကျပါသနည်း—

ကောသလတိုင်းကို အစိုးရသော ပသေနဒိကောသလမင်းတရားကဲ့သို့ငှင်း မဂတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏သား အဇာတ သတ်မင်းတရားကဲ့သို့ငှင်း ဤလောကဝယ် ခတ္တိယအဘိသိက်ဖြင့် အဘိသိက် သွန်းပြီးသော ပုဂ္ဂိုလ်သည် မိမိ၏ဥစ္စာ ကိုယ်ပိုင်ဥစ္စာဖြစ်သော တိုင်းနိုင်ငံအတွင်းဝယ် သတ်ထိုက်သောသူကို သတ်ဘို့ရန် စီးပွါးဥစ္စာ ဆုံးရှုံးစေသင့်သောသူကို ဆုံးရှုံးနိုင်စေဘို့ရန် တိုင်းပြည်မှ

နှင်ထုတ်သင့်လောက်သော အဖြစ်ရှိသည့် နှင်ထုတ်နိုင်ဘို့ စိုးပိုင်သည် မဟုတ်လော ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ သစ္စကပရိဗိုဇ်က ကောသလတိုင်းကို အစိုးရသော ပသေနဒိ ကောသလမင်းကဲ့သို့ဎင်း မဂဓတိုင်းကို အစိုးရသော အဇာတသတ်မင်းကဲ့သို့ ဎင်း မိမိ၏ အခြေအရံပရိသတ်ဖြစ်သော လိစ္ဆဝီမင်းတို့ကဲ့သို့ဎင်း ဤလောကဝယ် အဘိသိက်ခံယူကြသော မင်းအပေါင်းတို့သည် မိမိပိုင်ဆိုင်သော တိုင်းနိုင်ငံအတွင်းဝယ် အပြစ်ရှိသော သူတို့ကို အပြစ်အလျောက် သတ်သင့်သတ်ထိုက်သော ပုဂ္ဂိုလ်ကိုသတ်ခြင်းငှါဎင်း စီးပွါးဥစ္စာကို သိမ်းယူသောအားဖြင့် ဆုံးရှုံးစေသင့်သောသူကို ဆုံးရှုံးစေခြင်းငှါဎင်း တိုင်းပြည်မှ နှင်ထုတ်သင့်သောသူကို နှင်ထုတ်ခြင်းငှါဎင်း စိုးပိုင်မှုရှိပါသည် ဟု ပြန်ကြားလျှောက်ထားသော အခါ——

အဂ္ဂိဝေဿန အနှယ်၌ဖြစ်သော သစ္စကပရိဗိုဇ်....ယခုငါဘုရားမေးမည့် သဘောကို အသင် မည်သို့သဘောကျသနည်း မည်သို့မှတ်ထင်သနည်း၊ အသင်သည် ရုပ်သည် ငါ၏အတ္တလိပ်ပြာ ငါစိုးပိုင်တဲ့အတ္တလိပ်ပြာ ဟူ၍ အသင်သည် ပြောဆိုခဲ့ချေပြီ၊ **အသင်သည် ရုပ်အပေါ်၌ ငါ၏ရုပ်သည် ဤသို့ဖြစ်စေသတည်း ငါ၏ရုပ်သည် ဤပုံဤပန်း မဖြစ်စေသတည်း** ဟု ယခင်မင်းတရားတို့သည် မိမိ၏ တိုင်းနိုင်ငံဝယ်စိုးပိုင်ဘိသကဲ့သို့ အသင်သည် **အသင်၏ရုပ်တရားပေါ်၌ စိုးပိုင်မှုရှိပါသလော** ဟု မေးမြန်းတော်မူပါသည်။

ဤတွင် သစ္စကပရိဗိုဇ်သည် အကယ်၍ စိုးပိုင်သည် ဟု ငါဝန်ခံခဲ့လျှင် ပတ်ဝန်းကျင်ရှိသမျှသော လိစ္ဆဝီမင်းအပေါင်းတို့က “အို့သစ္စကပရိဗိုဇ်.... အသင့်ရုပ်ကို အသင်စိုးပိုင်သည်ဖြစ်ပါမူကား ငါတို့ကဲ့သို့တင့်တယ်သောရုပ်အဆင်းဖြစ်အောင် အသင်ပန်ဆင်းပါလား....၊အဘယ့်ကြောင့်ရုပ်အဆင်းရွတ်တွအို့မင်း၍ နေရပါသနည်း” စသည်ဖြင့် စွပ်စွဲခြေတော့မည်၊ ငါသည် ရုပ်အပေါ်ဝယ် စိုးပိုင်မှုမရှိပါ ဟု အကယ်၍ အဖြေပေးပါက.... ရဟန်းကြီးဂေါတမသည်လည်း ငါ့အားဝါဒဖြင့် နှိပ်ချေတော့မည်၊ နှစ်ဘက်အစွန်းမလွတ်သော ဥပမာကိုပင် ငါဝန်ခံမှားခဲ့ချေပြီ ဟု အောက်မေ့ပြီးလျှင် စကားမပြောတုံ့ဘို့ ဘောဆိတ်ဆိတ်သာနေခဲ့ပါသည်။

နှစ်ကြိမ်မြောက် သဗ္ဗညုဘုရားမေးသောအခါလည်း ထို့အတူ ဆိတ်ဆိတ်သာလျှင်နေခဲ့ပါသည်၊ ထိုအခါမြတ်စွာဘုရားက——

ဗျာကရောဟိ ဒါနိ အဂ်ိဝေဿန—အဂ်ိဝေဿနအနန္တယ်၌ဖြစ်သော သစ္စကပရိဗ္ဗိဇ်.... ယခုအသင်သည် ဖြေပါလော့ ယခုအခါသည် အသင်၏ မဖြဘဲနေဘို့ရန်အခါကာလမဟုတ်၊ ဒို့သစ္စကပရိဗ္ဗိဇ်.... အမှတ်မထင် အကြင်သူသည် သဗ္ဗညုမြတ်စွာဘုရားက သုံးကြိမ်တိုင် အောင် အကြောင်းနှင့်တကွ အမေးပုစ္ဆာပြဿနာကို မေးမြန်းအပ်ပါလျက် မဖြဘဲနေပါမူ၊ ထိုမဖြဘဲ နေသူသည် မိမိနေရာမှာပင် ဦးခေါင်းခုနစ်စိတ်ကွဲရာသည် ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါဂိန်ဝယ်သိကြားမင်းသည်လည်း ငဇိရစိန် (ငရဇိန်) လက်နက်ကို စွဲကိုင်လျက် ကောင်းကင်ထက်ဝယ် တည်လျက်ရှိပါသည်၊ သိကြားမင်းကို မြတ်စွာဘုရားနှင့် သစ္စကပရိဗ္ဗိဇ်တို့သာလျှင် မြင်ကြပါသည်၊ ထိုအခါ သစ္စကပရိဗ္ဗိဇ်သည် ကြောက်လန့်ခြင်း ပြင်းစွာ ထိတ်လန့်ခြင်း သံဝေဂ ပြင်းစွာကြက်သီးမွေးညှင်းထကာဖြင့် မြတ်စွာဘုရားကိုသာလျှင် ကိုးကွယ်ရာပုဂ္ဂိုလ်အောင်းရာ လည်းလျှောင်းရာ ရှာမှီးသောအားဖြင့် "အရှင်ကြီးဂေါတမ....တဖန်ထပ်၍ မေးတော်မူပါ" ဟု လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားက သုံးကြိမ်တိုင်အောင်ပင်—

အသင်ပြောဆိုသည့်အတိုင်း၊ အသင်သည် ရူပကာယ၏အပေါ်၌ ငါ၏ ရုပ်သည် ကျိုးကျိပန်းဖြစ်စေ, ကျိုးကျိပန်းမဖြစ်စေလင့် ဟု ရှင်ဘုရင်မင်းတရားတို့သည် မိမိတို့စိုးပိုင်သော တိုင်းနိုင်ငံအပေါ်၌ အစိုးရဘိသကဲ့သို့ အသင်သည်လည်းအစိုးရပါသလော ဟု မေးမြန်းတော်မူသော အခါ—

နော ဟိဒံ ဘော ဂေါတမ-အစိုးမရပါကြောင်း ပြန်ဖြေလျှောက်ထားပါသည်။

ထိုအခါသဗ္ဗညုမြတ်စွာဘုရားက သတိထားလော့ အဂ်ိဝေဿနအနန္တယ်၌ ဖြစ်သော သစ္စကပရိဗ္ဗိဇ်....စဉ်းစားပြီးတော့မှ အသင်သစ္စကပရိဗ္ဗိဇ်သည် ဖြေကြားပါ၊

နခေါ တေ သန္ဓိယတိ ပုရိမေန ဝါ ပစ္ဆိမံ ပစ္ဆိမေန ဝါ ပုရိမံ-အို သစ္စကပရိဗ္ဗိဇ်....သင်၏စကားသည် ရှေ့နှင့်နောက် နောက်နှင့်ရှေ့ မစပ်ခဲ့ပါတကား

တံ ကိ ံ မည်သိ အဂ္ဂိဝေဿန၊ယခုဆက်၍ ငါဘုရားမေးဦးမည်၊ ယခု ငါဘုရားမေးမည့်စကားကို သင်အဂ္ဂိဝေဿနသည် မည်သို့ မှတ်ထင်သနည်း၊ မည်သို သဘောကျသနည်း။

ဝေဒနာသည် သင်၏အတ္တ ဟူ၍ သင်ဆို့ခဲ့၏၊ သညာသည်၊ သင်္ခါရသည်၊ ဝိညာဏ်သည် သင်၏အတ္တ ဟူ၍ သင်ပြောဆို့ခဲ့၏၊ အသင်သည် ဝိညာဏ်တည်း ဟူသော သင်၏ အတ္တလိပ်ပြာအပေါ်၌ ငါ၏ဝိညာဏ်သည် ကျိပုံကျိပန်းဖြစ်စေသတည်း၊ ကျိပုံကျိပန်းမဖြစ်စေ ဟု အသင်၏ အလိုသို့လိုက်ပါမှုကို ဝိညာဏ်အပေါ်ဝယ် အသင်ရရှိပါသလော ဟု မေးမြန်းသောအခါ—

ခန္ဓာငါးရပ်စလုံး၌ပင်လျှင် အလိုသို့ မလိုက်ပါကြောင်း ပြန်ပြောင်း လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက အဂ္ဂိဝေဿနအနှယ်၌ဖြစ်သော သစ္စကပရိဗိုဇ်....မည်သို့သဘောကျမှတ်ထင်ပါသနည်း၊ ရူပက္ခန္ဓာသည် နိစ္စလော-အနိစ္စလော....။

အနိစ္စဖြစ်ပါသည် အရှင်ကြီးဂေါတမ....။

အနိစ္စဖြစ်သော အကြင် ရူပက္ခန္ဓာသည် ဒုက္ခလော-သုခလော။

ဒုက္ခပင် ဖြစ်ပါသည် အရှင်ကြီးဂေါတမ....။

အကြင် ရူပက္ခန္ဓာသည် အနိစ္စလည်းမှန်၏၊ ဒုက္ခလည်းမှန်၏၊ ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြားဖြစ်တတ်သော သဘောလည်းမှန်၏၊ ထို့သို့သဘောရှိသော ရူပက္ခန္ဓာကို **တံ မမ-ဣ်ရူပက္ခန္ဓာသည် ငါ၏ဥစ္စာ။ သော်ဟမသ္မိ-ဣ်ရူပက္ခန္ဓာသည်ပင်....ငါ။ သော မေ အတ္တာ-ဣ်ရူပက္ခန္ဓာသည်ပင် ငါ၏အတ္တလိပ်ပြာ** ဟူ၍ ရှုသင့်ပါသေးသလော ဟု မေးမြန်းတော်မူသောအခါ—

နော ဟိဒံ ဘော ဂေါတမ-မရှုသင့်ပါ အရှင်ဂေါတမ ဟု ပြန်ပြောင်း လျှောက်ထားပါသည်။

ဤနည်းဖြင့် ခန္ဓာငါးပါးအပေါ်ဝယ် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍သာ ရှုသင့်ကြောင်း နိစ္စ ဟူ၍ မရှုသင့်ကြောင်း ပြန်ပြောင်းလျှောက်ထားသောအခါ

သဗ္ဗညုမြတ်စွာဘုရားက သစ္စကပရိဗ္ဗိဇ်....လောကဥပမာအားဖြင့် အနှစ်ကို ရှာသော ယောကျ်ားတယောက်သည် ထက်လှစ်သော ဓားမကို ယူဆောင်၍ တောအုပ်အတွင်းသို့သွားရောက်သောအခါ စင်းလုံးကျွတ်ဖြောင့်သော ဥက်ပျော၀င်ကြီးကိုတွေ့ရှုပါသည်၊ ထိုဥက်ပျော၀င်ကြီးကို အရင်းမှဖြတ် အဖျားမှဖြတ်ပြီးလျှင် အဖတ်အဖတ်ကို ခွါသောအခါ အကာကိုမျှမရ၊အနှစ်ကို ကို အဘယ်မှာ ရပါအံ့နည်း။

ဤနည်းအတူပင်လျှင် သင်၏ပါဒမှာ ငါဘုရားသည် အကြောင်းကို ပြကာပြကာမေးမြန်းလတ်သောအခါ အနှစ်သာရ ဟူ၍ ရှာမရပါတကား၊ အသင်သည် ဝေဿလီပြည် မင်းပရိသတ်အလည်ဝယ် "အိုအရှင်တို့....ဤလောကဝယ် ငါမေးစီစစ်လို့ရှိလျှင် ငါနှင့် ၀ါဒပြိုင်ဆိုလို့ရှိလျှင် တစုံတယောက်သောရဟန်း ပုဏ္ဏား သဗ္ဗညုမြတ်စွာဘုရားမှ မတုန်လှုပ်နိုင်သော မည်သည်မရှိဟူ၍ အသင်ပြောခဲ့သည်၊ ယခုတမူကား သင်၏နဖူးမှ ချွေးပေါက်တို့သည် သင်၏အပေါ်ရုံစုလျားကိုပင် ဖောက်ထွင်း၍ အချို့အချို့မြေကြီးသို့ကျရောက်ကုန်ချေပြီတကား။ ငါဘုရားမှာမူကား ယခုအခါနှင်အခါ၀ယ် ချွေးပေါက်တစက်မျှမရှိပါတကား" ဟူ၍ သဗ္ဗညုမြတ်စွာဘုရားသည် သင်္ဃန်းလည်ရစ်တော်မှ လက်လေးဆစ်မျှသော ရူပကာယ ရွှေကိုယ်တော်ကို ထုပရိသတ်အလည်ဝယ် ဖွင့်၍ ပြတော်မူပါသည်။

ထိုအခါ သစ္စကပရိဗ္ဗိဇ်သည် ကျသောပခုံးရှိသည်ဖြစ်၍ ရွှေသို့ဆင်းကာ တစုံတရာ မပြောနိုင်ဘဲ ဆိတ်ဆိတ်သာလျှင် နေပါသည်။

ဤသို့လျှင်သစ္စကပရိဗ္ဗိဇ်သည် မိမိ၏ အတ္တ၀ါဒကို တည်စေသောအခါ မိမိ၏ အတ္တ၀ါဒကိုထင်ရှားပြသောအခါ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် ထိုအတ္တ၀ါဒကို မေးစီစစ်တော်မူသည်၊ သို့မေးစီစစ်ခြင်းဖြင့် ထိုသစ္စကပရိဗ္ဗိဇ်၏ အတ္တ၀ါဒကို ပယ်ရှားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဧဝံ ခေါ အာဝုသော သစ္စကော နိဂဏ္ဌပုတ္တော တုဏှီဘူတော အဓော-
မုခေ ပဇ္ဈာယန္တော အပ္ပဋိဘာနေ နိသိန္နေ ဒုမ္မုခေါ နာမ လိစ္ဆဝိ-
ပုတ္တော ဘဂဝန္တံ ကိံ ပစနံ အဝေါစ။

ဝိသာဇ္ဇနာ။ ။ဧဝံ ဘန္တေ သစ္စကော နိဂဏ္ဌပုတ္တော တုဏှီဘူတော မင်္ဂုဘူတော
ပတ္တက္ခန္ဓေ အဓောမုခေ ပဇ္ဈာယန္တေ အပ္ပဋိဘာနေ ဒုမ္မုခေါ

လိစ္ဆဝိပုတ္တော ဘဂဝန္တံ ဧတဒဝေါစ "ဥပမာ မံ ဘဂဝါ ပဋိဘာတီ" တိ။

မေး။ ။ကျွန်ုပ် ငါရှင်ဖြေခဲ့သည့်အတိုင်းပင်လျှင် သစ္စကပရိဗိုဇ်သည် သဗ္ဗညုမြတ်စွာဘုရားက ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့၏ အပေါ်၌ အတ္တ ဟူ၍ စွဲလမ်းထိုက် မစွဲလမ်းထိုက်ကို အကြောင်းနှင့်တကွ ဖော်ပြ၍ စိစစ်သောအခါ **အနတ္တ ဟူ၍သာ မှတ်ထိုက်ကြောင်း အတ္တ ဟူ၍ မစွဲလမ်းထိုက်ကြောင်း**ကို မိမိကိုယ်တိုင်ပင် ဝန်ခံရသည်ဖြစ်၍ အနှစ်မရှိသော ငှက်ပျောတုံးဥပမာဖြင့် ထိုအတ္တဝါဒကို နှိမ်နှင်းပယ်ရှားတော်မူသောအခါ သစ္စကပရိဗိုဇ်သည် ဓရှသို့ဆက်လက်၍ တစုံတရာ ပြောဆိုစရာ အကွက်မရှိသောကြောင့် ခေါင်းငုံ့လျက်ဆိတ်ဆိတ်နေကာ ကြံမှုံ၍ နေရသောအခါကာလ ဝယ် သစ္စကပရိဗိုဇ်၏တပည့်ဖြစ်သော **ဒုမ္မုခ** အမည်ရှိသော လိစ္ဆဝိမင်းသားသည် မြတ်စွာဘုရားသခင်အား အဘယ်သို့သောစကားကို လျှောက်ထားပြန်ပါသနည်း ငါရှင်။

အဖြေ။ ။ကျွန်ုပ် သစ္စကပရိဗိုဇ် စကားမပြော တုံ့ဏှိဘော ခေါင်းငိုက်စိုက်နေသောအခါ ဒုမ္မုခ အမည်ရှိသော လိစ္ဆဝိမင်းသားသည် သဗ္ဗညုမြတ်စွာဘုရားကို ဥပမာ မံ ဘဂဝါ ပဋိဘာတိ-အစရှိသည်ဖြင့် ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရား....တပည့်တော်၏ ဥာဏ်ဝဝယ် ဥပမာတခုပေါ်ထင်၍ လာပါသည် ဟု လျှောက်ထားပါသည်။

ပဋိဘာတု တံ ဒုမ္မုခ၊ ဒုမ္မုခ သင်၏ဥာဏ်ဝယ်ထင်ပေါ်လာသော ဥပမာတွေကို လွှတ်လွှတ်ရှင်းရှင်း သင်ထင်တိုင်းဖွင့်လျှောက်ထားနိုင် ခွင့်ရှိသည် ဟု ခွင့်ပြုတော်မူသောအခါ——

ဘုန်းတော်အလွန်တရာကြီးမြတ်မူလှသော မြတ်စွာဘုရား....၊ တခုသော ရွာနိုဂုံးအရပ်ဝယ် ရွာ၏အနီးအပါး၌ ရေအိုင်တခုရှိရာပါသည်၊ ထိုအခါ ရွာသူသားငယ်တို့သည် ထိုရေအိုင်အတွင်းသို့ သက်ဆင်း၍ **လယ်ဂဏန်း**ဟူ၍ **ဗုဇ္ဈန်** ဟူ၍ **ဂဏန်း** ဟူ၍ ခေါ်ယူသော သတ္တဝါတခုကို ကုန်းထက်သို့ တင်ယူခဲ့ကြပါသည်။

ထိုလယ်ဂဏန်းသည် မိမိကိုယ်အတွင်းဝယ် ထင်ရှားရှိသော အကြင်အကြင်လက်မတို့ကို တလှုပ်လှုပ်တရွတရွပြုတိုင်း ပြုတိုင်းပင်လျှင်၊ ထိုရွာသူ

သားငယ်တို့သည် လှုပ်တိုင်း လှုပ်တိုင်းသော လယ်ဂဏန်း လယ်ဗဋ္ဌန်၏လက်မ တို့ကို ထင်းခြောင်း အုတ်ခဲစသည်တို့ဖြင့် ရိုက်ချိုး၍ ပစ်သောအခါ အလုံးစုံ ပတ်ဝန်းကျင်ကုန်စင်ကျိုးပဲ့သော လက်မ ခြေချောင်းရှိသော လယ်ဂဏန်း လယ်ဗဋ္ဌန်သည် တဘန်ပြန်၍ အိုင်အတွင်းသို့သက်ဆင်းခြင်းငှာ မရနိုင်သကဲ့သို့၊ ထို့အတူပင်လျှင် သစ္စကပရိဗိုဇ်၏အကြင်အကြင်သို့ သဘောရှိသော မိစ္ဆာအယူဝါဒတည်း ဟူသော အကြီးအသေး ဖြစ်သော လက်မ ခြေထောက်အလုံးစုံတို့ကို သဗ္ဗညုမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်တည်း ဟူသော ခဲအုတ်ခဲတို့ဖြင့် အကြွင်းမဲ့ရိုက်ချိုးအပ်ပြီဖြစ်ရကား နောက်ထပ်တဖန် သဗ္ဗညုမြတ်စွာဘုရား အထံသို့ တရားနာဘို့ရန်မှလဲ၍ ဝါဒယှဉ်ပြိုင်ရန်အလို့ငှာလာဝန့်တော့မည်မဟုတ်ပါဘုရား" ဟု ထိုဒုမ္မုခ အမည်ရှိသော လိစ္ဆဝီမင်းသားသည် သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားခဲ့ပါသည် အရှင်ဘုရား။

ပဋ္ဆာ။ ။အထ ခေါ အာဝုသော သစ္စကော နိဂဏ္ဌပုတ္တော ဘဂဝန္တံ ကိဒိသံ ပဥ္ဉံ ပဋ္ဆိ၊ ကထဉ္စ တံ ဘဂဝါ ဗျာကာသိ။

ဝိဿဇ္ဇနာ။ ။အထ ခေါ ဘဒ္ဒေ သစ္စကော နိဂဏ္ဌပုတ္တော ဒုမ္မုခံ လိစ္ဆဝိံ အပသာဒေတ္ဝာ ဘဂဝန္တံ သေခ္ဘ အသေခ္ဘ ပဥ္ဉံ ပုစ္ဆိ၊ ဘဂဝါ စ ဘဒ္ဒေ "ဣဓ အဂိုဝေဿန မမ သာဝကော ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန်ံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ" ဧဝမာဒိနာ သေခ္ဘ အသေခ္ဘ ပဂ္ဂလံ ဝိဘဇိတ္ဝာ ဗျာကာသိ။

အမေး။ ။ထိုသို့ ဒုမ္မုခအမည်ရှိသော လိစ္ဆဝီမင်းသားက လယ်ဗဋ္ဌန်လုံး ဂဏန်းလုံးဥပမာဖြင့် သစ္စကပရိဗိုဇ်ကြီးကို နှိမ်နင်း၍ မြတ်စွာဘုရားအား လျှောက်ထားသောအခါကာလဝယ် သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရားအား အဘယ်သို့သောစကားကို လျှောက်ထားပြီးလျှင် အဘယ်သို့သော မေးခွန်း ပြဿနာကို မေးလျှောက်ပြန်ပါသနည်း။ မြတ်စွာဘုရားသခင်ကလည်း ထို မေးလျှောက်သော မေးခွန်းပြဿနာကို အဘယ်ပုံအဘယ်နည်းဖြင့် ဖြေကြား တော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုသို့ ဒုမ္မုခ လိစ္ဆဝီမင်းသားက လယ်ဗဋ္ဌန်ဥပမာဖြင့် မြတ်စွာ စွာဘုရားအား လျှောက်ထားသောအခါ သစ္စကပရိဗိုဇ်သည် ဒုမ္မုခလိစ္ဆဝီ

မင်းသားကို “အာဂမေဟိ တုံ ဒုမ္မုခ၊ အာဂမေဟိ တုံ ဒုမ္မုခ အစရှိသည်ဖြင့်၊ ဒုမ္မုခ....အသင်သည် ဆိုင်းတုပါလော....၊ ဒုမ္မုခ....အသင်သည် ရုန့်ရင်းသော နှုတ်ကြမ်းသောသူပါတကား၊ ငါသည် အသင်နှင့်စကားပြောဆိုခြင်းမဟုတ်၊ ရဟန်းကြီးဂေါတမနှင့်သာ စကားပြောဆိုတိုင်ပင်ခြင်းဖြစ်ပါသည်”။ ဤသို့ ဒုမ္မုခလိစ္ဆဝီမင်းသားအား မောင်းမဲပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားကို တိုဋ္ဌတော-သာ ဘော ဂေါတမ·အစရှိသဖြင့် “အိုအရှင်ကြီးဂေါတမ....အကျွန်ုပ်တို့နှင့် ရဟန်းပုဏ္ဏားတို့ ပြောတဲ့စကားကိုရှိပါစေ ထားပါတော့။ အိုအရှင်ကြီး ဂေါတမ....အဘယ်မျှသောအတိုင်းအရှည်ဖြင့် အရှင်ကြီးဂေါတမ၏ တပည့် သား သာဝကသည် အရှင်ကြီးဂေါတမ၏ အဆုံးအမကိုလိုက်နာ၍ ကျင့်ကြံ နေဆဲ ပုဂ္ဂိုလ်ဖြစ်ပါသနည်း၊ အိုအရှင်ကြီးဂေါတမ....အဘယ်မျှသော အတိုင်း အရှည်ဖြင့် အရှင်ကြီးဂေါတမ၏တပည့်သား သာဝကသည် အရှင်ကြီး ဂေါတမ၏ အဆုံးအမသြဝါဒကို အပြီးအပိုင် အဆုံးတိုင်လိုက်နာ၍ ရဟန္တာ စင်စစ်ဖြစ်ပါသနည်း ဟု မေးမြန်း လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက အဂ္ဂိဝေဿနအနွယ်၌ဖြစ်သော သစ္စကပရိဗိုဇ်....ဤသာသနာတော်ဝယ် ငါဘုရား၏တပည့်သားသာဝကသည် ကာလ သုံးပါးဝယ်ဖြစ်ဖြစ်သမျှ သန္တာန်နှစ်ပါးဝယ်ဖြစ်ဖြစ်သမျှ အယုတ်အမြတ် အကြမ်းအနုစသည့် တဆဲ့တပါးအပြားရှိသော ရူပက္ခန္ဓာ၊ တဆဲ့တပါးအပြား ရှိသော ဝေဒနက္ခန္ဓာ တဆဲ့တပါးအပြားရှိသော သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဤအလုံးစုံသော ခန္ဓာငါးပါးကို——

နေတံ မမ-ငါ၏ဥစ္စာမဟုတ်ပါတကား။ နေသောဟမသ္မိ-ငါမဟုတ်ပါ တကား။ န မေသော အတ္တာ-ငါ၏ အတ္တလိပ်ပြာမဟုတ်ပါတကား ဟု ယထာဘူတ နေရာကျသိမြင်ကြည့်ရှု၍ နေဆဲအခါဝယ် ငါဘုရား၏ တပည့်သား သာဝကသည် ငါဘုရား၏ အဆုံးအမသြဝါဒကို လိုက်နာ နေဆဲ ဟူ၍ ဆိုရသည်။

အိုအဂ္ဂိဝေဿနအနွယ်၌ဖြစ်သော သစ္စကပရိဗိုဇ်....ဤသာသနာတော်၌ ငါဘုရား၏တပည့်သား သာဝကသည် ရွေးဆိုခဲ့ပြီးသောအတိုင်း ခန္ဓာ ငါးပါးတို့၏ အပေါ်၌ နေတံ မမ-ငါ၏ဥစ္စာမဟုတ်ပါတကား၊ နေသော-ဟမသ္မိ-ငါမဟုတ်ပါတကား။ န မေသော အတ္တာ-ငါ၏အတ္တလိပ်ပြာ မဟုတ်ပါတကား ဟု အကြွင်းမဲ့ကုန်စင် သိမြင်ပြီးလျှင် ထိုခန္ဓာငါးပါးတို့

အပေါ်ဝယ် မဖြစ်သောချုပ်ခြင်းဖြင့် ချုပ်ကြသော အာသံဝတရား ဥပါဒါန်တရားတို့ဖြင့် မစွဲလမ်းမှုရှိ၊ ထိုဥပါဒါန်တရားတို့မှ အကြွင်းမဲ့ လွတ်မြောက်သည်ရှိသော် ဤပုဂ္ဂိုလ်ကို ငါဘုရား၏သာသနာဒတ်ဝယ် ရဟန္တာဟူ၍ ခေါ်ဆိုရသည်။

ဤသို့ ကိလေသာတို့မှ အကြွင်းမဲ့ လွတ်ပြီးသောစိတ်ရှိသော ငါဘုရား၏ ရဟန္တာမထေရ်သူမြတ်သည် ငါဘုရားအပေါ်ဝယ်—

ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ၊
ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ၊
သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ၊
တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ၊
ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ —ဟု

ဝမ်းမြောက်ဝမ်းသာ နှစ်လိုအားရမ်း ငါဘုရားကိုသာလျှင် အရိုအသေ ပြုပေတော့သည်၊ အလေးအမြတ်ပြုပေတော့သည်၊ မြတ်နိုးပေတော့သည်၊ ပူဇော်ပေတော့သည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် သေက္ခ အသေက္ခ ပုဂ္ဂိုလ် နှစ်မျိုးနှစ်စားကို ခွဲခြမ်းစိတ်ဖြာ ဟောပြတော်မူအပ်ပါသည် အရှင်ဘုရား။

စူဠသစ္စကသုတ် ပြီး၏

မဟာသစ္စကသုတ်

ပုစ္ဆာ။ ။မဟာသစ္စကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကသ္မာ ဝတ္ထုသ္မာ ဘာသိတ၊

ဝိဿဇ္ဇနာ။ ။ဧသာလိယံ ဘဒ္ဒန္တ သစ္စကံယေဝ နိဂဏ္ဌပုတ္တံ အာရဗ္ဘ ဘာသိတံ။ သစ္စကော ဘဒ္ဒန္တ နိဂဏ္ဌပုတ္တော အပရဒိဝသေ ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ဘဂဝတော သာဝကေ အာသဇ္ဇ ဘာဝနာဒုယပဋိသံယုတ္တံ ဝါစံ ဘာသတိ၊ တသ္မိံ ဘဒ္ဒန္တ ဝတ္ထုသ္မိံ ဘာသိတံ။

အံ့မေး။ ။မဟာသစ္စကမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည်အရပ်၌ သစ္စကပရိဗိုဇ်ကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သစ္စကပရိဗိုဇ်သည် ရှေးဆိုအပ်ပြီးသောအတိုင်း ပဌမနေ့၌ မိမိအယူဝါဒ ရှုံး၍ သွားပြီးသည်နောက် တစနေ့သောအခါ တဦးတည်းလာခရောက်၍ မြတ်စွာ ဘုရားဆွမ်းခံကြွတော်မူခါနီး အချိန်ဝယ် ဝေသာလီပြည် မဟာဝုန်တော ဘုရား ရှိရာအရပ်သို့လာရောက်ပြီးလျှင် **ကာယဘာဝနာ စိတ္တဘာဝနာ** ဟူ၍ ဘာဝနာ နှစ်ပါးရှိကြောင်း၊ ဤလောကဝယ် ကာယဘာဝနာကိုသာပွါး၍ စိတ္တ-ဘာဝနာ မပွါးလျှင် ကာယိကဒုက္ခနှင့်တွေ့သောအခါ ဆင်းရဲကြီးစွာဖြစ်တတ် ကြောင်း။ စိတ္တဘာဝနာကိုသာလျှင်ပွါး၍ ကာယဘာဝနာကို မပွါးရလျှင် စေတသိကဒုက္ခနှင့်တွေ့ကြုံသောအခါ ဆင်းရဲကြီးစွာဖြစ်ရကြောင်း။

အရှင်ကြီးဂေါတမ၏ တပည့်သား သာဝကတို့မှာမူ ကာယဘာဝနာ စိတ္တဘာဝနာနှစ်ပါးတို့တွင် စိတ္တဘာဝနာကိုသာ ပွါများပုံရကြောင်းဖြင့် ဤသာသနာတော်ဝယ် မြတ်စွာဘုရားတို့၏ တပည့်သား သာဝကတို့ကို ထိပါးပုတ်ခတ်၍ ကာယဘာဝနာ စိတ္တဘာဝနာနှစ်ပါးနှင့်စပ်သောစကားကို ပြောကြားပါသည်၊ ဤသို့သောအကြောင်းအဋ္ဌုပ္ပတ်ကြောင့် ဤမဟာသစ္စက သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါ သည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော ဘဂဝါ သစ္စကံ နိဂဏ္ဌပုတ္တံ ပဋိပုစ္ဆိတ္ဝာ ဘာဝနာ-ဒ္ဝယံ ဝိဘဇ္ဇ ကထေသိ။

ဝိဿဇ္ဇန။ ။အထ ခေါ ဘဂ္ဂေ ဘဂဝါ "ကိန္တိ ပန တေ အဂ်ိဝေဿန ကာယ-ဘာဝနာ သုတာ" တိ ဧဝမာဒိနာ သစ္စကံ နိဂဏ္ဌပုတ္တံ ပဋိပုစ္ဆိတ္ဝာ၊ ကထဉ္စ အဂ်ိဝေဿန အဘာဝိတကာယော စ ဟောတိ အဘာဝိတစိတ္တော စ ဧဝမာဒိနာ ဘာဝနာဒ္ဝယံ ဝိဘဇိတ္ဝာ ဗျာကာသိ။

အမေး။ ။ထိုသို့ နိဂဏ္ဌ၏သားဖြစ်သော သစ္စကပရိဗိုဇ်က မြတ်စွာဘုရား၏တပည့်သားဖြစ်သော ရဟန်းတော်တို့နှင့်စပ်လျဉ်း၍ ကာယဘာဝနာကို မပွါးများဘဲ စိတ္တဘာဝနာကို ပွါးများသည် ဟု ဤသို့ပြောဆိုသောအခါ ကာလဝယ် မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကို ကာယဘာဝနာ စိတ္တဘာဝနာတို့၏ အကြောင်းကို တဘန်ပြန်၍ မေးမြန်းတော်မူ၍ ပြီးလျှင်၊ ထိုကာယဘာဝနာ စိတ္တဘာဝနာနှစ်ပါးကို အဘယ်သို့လျှင် ဝေဘန်၍ ဟောကြားတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့ သစ္စကပရိဗိုဇ်၏ ဘာဝနာနှစ်ပါးနှင့်စပ်၍ သာသနာတောင်ကိုထိခိုက်၍ လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားသည် "ကိန္တိ ပန တေ အဂ္ဂိဝေဿန ကာယဘာဝနာ သုတာ" အစရှိသည်ဖြင့် အဂ္ဂိဝေဿန အနှယ်၌ဖြစ်သော အသင်သစ္စကပရိဗိုဇ်....အသင်သည် ကာယဘာဝနာကို အဘယ်သို့ ကြားဘူး မှတ်ဘူးပါသနည်း ဟု မေးမြန်းသောအခါ သစ္စကပရိဗိုဇ်သည် နန္ဒ, ကိသ, မက္ခလိဂေါသာလ အစရှိသော ပဂ္ဂိုလ်တို့၏ အစေလက(အဝတ်မဝတ်သော)အကျင့်ကိုပင်လျှင် ကာယဘာဝနာအနေဖြင့် မြတ်စွာဘုရားအား လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက တဖန်တက်၍ စိတ္တဘာဝနာကို မေးမြန်းသောအခါမှာမူကား စိတ္တဘာဝနာကို လုံးဝပင်မပြောဆိုနိုင်ဘဲရှိပါသည်၊ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက——

သစ္စကပရိဗိုဇ်၊ ရှေးသင်ဖြေခဲ့သော ကာယဘာဝနာပင်လျှင် ဤသာသနာတော်ဝယ် အရိယမဂ္ဂင် ယထာဘူတ နေရောကျသော ကာယဘာဝနာမဟုတ်ချေ၊ ယထာဘူတ နေရောကျဖြစ်သော ကာယဘာဝနာကိုမျှ မသိသော အသင်သစ္စကပရိဗိုဇ်သည် အဘယ်မှာလျှင် စိတ္တဘာဝနာကို သိနိုင်ပါအံ့နည်း ဟု မိန့်ကြားတော်မူပြီးလျှင်၊ ကာယဘာဝနာ စိတ္တဘာဝနာကို မပွါးများရပုံ ကာယဘာဝနာ စိတ္တဘာဝနာပွါးပြီးသော ပဂ္ဂိုလ်တို့၏ ဖြစ်ပုံအလားကို အကျယ်တဝင့် ဖွင့်ပြတော်မူပုံမှာ (**ဤအရာ၌ ကာယဘာဝနာ ဟူသည်မှာ ဝိပဿနာဘာဝနာကိုဆိုလိုပါသည်၊စိတ္တဘာဝနာ ဟူသည်မှာ သမထဘာဝနာ သမာဓိဘာဝနာကို ဆိုလိုပါသည်**)

သစ္စကပရိဗိုဇ်....ဤလောကဝယ် အခြို့သော ပညာမဲ့သော အသုတဝါ ပုထုဇဉ်ပဂိုလ်သည် ကောင်းသော ဣဋ္ဌာရုံကို တွေ့ရှိသောအခါ သုခဝေဒနာကို ခံစားရသည်၊ ထိုသို့ သုခဝေဒနာကို ခံစားရသောအခါ ထိုသုခဝေဒနာ၌ပင် လျှင် သာယာတပ်မက်၍ နေသည်၊ ထိုသုခဝေဒနာသည် ခဏတွယ သမဂ်ီ မျိုးဖြစ်၍ ဥပါဒ်ဋ္ဌီဘင် ခဏငယ် သုံးချက်စေ့လျှင် ချုပ်ပျောက်၍ သွားသည်၊ ထို့နောက် ဘဝင်ခြားကာ ဇောဝါရ ဝီထိခြားကာ ဒုက္ခဝေဒနာ အကြောင်း အားလျော်စွာ ရောက်၍လာသော အခါ၌လည်း၊ ထိုဒုက္ခဝေဒနာကို အကြောင်းပြု၍ စိုးရိမ်ခြင်း ပင်ပန်းခြင်း ငိုကြွေးခြင်း ရင်ပတ်စည်တီးမြည် တမ်းခြင်း ပြင်းစွာ တွေဝေခြင်းသို့ ရောက်ရှိရသည်။

သစ္စကပရိဗိုဇ်....ထိုသို့ဖြစ်သောပဂိုလ်၏ စိတ်သန္တာန်ဝယ် ဖြစ်ပေါ် သမျှ သောသုခဝေဒနာတို့သည် ထိုပဂိုလ်တို့၏ ကုသိုလ်စိတ်အလုံးစုံတို့ကို ကုန်စေ ခန်းစေ ကြွမ်းစေ၍ တည်ကြသည်၊ အကြောင်းသော်ကား စိတ္တဘာဝနာကို ပွါး၍ ကာယဘာဝနာကို မပွါးရသောကြောင့်ဖြစ်ပေသည်၊ သို့ဖြစ်ပေါ် လာသော ဒုက္ခဝေဒနာတို့သည်လည်း ထိုသို့သဘောရှိသော ပဂိုလ်၏ ကုသိုလ် စိတ်တို့ကို ထက်ဝန်းကျင် ကုန်စေ ခန်းစေ ကြွမ်းစေ၍ တည်စေနိုင်ပေသည် အကြောင်းသော်ကား သမာဓိဘာဝနာ စိတ္တဘာဝနာကို မပွါးရသော ကြောင့် ဖြစ်သည်။

စိတ္တဘာဝနာတည်းဟူသော သမာဓိဘာဝနာ ကာယဘာဝနာတည်း ဟူသော ဝိပဿနာဘာဝနာ နှစ်ပါးကို ပွါးများပြီးသော သုတဝါ ပုထုဇဉ် ပဂိုလ်အား ဣဋ္ဌာရုံနှင့်တွေ့ဆုံ၍ သုခဝေဒနာဖြစ်သော အခါလည်း ထို သုခဝေဒနာကိုတပ်မက်ခြင်း တွယ်တာခြင်း စွဲလမ်းခြင်းမရှိ၊ ထိုသုခဝေဒနာ ချုပ်ပျောက်ပြီးသည့်နောက် ဘဝင်ခြားကာ ဇောဝါရဝီထိခြားကာ ဒုက္ခ ဝေဒနာသို့ရောက်သော်လည်း ထိုဒုက္ခဝေဒနာအပေါ်ဝယ် စိုးရိမ်ခြင်း ပင်ပန်း ခြင်း ငိုကြွေးခြင်း ရင်ပတ်စည်တီးမြည်ဘမ်းခြင်း ဟူ၍ လုံးဝမရှိ၊ ပြင်းစွာ တွေဝေခြင်းသို့မရောက်၊ထိုသို့သဘောရှိသော ပဂိုလ်အား ဖြစ်ပေါ် သမျှသော သုခဝေဒနာတို့သည် ထိုပဂိုလ်၏ ကုသိုလ်စိတ်ကို ထက်ဝန်းကျင် သိမ်းကျုံး ယူငင်ကာ ကုန်စေ ခန်းစေ ကြွမ်းစေ၍ မတည်နိုင်၊ အကြောင်းသော်ကား ကာယဘာဝနာဖြစ်သော ဝိပဿနာဘာဝနာကို ပွါးများပြီးဖြစ်သောကြောင့် တည်း၊ ထိုသို့သဘောရှိသော ပဂိုလ်၏စိတ်ကို ဒုက္ခဝေဒနာတို့သည် ကုန်စေ

ခန်းစေ ကြွမ်းစေ၍ ထက်ဝန်းကျင်လောင်မြိုက်၍ မတည်နိုင်၊ အကြောင်း သော်ကား သမာဓိဘာဝနာတည်းဟူသော စိတ္တဘာဝနာကို ပွါးများပြီးဖြစ် သောကြောင့်တည်း ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ သစ္စကပရိဗိုဇ်က "အရှင်ကြီးဂေါတမမှာမူ ကာယဘာဝနာ စိတ္တဘာဝနာနှစ်ပါးကို အကြွင်းမဲ့ကုန်စင် ပွါးများပြီးဟူ၍ အကျွန်ုပ်သည် အရှင်ကြီးဂေါတမအပေါ်၌ ယုံကြည်ပါသည်ဟု" လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားက —

အိုသစ္စကပရိဗိုဇ်....သင်သည်ငါဘုရားအား ထိပါး၍ငင်း ဂုဏ်တော်တို့ကို ရောက်အောင် မြွှင့်ဆောင်၍ ငင်း ပြောပါပေသည်၊ စင်စစ်သော် ငါဘုရား သည် ယထာဘူတ ဟုတ်မှန်တဲ့အတိုင်း ဘုံဘုံ ရှင်းရှင်း ဝန်ခံရပါမူ အကြင် အခါမှစ၍ ငါဘုရားသည် ရဟန်းအဖြစ်သို့ရောက်ခဲ့၏၊ ထိုအခါမှစ၍ သုခ ဝေဒနာသည်လည်း ငါဘုရား၏ စိတ်ကို ထက်ဝန်းကျင် ကုန်ဖစ ခန်းစေ ကြွမ်းစေ၍ တည်နိုင်ရန် ဒုက္ခဝေဒနာသည်လည်း ငါဘုရား၏ ကုသိုလ်စိတ် ကောင်းမှန်မြွှင့်မြတ်သော အပြစ်ကင်းသော စိတ်ကို့ကို ထက်ဝန်းကျင် ကုန်စေ ခန်းစေ ကြွမ်းစေ၍ တည်နိုင်ဘို့ရန် အကြောင်းမရှိပါ ဟု သဗ္ဗညုမြတ်စွာ ဘုရားသည် ဘာဝနာနှစ်ပါးကို ခဲ့ခြင်း စိတ်ဖြာ ဟောပြတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အထ ခေါ အာဝုသော သစ္စကော နိဂဏ္ဌပုတ္တော ဘဂဝန္တံ ကိံ ပစနံ အဝေါစ၊ ကထဉ္စ ဘဂဝါ ပဓာနကာလေ အတ္တနာ-အနုဘူတပုဗ္ဗာ ပရမုက္ကံသဂတာ သုခဒုက္ခဝေဒနာယော ပကာ-သေသိ၊ ယာပိ ဘဂဝတော စိတ္တံ နပရိယာဒါယ အဋ္ဌသု။

ဝိဿဇ္ဇနာ။ ။အထ ခေါ ဘဂ္ဂေ သစ္စကော နိဂဏ္ဌပုတ္တော ဘဂဝန္တံ ဧတဒဝေါစ "နု ဟိ နူနု ဘောတော ဂေါတမဿ ဥပ္ပဇ္ဇတိ၊ တထာရူပါ သုခါဝေဒနာ၊ ယထာရူပါ ဥပ္ပန္နာ သုခါဝေဒနာ စိတ္တံ ပရိယာဒါယ တိဋ္ဌေယျ၊ နု ဟိ နူနု ဘောတော ဂေါတမဿ ဥပ္ပဇ္ဇတိ တထာရူပါ ဒုက္ခာ ဝေဒနာ၊ ယထာရူပါ ဥပ္ပန္နာ ဒုက္ခာ ဝေဒနာ စိတ္တံ ပရိယာဒါယ တိဋ္ဌေယျာ"တိ အထ ခေါ ဘဂဝါ "ကိံ ဟိ နော သိယာ အဂ္ဂိဝေဿန၊ ဣမ

မေ အံဂိုဝေဿေန ပုဗ္ဗေ သမ္မောဓာ အနဘိသမ္ဘုဒ္ဓဿ ဗောဓိ-
သတ္တဿေ သတော တေဒဟောသိ၊ ဝေမာဒိနာ ဘန္တေ
ဘဂဝါ ပဓာနကာလေ အတ္တနာနုဘူတပုဗ္ဗာ ပရမုက္ကံသဂတာ
သုခဒုက္ခဝေဒနာယော ဝိတ္ထာရေန ပကာသေသိ၊ ယာပိ
ဘဂဝတော စိတ္တံ နာ ပရိယာဒါယ အဋ္ဌံသု။

အမေး။ သဗ္ဗညုမြတ်စွာဘုရားသခင်က မိမိ၏စိတ်နှလုံးကို လွှမ်းမိုး
နိုင်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဟူ၍ မရှိကြောင်းကို မိန့်တော်မူသော
အခါ ကာလဝယ် သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရားအား အဘယ်သို့သော
စကားကို လျှောက်ထားပြန်ပါသနည်း။ မြတ်စွာဘုရားသခင်ကလည်း မိမိ၌
တရားအားထုတ်စဉ်အခါကာလ၌ ဖြစ်ခဲ့ဘူးသော ဒုက္ခဝေဒနာတို့ကိုဂုဏ်း၊ သုခ
ဝေဒနာတို့ကိုဂုဏ်း ဖော်ပြ၍ ထိုသုခဝေဒနာ ဒုက္ခဝေဒနာ အလှန်အကဲအဖြစ်
အမြတ်ဆုံးတို့ပင်သော်လည်း မိမိ၏စိတ်ကို မလွှမ်းမိုးနိုင်ကြောင်းကို အဘယ်
သို့လျှင် ဖော်ပြ၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ထိုအခါ သစ္စကပရိဗိုဇ်သည် သဗ္ဗညုမြတ်စွာဘုရားကို "အို
အရှင်ကြီးဂေါတမ....အရှင်ကြီးဂေါတမအား စိတ်နှလုံးကို ကုန်စေ ခန်းစေ
ကြွမ်းစေလောက်အောင် သုခဝေဒနာ မဖြစ်ခဲ့ဘူးဘူးထင်ပါ၏။ အရှင်ကြီး
ဂေါတမ၏ စိတ်နှစ်လုံးကို ထိခိုက်လောက်အောင် ဒုက္ခဝေဒနာ မဖြစ်ခဲ့ဘူးဘူး
ထင်ပါ၏"ဟူ၍ လျှောက်ထားသောအခါ——

သဗ္ဗညုမြတ်စွာဘုရားက ကိုံ ဟိ နော သိယာ အဂိုဝေဿန-အစရှိ
သည်ဖြင့် အဂိုဝေဿန အနှယ်၌ဖြစ်သော သစ္စကပရိဗိုဇ်....အဘယ်မှာလျှင်
မဖြစ်ဘူးဘဲရှိပါအံ့နည်း၊ ငါဘုရားသည် ငယ်ရွယ်စဉ် သက်တော် နှစ်ဆယ်
ကိုးနှစ်ကပင် ရဟန်းပြု၍ အာဠာရ-ဥဒက ရသေ့နှစ်ပါးတို့အထံဝယ် အာကိဉ္စ-
ညာယတနစျာန် နေဝသညာနာသညာယတနစျာန်တိုင်အောင် တရားအား
ထုတ်၍ ထိုအာကိဉ္စာယတန နေဝသညာနာသညာယတနတို့သည်လည်း
နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းမဟုတ်သည်ကို သိမြင်၍ အာဠာရ-
ဥဒကကို အထံမှ ဖဲခွဲပြီးလျှင် ဥရုဝေလတောအုပ်သို့ ရောက်ရှိ၍ ပဓာနအလုပ်
ကို အားထုတ်အံ့သောဌာ ငါနေသောအခါ၌ ငါဘုရား၏ဉာဏ်ဝယ် ဥပမာသုံး
မျိုးထင်၍ လာပေသည်။

(၁) ပဌမ ဥပမာမှာ စိုစွတ်သော ထင်းလည်းဖြစ်သည် ရေထည်းမှာလည်း စိမ်၍ထားသည်၊ ထိုသို့စိုစွတ်၍ ရေထည်းမှာ စိမ်၍ထားသောထင်းကို ဘယ်နည်းနှင့်မျှ မီးတိုက်သော်လည်း မီးမဖြစ်နိုင်ဘိသကဲ့သို့၊ အဇ္ဈတ္တသန္တာန်ဝယ် ကာမစ္ဆန္ဒ တရားကိုလည်းမပယ်ရှားရသေး၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့မှလည်း ဆိတ်ငြိမ်ရာမှာ မနေသေးဘဲ နှင့်ဘယ်နည်းနှင့်မျှ ထိုကာမံတရားတို့မှ လွတ်မြောက်ရာကို မရောက်နိုင်အားမထုတ်နိုင်ကြောင်း။

(၂) ဒုတိယ ဥပမာမှာ ရေလွတ်ရာမှာပင်ထားသော ထင်းပင်ဖြစ်စေ စိုစွတ်၍နေပါမူကား မီးတိုက်၍ မရနိုင်သကဲ့သို့၊ ထို့အတူပင် အာရုံငါးပါး ကာမဂုဏ်တရားတို့မှ ဆိတ်ရာအရပ်၌ တောခေါင်ခေါင် အရပ်၌ နေစေကာမူလည်း အဇ္ဈတ္တသန္တာန်ဝယ် ကာမစ္ဆန္ဒတရားကို မပယ်ရှားရပါမူကား ဥာဏ်အမြင် တည်းဟူသော မီးပွင့်ကို မဖြစ်စေနိုင်ကြောင်း။

(၃) တတိယ ဥပမာမှာမူ သွေ့ယောင်းခြောက်သော ထင်းလည်းဖြစ်စေရမည်၊ ကြည်းခေါင်ခေါင်အရပ်မှာလည်း ထားအပ်သော ထင်းလည်း ဖြစ်စေရမည်၊ ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံ ညီညွတ်ပါမူကား အလွယ်တကူ မီးကို ဖြစ်စေနိုင်ဘိသကဲ့သို့၊ ထို့အတူပင်လျှင် ဝတ္ထုအာရုံ ကာမဂုဏ်တို့မှ ဆိတ်၍ငုင်း မိမိ၏အဇ္ဈတ္တသန္တာန်ဝယ် ကာမစ္ဆန္ဒတရားတို့မှ ဆိတ်၍ငုင်း သူတော်ကောင်းတရားကို အားထုတ်ပါမူ အသိဉာဏ်တည်း ဟူသော မီးအလင်းရမည် ဟု တတိယ ဥပမာထင်ပေသည်။

သစ္စကပရိဗိုဇ်....ထို့အခါဝယ် ငါဘုရားသည် ဤခန္ဓာကိုယ်အတွင်းဝယ် ပဓာနအလုပ် ပြင်းစွာအားထုတ်လုပ်ကိုင်ခဲ့ပေသည်၊ အံသွားကိုကြိတ် အာကိုပင်နှိပ်၍ အကုသိုလ်စိတ်ဖြစ်ဖြစ်သမျှတို့ကို ကုသိုလ်စိတ်ဖြင့် နှိပ်ခဲ့ပေသည်၊ အပြင်းအထန်နှိပ်ခဲ့သောအခါ ငါဘုရား၏ ကိုယ်ခန္ဓာမှ ချွေးများပင် ဒီးဒီးကျခဲ့ပေသည်၊ ထို့အခါဝယ် ငါဘုရား၏လုံ့လဝီရိယကား မလျှော့သော ဇဲလုံ့လ မဆုတ်နစ်သောဝီရိယပင် ဖြစ်ခဲ့ပေသည်၊ သတိလည်း မြဲမြံခိုင်ကျည်လျက်ရှိပေသည်၊ ရူပကာယမှာမူကား ပင်ပန်းနွမ်းနယ် ဆင်းရဲလှပေသည်၊ သို့စဉ်တမျှ ဆင်းရဲလှသော ဒုက္ခဝေဒနာတို့ပင်သော်လည်း ငါဘုရား၏ ကုသိုလ်စိတ် ငါဘုရား၏ဘာဝနာစိတ်ကို ကုန်စေ ခန်းစေ ကြွမ်းစေ၍ မတည်နိုင်ခဲ့ပေ။

အဂ္ဂိဝေဿနအနှယ်၌ဖြစ်သော သစ္စကပရိဗ္ဗိဇ်....ငါဘုရားအား ဤသို့ အကြံဖြစ်ပြန်ပါသည်၊ အာနာပါနတို့ကို အောင့်ချုပ်သော အပ္ပါနကစျာန်ကို တဖန်ပြန်၍ ငါသည် ကြိုးစားအံ့ ဟု တဖန်ဖြစ်ပြီးလျှင် ခံတွင်းမှဌင်း နှာခေါင်းမှဌင်း အာနာပါနတို့ကို ချုပ်စေသောအခါ အောင့်ချုပ်၍ ထားသော အခါ ထွက်ပေါက်ကိုမရသော အာနာပါနတို့သည် ရှေ့ပန်းတိမ်သည်၏ ပန်းဘဲဖို့မှ ပြင်းစွာသော အသံကဲ့သို့ ငါဘုရား၏ နားတော်အလျှင်နှစ်ခုမှ ပြင်းစွာသော အသံတို့ဖြစ်ပါသည်၊ ထိုအခါမှာလည်း ငါဘုရား၏ လုံ့လဝီရိယကား မဆုတ်မနစ်ခိုင်မြဲလျက်ရှိပေသည်၊ သတိတော်သည်လည်း ခိုင်ကျည်လျက်ရှိပေသည်၊ ရှုပကာယမှာမူ ပြင်းစွာပူပန်နွမ်းနယ်လျက်ရှိပေသည်၊ သို့စဉ်က လောက်ရောက်သောဒုက္ခဝေဒနာများပင်သော်မှ ငါဘုရား၏ စိတ်နှလုံးကို ယူကျုံးဆွဲဆောင် ကုန်စေ ခန်းစေ ကြွမ်းစေ၍ မတည်နိုင်ခဲ့ပါ။

အဂ္ဂိဝေဿန....ထို့ငါဘုရားအား တဖန် ဤသို့ အကြံဖြစ်ပြန်ပါသည် အာနာပါနကိုအောင့်ချုပ်၍ ထားသော အပ္ပါနက ပဓာနအလုပ်ကိုပင် တဖန် အားထုတ်ရန် ဆုံးဖြတ်တော်မူပြီးလျှင် နှာခေါင်းကိုဌင်း ခံတွင်းကိုဌင်း နားအလျှင်နှစ်ဘက်တို့ကိုဌင်း ထိုအရပ်ဌာနတို့မှ အာနာပါန မထွက်ရအောင် အောင့်ချုပ်၍ထားခဲ့ပါသည်၊ ထိုအခါထွက်ပေါက်မရသော အာနာပါနတို့သည် ငါဘုရား၏ဦးထိပ်သို့ ပြင်းထန်စွာ တုံးဝှေ့သဖြင့်ကြီးစွာသော ဒုက္ခဝေဒနာဖြစ်သောအခါ၌ဌင်း၊ နောက်တဖန်ဝယ် ထိုအာနာပါနတို့သည် ထွက်ပေါက်မရသဖြင့် ငါဘုရား၏ ဦးထိပ်သို့တိုးဝှေ့သဖြင့် ပြင်းစွာဦးယဉ်းခေါင်းခဲဝေဒနာစံခဲ့သည်ကိုဌင်း၊ ထို့မတပါး အာနာပါနတို့သည် ထွက်ပေါက်ကိုမရသဖြင့် ငါဘုရား၏ ဝမ်းတော်ကို အပြင်းအထန် ထိုးကျင်သဖြင့် ဖြစ်ပေါ်သောဒုက္ခဝေဒနာ ငါဘုရား၏တကိုယ်လုံး ပူရှိန်သဖြင့် အပြင်းအထန်ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာများပင်သော်မှလည်း ငါဘုရား၏ စိတ်နှလုံးကို ကုန်စေ ခန်းစေ ကြွမ်းစေ၍ မတည်နိုင်ပါ။

ထိုအခါမှာလည်း ငါဘုရား၏ သမ္မပ္ပဓာန်လုံ့လဝီရိယကား မလျော့ဘဲ အမြဲတစေတင်းလျက်ရှိပေသည်၊ သတိတော်လည်း အမြဲတစေခိုင်ကျည်လျက်ရှိပေသည်၊ ထိုအချိန်ဝယ် အချို့သောနတ်တို့သည်ကား ရဟန်းကြီးဂေါတမသည် သေပြီ ဟူ၍ ထင်ကြသည်။ အချို့ကားသေပြီမဟုတ်သေးယခုမှ သေမလို့ ဟူ၍ ထင်ကြသည်၊ အချို့ကဲ့သေလည်းသေပြီမဟုတ်.

သေမည်ဆဲဆဲလည်းမဟုတ်ပါ ဤသည်ပင် ဘုရားတို့၏ နေခြင်းပင်ဖြစ်သည်ဟု ပြောဆိုကြပါသည်။

အဂ္ဂိဝေဿနအနှယ်၌ဖြစ်သော သစ္စကပရိဗိုဇ်....ထိုငါဘုရားအား ဤသို့အကြံဖြစ်ပြန်ပါသည်၊ ငါသည် အာဟာရကိုဖြတ်တောက်အံ့ ဟု အကြံဖြစ်သောအခါ နတ်ဗြဟ္မာအပေါင်းတို့ ဝိုင်းဝန်း၍ "အလောင်းမင်းသား အကယ်၍ အာဟာရကိုဖြတ်ပါမူ မွေးညှင်းတို့မှပင် အကျွန်ုပ်တို့သည် နတ်ဩဇာကို သွင်းရမည်ဖြစ်ပါသည်၊ သို့နတ်ဩဇာဖြင့် အလောင်းမင်းသားသည် မျှတရလိမ့်မည့်အကြောင်း" ပြောသောအခါ မသင့်လျော်သည်ကို တွေးမြင်ဆင်ခြင်မိသဖြင့် ငါဘုရားသည် အနည်းငယ် တလက်စွမ်းမျှသော ပဲနောက်ရည် ပဲပြုတ်ရည် ကုလားပဲပြုတ်ရည်စသည်တို့ကို မြိုဝဲသုံးစွဲခဲ့ပါသည်။ သို့အနည်းငယ်မျှသော အစာအာဟာရကို သုံးစွဲခြင်းကြောင့် ငါဘုရား၏ ရူပကာယ အရိုးအဆစ်တို့သည် အသက်ရှူစ်ဆယ် ကိုးဆယ် အရွယ်ပုဂ္ဂိုလ်ကဲ့သို့ အဆစ်ငေါငေါထခဲ့ပါပြီ။ ဤသို့လျှင်ငါဘုရား၏တကိုယ်လုံး ရစရာမရှိအောင်ချုံး၍ နေသောအခါ ကြီးစွာသော ဒုက္ခဝေဒနာတို့ ဖြစ်သော်လည်း ငါဘုရားအား တည်ကြည်သော သမာဓိ မြဲခိုင်သော ဇွဲလုံလ ဝီရိယတို့ ခိုင်ကျည်သောသတိတို့ အမြဲတစေ ရှိလျက်နေပေသည်။

ထိုအခါ ငါဘုရား၏ သန္ဓာန်ဝယ် ဤသို့သော စိတ်အကြံဖြစ်ပါပေသည်၊ ကာလသုံးပါးဝယ် ဖြစ်ပေါ်ပြီး ဖြစ်ပေါ်ဆဲဖြစ်ပေါ်လတ္တံ့သော ရဟန်းပုဏ္ဏားအမည်ခံပုဂ္ဂိုလ်တို့သည် ငါထက်လွန်၍ သြပက္ကမိုက ဒုက္ခဝေဒနာကို ခံစားနိုင်ဘွယ်ရာမရှိ၊ အကယ်၍ ဤသြပက္ကမိုကဒုက္ခဝေဒနာဖြင့် သဗ္ဗညုတဉာဏ်ကို ရမည်ဆိုလျှင် ရနိုင်လောက်ပြီ၊ ဤသည်ကား သဗ္ဗညုကဉာဏ်ကို ရရာရကြောင်း လမ်းကောင်း မဟုတ်ချေ၊ ငယ်ရွယ်စဉ်အခါ ခမည်းတော် လယ်ထွန်မင်္ဂလာ ပြုစဉ်ကာလက ငါဝင်စား ပွါးများအားထုတ်ခဲ့ရသော မစ္ဆိမာပဋိပဒါ စျာန်လမ်းကြောင်းသည်ပင်လျှင် သဗ္ဗညုတဉာဏ်ကို ရဘို့ရန် လမ်းကြောင်း စင်စစ်ဖြစ်သည်ဟု တွေးတော ဆင်ခြင်မိပြီးလျှင် သို့တပြီးကား "ငါသည် ဤပိန်ချုံးသော ရူပကာယဖြင့် မစ္ဆိမာပဋိပဒါကို အားထုတ်နိုင်မည်မဟုတ်ချေ၊ ရှေ့တဆင့်တိုး၍ မစ္ဆိမာပဋိပဒါကို ကြိုးစားအားထုတ်နိုင်ရန် အလို့ငှါ ထမင်း မုယောမုံ့ တို့ကို စားအံ့" ဟု ဆုံးဖြတ်၍ ထမင်းမုယောမုံ့တို့ကို စားခဲ့ပါသည်၊ ထိုအခါ ပဉ္စဝဂ္ဂိငါးဦးတို့သည်—

ဗာဟုလ္လိကော သမဏော ဂေါတမော ပဓာနဝိဗ္ဘန္တော အစရှိသည် ဖြင့် ရဟန်းကြီးဂေါတမသည် ဗာဟုလ္လအလုပ် ပစ္စည်းလေးပါး ဆွမ်း ပစ္စည်း ဘက်သို့လဲ၍ သွားချေပြီ၊ပဓာနအလုပ်မှ ရွေ့ခဲ့လျှောခဲ့လေပြီ” ဟု ငါဘုရားကို စွန့်လွှတ်၍ သွားကြပါသည်။

သစ္စကပရိဗိုဇ်....ငါဘုရားသည် ဤသို့ ဆွမ်း မုယောမုံတို့ကို မှီဝဲသုံးစွဲ ကာဖြင့် ရူပကာယအင်အားကို ယူပြီးလျှင် နောက် တခါန်ဝယ် ပဌမစျာန်ကို ဝင်စားသောအခါ ဝိဝေကဇာပီတိနှင့် ယှဉ်သော ချမ်းသာ သုခကို ရခဲ့ပါသည်၊ ထိုပဌမစျာန်ချမ်းသာသည်လည်း ငါဘုရား၏ စိတ်နှလုံးကို ကုန်စေ ခန်းစေ ကြွမ်းစေ၍ လောဘဘက်ဆွဲလျက်တည်နေခြင်းမပြုနိုင်ပေ။

ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး အဆုံးဝယ် အာသဝက္ခယညာဏ်တိုင်အောင် ရသဖြင့် သုခဝေဒနာကို ငါဘုရား ရရှိခဲ့ပေသည်။ အနုတ္တရ သုခဝေဒနာကို ခံစားရသော်လည်း၊ ထိုအနုတ္တရသုခ ဝေဒနာသည် ငါဘုရား၏ ကောင်းမှု ကုသိုလ်စိတ် အပြစ်ကင်းမဲ့သော စိတ် နှလုံးကို ကုန်စေ ခန်းစေ ကြွမ်းစေ နိုင်သည် မဟုတ်ပေဟု သဗ္ဗညုမြတ်စွာ ဘုရားသည် ပဓာနအလုပ် အားထုတ်တော် မူစဉ်ကာလက ကိုယ်တော်တိုင် ခံစားခဲ့ရသော ကိုယ်တော်၏ စိတ်ကို မကုန်စေ မခန်းစေ မကြွမ်းစေနိုင်သည့် လွန်ကဲသော အထွတ်အထိပ်သို့ရောက်သော သုခ ဒုက္ခဝေဒနာတို့ကို စိတ်ဖြာ ခဲ့ခြား ဟောကြားတော်မူခဲ့ပါသည်အရှင်ဘုရား။

မဟာသစ္စကသုတ် ပြီး၏

စူဠတဏှာသင်္ခယသုတ်

ပုဏ္ဏာ။ ။တေနာဝုသော ဘဂဝတာ ဇာနတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန စူဠ-တဏှာသင်္ခယသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သက္ကံ ဒေဝါနမိန္ဒံ အာရဗ္ဘ ဘာသိတံ။ သက္ကော ဘန္တေ ဒေဝါနမိန္ဒော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ဧတဒဝေါစ “ကိတ္တာဝတာနုခေါ ဘန္တေ ဘိက္ခု သံခိတ္တေန တဏှာသင်္ခယဝိမုတ္တော ဟောတိ အစ္စန္တနိဋ္ဌော အစ္စန္တယော-

ဂကွေမီ အစ္စန္တဗြဟ္မစာရီ အစ္စန္တပရိယောသာနော သေဋ္ဌော ဒေဝမနုဿာန"န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် တဏ္ဍာကုန်ရာနိဗ္ဗာန်၌ ဆိုက်ရောက်၍ ကိလေသာမှ လွတ်မြောက်သော ရဟန္တာပုဂ္ဂိုလ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော အကျင့်ပဋိပတ် နည်းလမ်းကို အကျဉ်းအားဖြင့် ဖော်ပြရာဖြစ်သောကြောင့် စူဋ္ဌတဏ္ဍာသခ်ယမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ ပါသနည်းငါ့ရှင်။

အဖြေ။ သာဝတ္ထိပြည်အရပ်ဝယ် နတ်တို့ကို အစိုးရသော သိကြားမင်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ တာဝတိံသာ နတ်ပြည်၌ သိကြားမင်းသည် ဧကပုဏ္ဍရီက အမည်ရသော ဥယျာဉ်ဝယ် နတ်သဘင်ပျော်မြူးရန် စီမံဆဲဖြစ်ပါသည်၊ ထို ဧကပုဏ္ဍရီကအမည်ရသော ဥယျာဉ်အဝသို့ရောက်လျှင်ရောက်ခြင်း သိကြားမင်း၏ စိတ်သန္တာန်ဝယ် ဤသို့သောအကြံအစည်ဖြစ်ပါသည်။

ဘယ်မျှသော အတိုင်းအရှည်ဖြင့် အကျဉ်းချုပ်အားဖြင့် မြတ်စွာဘုရား၏ တပည့်သားသာဝကဖြစ်သော ရဟန်းတော်သည် တဏ္ဍာ၏ ကုန်ရာဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်နိဗ္ဗာန်၌ အာရုံပြုသော အားဖြင့် ခပ်သိမ်းသော ကိလေသာဝဋ္ဌတို့မှ ကျွတ်လွတ်၍ နေရပါ နည်းဟု

အကြံအစည်ဖြစ်သောအခါ နတ်သဘင် အစည်းအဝေးပြီးမှ ဘုရားထံမှောက်သို့ သွားရောက်၍ လျှောက်လိုပါသော်လည်း များစွာသော အာရုံကာမဂုဏ်တို့၏ ဖုံးပိတ်အုပ်လွှမ်းချက်ကြောင့် ထိုလေးနက်သော ပုစ္ဆာပြဿနာကို မေ့လျော့မည်ကို စိုးခန့်သဖြင့် နတ်တို့ကို အစိုးရသော သိကြားမင်းသည် ပုဏ္ဍရီက ဥယျာဉ်ဝဝယ် စတုမဟာရာဇ်နတ်မင်းကြီး အစရှိသော နတ်ပရိသတ်တို့ကိုထားခဲ့၍ ကိုယ်တိုင်ပင် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း ဘုရားရှင် ထံမှောက်သို့ လာရောက်ပြီးလျှင်

ကိတ္တာဝတာ နု ခေါ ဘန္တေ ဘိက္ခု သံခိတ္တေန တဏှာသခ်ယ-
ဝိမုတ္တော ဟောတိ အစ္စန္တနိဋ္ဌော အစ္စန္တယောဂက္ခေမီ အစ္စန္တပြဟ္မစာရီ
အစ္စန္တပရိယောသာနော သေဋ္ဌော ဒေဝမနုဿာနံ-ဟု

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....
အကျဉ်းချုပ်အားဖြင့် အဘယ်မျှသော အကျင့်ပဋိပတ် အတိုင်းအရှည်ဖြင့်
သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တအမျိုးကောင်းသား ရဟန်းတော်သူမြတ်သည် စင်စစ်
လျှင် ရဟန်းကိစ္စပြီးသည်ဖြစ်၍ စင်စစ်လျှင် ယောဂလေးတန် ကုန်ရာမှန်သည့်
နိဗ္ဗာန်သို့ရောက်သည်ဖြစ်၍ စင်စစ်လျှင် မြတ်သောအကျင့်ကို ကျင့်သုံးသည်
ဖြစ်၍ စင်စစ်လျှင် ရဟန်းကိစ္စ အပြီးအဆုံးသို့ရောက်သည်ဖြစ်၍ နတ်လူတို့တွင်
အမြတ်ဆုံးဖြစ်တော်မူ၍ တဏှာ၏ကုန်ရာ နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့်
ရောက်ရှိပြီးလျှင် ခပ်သိမ်းသော ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋတို့မှ လွတ်
မြောက်ရပါသနည်း ဟု သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားပါသည်။

ဤသို့ သိကြားမင်းလျှောက်ထားသော အဋ္ဌုပ္ပတ်ကြောင့် ဣမ ဒေဝါ-
နမန္ဒ ဘိက္ခုနော သုတ ဟောတ သဗ္ဗေ ဓမ္မာ နာလ အဘိနဝေသာယာတ
အစရှိသည်ဖြင့် ရဟန္တာဖြစ်ကြောင်း အကျဉ်းချုပ် ဖြစ်သော နည်းလမ်း
ဥပဒေသကို ဖော်ပြရာ ဖော်ပြကြောင်းဖြစ်သော ဤစူဠတဏှာသခ်ယသုတ်တွန်
ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် ပုဗ္ဗာရုံ ကျောင်းအရပ်ဝယ် သဗ္ဗညု
မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည့် အရှင်ဘုရား။

စူဠတဏှာသခ်ယသုတ် ပြီး၏

မဟာတဏှာသခ်ယသုတ်

ပဋိစ္ဆာ။ ။မဟာတဏှာသခ်ယသုတ်တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ
အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သာတိံ ဘိက္ခုံ ကေဝဋ္ဋပုတ္တံ အာရဗ္ဘ
ဘာသိတံ။ သာတိဿ ဘန္တေ ဘိက္ခုနော ကေဝဋ္ဋပုတ္တဿ
ဧဝရူပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ "တထာဟံ ဘဂဝတာ
ဓမ္မံ ဒေသိတံ အာဇာနာမိ၊ ယထာ တဒေဝိဒံ ဝိညာဏံ

သန္ဓာဝတိ သံသရတိ အနည”န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။တဏှာကုန်ရာ အရဟတ္တမဂ် အရဟတ္တဖိုလ်ထိ အကျယ် အားဖြင့် ဟောပြရာဖြစ်သောကြောင့် မဟာတဏှာသင်္ခါယသုတ်ဟူ၍ ခေါ်ဆို အပ်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ သာဝတ္ထိပြည်အရပ်ဝယ် တံငါသည်၏ သားဖြစ်သော သာတိ အမည်ရှိသော ရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။ သာတိ အမည်ရှိသော တံငါသည်၏သား ရဟန်းတပါးအား ဤသို့ ယုတ်မာ သော အယူဖြစ်ပါသည်။

“ဤအတ္တဝိညာဉ်သည်ပင်လျှင် သံသရာဘဝဝယ် ထိုဘဝမှ ဤဘဝသို့ ကျင်လည် ကျက်စား ပြေးသွားပါသည်၊ တပါးသော အတ္တလိပ်ပြာ သည် ကျင်လည်ကျက်စားပြေးသွားသည်မဟုတ်ဟူ၍ အကြင်အခြင်း ဖြင့် သဗ္ဗညုမြတ်စွာဘုရားဟောတော်မူ၏၊ ထိုဟောတော်မူသော အခြင်းအရာကို ငါသိသည်” ဟု သာတိအမည်ရှိသော တံငါသည်၏ သား ရဟန်းအား ဖောက်ပြန်မှားယွင်းသော အယူဖြစ်ပါသည်။

ထိုအကြောင်းကို ရဟန်းတော်တို့ကြားသဖြင့် သာတိရဟန်းထံသွား ရောက်၍ များစွာသော အကြောင်းဖြင့် ထိုအယူကို စွန့်စေပါသော်လည်း စွန့်စေခြင်းငှါမတတ်နိုင်ကြသဖြင့် ဘုရားထံမှောက် ထိုအကြောင်းကို လျှောက်ထားသော အခါ သဗ္ဗညုမြတ်စွာဘုရားက ရဟန်းတပါးကို သာတိ ရဟန်းကိုခေါ်စေတော်မူ၍ “သာတိ အမည်ရှိသော ရဟန်း....သင်၏ စိတ် သန္တာန်ဝယ် ဤသို့ဖောက်ပြန်မှားယွင်းသော အယူရှိ၏ ဟူသည် မှန်သလော” ဟု မေးမြန်းတော် မူသော အခါ “ဟုတ်မှန်ပါကြောင်း ပြန်ပြောင်းလျှောက် ထားသည်တွင်—

သာတိရဟန်း....သင်ပြောသော ဝိညာဉ်ဟူသည် အဘယ်နည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ သာတိရဟန်းက တပည့်တော်ပြောသော ဝိညာဉ် အတ္တလိပ်ပြာဟူသည်မှာ အကြင်ဝိညာဉ်အတ္တလိပ်ပြာသည် ထိုထိုဘဝဝယ် ဖြစ်သမျှသော ကောင်းမှု မကောင်းမှု ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးတရားကို ခံစံပါသည်၊ ထိုသို့အကျိုးတရားတို့ကို ခံစားသော သဘောသည်ပင်လျှင် ဝိညာဉ် အတ္တလိပ်ပြာဖြစ်ပါသည်၊ ထိုဝိညာဉ်အတ္တလိပ်ပြာသည်ပင် အမြဲတစေ တည်နေ၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ တပြောင်းပြန်ပြန်ကူးသန်းကျက်စားပါသည် ဟု လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ကဿ နှုံ ခေါ် နာမ တုံ့ မောဃပုရိသ မယာ ဧဝံ ဓမ္မံ ဒေသိတံ အာဇာနာသိ အစရှိသည်ဖြင့် "မင်ဖိုလ်မရ ကိစ္စ မပြီး အချည်းနှီးသော ယောကျ်ား....အဘယ်နတ် အဘယ်လူ အဘယ်မင်း အဘယ်ပုဏ္ဏား အဘယ်သူကြွယ် အဘယ်သူဆင်းရဲအား ငါဘုရားသည် ဤသို့ဟောကြားသည်ကို အသင်ကြားဘူးသနည်း၊ အသင်သည် မိမိကိုယ်တိုင်က မှားယွင်းဖောက်ပြန်သော အယူရှိပြီး ငါဘုရားတို့ကိုလည်း စွပ်စွဲပါဘိသည်၊ မိမိကိုယ်ကိုလည်း တူးဖြိုဖျက်ဆီးပါဘိသည်၊ များစွာသော မကောင်းမှု အကုသိုလ်တို့ကိုလည်း တိုးစေ ပွါးစေခဲ့ပေသည် ဟု ကဲ့ရဲ့တော်မူခဲ့ပါသည်။

ဤသို့လျှင် သာတိရဟန်းအား ဖောက်ပြန်မှားယွင်းသော မိစ္ဆာအယူဖြစ်သော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤမဟာတဏှာသင်္ခယသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အထခေါ် အာဝုသော ဘဂဝါ ကထံ ဘိက္ခူ။ အာမန္တေတ္ဝာ စ ပဋိပုစ္ဆိတ္ဝာ စ အနုတ္တာဘာဝဒီပိကံ ဓမ္မကထံ ကထေသိ၊

ဝိဿဇ္ဇနာ။ ။အထ ဘန္တေ ဘဂဝါ ဘိက္ခူ။ "တံ ကိံ မညထ ဘိက္ခဝေ၊ အပိနာယံ သာတိ ဘိက္ခု ကေဝဋ္ဋပုတ္တော ဥဿိကတောပိ ဣသ္မိံ ဓမ္မဝိနယေ"တိ အာမန္တေတ္ဝာ၊ တုမ္ဟေပိ မေ ဘိက္ခဝေ ဧဝံ ဓမ္မံ ဒေသိတံ အာဇာနာထတ္ထာဒိနာ ဘိက္ခူ။ ပဋိပုစ္ဆိတ္ဝာ စ ယံ ယဒေဝ ဘိက္ခဝေ ပစ္စယံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဝိညာဏံ၊ တေန တေနေဝ ဝိညာဏံ တတ္ဝ သင်္ခံ ဂစ္ဆတိ၊ စက္ခုဉ္စ ပဋိစ္စ

ရူပေ စ ဥပ္ပဇ္ဇတိ ဝိညာဏံ စက္ခုဝိညာဏံ တွေဝ သင်္ချံ ဂစ္ဆတိ၊
ဝေမာဒိနာ ဘန္တေ အနတ္တတာဒီပိကံ ဓမ္မိံ ကထံ ကထေသိ။

အမေး။ စိတ်ဝိညာဉ်သည်ပင်လျှင် အတ္တကောင် အသက်ကောင် လိပ်ပြာကောင်ဖြစ်သည်၊ ဤစိတ်ဝိညာဉ်သည်ပင်လျှင် ထိုဘဝ ဤဘဝ တို့ဌ်ပြောင်းရွှေ့၍ ဖြစ်နေသည် တည်နေသည် အကောင်းအဆိုးတို့ကို ခံစားနေသည် ဟု စိတ်ဝိညာဉ်ကိုပင်လျှင် အတ္တဟု စွဲလမ်း၍ ပြောဆိုသော သာတိရဟန်းကို မြတ်စွာဘုရားသခင်က "ထိုကဲ့သို့ သော တရားကို ငါဘုရားဟော တော်မမူကြောင်း" ပယ်မြစ်၍ ဆုံးမပါသော်လည်း မိမိ၏အတ္တအစွဲကို မစွန့်နိုင်ဘဲရှိသော ထိုအခါကာလဝယ် သဗ္ဗညုမြတ်စွာဘုရားသည် အခြားရဟန်းတော်တို့ကို အဘယ်သို့လျှင် မိန့်တော်မူ၍ အဘယ်သို့လျှင် ပြန်လှန်စစ်ဆေး မေးမြန်းတော်မူကာ အနတ္တအဖြစ်ကို ခိုင်လုံစေသော အထောက်အထားဖြင့် ဖော်ပြသော တရားဒေသနာတော်ကို အဘယ်သို့လျှင် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ဤသို့သာတိရဟန်းကို မောဃပုရိသ မဂ်ဖိုလ်မရ ကိစ္စမပြီး အချည်းနှီးဟူသော စကားဖြင့် ကဲ့ရဲ့ရှုံ့ချတော်မူသော အခါ သာတိရဟန်း၏ စိတ်သန္တာန်ဝယ် မောဃပုရိသ အထင်ခံရသော်လည်း ဥပသေန မထေရ်မြတတို့ကဲ့သို့ မိမိသည် ကြိုးစားအားထုတ်ပါမူ မဂ်ဖိုလ်ရနိုင်သေးကြောင်း အထင်ရှိ၍ နေပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက သာတိရဟန်းအား ထိုဘဝဝယ် ထိုအတ္တအယူဝါဒကို မစွန့်ဘဲ နိဗ္ဗာန် မဂ်ဖိုလ်ရဘို့ရန် ဥာဏ်ပညာအင္ဌေအသက်မျှမရှိကြောင်းကို ထင်ရှားစေတော်မူလိုသဖြင့် တံ ကိံ မညထ ဘိက္ခဝေ၊ အပိနာယံ သာတိ ဘိက္ခု ကေဝဋ္ဌပုတ္တော ဥသ္မ ကတောပိ ဣမသ္မိ ဓမ္မဝိနယေ ဟု—

"ချစ်သားရဟန်းတို့....ယခုငါဘုရားပြောမည့် ယခုငါဘုရားမေးမြန်းမည့် စကားကို သင်ချစ်သားတို့ မည်သို့မှတ်ထင် သဘောကျကုန်သနည်း။ စင်စစ်လျှင် ဤအယူကိုမစွန့်ဘဲ ဤအယူကိုမစွန့်နိုင်သော တံငါသည်သားဖြစ်သော ဤသာတိရဟန်းသည် တရားသဖြင့် ဆုံးမရာ

ဤငါဘုရားသာသနာတော်၌ မဂ်ဖိုလ်ရဘိရန် ဥာဏ်ပညာ အငွေ့အသက်မျှရှိသေးသည်ဟု သင်ချစ်သားတို့ မှတ်ထင်ကြသလော"ဟု မေးမြန်းတော်မူပါသည်။

သို့မေးမြန်းတော်မူပြီးလျှင် ချစ်သားရဟန်းတို့....သင်ချစ်သားတို့ သည်လည်း သာတိရဟန်းပြောဆိုသည့်အတိုင်း ငါဘုရားက ဤအတ္တ ဝိညာဉ် လိပ်ပြာသည်ပင်လျှင် သံသရာဘဝသို့ တဘဝမှ တဘဝကူး ပြောင်းသွားသည် ဟု ဟောကြားသည်ကို ကြားဘူးကြသလော ဟု တဖန်မေးမြန်းတော်မူပြီး လျှင် —

"မကြားဘူးပါကြောင်း" ရဟန်းတို့ ပြန်ပြောင်းလျှောက်ထားပြီးသည်မှ နောက်ကာလဝယ် ယံ ယဒေဝ ဘိက္ခဝေ ပစ္စယံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဝိညာဏံ တေန တေနေဝ ဝိညာဏံ တွေဝ သင်္ခ်ံ ဂစ္ဆတိ အစရှိသည်ဖြင့် အကြင် အကြင် သိသော ဒွါရ အာရုံ အစရှိသော အကြောင်းကိုစွဲ၍ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနော တည်းဟူသော ဝိညာဉ် ခြောက်ပါးတို့ ဖြစ်ပေါ်လာ၏၊ ထိုဖြစ်ပေါ်လာသော ဝိညာဉ်ခြောက်ပါးတို့ကို ထိုထိုဒွါရ၏ အမည်ဖြင့်ပင်လျှင် စက္ခုဝိညာဉ် သောတဝိညာဉ် ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယ ဝိညာဉ် ဟူ၍ ခေါ်ဆိုရကြောင်း မနောဝိညာဉ်ဟူ၍ ခေါ်ဆိုရကြောင်း။ ထင်းကို စွဲ၍ဖြစ်သော မီးကို ထင်းမီးဟူ၍သာ ခေါ်ဆိုရကြောင်း၊ မြက်ကို စွဲ၍ဖြစ်သောမီးကို မြက်မီးဟူ၍သာလျှင် ခေါ်ဆိုရကြောင်း၊ ကောက်ရိုးကို စွဲ၍ဖြစ်သောမီးကို ကောက်ရိုးမီးဟူ၍သာ ခေါ်ဆိုရကြောင်း၊ လောက ဥပမာဖြင့် ထင်စွာပြ၍ အကြောင်းကိုစွဲ၍ အကျိုးဝိညာဉ်တို့ဖြစ်ကြောင်း ကိုလည်း ထင်စွာပြ တော်မူခဲ့ပါသည်။

ဝိညာဉ်သာမဟုတ် ဤခန္ဓာငါးပါးတို့သည်ပင်လျှင် ကဗဋ္ဌီကာရာဟာရ ဖဿ မနောသဉ္ဇေတနာ ဝိညာဉ်တည်းဟူသော အာဟာရလေးပါးလျှင် အကြောင်းရှိကြောင်း၊ အာဟာရလေးပါးကို အကြောင်းပြု၍ ဖြစ်ကြောင်း၊ ထိုအာဟာရလေးပါးသည်လည်း တဏှာလေးပါးကြောင့် ဖြစ်ကြောင်း၊ တဏှာသည်လည်း ဝေဒနာကြောင့် ဖြစ်ကြောင်း ဝေဒနာသည်လည်း ဖဿကြောင့် ဖြစ်ကြောင်း အစရှိသည့် ပဋိစ္စသမုပ္ပါဒ အနုလုံ ပဋိလုံဒေသနာ တော်မြတ်ကို အကျယ်တဝင့်ဟောပြတော်မူပါသည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်ကို အကျယ်တဝင့် အနုလုံ ပဋိလုံ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံ စက်ရဟတ်ပြတ်ပုံကို အကျယ်တဝင့်ဟော ကြားတော်မူပြီးသည်၏ အခြားမဲ့ဝယ် သုတနည်းပါးသော အန္ဓဗာလ ပုထုဇဉ် ပုဂ္ဂိုလ်အဘို့မှာမူ အာရုံငါးပါး အာရုံခြောက်ပါးတို့ဝယ် လိုက်စားတွယ်တာ သဖြင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် မရပ်မနားကြောင်း၊ ကလျာဏပုထုဇဉ် ခေါ်တွင်ရသော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တအမျိုးကောင်းသားတို့မှာမူ သီလ သံဝရ ဣန္ဒြိယသံဝရ အစရှိသော ပဋိပတ်ကျင့်စဉ်ဖြင့် အရဟတ္တာဒိုလ် တိုင် မြောက်ရောက်ရှိ၍ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ပြတ်ကြောင်း အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူပါသည်။

ဤသို့လျှင် သာတိရဟန်းအပေါ်ဝယ် မဂ်ဒိုလ်၏ ဥပနိဿယပစ္စည်း အားကြီးသော အကြောင်းမရှိသည်၏ အဖြစ်ကို သိစေတော်မူလိုသဖြင့် ရဟန်းတို့ကို မေးမြန်းတော်မူပြီးလျှင် ရဟန်းတို့ကိုလည်း တဖန်မေးမြန်း တော်မူ၍ အတ္တမဟုတ် ဝိညာဉ်မဟုတ် လိပ်ပြာမဟုတ်သည့် အချက်ကို ထင်စွာ ဖော်ပြသည့် အနတ္တဓမ္မိကထာဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား အကျယ်တဝင့် ဟောကြားတော်မူခဲ့ပါသည်အရှင်ဘုရား။

မဟာတဏှာသင်္ခယသုတ် ပြီး၏

မဟာအဿပုရသုတ်

ပုစ္ဆာ။ ။မဟာအဿပုရသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။အင်္ဂေသု ဘန္တေ အဿပုရေ နာမ အင်္ဂါနံ နိဂမေ ဗဟူ မနုဿေ သဒ္ဓေ ပသန္နေ အာရဗ္ဘ ဘာသိတ။ ဗဟူ ဘန္တေ မနုဿာ သဒ္ဓါ ပသန္နာ ဘိက္ခုသံဃံ သက္ကစ္စံ ဥပဋ္ဌဟိံသု၊ သဗ္ဗကာလဉ္စ ရတနတ္တယပဋိသံယုတ္တံ ဝဏ္ဏကထံယေဝ ကထယိံသု။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ မဟာအဿပုရ မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည်

အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ အင်္ဂတိုင်းအဝင်အပါ အဿပုရ အမည်ရသော နိဂုံးအရပ်၌ သဒ္ဓါတရားနှင့်ပြည့်စုံသော ရတနာသုံးပါးကို လွန်စွာ့ လွန်စွာကြည်ညိုကုန်သော များစွာသော လူအပေါင်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

များစွာသော ရတနာသုံးပါး၌ ကြည်ညိုကုန်သော လူအပေါင်းတို့သည် ရဟန်းသံဃာတော်တို့ကို ရိုသေစွာပစ္စည်းလေးပါးတို့ဖြင့် ပြုစုလှူဒါန်းကျွေးမွေးကြပါကုန်သည်၊ အယုတ်သဖြင့် ပြုသစ်စ ဖြစ်သော ရှင်သာမဏေကလေးကိုပင် ဖြစ်စေ အဝါ တရာရပြီးသော မထေရ်သူမြတ်ကြီးကဲ့သို့ တရိုတသေပြုစုလုပ်ကျွေးကြပါသည်။

မိမိတို့လယ်ထွန်ခြင်း ကုန်သွယ်ခြင်း အစရှိသော ထိုထိုကိစ္စအလို့ငှါ သွားအံ့ဆဲဆဲပင်ဖြစ်သော်လည်း ရဟန်းသံဃာတော်တို့ နိဂုံးအတွင်းသို့ ကြွရောက်သောအခါ မိမိတို့ကိစ္စကို ခေတ္တခဏဖယ်ထား၍ ရဟန်းသံဃာတော်များ၏ ပစ္စည်းလေးပါး ဆွမ်းကိစ္စ အစရှိသည်ဘို့၌ပင် ဂရုတစိုက် ဝါယမစိုက်ထုတ်၍ ပြုစုလုပ်ကျွေးမွေးကြပါကုန်သည်၊ ရဟန်းသံဃာတော်တို့ကို ဆွမ်းကိစ္စဖြင့် ပြုစုကျွေးမွေးပြီးသောကာလမှ မိမိတို့အလုပ်ခွင်သို့ ဝင်ကြပါကုန်သည်။

ထိုထိုအလုပ်ခွင်သို့ အလုပ်ဝင်ရာကာလ၌ဌင်း အလုပ်ခွင်မှ ပြန်ရောက်သောအခါကာလ၌ဌင်း စားသောအခါ အိပ်သောအခါ စသည်၌ဌင်း အချင်းချင်းညီမူစည်းဝေးမိသောအခါ၌ဌင်း ဘုရား တရား သံဃာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးစကားကိုသာလျှင် များစွာပြောဆို၍ နေကြပါကုန်သည်။

ထိုသို့သော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤမဟာအဿပုရသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြာတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတမေ အာဝုသော တတ္ထ ဘဂဝတာ မ္မော သမဏကရဏာ စ ဗြာဟ္မဏကရဏာ စ ဥတ္တရုတ္တရိ ပဏီတပဏီတာ ဒေသိတာ။

ဝိဿဇ္ဇနာ။ ။ဟိရောတ္တပ္ပါ ပရိသုဒ္ဓကာယသမာစာရော ပရိသုဒ္ဓဝစီသမာစာရော ပရိသုဒ္ဓမနောသမာစာရော ပရိသုဒ္ဓါဇီဝေါ ဣန္ဒြိယေသု ဂုတ္တဒ္ဝါရတာ ဘောဇနေမတ္တညုတာ ဇာဂရိယာနုယောဂေါ သတိသမ္ပဇညံ နီဝရဏပ္ပဟာနံ စတ္တာရိ စ ဈာနာနိ တိဿော စ ဝိဇ္ဇာ ဣမေ ခေါ ဘန္တေ တတ္ထ ဘဂဝတာ သမဏကရဏာ စ ဗြာဟ္မဏကရဏာ စ ဓ ဉတ္တရုတ္တရိ ပဏီတပဏီတာ ဓမ္မာ ဒေသိတာ။

အမေး။ ။လူဒါယကာတို့၏ ပူဇော်ခြင်း ခြီးမှမ်းခြင်း အလေးပြုခြင်း အရိုအသေပြုခြင်းကို ခံထိုက်စေရန်အလို့ငှာ သမဏအစစ် ဗြာဟ္မဏအစစ် ဖြစ်စေရန်အလို့ငှာ ဟောကြားတော်မူသော ဤမဟာအဿပုရ သုတ္တန် ဒေသနာတော်၌ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် သမဏ ကိလေသာငြိမ်းသောရဟန်းအစစ်၊ ဗြာဟ္မဏ ကိလေသာကို ပယ်စွန့်ပြီးသော ကိလေသာမှ စင်ကြယ်ပြီးသော သူမြတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဂုဏ်ကျေးဇူးတရားတို့ကို ဟောကြားတော်မူခဲ့ပေ၏။ ထိုသို့ဟောကြားရာဝယ် တဆင့်ထက်တဆင့်မြင့်မြတ်သော ထိုဂုဏ်ကျေးဇူးကိုတရားတို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။သမဏအဖြစ် ဗြာဟ္မဏအဖြစ်ကို ပြုတတ်သော အဆင့်ဆင့်မှန်မြတ်သော တရားတို့ကို ရှေးဦးစွာ ဟိရိသြတ္တပ္ပနှင့်ပြည့်စုံရမည်၊ ဤမျှဖြင့်လည်း ရဟန်းကိစ္စပြီးဆုံးပြီဟု သင်ချစ်သားတို့ မမှတ်ကြရာ။

ထို့ထက်တဆင့်တိုး၍ ကာယသမာစာရ——ကိုယ်အကျင့်စင်ကြယ်အောင် ကျင့်သုံးရမည်၊ ဤမျှဖြင့်လည်း ရဟန်းကိစ္စပြီးပြီ ဟု မမှတ်ယူရာ။

ထို့ထက်တဆင့်တိုး၍ ဝစီသမာစာရ——စင်ကြယ်သော နှုတ်အကျင့်ဖြစ်ဘို့ရန် သင်ချစ်သားတို့ ကျင့်ကြံရမည်၊ ဤမျှဖြင့်လည်း ရဟန်းကိစ္စ ပြီးပြီဟူ၍ ဆုတ်နစ်ခြင်း ရပ်တန့်ခြင်းသို့ မရောက်ရှိရာ။

ထို့ထက် အလွန်ကျင့်ရန် ကျန်သေးသည်မှာ မနောသမာစာရ——စင်ကြယ်သောစိတ်နှလုံး အကြံအစည် အကျင့် ဖြစ်ဘို့ရန် ကျင့်ကြံရမည်၊ ဤမျှ

ဖြင့်လည်း ရဟန်းကိစ္စပြီးပြီ ဟု သင်ချစ်သားတို့ မယူဆရာ, မဆုတ်နစ်ရာ မရပ်တန့်ရာ။

ထို့ထက် အလွန်လည်း ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်ဝယ် အကုသိုလ်ခိုးသားတို့ မဝင်ရောက်မလုယက် မဖျက်ဆီးနိုင်ရန် ဣန္ဒြိယသံဝရ-သီလကို ဖြည့်ဆည်းရမည်၊ ဤဣန္ဒြိယသံဝရပြည့်စုံကာမျှဖြင့်လည်း ရဟန်းကိစ္စ ပြီးပြီ ဟု သင်ချစ်သားတို့ မမှတ်ယူကြရာ၊ ဤမျှဖြင့် တော်ပြီ ဟု ဆုတ်နစ်ခြင်း ရပ်တန့်ခြင်းကို မပြုရာ။

ထို့ထက်အလွန် ဘောဇနေမတ္တညုတာ—တည်းဟူသော ဆွမ်း သက်နှံး ကျောင်း ဆေး ပစ္စည်းလေးပါတို့ဝယ် ခံယူခြင်း သုံးဆောင်ခြင်းတို့၌ အတိုင်း အရှည်ကို သိလေ့ရှိသော ဉာဏ်ပညာတည်းဟူသော ရဟန်းအစစ် ဗြာဟ္မဏ အစစ်ကိုပြုတတ်သည့် တရားအာကျင့်ကိုကျင့်ရမည်၊ ဤမျှဖြင့်လည်း ရဟန်း စင်စစ် ဗြာဟ္မဏစင်စစ် ရဟန်းကိစ္စ ဗြာဟ္မဏကိစ္စပြီးပြီဟူ၍ သင်ချစ်သားတို့ မမှတ်ယူရာ။

ထို့ထက်အလွန်လည်း တနေ့နှင့်တညဉ့်အဘို့ဝယ် မတ္ထမယ် တယမျှသာ အိပ်၍ ကြွင်းကျန်သောတနေ့လုံး ကြွင်းကျန်သောယံ နှစ်ယံပတ်လုံး ရပ်ခြင်း စက္ကြံသွားခြင်းတည်း ဟူသော ဣရိယာပုထ်နှစ်ပါးဖြင့်သာ သူတော်ကောင်း တရားကို ပွါးများအားထုတ်ရမည်၊ ဤမျှဖြင့်လည်း ရဟန်းကိစ္စပြီးပြီဟူ၍ မမှတ်ယူရာ။

လျောင်းခြင်း ထိုင်ခြင်း ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း ကွေးခြင်း ဆန့်ခြင်း တူရွကြည့်ခြင်း တဖောင်းကြည့်ခြင်း အစရှိသော ခုနစ်ပါးသော ဌာနတို့ဝယ် သာတ္ထကသမ္ပဇဉ် သပ္ပါယ, ဂေါစရ, အသမ္မောဟ သမ္ပဇဉ်တည်း ဟူသော သမ္ပဇဉ်လေးပါးနှင့် ပြည့်စုံအောင် ကျင့်ကုံရမည်၊ ဤမျှဖြင့်လည်း ရဟန်းကိစ္စပြီးပြီ ဟု ရောင့်ရဲတင်းတိမ် အားရမ်း၍ မနေရာ။

ထို့ထက်အလွန်လည်း ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် နိဝရဏ တရားတို့ကို ကွာအောင် ဥပစာရသမာဓိ ဆိုက်ရောက်အောင် ကြိုးစား ပွါးများရမည်။ ဤမျှဖြင့်လည်း တင်းတိမ်ရောင့်ရဲ ရပ်တန့်၍ မနေရာ။

ထို့ထက်အလွန် ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် တိုင်ရောက်အောင် ပွါးများရမည်၊ စျာန်လေးပါးရကာမျှဖြင့် စျာန်ရှစ်ပါးရ ကာမျှဖြင့် ရဟန်းကိစ္စပြီးပြီ ဟု တင်းတိမ်ရောင့်ရဲ အားရ ရပ်တန့်၍ မနေရာ။

ပုဗ္ဗေနိဝါသဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ်တိုင်အောင်ပွါးများရမည်၊ အာသဝက္ခယဉာဏ်သို့ တိုင်ရောက်မှသာလျှင် ကိလေသာခပ်သိမ်းကို ငြိမ်းစေပြီးသော ရဟန်းစင်စစ်၊ ကိလေသာခပ်သိမ်းတို့ကို ကြွင်းမဲ့ပယ်ရှားပြီးသော ဗြာဟ္မဏစင်စစ်ဖြစ်၍ ရဟန်းကိစ္စ ဗြာဟ္မဏကိစ္စ အလုံးစုံပြီးဆုံးကြောင်းကို သဗ္ဗညုမြတ်စွာဘုရားသည် လျှောက်ထားပြဆိုအပ်ပြီးသည့် အတိုင်း ဟိရိသြတ္တပ္ပတရားမှသည် အရဟတ္တဖိုလ်တိုင်အောင်သော သမဏ၏အဖြစ် ဗြာဟ္မဏ၏အဖြစ်ကို ပြုတတ်သော အဆင့်ဆင့်မြတ်သည်ထက် မြတ်ကုန်သော တရားတော်တို့ကို ခွဲခြမ်းစိတ်ဖြာ ဟောပြတော်မူခဲ့ပါသည် အရှင်ဘုရား။

မဟာအဿပုရသုတ် ပြီး၏

စူဋ္ဌအဿပုရသုတ်

ပုစ္ဆာ။ ။စူဋ္ဌအဿပုရသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္တ ကံ အာရဗ္ဘ ဘာသိတံ၊

ဝိဿဇ္ဇနာ။ ။တသ္မိံ ယေဝ ဘန္တေ အဿပုရေ နိဂမေ တေယေဝ မနုဿေ သဒ္ဓေ ပသန္နေ အာရဗ္ဘ ဘာသိတံ၊ တသ္မိံ ယေဝ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

မေး။ ။စူဋ္ဌအဿပုရမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ထိုအဿပုရအမည်ရသော အင်္ဂတိုင်းအဝင်အပါ နိဂုံးအရပ်၌ ပင်လျှင် သဒ္ဓါတရားနှင့်ပြည့်စုံသော သာသနာတော်ဝယ် ယုံကြည်ကြကုန်သော များစွာသော လူအပေါင်းတို့ကို လျှောက်ထားအပ်ပြီးသော အကြောင်းဝတ္ထုကြောင့်ပင် ထိုစူဋ္ဌအဿပုရ သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဉ္စသော တတ္ထ ဘဂဝတာ သမဏသာမီစိပ္ပဋိပဒါ စ အဿမဏသာမီစိပ္ပဋိပဒါ စ ဝိဘဇိတ္ဗာ ဒေသိတာ။

ဝိဿဇ္ဇနာ။ ။"ကထဉ္စ ဘိက္ခဝေ ဘိက္ခု နု သမဏသာမီစိပ္ပဋိပဒံ ပဋိပန္နော ဟောတိ၊ ယဿ ကဿစိ ဘိက္ခဝေ ဘိက္ခုနော အဘိဇ္ဈာလုဿ အဘိဇ္ဈာ အပဟီနာ ဟောတိ၊ ဗျာပန္နစိတ္တဿ ဗျာပါဒေါ အပဟီနော ဟောတိ" တိ ဧဝမာဒိနာ စ။ ကထဉ္စ ဘိက္ခဝေ ဘိက္ခု သမဏသာမီစိပ္ပဋိပဒံ ပဋိပန္နော ဟောတိ၊ ယဿ ကဿစိ ဘိက္ခဝေ ဘိက္ခုနော အဘိဇ္ဈာလုဿ အဘိဇ္ဈာ ပဟီနာ ဟောတိ၊ ဗျာပန္နစိတ္တဿ ဗျာပါဒေါ ပဟီနော ဟောတိ ဧဝမာဒိနာ စ ဘဒ္ဒေ ဘဂဝတာ တတ္ထ သမဏသာမီစိပ္ပဋိပဒါ စ အဿမဏသာမီစိပ္ပဋိပဒါ စ ဝိတ္ထာရေန ဂိဘဇိတ္ဗာ ဒေသိတာ။

အမေး။ ။ထိုဂုဏအဿပုရ သုတ္တန်တရား ဒေသနာတော်၌ သဗ္ဗညုမြတ်စွာဘုရားသည် သမဏအစစ် ရဟန်းတော်တို့အား လျောက်ပတ်သော သမဏသာမီစိပ္ပဋိပဒါအကျင့်ကိုဂုဏ်း သမဏဒုစ်ရဟန်းတော်နှင့် မသင့်လျော်သော အဿမဏသာမီစိပ္ပဋိပဒါ အကျင့်ကိုဂုဏ်း ဘယ်ပုံဘယ်နည်းဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုဂုဏအဿပုရ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် ကထဉ္စ ဘိက္ခဝေ ဘိက္ခု နု သမဏသာမီစိပ္ပဋိပဒံ ပဋိပန္နော ဟောတိ အစရှိသည်ဖြင့် "ချစ်သားရဟန်းတို့....ဤငါဘုရား သာသနာတော်ဝယ် အဘိဇ္ဈာကို မပယ်ရသေးသော အဘိဇ္ဈာအားကြီးသော ရဟန်း၏ အဘိဇ္ဈာကိုမပယ်ရသေး၊ ဗျာပါဒဒေါသလွန်းခိုးသော စိတ်ရှိသော ရဟန်း၏ ဗျာပါဒကို မပယ်ရသေး၊ ကောဓ ဥပနာဟ မက္ခ ပဠာသ ဣဿာ မစ္ဆရိယ သာဌေယျ မာယာ ပါပိစ္ဆာမိစ္ဆာဒိဋ္ဌိတည်းဟူသော ရဟန်းတော်တို့၏ အပြစ်ဒေါသ ရဟန်းတော်တို့၏ အညစ်အကြေး ရဟန်းတော်တို့၏ အမျိုက်သရိုက် ရဟန်းတော်တို့အား ဒဂ္ဂတိဘဝသို့ ဆွဲဆောင်တတ်သော အကြောင်းတရားတို့ကို မပယ်ရသေးသည်ရှိသော်၊ ဝါ၊ မပယ်ရသေးသောကြောင့် ရဟန်းတော်အစစ်တို့နှင့် သင့်တင့်လျောက်ပတ်သော သမဏသာမီစိပ္ပဋိပဒါ အကျင့်မြတ်ကို မကျင့်ရသေး ဟူ၍ ငါဘုရားဟောဆိုတော်မူသည်။

ချစ်သားရဟန်းတို့.... သင်္ကန်းကို ဝတ်ကာ ရုံကာမျှဖြင့် ရဟန်းကိစ္စပြီးပြီ မဟုတ်သေး၊ အစေလက တက္ကဒုန်းသို့သော ပုဂ္ဂိုလ်သည်လည်း အစေလက အကျင့်ပဋိပတ်ဖြစ်သည့် အဝတ်မဆီး အချည်းနှီးနေကာမျှဖြင့် ရဟန်းကိစ္စ အပြီးအဆုံးသို့ ရောက်သည်မဟုတ်သေး၊ ဇင်္ဂလက အမည်ရသော ဆံကျစ်ရသေ့ ပုဂ္ဂိုလ်များလည်း ဆံကျစ်ကို ထုံးကာမျှဖြင့် ရဟန်းကိစ္စ အပြီးအဆုံးသို့ ရောက်သည် မဟုတ်သေး။

အကယ်၍ သင်္ကန်းဝတ်သော ပုဂ္ဂိုလ်သည် သင်္ကန်းကိုဝတ်ရုံမျှဖြင့် ရဟန်းကိစ္စပြီးဆုံးသည်ဖြစ်အံ့၊ သင်္ကန်းကို ဝတ်ရုံကာမျှဖြင့် အဘိဇ္ဈာ ဗျာပါဒ ကောဓ ဥပနာဟ မက္ခ ပလာသ ဣဿာ မစ္ဆရိယ သာဌေယျ မာယာ ပါပိစ္ဆာ မိစ္ဆာဒိဋ္ဌိတည်းဟူသော ရဟန်းတော်တို့ဝယ် ကပ်ရောက်စွဲငြိတတ်သော အညစ်အကြေး၊ ရဟန်းတော်တို့ဝယ် ကပ်ရောက်စွဲငြိတတ်သော အပြစ်တရား တို့ပယ်ပြီးဖြစ်ပါမူ၊ ဤလောကဝယ် ထိုထိုဤဤ သတ္တဝါတို့ကို မွေးဖွားလျှင် မွေးဖွားခြင်း ဆွမျိုးရင်းချာ မိတ်သင်္ဂဟတို့က "အမောင်လာပါလော့၊ ယခုပင် သင်္ကန်းကိုဆီးပါလော့၊ သင်္ကန်းကိုဆီးလျှင် အမောင့် သန္တာန်ဖြစ်မည့် ရဟန်း၏ အညစ်အကြေး ရဟန်း၏အပြစ်ဒေါသဖြစ်သော အဘိဇ္ဈာ ဗျာပါဒ ကောဓ ဥပနာဟ မက္ခ ပလာသ ဣဿာ မစ္ဆရိယ သာဌေယျ မာယာပါပိစ္ဆာ မိစ္ဆာဒိဋ္ဌိတည်းဟူသော အညစ်အကြေးဆဲ့နှစ်ပါးကင်းစင်လိမ့်မည်" ဟု မွေးလျှင်မွေးခြင်း သင်္ကန်းကို ဝတ်၍ ပေးကြပေလိမ့်မည်။

ချစ်သားရဟန်းတို့....စင်စစ်သော်တမူ ဤလောကဝယ် သင်္ကန်းကိုဝတ်ရုံသော်လည်း သင်္ကန်းကိုဝတ်ရုံကာမျှဖြင့် အဘိဇ္ဈာ ဗျာပါဒ ကောဓ ဥပနာဟ အစရှိသော ဆိုအပ်ပြီးသော ရဟန်းတော်တို့၏အညစ်အကြေး ရဟန်းတော်တို့၏ အပြစ်တရားမကင်းစင်သည်ကို မကင်းသော ရဟန်းတော်တို့ကို ငါဘုရား ဒိဋ္ဌဆင်ဆင် တွေ့မြင်နေရသည်၊ ထို့ကြောင့်ပင်လျှင် သင်္ကန်းကို ဝတ်ကာမျှဖြင့် ရဟန်းကိစ္စပြီးပြီ ဟု ငါဘုရားမဟောဆိုချေ။

ဤသို့လျှင် ရဟန်းတော်တို့အား လျောက်ပတ်သော အကျင့်မဟုတ်သည့် အဿမဏသာမိစိပ္ပဋိပဒါကိုဆင်း။

ထို့မှတပါး ကထဉ္စ ဘိက္ခဝေ ဘိက္ခု သမဏသာမိစိပ္ပဋိပဒံ ပဋိပန္နော ဟောတိ အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....ဤငါဘုရားသာသနာတော်ဝယ် သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တဖြစ်သော ရဟန်းတော် သူမြတ်သည် အဘိဇ္ဈာ

ဗျာပါဒ ကောဓ ဥပနာဟ မက္ခ ပလာသ ဣဿာ မစ္ဆရိယ သာဌေယျ မာယာ ပါပိစ္ဆာ မိစ္ဆာဒိဋ္ဌိတည်းဟူသော အညစ်အကြေး ဆဲ့နှစ်ပါးကို ပယ်ပြီး ဖြစ်ပေ၏။

ထိုသို့ အညစ်အကြေးဆဲ့နှစ်ပါးကို ပယ်ပြီးဖြစ်သော ပုဂ္ဂိုလ်သည်ပင်လျှင် သမဏသာမီစိပွဋ္ဌိပဒါ ရဟန်းတော်တို့အား လျှောက်ပတ်သော အကျင့်ပဋ္ဌိပဒါ ကို ကျင့်ကြံသော ပုဂ္ဂိုလ်မည်သည် ဟူ၍ ငါဘုရားဟောဆိုသည် ဟု သဗ္ဗညု မြတ်စွာဘုရားသည် သမဏသာမီစိပွဋ္ဌိပဒါ အမည်ရသော ရဟန်းတော် စင်စစ် တို့လိုက်နာကျင့်ကြံရမည့် အညစ်အကြေးဆဲ့နှစ်ပါးတို့ကို ပယ်ရှားခြင်းတည်း ဟူသော အကျင့်တရားကိုရင်း ဟောတော်မူပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသောအတိုင်း သမဏသာမီစိပွဋ္ဌိပဒါ, အဿမဏသာမီစိပွဋ္ဌိပဒါ နစ်ရပ်ကို ဤသုတ္တန်ဒေသနာတော်မြတ်ဝယ် သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

စူဋ္ဌအဿပုရသုတ် ပြီး၏

သာလေယျကသုတ်

ပုစ္ဆာ။ ။သာလေယျကသုတ္တံ ပနာဝုတော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသလေသု ဘန္တေ သာလာယံ နာမ ဗြာဟ္မဏဂါမေ သာလေယျကေ ဗြာဟ္မဏဂဟပတိကေ အာရဗ္ဘ ဘာသိတံ။ သာလေယျကာ ဘန္တေ ဗြာဟ္မဏဂဟပတိကာ ဘဂဝန္တံ ဥပသင်္ကမိတွာ ဧတဒဝေါစုံ "ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ၊ ကော ပန ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ" တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ **ဘာသိတံ။**

အမေး။ ။သာလေယျကမည်သော သုတ္တန် တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍အဘယ်သို့သောအဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ကောသလတိုင်းအဝင်အပါ သာလာမည်သော ပဏ္ဏာဒရွာ၌ သာလာရွာသား များစွာသော ပဏ္ဍားသူကြွယ်တို့ကို အကြောင်းပြု၍ ဟော ကြားတော်မူအပ်ပါသည်။

သာလာရွာသား များစွာသော ပဏ္ဍား သူကြွယ်တို့သည် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍—

အိုအရှင်ကြီးဂေါတမ....ဤလောကဝယ် အခြို့သော ပုဂ္ဂိုလ်တို့သည် အကြင်အကြောင်းခကြောင့် စုတေသည်မှ နောက်ကာလဝယ် အပါယ်ဝရဲသို့ ကျရောက်ရပါသည်၊ ထိုသို့အပါယ်ဝရဲသို့ ကျရောက်ကြောင်းဖြစ်သော ဇနကအကြောင်း ဥပတ္ထမ္ဘကအကြောင်းကား အဘယ်တရားများပါနည်း။

အိုအရှင်ကြီးဂေါတမ....ဤလောကဝယ် အခြို့အခြို့သော ပုဂ္ဂိုလ်တို့သည် စုတေသည်မှ နောက်ကာလဝယ် ကောင်းသောသုတိ၌ လားရာသုဂတိနတ်ရွာသို့ ရောက်ကြရပါသည်၊ ထိုသို့ သုဂတိနတ်ရွာသို့ ရောက်ရာရောက်ကြောင်း ကောင်းမြတ်သော ဇနကအကြောင်း ကောင်းမြတ်သော ဥပတ္ထမ္ဘကအကြောင်းတရားကား အဘယ်တရားများဖြစ်ပါသနည်း ဟု—

ငရဲသို့ရောက်ကြောင်း နတ်ရွာရောက်ကြောင်း အကျဉ်းပဋိပတ်ကို မေးလျှောက်ကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက အဓမ္မစရိယ ဝိသမစရိယတည်း၊ ဤသော ဒုစရိုက်ဆယ်ပါးကြောင့် အပါယ်ဒုဂ္ဂတိသို့လားရကြောင်း။ ဓမ္မစရိယ,သမစရိယ အမည်ရသော သုစရိုက်ဆယ်ပါးကို ပွါးများအားထုတ်ခြင်းကြောင့် နတ်ရွာသုဂတိဘုံရောက်ကြောင်း အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူပါသည်။

ဤသို့လျှင် သာလာရွာသား ပဏ္ဏာဒသူကြွယ်တို့မေးမြန်းလျှောက်ထားသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် နတ်ရွာရောက်ကြောင်း ဒုဂ္ဂတိရောက်ကြောင်း အကျဉ်းနှစ်ပါးကို ခွဲခြားစိစ်ဖြာ ဟောကြားရာဖြစ်သော ဤသာလေယျကသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သာလေယျကသုတ် ပြီး၏

ဝေရဉ္ဇကသုတ်

ပုစ္ဆာ။ ။ဝေရဉ္ဇကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဝေရဉ္ဇကော ဗြာဟ္မဏဂဟပတိကော အာရဗ္ဘ ဘာသိတံ။ ဝေရဉ္ဇကာ ဘန္တေ ဗြာဟ္မဏဂဟပတိကာ ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ တေဒဝေါစုံ "ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ၊ ကော ပန ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အဓိပ္ပာယ်။ ။ဝေရဉ္ဇကမည်သော သူတွန်တရားဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အင်္ဂုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေရဉ္ဇပြည်သား ပဏ္ဍားသူကြွယ်တို့ကို အကြောင်းပြု၍ ရှေးသာလေယျကသုတ်၌ကဲ့သို့ ဒုဂ္ဂတိရောက်ကြောင်း သုဂတိရောက်ကြောင်း အကျိုးကို မေးမြန်းလျှောက်ထားခြင်းတည်းဟူသော အင်္ဂုပ္ပတ္တိကြောင့် ရှေးသာလေယျသုတ်ကိုကဲ့သို့ ဤဝေရဉ္ဇက သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းအရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဝေရဉ္ဇကသုတ် ပြီး၏

မဟာဝေဒလ္လသုတ်

ပုစ္ဆာ။ ။မဟာဝေဒလ္လသုတ္တံ ပနာဝုသော ကတ္ထ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မတာ မဟာကောဋ္ဌိကေန ပုဋ္ဌေန အာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ဘာသိတံ။

အမေး။ ။ပညာမဲ့ ပုဂ္ဂိုလ် ဟူသည် အဘယ်ပါနည်း ဟူသော မေးခွန်းမှ စ၍ နိရောဓသမာပတ်ဝင်စားပုံ ဖလသမာပတ်ဝင်စားပုံ လေးပါးသော စေတောဝိမုတ္တိတို့တိုင်အောင် ဥာဏ်သက်ဝင်လျက် ပိတိပါမောဇ္ဇ ဖြစ်လျက် အဆင့်ဆင့်တက်ကာတက်ကာ မေးမြန်းဖြေဆိုရာဖြစ်သော မဟာဝေဒလ္လမည်သော သုတ္တန် တရားဒေသနာတော်ကို အဘယအရပ်ဒေသ၌ အဘယ်မည်သော ပုဂ္ဂိုလ်က ဟောကြားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ သာဝတ္ထိပြည်အရပ်ဝယ် မဟာသာဝက အဝင်အပါ အရှင် မဟာကောဋ္ဌိက မထေရ်သူမြတ်က ပညာမရှိသော ဒုပ္ပညပုဂ္ဂိုလ် ပညာရှိသော ပညဝန္တပုဂ္ဂိုလ်မှအစ ဖလဝိမုတ္တိတိုင်အောင် များစွာသော ဌာနတို့ဝယ် အမေးပုစ္ဆာပြဿနာတို့ကို ဆင့်ကာဆင့်ကာ မေးမြန်းတော်မူအပ်ပါသဖြင့် တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် ဤမဟာဝေဒလ္လသုတ္တန်ဒေသနာတော်မြတ်ကို စိတ်ဖြာခဲ့ခြင်း ဟောကြားတော်မူအပ်ပါသည်အရှင်ဘုရား။

မဟာဝေဒလ္လသုတ် ပြီး၏

စူဠဝေဒလ္လသုတ်

ပုစ္ဆာ။ ။စူဠဝေဒလ္လသုတ်ံ ပနာဂုသော ကတ္ထ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဂ္ဂေ ဝိသာခေန ဥပါသကေန ပဋ္ဌာယ မမ္မဒိန္နာယ ထေရိယာ ဘာသိတံ။

အမေး။ သက္ကာယ ဟူသည်မှာ အဘယ်ပါနည်းဟူသော ဤမေးခွန်းမှ စ၍ ဝိဇ္ဇာဒိမုတ္တိ နိဗ္ဗာန်တိုင်အောင် ဥာဏ်သက်ဝင်လျက် ပိတိပါမောဇ္ဇကို ရလျက် ဆင့်ကာဆင့်ကာ မေးမြန်း၍ ဖြေဆိုရာဖြစ်သော စူဠဝေဒလ္လမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်က ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဝိသာခသူဌေး မေးမြန်းလျှောက်ထားသဖြင့် မမ္မဒိန္နာ ထေရီမသည် သက္ကာယဟူသည် ဘယ်တရားကိုခေါ်သည်၊ သက္ကာယ၏ဖြစ်ကြောင်း သက္ကာယသမုဒယဟူသည် ဘယ်တရားကိုခေါ်သည်၊ သက္ကာယ၏ ချုပ်ငြိမ်းရာ သက္ကာယ နိရောဓဟူသည် ဘယ်တရား

ကိုခေါ်သည်၊ သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အာကျင့်ပဋိပတ်ဟူသည် ဘယ်တရားကိုခေါ်သည် အစရှိသည်ဖြင့် မေးသမျှကို စိတ်ဖြာခဲ့ခြား ဓမ္မဒိန္နာထေရီမသည် ဤစူဠဝေဒလ္လ သုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားအပ်ခဲ့ပါသည်အရှင်ဘုရား။

စူဠဝေဒလ္လသုတ် ပြီး၏

စူဠဓမ္မသမာဒါနသုတ်

ပုဆ္ဆာ။ ။စူဠဓမ္မသမာဒါနသုတ်ံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဓန္တ သမ္မဟုလေ ဘိက္ခု။ အာရဗ္ဘ ဘာသိတံ။

အမေး။ စူဠဓမ္မ သမာဒါန် မည်သော သုတ္တန် တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ စူဠဓမ္မ သမာဒါန် အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် မျှားစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်အရှင်ဘုရား။

စူဠဓမ္မသမာဒါနသုတ် ပြီး၏

မဟာဓမ္မသမာဒါနသုတ်

ပုဆ္ဆာ။ ။မဟာဓမ္မသမာဒါနသုတ်ံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဓန္တ သမ္မဟုလေ ဘိက္ခု။ အာရဗ္ဘ ဘာသိတံ။

အမေး။ မဟာဓမ္မသမာဒါနမည်သော သုတ္တန်တရားဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ သာဝတ္ထိပြည်အရပ်ဝယ် မျှားစ့ာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စ့ာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာဓမ္မသမာဒါနသုတ် ပြီး၏

ဝိမံသကသုတ်

ပုစ္ဆာ။ ။ဝိမံသကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခု။ အာရဗ္ဘ ဘာသိတံ။

အမေး။ သူတပါးတို့၏စိတ်ကိုသိသော စေတောပရိယ အဘိညာဉ်ကို မရရှိသော ပုဂ္ဂိုလ်သည် မိမိ၏ကိုးကွယ်ရာဖြစ်သော ဘုရားကို စုံစမ်းလိုပါလျှင် မည်သို့ မည်ပုံ စုံစမ်းနိုင်ကြောင်းကို ဟောကြားရာဖြစ်သော ဝိမံသက မည်သော သုတ္တန်ဒေသနာတော်ကို သဗ္ဗညုမြတ်စ့ာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ဘုရားစင်စစ် တရားစင်စစ်ကို ရှာပုံ ရှာနည်းဥပဒေသကို အာကျယ်တဝင့် ဖော်ပြရာဖြစ်သော ဝိမံသကသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စ့ာဘုရားသည် သာဝတ္ထိပြည်အရပ်ဝယ် မျှားစ့ာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည့် အရှင်ဘုရား။

ဝိမံသကသုတ် ပြီး၏

ကောသမ္မိယသုတ်

ပုစ္ဆာ။ ။ကောသမ္မိယသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသမ္မိယံ ဘန္တေ ကောသမ္မိကေ ဘိက္ခု။ အာရဗ္ဘ ဘာသိတံ။ ကောသမ္မိကာ ဘန္တေ ဘိက္ခု။ ဘဏ္ဍနဇာတာ ကလဟဇာတာ

ဝိဝါဒါပန္နာ အညမညံ မုခသတ္တိဟိ ဝိတုဒန္တာ ဝိဟာရန္တိ။
တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ သာရတ္ထိယတရား ခြောက်ပါးတို့ကိုငင်း ဖေသာတာပန် ပုဂ္ဂိုလ်၏ ဆင်ခြင်ပုံ မဟာပစ္စဝေက္ခဏာတရား ခုနစ်ပါးတို့ကိုငင်း ဖော်ပြရာဖြစ်သော ကောသမ္မိယမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်းငါရှင်။

အဖြေ။ ကောသမ္မိပြည်အရပ်ဝယ် ကောသမ္မိပြည်သား များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ကောသမ္မိပြည်သား များစွာသော ရဟန်းတို့သည် အနည်းငယ်မျှ မပြောပလောက်သော သန့်သက်ရေကြွင်းကို အကြောင်းပြု၍ အချင်းချင်း ခိုက်ရန်ငြင်းခုံဖြစ်ပွါးကြလျက် အချင်းချင်း နှုတ်လုံထိုးကာ နေကြပါသည်၊ တပါးနှင့်တပါးသိစေပါသော်လည်း နားမထောင်ကြဘဲရှိကြပါသည်။

ထို့သို့သော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် ရဟန်းတော် အချင်းချင်း မေတ္တာကာယကံ မေတ္တာဝစီကံ မေတ္တာမနောကံ ထားသင့်ကြောင်းစသည်ကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာ၊ သူတော်ကောင်း စင်စစ်ဖြစ်ဘို့ရန် သောတာပန်၏အင်္ဂါ ပစ္စဝေက္ခဏာဉာဏ်ကြီး ဉာဏ်ဆယ်မိုး ခုနစ်ပါးတို့ ဖြစ်ပုံကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော ဤကောသမ္မိကသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ထားအပ်ပြီးသော အတိုင်း ကောသမ္မိပြည်သား ရဟန်းတို့ မပြောပလောက်သော အကြောင်းဝတ္ထု၌ ငြင်းခုံမှုဟူသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည့်အရှင်ဘုရား။

ကောသမ္မိယသုတ် ပြီး၏

ဖြဟ္မနိမန္တနိကသုတ်

ပုစ္ဆာ။ ။ဖြဟ္မနိမန္တနိကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ။ အာရဗ္ဘ ဘာသိတံ။

အမေး။ ဗြဟ္မာ၏ ဘိတ်မန်သောစကားနှင့် စပ်လျဉ်း၍ ဟောရာဖြစ်သောကြောင့် ဗြဟ္မနိမန္တနိကမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ဗြဟ္မနိမန္တနိကအမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသောဓမ္မပဋိဂ္ဂါဟက ရဟန်းတော်အရှင်မြတ်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်အရှင်ဘုရား။

ဗြဟ္မနိမန္တနိကသုတ် ပြီး၏

မာရတဇ္ဇနီယသုတ်

၀ ။ ။ ။ ၀၀။

ပုစ္ဆာ။ ။မာရတဇ္ဇနီယသုတ္တ ပနာဝုသော ကတ္ထ က အာရဗ္ဘ ကသ္မာ ဝတ္ထုသ္မိံ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သက္ကေသု ဘန္တေ သုသုမာရဂိရေ ဘေသကဠာဝနေ မိဂဒါယေ အာယသ္မတာ မဟာမောဂ္ဂလ္လာနေန မာရံ ပါပိမန္တံ အာရဗ္ဘ ဘာသိတံ။ မာရော ဘန္တေ ပါပိမာ အာယသ္မတော မဟာမောဂ္ဂလ္လာနဿ ကုစ္ဆိဂတော ဟောတိ ကောဋ္ဌ-မနုပဝိဋ္ဌော။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ မာရ်နတ်မင်းအား အကြောင်းနှင့်တကွ အကသိုလ်၏ အပြစ်ကိုပြ၍ ဆုံးမရာဖြစ်ခြင်းကြောင့် မာရတဇ္ဇနီယ မည်သော သုတ္တန် တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က ဟောကြားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ သက္ကတိုင်း သုသုမာရဂိရ မြို့၏အနီး ဘေသကဠာဝနအမည်ရသော ဘေးမဲ့တောဝယ် မဟာမောဂ္ဂလ္လာန်မထေရ်သူမြတ်သည် မာရ်နတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

မာရ်နတ်သားသည် ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်၏ ဝမ်းတွင်းသို့ ဝင်၍ ပူးလျက်ရှိပါသည်၊ ထိုအခါ မဟာထေရ်မြတ်သည် ငါ၏ ဝမ်းသည်ကား လေးလံစွတကား၊ ပဲကိုရေစိမ်ထားဘိသကဲ့သို့ ဖောင်းပွပေစွတကား၊ အတိုင်းအရှည်နှင့် ယှဉ်စွာစားပါလျက် အဘယ့်ကြောင့် ဤသို့ ဖြစ်ရသနည်းဟု ကျောင်းတော်အတွင်းသို့ဝင်၍ စဉ်းစားတော်မူသည်ရှိသော် မာရ်နတ်ဝင်ရောက် ပူးနေသည်ကို သိတော်မူသဖြင့် ရှေးအတိတ်ကာလ ကကုသန် မြတ်စွာဘုရားလက်ထက်အခါဝယ် ကိုယ်တော်တိုင်ပင် ဒုဿီမာရ်နတ်ဖြစ်ခဲ့ဘူး၍ မြတ်စွာဘုရား၏ တပည့်သားသာဝကတို့ကို အမျိုးမျိုးလှည့်ဖြားခဲ့ကြောင်း။

အလွန်ဆုံးအားဖြင့် ကကုသန် မြတ်စွာဘုရား၏ အဂ္ဂသာဝက ဖြစ်တော်မူသော ဝိဓုရ မထေရ်မြတ်ကိုပင် ခလေးတို့အား မိမိသည် ပူးဝင်ခဲ့၍ ခေါင်းကိုပေါက်သည် ကဲ့သည်ထိအောင် ပစ်စေခဲ့ခြင်း၊ ထိုအခါ ကကုသန်မြတ်စွာဘုရားက နှာဂပလောကိတ အကြည့်မျိုးဖြင့် ဆင်ပြောင်ကြီးအကြည့်မျိုးဖြင့် ပြန်၍ ကြည့်ရှုပြီးလျှင် "လွန်စွာ လွန်စွာ ယုတ်မာပေစွ" ဟု မိန့်ကြားတော်မူသော စကား၏ အဆုံးဝယ် ဒုဿီမာရ်နတ်သည် အဝီစိငရဲသို့ကျခဲ့ရကြောင်း။

ထိုဒုဿီ မာရ်နတ်သည်ပင်လျှင် သင်၏ ဦးရီးတော်ဖြစ်ကြောင်း၊ အကယ်၍ သင်သည်လည်း သဗ္ဗညုမြတ်စွာဘုရား၏ တပည့်သား သာဝက ဖြစ်သော လူ့ဝေါဟာရအလိုအားဖြင့် သင်၏ ဦးရီးတော်ပင်ဖြစ်သော ငါ့ကို ညှဉ်းပန်းနှိပ်စက်ပါမူ သင်၏ ဦးရီးဖြစ်သော ဒုဿီ မာရ်နတ်အတူပင် အဝီစိငရဲဝယ် ကျရောက်၍ ဆင်းရဲကြီးစွာ ခံစံရမည့်အကြောင်းကို ဖော်ပြ၍ ဆုံးမရာ ဖြစ်သော မာရတဇနိယ အမည်ရသည့် ဤသုတ္တန်ဒေသနာတော်မြတ်ကို မဟာမောဂ္ဂလ္လာန်မထေရ်သူမြတ်သည် လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ဘဂ္ဂတိုင်း သံသုမာရဖြို့အနီး ပဲစင်းငုံတော အရပ်ဝယ် ပညတ်ဟောကြားတော်မူခဲ့ပါသည်အရှင်ဘုရား။

မာရတဇနိယသုတ် ပြီး၏

မူလပဏ္ဏာသပါဠိတော် အမေးအဖြေ ပြီး၏။

မဇ္ဈိမပဏ္ဍာသပါဠိတော် အမေးအဖြေ

ကန္ဒရကသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဇာနတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ကန္ဒရကသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။စမ္ပာယံ ဘန္တေ ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ ပေဿဥ္ဇ ဟတ္ထာရောဟပုတ္တံ ကန္ဒရကဥ္ဇ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ၊ ကန္ဒရကော ဘန္တေ ပရိဗ္ဗာဇကော ဘဂဝတော စ ဘိက္ခုသံ-ဃဿ စ ဝဏ္ဏံ အဘာသိ၊ ပေဿော စ ဘန္တေ ဟတ္ထာရောဟ-ပုတ္တော ဘဂဝတော စ ဓမ္မဒေသနာယ စ ဝဏ္ဏံ အဘာသိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ။ပ။ ထိုမြတ်စွာဘုရားသခင်သည် မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဍာသဉ်ရှေးဦးစွာ သံဂါယနာတင်၍ ထားအပ်သော ကန္ဒရကမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။စမ္ပာပြည် ဂဂ္ဂရာ ရေကန်၏ အနီး၌ ဆင်စီးသူရဲကောင်း၏သားဖြစ်သော **ပေဿ**ကိုဌင်း၊ **ကန္ဒရက** အမည်ရသော ပရိဗိုဇ်ကိုဌင်း အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ကန္ဒရက မည်သော ပရိဗိုဇ်နှင့် ပေဿ မည်သော ဆင်စီးသူရဲကောင်းတို့၏သား နှစ်ဦးနှစ်ယောက်တို့သည် ဘုရားထံမှောက်သို့ သွားရောက်ကြပြီးလျှင် ပေဿအမည်ရှိသော ဆင်စီးသူရဲကောင်း၏သားသည် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်၊ ကန္ဒရက ပရိဗိုဇ်သည်ကား မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ စကားနှီးနှောပြောဆိုပြီးလျှင် သင့်တင့်လျောက်ပတ်သောအရပ်၌ ရပ်တည်၍ နေပါသည်။

ထိုအခါ ကန္ဒရက ပရိဗိုဇ်သည် ထက်ဝန်းကျင် ရဟန်းပရိသတ်ကို ကြည့်ရှုလတ်သည်ရှိသော် လက်ခြေလှုပ်ခြင်း ဟတ္ထကုက္ကုစ္စ ပါဒကုက္ကုစ္စ ချေဆတ်ခြင်း

ချောင်းညှံခြင်း အစရှိသည်မှ ကင်းရှင်း လေငြိမ်ရာဝယ် ညီသီအပ်သော ဆီမီးကဲ့သို့ ဆိတ်ဆိတ်ငြိမ်ငြိမ် တည်နေတော်မူသော ရဟန်းသံဃာအပေါင်းကို ရှုမြင်ရသဖြင့်—

အစ္ဆရိယံ ဘော ဂေါတမ၊ အဗ္ဘုတံ ဘော ဂေါတမ၊ ယာဝဉ္စိဒံ ဘောတာ ဂေါတမေန သမ္မာ ဘိက္ခုသံဃော ပဋိပါဒိတော—အစရှိသည်ဖြင့်—

အို အရှင်ကြီး ဂေါတမ....လက်ဖျစ်တီးရှိ အံ့ခြီးဘွယ် ကောင်းလှပါပေစွ၊ အို အရှင်ကြီး ဂေါတမ....မဖြစ်စဘူး အထူးဖြစ်ပါပေစွ၊အရှင်ကြီး ဂေါတမသည် အတိုင်းထက် အလွန်လျှင် ဤရဟန်းသံဃာတော် အပေါင်းကို ကောင်းစွာ ယဉ်ကျေးအောင် ဆုံးမတော် မူအပ်ပါပေသည်။ အို အရှင်ကြီး ဂေါတမ.... အတိတ်၌ ပွင့်တော်မူကြပြီးသော ဘုရားရှင်တို့သည်ထင်း အနာဂတ်၌ ပွင့်တော် မူလတ္တံ့သော ဘုရားရှင်တို့သည်ထင်း ရှိတော်မူကြပါကုန်သည်။ထိုအတိတ် အနာဂတ် ပွင့်တော်မူပြီး ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့သည်လည်း ယခု အရှင်ကြီး ဂေါတမသည် ရဟန်းတော် သံဃာတော် အပေါင်းကို ကောင်းစွာ ယဉ်ကျေးအောင် ဆုံးမတော် မူအပ်သကဲ့သို့ ဤမျှ အတိုင်း အရှည်ရှိသည်ဖြစ်၍သာလျှင် ရဟန်းသံဃာအပေါင်းကို ကောင်းစွာ ဆုံးမ အပ်ပြီး ဆုံးမလတ္တံ့ ဖြစ်ပါသည်ဟု လျှောက်ထားပါသည်။

ပေဿ အမည်ရှိသော ဆင်စီးသူရဲကောင်း၏ သားသည်လည်း အစ္ဆ-ရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ—အစရှိသည်ဖြင့် မြတ်စွာဘုရား၏ ဓမ္မကထာကို ၎င်း မြတ်စွာဘုရားကိုဂုဏ်း ခြီးမွမ်းလျှောက်ထားခဲ့ပါသည်။

ထိုသို့ ခြီးမွမ်းလျှောက်ထားသော အကြောင်းအစုပွတ်ကြောင့် ဤကန္ဒရက သုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဧဝံ ဧခါ အာဝုသော ကန္ဒရကေန ပရိဗ္ဗာဇကေန ဘဂဝတော စ ဘိက္ခုသံဃဿ စ အာဘိပွသန္နေန ဝဏ္ဏော ဘာသိတော ကထံ ဘဂဝါ တံ သမနုဇာနိတ္ထ ဓမ္မဒေသနာရမ္ဘံ အာရဘိ၊ ကထဉ္စ ပေဿော ဟတ္ထာရောဟပုတ္တော ဘဂဝတော စ ဓမ္မဒေသနာယ စ ဝဏ္ဏံ

အဘာသိ၊ကထဉ္စ ပေဿသ ဟတ္ထာရောဟပုတ္တသ အဇ္ဈာသယာနုရူပံ ဓမ္မံ ဒေသေသိ။

ဝိဿဇ္ဇနာ။ ။ဧဝံ ခေါ ဘန္တေ ကန္ဒရကေန ပရိဗ္ဗာဇကေန ဘဂဝတော စ ဘိက္ခုသံဃသ္သ စ အဘိပ္ပသန္နေန ဝဏ္ဏော ဘာသိတော "ဧဝမေတံ ကန္ဒရက ဧဝမေတံ ကန္ဒရက" ဧဝမာဒိနာ ဘဂဝါ တံ သမနုဇာနိတ္ဝာ "သန္တိ ဟိ ကန္ဒရက ဘိက္ခူ။ ဣမသ္မိံ ဘိက္ခုသံဃေ အရဟန္တော ခီဏာသဝါ ဝုသိတဝန္တော ကတကရဏီယာ ဩဟိတဘာရာ အနုပ္ပတ္တသဒတ္ထာ ပရိက္ခီဏဘဝသံယောဇနာ သမ္မဒညာ ဝိမုတ္တာ"တိ ဧဝမာဒိနာ ဓမ္မဒေသနံ သမာရဘိ။ အထ ခေါ ဘန္တေ ပေဿော ဟတ္ထာရောဟပုတ္တော "အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ ယာဝ သုပညတ္တာ စိမေ ဘန္တေ ဘဂဝတာ စတ္တာရော သတိပဋ္ဌာနာ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ" တိ ဧဝမာဒိနာ ဘဂဝတော စ ဓမ္မဒေသနာယ ဝဏ္ဏံ အဘာသိ၊ ဘဂဝါပိ ဘန္တေ "ဂဟနုဋ္ဌေတံ ပေဿ ယဒိဒံ မနုဿာ၊ ဥတ္တာနကဋ္ဌေတံ ဖပဿ ယဒိဒံ ပသဝေါ"တိ အာဒိနာ ပေဿသ ဟတ္ထာရောဟပုတ္တသ အဇ္ဈာသယာနုရူပံ ဓမ္မကထံ ဒေသေသိ။

အဓိမေး။ ။ကန္ဒရကမည်သော ပရိဗိုဇ်က မြတ်စွာဘုရားအားဂုဏ်းရဟန်းသံဃာတော်များအားဂုဏ်း အလွန်ကြည်ညိုသည်ဖြစ်၍ ဂုဏ်ကျေးဇူးစကားကို ပြောဆိုလျက် ခြီးမွမ်းသော အခါကာလငယ် မြတ်စွာဘုရားသခင်သည် ထိုသို့ ခြီးမွမ်းသောစကားကို ဟုတ်မှန်သောစကားဖြစ်သောကြောင့် သဘောတူ အသိအမှတ်ပြုတော်မူပြီးလျှင် တရားဟောရန်အလို့ငှါ အဘယ်သို့လျှင် စခြို၍ မိန့်ကြားတော်မူပါသနည်း။ ထိုအခါကာလ၌ ဆင်စီးသူရဲကောင်း၏သားဖြစ်သော ပေဿအမည်ရှိသော သူသည်လည်း မြတ်စွာဘုရား၏ဂုဏ် တရားတော်၏ဂုဏ် ဂုဏ်ကျေးဇူးစကားကို အဘယ်သို့လျှင် ခြီးမွမ်းလျှောက်ထားပါသနည်း၊ ထိုသို့ ခြီးမွမ်းလျှောက်ထားသော အခါကာလ၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်

ကလည်း ထိုပေဿ အမည်ရှိသော ဆင်စီးသူရဲကောင်း၏သားအား အဇ္ဈာသယ အလိုအားလျော်သော အဘယ်သို့သော တရားစကားကို ဟောကြားတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့လျှင် ကန္ဒရက ပရိဗိုဇ်က သဗ္ဗညုမြတ်စွာဘုရား၏ ဂုဏ်း ရဟန်းသံဃာတော်မြတ်အပေါင်း၏ဂုဏ်း ကြည်ညိုလှသောစိတ်ရှိသဖြင့် ကျေးဇူးစကားကို လျှောက်ကြားလတ်သည်ရှိသော် သဗ္ဗညုမြတ်စွာဘုရားသည် "ဝေမေတံ ကန္ဒရက ဧဝမေတံ ကန္ဒရက" အစရှိသည်ဖြင့်—

ကန္ဒရက ပရိဗိုဇ်....သင်လျှောက်ဆိုသည့်အတိုင်း မှန်လှပေ၏၊ ကန္ဒရက ပရိဗိုဇ်....သင်လျှောက်ဆိုသည့်အတိုင်း မှန်လှပေ၏၊အတိတ် အနာဂတ် ကာလယ် ပွင့်တော်မူပြီး ပွင့်တော်မူလတ္တံ့ ဖြစ်ကြသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်တို့သည်လည်း ယခုအခါ ငါဘုရားရှင်သည် ဤရဟန်းသံဃာအပေါင်းကို ကောင်းစွာ ယဉ်ကျေးအောင် ဆုံးမအပ်ဘိသကဲ့သို့ ထိုအတိတ် အနာဂတ် ပွင့်တော်မူပြီး ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့သည်လည်း ဤယခု ငါဘုရားဆုံးမတဲ့ အတိုင်းအရှည်အတိုင်းသာလျှင် ရဟန်းသံဃာတော် အပေါင်းကို ကောင်းစွာ ယဉ်ကျေးအောင် ဆုံးမပြီး ဆုံးမလတ္တံ့ပင် ဖြစ်ပေသည်ဟု ကန္ဒရကပရိဗိုဇ်၏စကားကို ခွင့်ပြုလက်ခံတော်မူပြီး၍—

သန္တိ ဟိ ကန္ဒရက ဘိက္ခူ။ ဣမသ္မိံ ဘိက္ခုသံဃေ အရဟန္တော ခီဏာသဝါ ဝုသိတဝန္တော ကတကရဏီယာ—အစရှိသည်ဖြင့် ကန္ဒရက ပရိဗိုဇ်.... ဤရဟန်းပရိသတ် အပေါင်းတွင်—

(၁) ခီဏာသဝ—ကိလေသာအာသဝေါ ကုန်ခန်းပြီးသော ရဟန်းတော်များလည်း တစု။

(၂) သိက္ခာသုံးပါးကို ကျင့်ကြံဆဲဖြစ်သော သေက္ခရဟန်းတော်များလည်း တစု။

(၃) ထိုမှတပါးသော သေက္ခ အသေက္ခမှ အလွတ်ဖြစ်သော ပုထုဇဉ် ရဟန်းတော်လည်း တစု။

ဤသို့ သုံးမျိုး သုံးစုရှိသည့်အနက် ကိလေသာအာသဝေါကုန်ခန်းပြီးသော ရဟန္တာအရှင်သူမြတ်တို့သည် ရဟန်းကိစ္စ ပြီးဆုံးပြီဖြစ်သောကြောင့် သာလျှင် တည်ငြိမ်သော သမာဓိနှင့် ပြည့်စုံတော်မူကြပါပေသည်။

သေက္ခဂိုဏ်းဝင် အရိယာသာသနာတော် သူမြတ်တို့သည်ကား အထက်ဖြစ်သော မဂ်ဉာဏ်အလို့ငှါ ပွါးများအားထုတ်အပ်သော ဝိပဿနာဉာဏ်၏ အဟုန်အာနုဘော်ကြောင့် တည်ငြိမ်သောသမာဓိနှင့် ပြည့်စုံတော်မူကြပါသည်။

သေက္ခ အသေက္ခ ပုဂ္ဂိုလ်တို့မှတပါး ကြွင်းကျန်သော ရဟန်းတော် အရှင်သူမြတ်တို့သည်ကား သေက္ခဖြစ်ရန် အသေက္ခဖြစ်ရန် လေးတန်သော သတိပဋ္ဌာန်တရားတို့ကို ပွါးများခြင်း၊ ထိုလေးတန်သော သတိပဋ္ဌာန်တရားတို့၌ ထင်သောသတိ ရှိတော်မူကြကုန်သည်ဖြစ်၍ ငြိမ်သက်တည်ကြည်စွာ နေတော်မူကြပါသည်ဟု တရားစကားကို အစပျိုး၍ ဟောကြားတော်မူပါသည်။

ထိုအခါ ပေဿအမည်ရှိသော ဆင်စီးသူရဲကောင်း၏သားသည် အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ — အစရှိသည်ဖြင့် ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....လက်ဖျစ်တီး၍ အံ့ခြိမ်းစဘွယ် ကောင်းလှပါပေစွ၊ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... မဖြစ်စဘူး အထူးဖြစ်ပါပေစွ၊ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် အပိုင်း အကန့်တို့ဖြင့် ဝေဘန်ခဲ့ခြားလျက် သတ္တဝါတို့အား ကိလေသာခပ်သိမ်းတို့မှ စင်ကြယ်ရန်အလို့ငှါ သောကဆင်းရဲ ပရိဒေဝဆင်းရဲ ဒုက္ခဆင်းရဲ ဒေါမနဿဆင်းရဲ ဥပါယာသဆင်းရဲတို့မှ လွန်မြောက်ရန် အလို့ငှါ အရိယာမဂ်ဉာဏ်သို့ ရောက်ဘို့ရန် အလို့ငှါ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှါ သတိပဋ္ဌာန်လေးပါး တရားတော်မြတ်တို့ကို ဟောကြားတော်မူအပ်ပါပေသည်။

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော အရှင်မြတ်ဘုရား၊ အိမ်ရာတည်ထောင် လူဝေဘောင်နေသူ တပည့်တော်တို့သော်မှလည်း တရံတခါ ကာယာနုပဿနာ, ဝေဒနာ, စိတ္တာ, ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားကို ပွါးများအားထုတ်၍ နေကြရပါပေသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤတွေ့မြင်နေရသမျှသော ဦးမည်း ဦးဖြူ ထိုထိုလူတို့သည်ကား လွန်စွာ့ လွန်စွာ ရွှုပ်ထွေးလှပါပေကုန်၏၊ တွေ့မြင်နေရသမျှသော အခြေနှစ်ချောင်း အခြေလေးချောင်း ရှိသော တိရစ္ဆာန်သတ္တဝါတို့သည်ကား ရှင်းလင်းလှပါပေ၏။

တိရစ္ဆာန်သတ္တဝါတို့၏ စိတ်နေစိတ်ထား ရှင်းလင်းပုံကို တပည့်တော် အနည်းငယ်မျှ လျှောက်ထားရပါလျှင် တပည့်တော်သည် ဤအရပ်မှ စမ္ပာပြည် မြို့တံခါးသို့ တိုင်အောင် ဤအတွင်းဝယ် မယဉ်ကျေးသေးသော ဆင်ကို စီး၍ တပည့်တော် အကယ်၍ မောင်းနှင်သွားပါမူ ထိုဆင်သည် ဤလမ်းခရီး အကြားမှာပင် မိမိ၏ စိတ်ရှိသမျှသော ကွေ့မှု ကောက်မှု လှည့်ပတ်မှု ကောက် ကျစ်မှု စဉ်းလဲမှု အမှုမှုတို့ကို ထင်စ့ာပြပါလိမ့်မည်၊ ဤနည်းဖြင့် တိရစ္ဆာန်တို့၏ မယဉ်ကျေးသော အခြင်းအရာ ယဉ်ကျေးသော အခြင်းအရာသည် လွန်စွာ လွန်စွာ ပေါ်လွင်ထင်ရှားလှပါပေသည်။

လူတို့၏ ရွှပ်ထွေးသော အခြင်းအရာကို အနည်းငယ်မျှ လျှောက်ထား ရပါဲ့ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စ့ာဘုရား.... တပည့်တော်တို့၏ ကျွန်ဟူ၍ ခေါ်ဆိုအပ်သော သူတို့သည်၎င်း အစေအပါး ဖြစ်သော သူတို့သည်၎င်း အမှုလုပ်ဖြစ်သော သူတို့သည်၎င်း ရှိကြပါကုန် သည်၊ ထိုတပည့်တော်တို့၏ ကျွန် အမှုလုပ် အစေအပါး လူများသည် ကာယ ဒုစရိုက ပြုသည်ကတခြား ဝစီဒုစရိုက်ဲ့ ပြောသည်ကတပါး မနောဒုစရိုမှု ကြံသည် က တမျိုး ဤသို့လျှင် ဒုစရိုးသုံးတန်မှာပင် သုံးတန်ကဲ့ပြား ခြားနား၍ နေကြ ပါသည်။

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စ့ာဘုရားသည် ဤမျှ ရွှပ်ထွေးလှသော လူ့လောကဝယ် ထိုထိုသူခပ်သိမ်းတို့၏ စီးပွါး ချမ်း သာ ရှိ မရှိကို သိမြင်တော်မူနိုင်ပါပေသည်ဟု မြတ်စ့ာဘုရား၏ဂုင်း မြတ်စ့ာ ဘုရားဟောကြားတော်မူအပ်သော သတိပဋ္ဌာန်တရားဒေသနာတော်၏ဂုင်း ကျေးဇူးစကားကို လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စ့ာဘုရားက ဂဟန္ဥတံ ပေဿ ယဒိဒံ မနုဿာ၊ ဥတ္တာနကဥ္ဥတံ ပေဿ ပသဝေါ—အစရှိသည်ဖြင့် ပေဿ....ဤလူတို့သည် ကား ရွှပ်ထွေးလှသည်မှန်ပေ၏၊ တိရစ္ဆာန်တို့သည်ကား ပေါ်လွင်ထင်ရှားလှ သည် မှန်ပေ၏၊ ပေဿ....ဤလောကဝယ် ပုဂ္ဂိုလ်တို့သည် လေးမျိုးလေးစား ရှိကြကုန်သည်။

(က) ပဌမပုဂ္ဂိုလ်မှာ ဤလောကဌ် မိမိကိုယ်ကို မိမိပူပန်အောင် အား ထုတ်တတ်သော ပုဂ္ဂိုလ်ပင် ဖြစ်သည်။

(ခ) ဒုတိယ ပဋိလ်မှာ သူတပါးတို့ကို ပူပန်အောင် အားထုတ်သော ပဋိလ်ပင် ဖြစ်သည်။

(ဂ) တတိယ ပဋိလ်ကား မိမိကိုယ်ကို၎င်း သူတပါးတို့ကို၎င်း ပူပန်အောင် အားထုတ်သော ပဋိလ်ပင် ဖြစ်သည်။

(ဃ) စတုတ္ထ ပဋိလ်သည်ကား မိမိ သူတပါး နှစ်ဦးသားတို့ကို မပူပန်အောင် အားထုတ်သူ ဖြစ်သည်။

ပေဿ....ဤပဋိလ်လေးယောက်တို့တွင် အဘယ်ပဋိလ်သည် အသင်၏ စိတ်ကို နှစ်လို ရွှင်လန်း ဝမ်းမြောက်စေသနည်းဟု မေးမြန်းတော်မူသော အခါ—

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤ ပဋိလ်လေးယောက်ဘို့တွင် မိမိကိုယ်ကို ပူပန်စေတတ်သော ပဋိလ် သူတပါးကို ပူပန်စေတတ်သောပဋိလ် မိမိ သူတပါး နှစ်ဦးသားတို့ကို ပူပန်စေတတ်သော ပဋိလ် ဤပဋိလ်သုံးမျိုးသည် တပည့်တော်၏စိတ်ကို နှစ်လိုအားရမ်း ဝမ်းမြောက်ခြင်းကို မဖြစ်စေပါ၊ မိမိ သူတပါး နှစ်ဦးသားကို မပူပန်စေတတ်သော ပဋိလ်သည်သာလျှင် တပည့်တော်၏ စိတ်နှလုံးကို ဝမ်းမြောက်ရွှင်လန်း နှစ်သက်စေနိုင်ပါသည်၊ ဤသို့ လျှောက်ထားသည်တွင်—

အဘယ်ကြောင့် ရှေးယောက်သော ပဋိလ်တို့သည် အသင်၏ စိတ်နှလုံးကို နှစ်လိုရွှင်လန်း ဝမ်းမြောက်မှုကို မဖြစ်စေပါသနည်း ဟု သဗ္ဗညူ မြတ်စွာဘုရား မေးမြန်းတော်မူသည်တွင်—

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤ ပဋိလ်လေးမျိုးတို့တွင် အကြင်ပဋိလ်သည် မိမိကိုယ်ကို ပူပန်စေတတ် မိမိ ပူပန်ဆင်းရဲအောင် လုံ့လကြိုးကုတ်အားထုတ်ဘတ်သောသူဖြစ်၏၊ ထိုပဋိလ်သည် သုခချမ်းသာကို လိုလားသည့် မိမိကိုယ်ကိုပင်လျှင် ဆင်းရဲဒုက္ခရောက်အောင် ညှဉ်းဆဲပါဘိသည်၊ ဤအကြောင်းကြောင့် ဤပဌမပဋိလ်သည်လည်း တပည့်တော်၏စိတ်ကို နှစ်လိုရွှင်လန်း ဝမ်းမြောက်ခြင်းကို မဖြစ်စေနိုင်ပါ။

ဒုတိယမြောက်ဖြစ်သော သူတပါးကို ပူပန်စေတတ်သည့် ပရန္တပ ပဋိလ် မျိုးသည်ကား ချမ်းသာသုခကို အလိုရှိသည့် သူတပါးကို ကိုယ်ချင်းစာ တရား

မထားဘဲ ဒုက္ခရောက်အောင် ပူပန်အောင် လုံလကြိုးကုတ် အားထုတ်သည် ဖြစ်သောကြောင့် ထိုဒုတိယ ပရန္တပ ပုဂ္ဂိုလ်သည်လည်း တပည့်တော်၏ စိတ်နှလုံးကို ရှင်ပြုံးနှစ်မြို့ အားရမ်းခြင်းကို မဖြစ်စေနိုင်ပါ။

တတိယပုဂ္ဂိုလ်ဖြစ်သည့် မိမိ သူတပါး နှစ်ဦးသားတို့အား ပူပန်စေတတ်သော ပုဂ္ဂိုလ်မျိုးသည်ကား ချမ်းသာသုခကို အလိုရှိကြသည့် ကိုယ်ရောသူပါ နှစ်ဦးသားလုံးကိုပင် ပူပန်အောင် ကြိုးကုတ် အားထုတ်သည် ဖြစ်သောကြောင့် ထိုတတိယပုဂ္ဂိုလ်သည်လည်း တပည့်တော်၏ စိတ်နှလုံးကို မရှင်လန်းမအားရမ်းစေပါ။

စတုတ္ထဖြစ်သော **နေဝအတ္တန္တပ နပရန္တပ-** မိမိကိုယ်ကိုလည်း ပူပန်အောင် အားမထုတ် သူဘပါးတို့ကိုလည်း ပူပန်အောင် အားမထုတ်သည့် ပုဂ္ဂိုလ်သည်သာလျှင် ချမ်းသာသုခကို အလိုရှိသော မိမိသူတပါး နှစ်ဦးသား၏ ချမ်းသာရာ ချမ်းသာကြောင်းကို ကျင့်ကြံသူ ဖြစ်သဖြင့် တပည့်တော်၏ စိတ်နှလုံးကို ရှင်ပြုံးအားရမ်းခြင်းကို ဖြစ်စေနိုင်ပါသည်ဘုရား။

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား တပည့်တော်တို့သည် လွန်စွာ့ လွန်စွာ ကိစ္စများလှပါကုန်သည်၊ တပည့်တော်တို့သည် ပြန်ပါရစေဟု ခွင့်တောင်းလျှောက်ထားပါသည်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် ပေဿ အမည်ရှိသော ဆင်စီးသူရဲကောင်း၏သားအား အလိုအဇ္ဈာသယနှင့် လိုက်လျောစွာ ၁-အတ္တန္တပ ပုဂ္ဂိုလ်၊ ၂-ပရန္တပပုဂ္ဂိုလ်၊ ၃-ဥဘယတာပပုဂ္ဂိုလ်၊ ၄-နေဝအတ္တန္တပ နပရန္တပ ပုဂ္ဂိုလ်တည်းဟူသော ပုဂ္ဂိုလ်လေးစားကိုအကျဉ်းအားဖြင့် ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တံ ပနာဝုသော ဓမ္မဒေသနံ သုတ္ဒာ ပေဿဿ ဟတ္ထာရောဟပုတ္တဿ ကီဒိသော အာနိသံသော အဓိဂတော၊ ကထဉ္စ ဘဂဝါ တံ ပုဂ္ဂလစတုက္ကဒေသနံ သံခိတ္တေန ဘာသိတံ၊ ဘိက္ခူနံ ဝိတ္ထာရေန ဝိဘဇိတ္ဒာ ဒေသေသိ။

ဝိဿဇ္ဇနာ။ ။တံ ခေါ ပန ဘန္တေ ဓမ္မံ သုတ္ဒာ ပေဿဿ ဟတ္ထာရောဟပုတ္တဿ ဒွေ အာနိသံသာ အဓိဂတာ သံဃေ စ ပသာဒေါ

သတိပဋ္ဌာနပရိဂ္ဂဟဏူပါယော စ အဘိနဝေါ။ ဘဂဝါ စ ဘန္တေ တံ ပုဂ္ဂလစဘုက္ကဒေသနံ ဘိက္ခူဟိ ယာစိတော "ကဘမော စ ဘိက္ခဝေ ပုဂ္ဂလော အတ္တန္တပေါ အတ္တပရိတာ-ပနာနုယောဂမနုယုတ္တော" တိအာဒိနာ သံခိတ္တေန ဘာသိတံ၊ ဝိတ္ထာရေန အတ္ထံ အဝိဘတ္တံ။ ဝိတ္ထာရေန ဝိဘဇိတ္ဝာ ဒေသေသိ။

အမေး။ ။အတ္တန္တပ အစရှိသော ပုဂ္ဂိုလ်လေးမျိုးကို အကျဉ်းအားဖြင့် ပြရာဖြစ်သော ထိုတရားဒေသနာတော်ကို ကြားနာရသောအခါကာလ၌ ဆင်စီးသူရဲကောင်း၏သားဖြစ်သော ပေဿအမည်ရှိသော သူအား အဘယ်သို့သော အကျိုးအာနိသင်ကို ရရှိသွားပါသနည်း၊ မြတ်စွာဘုရားသခင်သည်လည်း ထို ပုဂ္ဂလစတုက္က ပုဂ္ဂိုလ်လေးပါးဒေသနာတော်ကို အကျဉ်းအားဖြင့် ဟောတော်မူပြီးလျှင် ရဟန်းတော်ဘို့အား အဘယ်သို့ အကျယ်အားဖြင့် ဝေဘန်ဟောကြားပြန်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သဗ္ဗညုမြတ်စွာဘုရားသခင်က အတ္တန္တပ အစရှိသော ပုဂ္ဂိုလ်လေးမျိုး ပုဂ္ဂလစတုက္က ဒေသနာတော်မြတ်ကို အကျဉ်းအားဖြင့် ဟောပြတော်မူအပ်သည်ရှိသော် ထိုပုဂ္ဂလစတုက္ကဓမ္မဒေသနာကို ကြားနာရ၍ ဆင်စီးသူရဲကောင်း၏သားဖြစ်သော ပေဿ အမည်ရှိသော အမျိုးကောင်းသားသည် ဤဘုရားသာသနာတော်ဝယ် သံဃာတော်တို့၌ ကြည်ညိုခြင်းတည်းဟူသော ပဌမအာနိသင် အကျိုးထူးကိုရင်း သတိပဋ္ဌာန်တရားလေးပါးတို့ကို သိမ်းဆည်းပုံ ဆင်ခြင်ပုံ နည်းလမ်းဥပါယ်ကိုရင်း ဤနှစ်ပါးသော အကျိုးအာနိသင်ကို ရရှိသွားပါသည်။

ထိုသို့ ပေဿ အမျိုးကောင်းသား ဘုရားထံမှ ပြန်သွားသောအခါ သဗ္ဗညုမြတ်စွာဘုရားက "ပဏ္ဍိတော ဘိက္ခဝေ ပေဿော ဟတ္ထာရောဟပုတ္တော၊ မဟာပညော ဘိက္ခဝေ ပေဿော ဟတ္ထာရောဟပုတ္တော"-အစရှိသည်ဖြင့် ချစ်သားရဟန်းတို့ ဆင်စီးသူရဲကောင်း၏သားဖြစ်သော ပေဿအမည်ရှိသော ဤအမျိုးကောင်းသားသည် ပညာရှိပါပေ၏၊ ကျယ်ဝန်းသော အနက်အဓိပ္ပါယ်တို့ကို သိမ်းဆည်းနိုင်သော ဥာဏ်ပညာနှင့်လည်း ပြည့်စုံပါပေ၏။

ချစ်သားတို့....အကယ်၍ ဤပေဿ အမည်ရှိသော ဆင်စီးသူရဲကောင်း၏ သားသည် တမုဟုတ်မျှ ဤပုဂ္ဂလစတုက္ကဒေသနာ အကျယ်တဝင့် ဟောကြား

၍ ပြီးဆုံးသည့်အခါတိုင်အောင် စောင့်ဆိုင်းငံ့လင့်၍ နေပါမူကား သောတာပတ္တိမဂ်ဖိုလ်တိုင်အောင်သော များစွာသော အကျိုးကို ရရာသည်၊ သို့စေကာမူ ဤမျှလောက်ဖြင့် ပြန်သွားသော်လည်း "ထိုပေဿ အမည်ရှိသော အမျိုးကောင်းသားအား သံဃာတော်တို့၌ လိုက်လိုက်လှည်းလှည်း ကြည်ညိုခြင်းတည်းဟူသော ပသာဒတရား သတိပဋ္ဌာန်သုံးပါး နဲနက်သော တရားတို့ကို သိမ်းဆည်းပုံ ဆင်ခြင်ပုံ ပွါးများပုံ အသစ်ဖြစ်သော နည်းလမ်းဥပါယ် ဤနှစ်ပါးသော အကျိုးအာနိသင်ကို ရ၍ သွားသည်။ ထိုအကျိုးအာနိသင်နှစ်ပါးသည်လည်း နည်းပါးလှသည်မဟုတ်ပေ ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ သင့်ညှူမြတ်စွာဘုရားကို ရဟန်းတော်အပေါင်းတို့က ဧတဿ ဘဂဝါ ကာလော၊ ဧတဿ သုဂတ ကာလော-အစရှိသည်ဖြင့် "ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ပုဂ္ဂိုလ်လေးမျိုးကို အကျယ်တဝင့် ဖွင့်ပြဟောကြားဘို့ရန် အခွင့်မသင့်ပါပြီ၊ ပုဂ္ဂိုလ်လေးမျိုး, လေးစားကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူပါ။ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၏ အထံမှ ကြားနာကြရပြီးလျှင် ရဟန်းတော်တို့သည် ဆောင်ကြ မှတ်သားကြရမည် ဖြစ်ပါသည်" ဟု တောင်းပန်လျှောက်ထားသည်တွင်—

တေန ဟိ ဘိက္ခဝေ သုဏာထ သာဓုကံ မနသိကရောထ-အစရှိသည်ဖြင့် တိုက်တွန်းနှိုးဆော်တော်မူပြီးလျှင် ကတမော စ ဘိက္ခဝေ ပုဂ္ဂလော အတ္တာနဉ္စပေါ အတ္တာပရိတာပနာနုယောဂမနုယုတ္တော-အစရှိသည်ဖြင့် ချစ်သားတို့....ဘယ်ပုံ ဘယ်ပန်း အခြင်းအရာဖြင့် ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်စေ၍ မိမိကိုယ်ကို ပူပန်ရန် အလို့ငှါ ဆင်းရဲရန် အလို့ငှါ အားထုတ်သော ပုဂ္ဂိုလ်မည်သနည်းဟူမူကား—

ဤလောကဝယ် အချို့သော ပုဂ္ဂိုလ်သည် အဝတ်မဆီး အချည်းနှီးသော အကျင့်ကို ကျင့်၏၊ လူ့လောက ခုနစ်ရက် သားသမီးတို့ ကျင့်ကြံရိုးထုံးတမ်းမလွန်မြောက်၍ လူ့လောက ခုနစ်ရက် သားသမီးတို့ ကျင့်ကြံရိုးထုံးတမ်းကို စွန့်ပစ်၍ ကျင့်ကြံသော အကျင့်လည်းရှိပေ၏၊ မိမိလက်ဖြင့်ပင် အညစ်အကြေးတို့ကို သုတ်သင်ခြင်း အစရှိသည်ဖြင့် များစွာသော အစေလကတို့၏ ပင်ပန်းဆင်းရဲသော အကျင့်ကို ကျင့်ကြံပါပေ၏၊ ဤသို့ အစေလကအကျင့်တို့ကို

ကျင့်ကြံသောပုဂ္ဂိုလ်သည် ဤလောကဝယ် မိမိကိုယ်ကို ပူပန်စေတတ်သော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်ပေ၏။

သူတပါးကို ပူပန်စေတတ်သောပုဂ္ဂိုလ်ဟူသည် ဤလောက၌ အများသိမြင်နေကြဖြစ်သော သားသတ်မုဆိုး ဝက်ဆိုးသမား တံငါသည် အစရှိသော များစွာသော ပုဂ္ဂိုလ်တို့သည်ပင်လျှင် သူတပါးကို ပူပန်စေတတ်တဲ့ ပုဂ္ဂိုလ် ဖြစ်ပေသည်။

မိမိသူတပါး နှစ်ဦးသားတို့ကို ပူပန်စေတတ်တဲ့ ပုဂ္ဂိုလ်ဟူသည်မှာ ဗြာဟ္မဏတို့၏ လှည့်ပတ်ဖြားယောင်းသော ယဇ်ပူဇော်အစီအရင်ကို ပယ်မှားသဖြင့် ဤလောကဝယ် အခြို့သော မင်းတရားတို့သည် မင်းစည်းစိမ်ဖြင့် ချမ်းချမ်းသာသာနေရာမှ ဗြာဟ္မဏတို့၏ ယဇ်အစီအရင်အတိုင်း မြို့၏အရှေ့ အရပ်ဝယ် ယဇ်တင်းကုပ် အသစ်ဆောက်၍ ဆေးဒန်းမြင်းသီလာ စသည်တို့ဖြင့် ယဇ်တင်းကုပ်ဝယ် ဖျန်းပက်ပြီးလျှင် စုံစုတ်သော နွားချေးတို့ဖြင့် လိမ်းကျံအပ်သော မြေအပြင်ဝယ် ပင်ပန်းဆင်းရဲစွာ အိပ်၍နေခြင်းစသည်ဖြင့် မိမိကိုယ်ကို လည်း ပင်ပန်းအောင် အားထုတ်နေပါသည်။

ထိုသို့ ယဇ်တင်းကုပ်၌ နေပြီးသောအခါ ဤမျှသော သားတို့ နွားတို့ကို ယဇ်ပူဇော်ဘို့ရန် သတ်ကြကုန် ဤမျှသော နွားပေါက်စသည်တို့ကို ယဇ်ပူဇော်ဘို့ရန် သတ်ကြကုန် အစရှိသည်ဖြင့် ယဇ်အစီအရင်ကို စီမံကြပေသည်၊ ထို သူတို့၏ အမှုလုပ် ပုဂ္ဂိုလ်ခပ်သိမ်းတို့သည်လည်း ဒဏ်ဖြင့် ချောက်လှန့်အပ် နှိပ်စက်အပ် ဘေးရန်ဖြင့် နှိပ်စက်အပ် သေခြင်းဒဏ်ဖြင့် နှိပ်စက်အပ်ကုန်သည် ဖြစ်၍ ပင်ပန်းကြီးစွာဖြင့် ထိုထိုဝေယျာဝစ္စ အမှုကို ပြုလုပ်ကြရသည်။

ဤသို့ ဗြာဟ္မဏတို့၏ လှည့်ဖြားချက်ကို ယုံမှားသဖြင့် မိမိကိုယ်ကိုလည်း ပင်ပန်းအောင်ကျင့်သော သူတပါးတို့အားလည်း ပူပန်အောင်ကျင့်သော မင်း ကဲ့သို့ သော ပုဂ္ဂိုလ်မျိုးကို မိမိ သူတပါး နှစ်ဦးသားတို့အား ပူပန်အောင် ကျင့် ကြံသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ပေသည်။

စတုတ္ထမြောက် မိမိသူတပါး နှစ်ဦးသားတို့ကို မပူပန်အောင် ကျင့်ကြံ၍ နိဗ္ဗာန်တိုင်ရောက်အောင် ကိလေသာခပ်သိမ်း ငြိမ်းအေးသော ပုဂ္ဂိုလ်ဟူသည် မှာ ဤငါဘုရား သာသနာဝယ် သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသား သည် တရားတော်ကို နာကြားသည်မှ အစ သဒ္ဓါတရားကို ရရှိ၍ ဖန်ရည်စွန်း

သော အဝတ် သင်္ကန်းကို ဝတ်ဆင်မြန်း၍ ရဟန်းပြုသည်မှ အစ သီလသမ္ပဒါ ဣန္ဒြိယသံဝရသီလ သတိသမ္ပဇည နီဝရဏပဟာန ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်မှ အာသဝက္ခယတိုင်အောင် အဆင့်ဆင့် မြင့်သည်ထက် မြင့်မြတ် ချမ်းသာသည်ထက် ချမ်းသာသော တရားတို့ကို ရောက်ရှိသော ပုဂ္ဂိုလ်ကို ဆိုလိုသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ပေဿလုလင် ပေဿအမျိုးကောင်းသားအား အကျဉ်းအားဖြင့်ဟောကြားခဲ့၍ အကျယ်မဝေဘန်ရသေးသော ပုဂ္ဂလစတုက္ကမမ္မဒေသနာတော်မြတ်ကို ရဟန်းတော်အရှင်သူမြတ်တို့အား အကျယ်ဝေဘန်၍ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ကန္ဒရကသုတ် ပြီး၏

အင်္ဂကနာဂရသုတ်

ပုစ္ဆာ။ ။အင်္ဂကနာဂရသုတ်တံ့ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ ဝေဠုဝဂါမကေ ဒဿံ ဂဟပတိံ အင်္ဂကနာဂရံ အာရဗ္ဘ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဘာသိတံ။ ဒဿမော ဘန္တေ ဂဟပတိ အင်္ဂကနာဂရော အာယသ္မန္တံ အာနန္ဒံ ဥပသင်္ကမိတ္ဝာ တေဒဝေါစ "အတ္ထိ နု ခေါ ဘန္တေ အာနန္ဒ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဧကဓမ္မော အက္ခာတော၊ ယတ္ထ ဘိက္ခုနော အပ္ပမတ္တာဿ အာတာပိနော ပဟိတတ္တာဿ ဝိဟရတော အဝိမုတ္တဉ္စေဝ စိတ္တံ ဝိမုစ္စတိ၊ အပရိက္ခီဏာ စ အာသဝါ ပရိက္ခယံ ဂစ္ဆန္တိ၊ အနနုပ္ပတ္တဉ္စ အနုတ္တရံ ယောဂက္ခေမံ အနုပါပုဏာတိ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။အင်္ဂကနာဂရ မည်သော သူတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော

အင်္ဂုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က ဟောကြားထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည်၏အနီး ဝင်္ဂုဝ (ဗေလုဝ)ရွာငယ်၌ **ဓမ္မဘဏ္ဍာဂါရိက** တရားဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင်အာနန္ဒာ မထေရ် သူမြတ်သည် အင်္ဂကမြို့သား ဒသမ အမည်ရှိသော သူကြွယ်ကို အကြောင်းပြု၍ ဟောကြားအပ်ပါသည်။

အင်္ဂကမြို့သား ဒသမ အမည်ရှိသော သူကြွယ်သည် အရှင်အာနန္ဒာ သီတင်းသုံးရာ ဝေသာလီပြည် ဝင်္ဂုဝရွာငယ်အရပ်သို့ လာရောက်ပြီးလျှင် ရှင်အာနန္ဒာကို ရိုသေစွာ ရှိခိုး၍ အပြစ်ခြောက်ပါး လွတ်ရာအရပ်၌ ထိုင်နေပြီးလျှင်—

အိုအရှင်ဘုရား အာနန္ဒာ....အကြင်တရုဏ်သော တရား၌ မမေ့မလျော့သော သတိတရားရှိသည်ဖြစ်၍ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လဝီရိယရှိသည်ဖြစ်၍ နေထိုင်သော ရဟန်းတော် မထေရ်သူမြတ်၏ ကိလေသာတို့မှ မလွတ်သေးသောစိတ်လည်း လွတ်နိုင်ရာ၏၊ မကုန်သေးသော အာသဝေါတရားသည်လည်း ကုန်နိုင်ရာ၏၊ ရှေးက တကြိမ် တရံတခါမျှ မရောက်စဘူးဖြစ်သော ယောဂလေးတန် ကုန်ရာမှန်သော နိဗ္ဗာန်သို့ ရောက်ရာပါ၏။

ထိုသို့ ကိလေသာတို့မှ လွတ်မြောက်ရန် အာသဝေါတရားတို့ ကုန်ခန်းရန် ယောဂလေးတန် ကုန်ရာမှန်သည့် နိဗ္ဗာန်သို့ ရောက်ဘို့ရန် သိတော်မူမြင်တော်မူ၍ ပူဇော်အာဆူးကို ခံတော်မူထိုက်သော သဗ္ဗညုမြတ်စွာဘုရား တခုတည်းသောတရားကို ဟောကြားထားတာမျှား ရှိပါသလားဟု မေးလျှောက်ပါသည်။

ထိုသို့ မေးလျှောက်သောအခါ ထိုသို့သဘောရှိသော တရားတစု ရှိကြောင်း၊ ထိုတရားမှာ ပဌမစျာန် သို့မဟုတ် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် သို့မဟုတ် မေတ္တာစေတောဝိမုတ္တိ ကရုဏာ မုဒိတာ ဥပေက္ခာ စေတောဝိမုတ္တိ သို့မဟုတ် အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန ဟူ၍ တဆယ့်တပါးရှိကြောင်း ထိုတဆယ့်တပါးတို့တွင် တပါး တပါးသော စျာန်ကိုဝိမုတ္တိကို ဝင်စားပြီးလျှင် ဤစျာန် ဤဝိမုတ္တိ၌

ပါဝင်သော တရားဟူသမျှသည်၎င်း၊ ကျွန်ုပ်၌ဘိုးဘွားနှင့် အလားတူ ဖြစ်သော တရားသည်၎င်း၊ သခ်ၤတတရား အဘိဓေတယိတ တရားမျိုးသာ ဖြစ်ချေသည်။ ထိုသခ်ၤတတရား အဘိဓေတယိတ တရားမျိုးတို့သည်လည်း ချုပ်ခြင်းသဘော မမြဲခြင်းသဘောရှိသည်ဟု ယထာဘူတ နေရာက္ခ သိမြင်လျှင် ထိုပုဂ္ဂိုလ်သည် အာသဝက္ခယညာဏ်တိုင်အောင် ရောက်နိုင်ကြောင်း၊ တဆယ့်တကြိမ် တဆယ့်တစု ဝေဘန်၍ ဟောရာဖြစ်သော ကျွန်အဋ္ဌကနာဂရသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် အရှင် အာနန္ဒာမထေရ် သူမြတ်သည် ဒသမသူကြွယ်ကို အကြောင်းပြု၍ ဟောကြား တော်မူအပ်ပါသည် အရှင်ဘုရား။

အဋ္ဌကနာဂရ သုတ်ပြီး၏

ဧသခသုတ်

ပုစ္ဆာ။ ။ဧသခသုတ္တ ပနာဝုသော ကတ္ထ က အာရဗ္ဘ ကသ္မ ဝတ္ထုသ္မိ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သက္ကေသု ဘန္တေ ကပိလဝတ္ထုသ္မိံ သန္ထာဂါရေ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ကာပိလဝတ္ထဝေ သက္ကေ အာရဗ္ဘ ဘာသိတံ။ ဘဂဝါ ဘန္တေ ကာပိလဝတ္ထဝေ သက္ကေ ဗဟုဒေဝရတ္တိံ ဓမ္မိယာ ကထာယ သန္ဒဿေတ္ဝာ သမာဒပေတ္ဝာ သမုတ္တေဇေတ္ဝာ သမ္ပဟံသေတ္ဝာ အာယသ္မန္တံ အာနန္ဒံ အာမန္တေသိ "ပဋိဘာတု တံ အာနန္ဒ ကာပိလဝတ္ထဝါနံ သက္ကာနံ သေခေါ ပါဋိပဒေါ၊ ပိဋ္ဌိ မေ အာဂိလာယတိ၊ တမဟံ အာယမိဿာမီ" တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သေက္ခပုဂ္ဂိုလ်တို့၏ အကျင့်ပဋိပတ်ကို ဖော်ပြရာဖြစ်သောကြောင့် ဧသခသုတ်ဟူ၍ ခေါ်ဆိုအပ်သော သုတ္တန်တရားဒေသနာတော်မြတ်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သောပုဂ္ဂိုလ်က ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သက္ကတိုင်း ကပိလဝတ်ပြည်အရပ်ဝယ် ကပိလဝတ်ပြည်သား သာကီဝင်မင်းမျိုးတို့ကို အကြောင်းပြု၍ တရားဘဏ္ဍာစုံးဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ် ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ကပိလဝတ်ပြည် သာကီဝင်မင်းတို့၏ မင်းကွန်းလွှတ်တော်တခုသည် ဆောက်သစ်ပြီးစ ဖြစ်ပါသည်၊ တစုံတယောက်သော သူမျှ မနေဘူးသေးပါ။

ထိုအခါ ကပိလဝတ်ပြည်သား သာကီဝင် မင်းအပေါင်းတို့သည် ဘုရားထံမှောက် သွားရောက်၍ မင်းကွန်းလွှတ်တော် အသစ်ဆောက်လုပ်ပြီးကြောင်း၊ ထိုလွှတ်တော်အသစ်ကို သဗ္ဗညုမြတ်စွာဘုရား ရှေးဦးစွာ သုံးဆောင်တော်မူပါမည့်အကြောင်း၊ သဗ္ဗညုမြတ်စွာဘုရား သုံးစွဲတော်မူပြီးမှ ကပိလဝတ်ပြည် သာကီဝင်မင်းအပေါင်းတို့ သုံးစွဲရပါလျှင် ရှည်လျားစွာသော နေ့ညဉ့်ပတ်လုံး စီးပွါးချမ်းသာဖြစ်ဘို့ရန် အကြောင်း တောင်းပန်သည်တွင် သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခြင်းအရ၊ ကပိလဝတ်ပြည် သာကီဝင်မင်းအပေါင်းတို့သည် ထိုမင်းတို့၏ တဲနန်းမင်းကွန်း လွှတ်တော်အရပ်ကို အလုံးစုံ ခင်းကျင်းပြီး၍ အလုံးစုံ ပြင်ဆင်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်ကို ပင့်ဘိတ်၍ ထိုမင်းကွန်းလွှတ်တော်အရပ်၌ သီတင်းသုံး စံနေစေပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် မျှားစွာသော ညဉ့်တို့ပတ်လုံး **အာဝါသအနုမောဒနာ** အစရှိသော ဓမ္မကထာကို ကပိလဝတ်ပြည် သာကီဝင်မင်းတရားတို့အား ဟောကြားတော်မူခဲ့ပါသည်။ သို့ဟောကြားတော်မူပြီးလျှင် "ဤသာကီဝင်မင်းတို့သည်ကား ယခုအခါဝယ် လွှတ်တက်မင်္ဂလာ ပြုအံ့ဆဲဆဲဖြစ်ပေသည်၊ ဤသာသနာတော်ဝယ် မင်္ဂလာရှိလှသော **သေခပဋိပဒါ**ကို သေက္ခပုဂ္ဂိုလ်စင်စစ် ဖြစ်၍ ဗဟုသုတ မမွှာဏ္ဍာဂါရိကဖြစ်သော သာကီဝင်မင်းသား စင်စစ်မှ ရဟန်းပြုပေသော အာနန္ဒာမထေရ်သူမြတ်ကို ဟောစေရလျှင် ပို၍ ပို၍ သာလွန်၍ မင်္ဂလာရှိပေရာသည်" ဟူ၍ ကြံစည်အောက်မေ့တော်မူပြီးလျှင်—

ပဋိဘာဝတု တံ အာနန္ဒ ကာပိလဝတ္ထဝါနံ သက္ကာနံ သေခါ ပါဋိပဒါ အစရှိသည်ဖြင့် ချစ်သား အာနန္ဒာ....သင်ချစ်သား၏ ဥာဏ်ဝယ် သေက္ခပုဂ္ဂိုလ်

ဖြစ်ကြောင်း ကောင်းမြတ်သော အကျင့်ပဋိပဒ်ကို သင်ချစ်သား ဉာဏ် အမြင်ရှိသမျှ သင်ချစ်သား၏ ဉာဏ်ဝယ် လွတ်လွတ်ကင်းကင်း ရှင်းရှင်းကြီး ထင်နိုင်ပေသည် ဟောပြနိုင်ပေသည် ဟု သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပါသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်သူမြတ်သည် ထိုကပိလဝတ် သာကီဝင် မင်းအပေါင်းတို့တွင် ရွှေဆောင် ခေါင်းဆောင်သဖွယ် ဖြစ်ပါသော မဟာနာမ သာကီဝင် မင်းတရားကို တရားနာခံ ပြုလုပ်၍ သီလသံဝရ ဣန္ဒြေယသုဂုတ္တဒ္ဒါရ ဘောဇနေမတ္တညုတာ ဇာဂရိယာနုယောဂ သတ္တသဒ္ဓမ္မ စတ္တာရိစျာန-ဤ တဆယ့်ငါးပါးသော **စရဏ**တရားတို့ကို အရင်းခံ၍ ထိုမှအထက်ဝယ် ပုဗ္ဗေ နိဝါသဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါး အထူဋ္ဌတပ်လျက် ဤသေဓသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ် ပြီးသော အဋ္ဌုပ္ပတ် အကြောင်းအရပ်ကြောင့် တရားဘဏ္ဍာစိုး ဖြစ်တော် မူသော အရှင်အာနန္ဒာ မထေရ်သူမြတ်သည် ကပိလဝတ်ပြည်သား သာကီဝင် မင်းတို့ကို အကြောင်းပြု၍ ကပိလဝတ်ပြည်အရပ်ဝယ် ဟောကြားတော်မူအပ် ပါသည် အရှင်ဘုရား။

သေခသုတ် ပြီး၏

ပေါတလိယသုတ်

ပုစ္ဆာ။ ။ပေါတလိယသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။အာဂုံတ္တရာပေသု ဘန္တေ အာပဏော နာမ အဂုံတ္တရာပါနံ နိဂမေ ပေါတလိယံ ဂဟပတိံ ပဋိဂ္ခိတ္တာသဗ္ဘကမ္မန္တံ အာရဗ္ဘ ဘာသိတံ။ ပေါတလိယော ဘန္တေ ဂဟပတိ ပဋိဂ္ခိတ္တာသဗ္ဘကမ္မန္တော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမန္တော ဘဂဝတာ ဂဟပတိ-ဝါဒေန သမုဒါစရိယမာနော ကုပိတော အနတ္တမနော ဘဂဝန္တံ ဧတဒဝေါစ "တယိဒံ ဘော ဂေါတမ နစ္ဆန္နံ တယိဒံ နပ္ပတိရူပံ၊ ယံ မံ တုံ ဂဟပတိဝါဒေန သမုဒါစရသိ" တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ပေါတလိယ မည်သော သူတွန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ အဘယ်သို့သော အင္ဒုပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အင်္ဂုတ္တရာပတိုင်း အဝင်အပါ အာပဏမည်သော နိဂုံးအရပ်၌ ပေါတလိယ အမည်ရှိသော အမှုခပ်သိမ်းကို စွန့်ပစ်ပြီးသော သူကြွယ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် အာပဏနိဂုံး၌သီတင်းသုံးနေတော်မူသော အခါ နံနက်အခါဝယ် အာပဏနိဂုံးသို့ ဆွမ်းခံကြွတော်မူပြီး၍ ဆွမ်းခံရာမှ ဖဲတော်မူသည်ရှိသော် တခုသော တောအုပ်အရပ်သို့ ချဉ်းကပ်သက်ဝင်တော်မူပြီးလျှင် တခုသော သစ်ပင်ရင်းဝယ် နေ့သန့်ရန် အလို့ငှါ သီတင်းသုံးစံနေတော်မူပါသည်။

ထိုအခါ ပေါတလိယ အမည်ရှိသော သူကြွယ်သည် အညောင်းအညာ ဆန့် သွားရောက်ချတွင် မြတ်စွာဘုရားရှိရာထံမှောက်သို့ ရောက်၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ စကားနှိုးနှော ပြောဆိုပြီးလျှင် တခုသော အရပ်၌ မတ်မတ်ရပ်၍ နေပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက သံဝိဇ္ဇန္တိ ဓေါ ဂဟပတိ အာသနာနိ၊ သစေ အာကင်္ခသိ နိသီဒ-ဟု အို ဒါယကာ....နေစရာတို့သည် ထိုင်စရာတို့သည် များစွာရှိကုန်သည်၊ အကယ်၍ အလိုရှိမူ ထိုင်နိုင်သည်ဟု မိန့်ကြားတော်မူသည်တွင် သဗ္ဗညုမြတ်စွာဘုရားက မိမိကို ဂဟပတိဟူ၍ ပြောဆိုရကောင်းလားဟု အမျက်ထွက်ပြီးလျှင် ဆိတ်ဆိတ်နေပါသည်၊ ဒုတိယအကြိမ် တတိယအကြိမ်လည်း ထိုအတူ ဆိတ်ဆိတ်နေပါပေသည်၊ တတိယအကြိမ် မြတ်စွာဘုရား ပြောကြားပြီးသည်၏ အဆုံး၌—

တယိဒံ ဘော ဂေါတမ နစ္စန္နံ တယိဒံ နပ္ပဋိရူပံ-အစရှိသည်ဖြင့် အို အရှင်ကြီး ဂေါတမ... အရှင်ဘုရားသည် အကျွန်ုပ်ကို ဂဟပတိ ဂဟပတိနှင့် အိမ်ရှင် စီးပွါးရှင် ဟူသော ဝေါဟာရဖြင့် သုံးစွဲပါပေသည်၊ ထိုသို့ သုံးစွဲခြင်းသည် မသင့်လျော်လှပါ ဟု လျှောက်ထားသည်တွင် သဗ္ဗညုမြတ်စွာဘုရားက သင်၏ အသွင်အပြင် သင်၏ ဝတ်ပုံစားပုံ သင်၏ အခြင်းအရာ အလုံးစုံတို့သည်ကား လူတို့၏ ဝတ်ပုံစားပုံ အသွင်အပြင် အခြင်းအရာ ရှိစွ

တကား၊ သို့ဖြစ်သောကြောင့် ငါဘုရားရှင်သည် ဂဟပတိ ဟူ၍ ပြောဆို ကြောင်း မိန့်ကြားတော်မူပါသည်။

ထိုအခါ ပေါတလိယ သူကြွယ်က အကျွန်ုပ်ကို အဘယ်မှာလျှင် ဂဟပတိ ဟူသော ဝါဒဖြင့် ပြောဆိုသင့်အံ့နည်း၊ အကျွန်ုပ်သည် လူ့လောကဝယ် ပြုလုပ်စရာရှိသော ရောင်းမှု ဝယ်မှု ဖောက်ကားမှု အစရှိသော လုမ္ဘကိစ္စအဝဝ တို့ကို သားသမီးတို့အား အလုံးစုံအပ်နှင်းပြီး အမွေပေးပြီး လွှဲအပ်ပြီး ဖြစ်ပါ သည်၊ အကျွန်ုပ်သည် ဝတ်ချုံ စားရုံဖြင့်သာ ဝတ်ချုံစားရုံမျှ အတိုင်းအရှည်ရှိ၍ သာလျှင် အကျွန်ုပ်နေပါသည်ဟု သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားပါ သည်။

ဤသို့လျှင် ပေါတလိယ ဒါယကာ၏ ဂဟပတိဝါဒဖြင့် ပြောဆိုသည်ကို အမျက်သက်၍ သဗ္ဗညုမြတ်စွာဘုရားအား မလျှောက်ပတ်ကြောင်း ပြန် ပြောင်း လျှောက်ထားသော အဋ္ဌုပ္ပတ်ကြောင့် ဤပေါတလိယ သုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော ဘဂဝါ ကာမာနံ အာဒီနဝံ ဝိတ္ထာရေန ပကာ-
သေတ္ဝာ အရိယဿ ဝိနယေ ဝေါဟာရသမုစ္ဆေဒံ ဒဿေသိ။

ဝိဿဇ္ဇနာ။ ။အထ ဘဂ္ဂေ ဘဂဝါ အရိယဿ ဝိနယေ ဝေါဟာရသမုစ္ဆေ-
ဒါယ အဋ္ဌ ဓမ္မေ ဝိဘဇိတ္ဝာ“သေယျထာပိ ဂဟပတိ ကုက္ကုရော
ဇိဃစ္ဆာဒုဗ္ဗလျပရေတော ဂေါဃာတကသ္ဝူနံ ပစ္စုပဋ္ဌိတော
အဿ” ဇေမာဒီနာ ကာမေသု အာဒီနဝံ ဒဿေတ္ဝာ ပရိယော-
သာနေ တိဟိ ဝိဇ္ဇာဟိ အရိယဿ ဝိနယေ ဝေါဟာရသမုစ္ဆေဒံ
သဗ္ဗေဉ္ဇနသဗ္ဗံ သဗ္ဗထာသဗ္ဗံ ဝေါဟာရသမုစ္ဆေဒံ ဝိတ္ထာရေန
ဝိဘဇိတ္ဝာ ဒဿေသိ။

အမေး။ ။ထိုပေါတလိယ သူတွန်တရားတော်၌ သဗ္ဗညုမြတ်စွာဘုရား သည် ကာမဂုဏ်တို့၏ အပြစ်ကိုအကျယ်အားဖြင့် ဖွင့်ပြတော်မူပြီးလျှင် မြတ်စွာဘုရား၏သာသနာ မြတ်စွာဘုရား၏ အဆုံးအမတော်၌ လူတို့၏ အသုံး အစဲ့ ဝေါဟာရကို ပယ်ဖြတ်ခြင်းကို အဘယ်သို့ ပယ်ဖြတ်မှသာလျှင် ပြည့်စုံ သည်ဟု အကျယ်ဝေဘန်၍ ဘယ်ပုံ ဘယ်နည်းဖြင့် ဟောကြားတော်မူပါ သနည်း ငါ့ရှင်။

အဖြေ။ ။ထိုပေါတလိယ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညူ မြတ်စွာဘုရားသည် ပါဏာတိပါတာ၌ ရှောင်ရှားခြင်း အဒိန္နာဒါန်မှ ရှောင်ရှားခြင်း မုသာဝါဒါ၌ ရှောင်ရှားခြင်း ပိသုဏဝါစာမှ ရှောင်ရှားခြင်း အလိုနည်းခြင်း အမျက်မထွက်ခြင်း မာန်မာန မကြီးခြင်း သူတပါးတို့အား မချုပ်ချယ်ခြင်း တည်းဟူသော အရိယာတို့၏ ဝိနည်းဝယ် လူဟူ၍ ခေါ်ဝေါ်ခြင်း၏ အကြောင်းမဲ့ ဖြတ်တောက်ကြောင်းဖြစ်သော **အခြေခံအကြောင်းတရား ရှစ်ပါး** ကို ဖော်ပြတော်မူပြီးလျှင်—

အဋ္ဌကသခ်္ခလိကဥပမာ—အသားမပါ အရိုးချည်းသက်သက်ဖြစ်သော ဥပမာဖြင့် ကာမဂုဏ်တို့၏ အပြစ်ကိုဎင်း၊ မံသပေသိဥပမာ-သားတစ်သားတုံး ဥပမာဖြင့် ကာမဂုဏ်တို့၏ အပြစ်ဒေါသ အာဒီနဝကိုဎင်း၊ တိဏုက္ကူပမာ မြက်မီးရှူးဥပမာဖြင့် အာရုံငါးပါး ကာမဂုဏ်တရားတို့၏ အပြစ်အာဒီနဝကို ဎင်း ဤသို့ စသည်ဖြင့် အာရုံငါးပါး ကာမတရားတို့၏ အပြစ်တို့ကို ခုနစ်ပုံ ခုနစ်စုံသော အခြင်းအရာဘို့ဖြင့် ဖော်ပြပြီးလျှင် အရိယသာဝကဖြစ်သော ပုဂ္ဂိုလ်သည် ကာမတရားတို့၌ ဤအပြစ်ခုနစ်ပါးတို့ကို မြင်ပြီးလျှင် စတုတ္ထစျာန် ဥပေက္ခာတည်းဟူသော ကေတ္တဉပေက္ခာ၌ တည်၍ ကေတ္တဉပေက္ခာကိုပင်လျှင် အဖန်ဖန် ပွါးများကြောင်း။

ထိုစတုတ္ထစျာန် ဥပေက္ခာ ကေတ္တဉပေက္ခာကို အမှီပြု၍ ပုဗ္ဗေနိဝါသာ-နုဿတိဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါး သို့ ရောက်နိုင်ကြောင်း၊ ဤသို့ ဝိဇ္ဇာသုံးပါး အာသဝက္ခယဉာဏ်တိုင်အောင် ရောက်သောအခါ၌ အကြွင်းမဲ့ညဿုံ အလုံးစုံ ခပ်သိမ်းသော အခြင်းအရာ အားဖြင့် လူဟူ၍ ခေါ်ဆိုဘွယ် ဝေါဟာရပညတ် အကြွင်းမဲ့ ဖြတ်တောက်အပ်ပြီး ဖြစ်ကြောင်း ကို သဗ္ဗညူမြတ်စွာဘုရား ပေါတလိယသူကြွယ်အား အကျယ်တဝင့် ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပေါတလိယသုတ် ပြီး၏

ဇီဝကသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဇီဝကသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဇီဝကံ ကောမာရဘစ္စံ အာရဗ္ဘ ဘာသိတံ။ ဇီဝကော ဘန္တေ ကောမာရဘစ္စော ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ဧတဒဝေါစ "သုတံ မေတံ ဘန္တေ သမဏံ ဂေါတမံ ဥဒ္ဒိဿ ပါဏံ အာရဘန္တိ၊ တံ သမဏော ဂေါတမော ဇာနံ ဥဒ္ဒိဿ ကတံ မံသံ ပရိဘုဉ္ဇတိ ပဋိစ္စ ကမ္မန္တိ။ ယေ တေ ဘန္တေ ဧဝမာဟံသု 'သမဏံ ဂေါတမံ ဥဒ္ဒိဿ ပါဏံ အာရဘန္တိ၊ တံ သမဏော ဂေါတမော ဇာနံ ဥဒ္ဒိဿ ကတံ မံသံ ပရိဘုဉ္ဇတိ ပဋိစ္စ ကမ္မ'န္တိ၊ ကစ္စိ တေ ဘန္တေ ဘဂဝတော ဝုတ္တဝါဒိနော၊ န စ ဘဂဝန္တံ အဘူတေန အဗ္ဘာစိက္ခန္တိ၊ ဓမ္မဿ စာနုဓမ္မံ ဗျာကရောန္တိ၊ န စ ကောစိ သဟဓမ္မိကော ဝါဒါနုဝါဒေါ ဂါရယ္ဟံ ဌာနံ အာဂစ္ဆတီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတော်မှ မြင်တော်မှ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော။ပ။ ထိုမြတ်စွာဘုရားသည် ဇီဝကမည်သော သူတွန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဇီဝက သမားတော်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဇီဝက သမားတော် လှူဒါန်းအပ်သော သရက်ဥယျာဉ်အတွင်း သီတင်းသုံးစံနေတော်မူသောအခါ အဘယမင်းသားမွေးမြူအပ်သော ဇီဝက သမားတော်သည် မြတ်စွာဘုရား ထံမှောက်သို့ သွားရောက်၍—

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ရဟန်းကြီးဂေါတမကို ရည်ညွှန်း၍ ဤလောကဝယ် အခြို့သောသူတို့သည် သတ္တဝါကို သတ်ဖြတ်ကြပါကုန်သည်၊ ရဟန်းကြီးဂေါတမသည်လည်း မိမိကို ရည်ညွှန်း၍ ပြုအပ်သော မိမိကို ရည်ညွှန်း၍ သတ်အပ်သော မိမိကို စဲ၍ ပြုအပ်သော ထိုအကပ်ဝယ အသားကို သိလျက်

စားသည်ဟု ပြောဆိုကြသည့်သတင်းကို ဘုရားတပည့်တော် ကြားအပ်ပါသည်။

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... အကြင်ပုဂ္ဂိုလ်တို့သည် ဤဆိုအပ်ပြီးသောအတိုင်း ပြောဆိုကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ရှင်တော်ဘုရား ပြောကြားအပ်သော စကားကိုပင် အတုလိုက်၍ ပြောဆိုအပ်သည် ဖြစ်ပါကုန်သလော—ရှင်တော်ဘုရားကို မဟုတ်မလျား စွပ်စွဲခြင်းမှ ကင်းရှင်းကြပါကုန်၏လော အစရှိသည်ဖြင့် မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "တိဟိ ခေါ အဟံ ဇီဝက ဌာနေဟိ မံသံ အပရိဘောဂန္တိ ဝဒါမိ ဒိဋ္ဌံ သုတံ ပရိသင်္ကိတံ-အစရှိသည်ဖြင့်—

ဇီဝက....ငါဘုရားသည် ရဟန်းတို့အလို့ငှါ သတ်ဖြတ်အပ်သည်ကို ကိုယ်တိုင် မြင်ခြင်း ရဟန်းတော် သံဃာတော်တို့ အလို့ငှါ သတ်ဖြတ်အပ်သည်ကို ကိုယ်တိုင် ကြားခြင်း မမြင်ရ မကြားရသော်လည်း ရဟန်းတော် သံဃာတော်တို့အတွက် သတ်ဖြတ်အပ်သည်ဟု သင်္ကာမကင်း ယုံမှားရှိခြင်း ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော အစုန်းသုံးပါး မလွတ်သော အသားကို မစားကောင်း မစားအပ်ဟူ၍ ငါဘုရား ဟောကြားပေသည်။

ဤအစုန်းသုံးပါးလွတ်၍ တိကောဋိပရိသုဒ္ဓဖြစ်သော အသားကို စားကောင်းသည် စားအပ်သည် ဟူ၍ ငါဘုရား ဟောဆိုအပ်သည်။

ဤသို့ မိန့်ကြားတော်မူပြီးလျှင် ကိုယ်တော်မြတ်ကိုပင် ရှည်ညွှန်း၍ ဇီဝက....ဤသာသနာတော်ဝယ် တစုံတခုသော တပါးပါးသော ရဟန်းတော်သည် မေတ္တာစေတောဝိမုတ္တိဖြင့် အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာတို့ကို အပ္ပမာဏ မေတ္တာစေတောဝိမုတ္တိတရားဖြင့် ဖြန့်ခြိ၍ နေပါသည်။

ထိုသို့ မေတ္တာစေတောဝိမုတ္တိဖြင့် အခြိန်ကို ကုန်လွန်စေသော ရဟန်းကို ဒါယကာ တဦးဦးက ဆွမ်းစားပင့်ပါသည်၊ အလိုရှိပါမူ ထိုမေတ္တာစေတောဝိမုတ္တိနှင့် ပြည့်စုံသော ရဟန်းတော်သည် ထိုဆွမ်းကို လက်ခံသာယာပါသည်၊ နောက်တနေ့ဝယ် ထိုဆွမ်းဒါယကာအိမ်သို့ သွားရောက်၍ ခင်းထားအပ်သော

နေရာဝယ် ထိုင်နေပါသည်၊ ထိုရဟန်း၏ စိတ်သန္တာန်ဝယ် ငါ့ကို ဤဒါယကာသည် မှန်မြတ်သောဆွမ်းဖြင့် ပြုစုလုပ်ကျွေးပါမူ ကောင်းလေ့၊ နောင်အခါလည်း မှန်မြတ်သောဆွမ်းဖြင့် ပြုစုလုပ်ကျွေးပါမူကောင်းလေ့ ဟူ၍ လုံးဝ အကြံအစည်မရှိခဲ့။

ထိုရဟန်းသည် အကြင် ကပ်လှူသော ဆွမ်းကိုလည်း စား၏၊ ထို စားအပ်သော ဆွမ်းပေါ်၌လည်း တပ်မက်ခြင်းမရှိ၊ လောဘဖြင့် တွေဝေမှုလည်း မရှိဘဲ စားလိုက်မည် သုံးလိုက်မည်ဟု ငမ်းငမ်းတက် လောဘမျိုးဖြင့်လည်း လွှမ်းမိုးခြင်း မရှိပါဘဲ သံသရာဝဋ်ဒုက္ခ လွတ်ရာ လွတ်ကြောင်း ကောင်းမြတ်သော နိဿရဏပညာ ပစ္စဝေက္ခဏာ ပညာဖြင့်ရင်း ဆွမ်းခဲဘုယ် ဘောဇဉ် အပေါ်ဝယ် အာဟာရပဋိကူလသညာဖြင့် အပြစ်ကို မြင်၍သော်ရင်း သုံးဆောင်ရာ၏။

ဇီဝက....အသို့မှတ်ထင်ပါသနည်း၊ထို့သို့ စားသုံးသော ရဟန်းတော်သည် မိမိပင်ပန်းခြင်း ငှါသော်လည်း စေ့ဆော်ကြိုးကုတ် အားထုတ်ပါသလော၊ သူတပါးပင်ပန်းခြင်းငှါသော်လည်း စေ့ဆော်ကြိုးကုတ် အားထုတ်ပါသလော မိမိ သူဘပါး နှစ်ဦးသားတို့ ပင်ပန်းအောင် ဆင်းရဲအောင် စေ့ဆော်ကြိုးကုတ် အားထုတ်ခြင်း ရှိပါသလော။

မရှိနိုင်ပါဘုရား။

ဇီဝက....အသို့မှတ်ထင်ပါသနည်း၊ ထိုရဟန်းသည် အပြစ်မရှိသော ဆွမ်းကိုပင် သုံးစွဲသည် မဟုတ်ပါလော။

အပြစ်မရှိသော ဆွမ်းကို သုံးစွဲသည် မှန်ပါသည်ဘုရားဟု လျှောက်ထားပါသည်။

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော် ကြားဘူးသည်မှာ ဗြဟ္မာမင်းသည် မေတ္တာစေတောဝိမုတ္တိဖြင့် နေလေ့ရှိသည်ဟု ကြားဘူးပါသည်၊ ယခုသော်မူ မေတ္တာစေတောဝိမုတ္တိဖြင့် ရှင်တော်ဘုရား သီတင်းသုံးနေတော်မူသည်ကို တပည့်တော် ဒိဋ္ဌထင်ထင် တွေ့မြင်ရပါသည်ဟု လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဗြဟ္မာမှာမူ ဗျာပါဒတရားကို **ဝိက္ခမ္ဘနပဟာန်** အားဖြင့်သာ ပယ်စွန့်ပြီး ဖြစ်သည်၊ ငါဘုရားမှာမူ ဗျာပါဒတရားကို **သမုစ္ဆေဒပဟာန်**အားဖြင့် အကြွင်းမဲ့ ပယ်ပြီးဖြစ်ပေသည်။သမုစ္ဆေဒ

ပဟာန်အားဖြင့် ဗျာပါဒတရားကို အကြွင်းမဲ့ ပယ်ပြီးဖြစ်သည်ကို ရည်ညွှန်း၍ ဤသို့ သင်ပြောဆိုပါ၌ ထိုပြောဆိုသောစကားကို ငါဘုရား ခွင့်ပြုသည်ဟု မိန့်ကြားတော်မူပါသည်။

ဤနည်းဖြင့် ကရဏာဗြဟ္မဝိဟာရ မုဒိတာဗြဟ္မဝိဟာရ ဥပေက္ခာဗြဟ္မဝိဟာရ သုံးပါးကိုလည်း သဗ္ဗညုမြတ်ဘုရား ဟောကြားတော်မူပါသည်။

ထို့မှ အခြားမဲ့၌ ငါဘုရားကိုသော်၎င်း ငါဘုရား၏ တပည့်သား သာဝကကိုသော်၎င်း ရည်ညွှန်း၍ သင်္ဘာဝါကို သင်ဖြတ်သော ပုဂ္ဂိုလ်ဘို့အား ငါးပါးသော အကြောင်းဌာနတို့ဖြင့် များစွာသော အကုသိုလ်ဘရားတို့ ပွါးများကြောင်းကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် ဆရာဇီဝက လျှောက်ဆားသော အကြောင်းဝတ္ထုကြောင့် ဤဇီဝကသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အချင်ဘုရား။

ဇီဝကသုတ် ပြီး၏

ဥပါလိသုတ်

ပုစ္ဆာ။ ။ဥပါလိသုတ္တံ ပနာဝုဒသာ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။နာဠန္ဒာယံ ဘန္တေ ဥပါလိံ ဂဟပတိံ အာရဗ္ဘ ဘာသိတံ။ ဥပါလိ ဘန္တေ ဂဟပတိ ဘဂဝန္တံ ဥပသင်္ကမိတ္ဝာ ဧတဒဝေါစ “အာဂမာ နုခ္ဝိဓ ဘန္တေ ဒိဃတပဿီ နိဂဏ္ဌော” တိ၊ ဧဝမာဒိနာ စ ဘန္တေ ဥပါလိ ဂဟပတိ ဘဂဝတော ပဋိသန္ဓာရံ ကတ္ဝာ အတ္တနော အာစရိယာဿ နိဂဏ္ဌဿ နာဋပုတ္တဿ ဝါဒံ ပကာသေသိ၊ ဝါဒံ ဝဏ္ဏေသိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဥပါလိသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြွင်းကင်းပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည်

အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အင်္ဂါပုတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။နာဠန္ဒာပြည်အရပ်ဝယ် ဥပါလိသူကြွယ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အနည်းငယ်မျှ လျှောက်ထားလိုပါသည်၊ သဗ္ဗညုမြတ်စွာဘုရားသည် နာဠန္ဒာပြည် ပါဝါရိုက သူဋ္ဌေးလှူဒါန်းသော သရက်ဥယျာဉ်အတွင်း သီတင်းသုံးနေတော်မူသောအခါ နာဠပုတ္တ တက္ကဒ္ဒန်းဆရာကြီး၏တပည့်ရင်း အနွေဝါသိက ဖြစ်ပါသော ဒီဃတပဿီ အမည်ရှိသော တက္ကဒ္ဒန်း ဆရာကြီးသည် ဘုရားထံမှောက် သွားရောက်၍ ဝမ်းမြောက်ဝမ်းသာ စကား နှိုးနှောပြောဆို ပြီးလျှင် တခုသောနေရာ၌ မတ်မတ်ရပ်၍ နေပါသည်။

ထိုအခါ မြတ်စွာဘုရားက "သံဝိဇ္ဇန္တိ ဓေါ တပဿီ အာသနာနိ၊ သစေ အာကင်္ခသိ၊ နိသီဒ" ဟု တပဿီ....နေရာတို့သည် များစွာ ရှိပါကုန်သည်၊ အကယ်၍ သင်အလိုရှိပါမူ ထိုင်နိုင်ပါသည်ဟု မိန့်ကြားတော်မူသောအခါ ဒီဃတပဿီ တက္ကဒ္ဒန်းသည် သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဒီဃတပဿီ....သင်တို့၏ ဆရာကြီးဖြစ်သော နာဠပုတ္တ တက္ကဒ္ဒန်း ဆရာကြီးသည် ကံအပြားကို မည်မျှဟူ၍ပညတ်ပါသနည်းဟု မေးမြန်းတော်မူသောအခါ—

ငါ့ရှင် ဂေါတမ... ကံ ကံ ဟူ၍ ပညတ်ခြင်းသည် ငါတို့၏ဆရာဖြစ်သော နိဂဏ္ဌနာဠပုတ္တဆရာကြီး၏ အလေ့အကျက်မဟုတ်ပါ၊ စင်စစ်သော်မူ ငါတို့၏ ဆရာကြီးဖြစ်သော နိဂဏ္ဌတက္ကဒ္ဒန်းကြီး၏အလေ့အကျက်မှာ ဒဏ် ဒဏ် ဟူ၍ သာ ပညတ်ပါသည်ဟု ပြောဆိုပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဒီဃတပဿီ....သင်တို့၏ဆရာကြီးဖြစ်သော နာဠပုပုတ္တ ဆရာကြီးသည် ဒဏ် အပြားကို မည်မျှဟူ၍ပညတ်ပါသနည်းဟု မေးမြန်းသောအခါ—

အကျွန်ုပ်တို့၏ ဆရာဖြစ်သောနာဠပုတ္တဆရာကြီးသည် ဒဏ်အပြားကို ကာယဒဏ် ဝစီဒဏ် မနောဒဏ် ဟူ၍ သုံးပါးပညတ်ကြောင်း ပြန်ပြောင်း လျှောက်ထားသောအခါ—

သဗ္ဗညုမြတ်စွာဘုရားက ဤဒဏ်သုံးပါးသည် ကာယဒဏ်ကားတခြား ဝစီဒဏ်ကား တခြား မနောဒဏ်ကား တခြားဟူ၍ ပညတ်ပါသလောဟု မေးမြန်းသောအခါ "တခြားစီ တပါးစီ ဖြစ်ကြောင်း" ဒီဃတပဿီ တက္ကဒ္ဒန်း ပြန်ပြောင်း လျှောက်ထားသည်တွင်—

ဒီဃတပဿီ....သင်တို့၏ ဆရာကြီးဖြစ်သောနာဋပုတ္တ တက္ကဒ္ဒန်းဆရာကြီးသည် ဤဒဏ်သုံးပါးဘို့တွင် အကုသိုလ်ကံကို ပြုဘို့ရန် အကုသိုလ်ကံဖြစ်ဘို့ရန် အတွက် အဘယ်ဒဏ်ကို အပြစ်အကြီးအလေးဆုံးဟူ၍ပညတ်ပါသနည်းဟု မေးမြန်းသောအခါ—

ဒီဃတပဿီတက္ကဒ္ဒန်းက အကျွန်ုပ်တို့၏ ဆရာဖြစ်သော နိဂဏ္ဌနာဋပုတ္တ ဆရာကြီးသည် ဤဒဏ်သုံးပါးတွင် ကာယဒဏ်ကို အပြစ်အကြီးဆုံးအလေးဆုံးဟူ၍ ပညတ်ပါသည်၊ ဝစီဒဏ် မနောဒဏ်ကိုအပြစ်အကြီးအလေးဟူ၍ မပညတ်ပါဟူ၍ ပြန်ပြောင်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ကာယဒဏ္ဍန္တိ တပဿိ ဝဒေသိ" ဒီဃတပဿီ....ကာယဒဏ် ဟူ၍ သင်ပြောသလောဟူ၍ မေးမြန်းတော်မူပါသည်။ အို အရှင်ကြီး ဂေါတမ....ကာယဒဏ်ဟူ၍အကျွန်ုပ် ပြောပါသည်ဟု သုံးကြိမ်တိုင်တိုင်ပင် သဗ္ဗညုမြတ်စွာဘုရားသည် မေးမြန်းတော်မူခဲ့ပါသည်။ သုံးကြိမ်တိုင်တိုင်ပင် ဒီဃတပဿီ တက္ကဒ္ဒန်းသည်လည်း မိမိ၏ ဝါဒကို တည်ဆဲ ပြောကြားခဲ့ပါသည်။

တဖန်ထပ်၍ ဒီဃတပဿီတက္ကဒ္ဒန်းက ငါ့ရှင် ဂေါတမ....အသင်သည်ကား ဒဏ်အပြားကို မည်မျှဟူ၍ ပညတ်ပါသနည်းဟု မေးမြန်းသောအခါ—

ဒီဃတပဿီ တက္ကဒ္ဒန်း....ဒဏ် ဒဏ် ဟူ၍ ပညတ်ခြင်းသည်ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရားတို့၏အလေ့အကျက်မဟုတ်ပါ၊ ငါဘုရားသည် ကံ ကံ ဟူ၍ သာလျှင်သတ္တဝါတို့အား ပညတ်ဟောကြားပါသည်ဟု မိန့်ကြားတော်မူသောအခါ—

ငါ့ရှင် ဂေါတမ....ငါ့ရှင်သည် ကံအပြားကို မည်မျှဟူ၍ပညတ်ပါသနည်းဟု မေးမြန်းပါသည်၊ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဒီဃတပဿီ....ငါဘုရားသည် ကာယကံ ဝစီကံ မနောကံ ဟူ၍ကံအပြားသုံးပါး သတ္တဝါတို့ကို ပညတ်ဟောကြားကြောင်း ပြန်ပြောင်းမိန့်တော်မူသည်တွင်—

"ဤကံသုံးပါးသည် တခြားစီ တပါးစီပါလား" ဟုမေးမြန်းလျှောက်ထားသောအခါ "တခြားစီ တပါးစီ ဖြစ်ကြောင်း" ပြန်ပြောင်း မိန့်တော်မူပါသည်။

ငါ့ရှင် ဂေါတမ....ဤကံသုံးပါးဟိုဘွင်အကုသိုလ်မှု ပြုဘိုရန် အကုသိုလ်မှု ဖြစ်ဘိုရန် အဘွက် အဘယ်ကံသည် အပြစ်အကြီးဆုံး ဖြစ်ပါသနည်း၊ ကာယကံသည် အပြစ်အကြီးဆုံးဖြစ်ပါသလော၊ ဝစီကံသည် အပြစ်အကြီးဆုံးဖြစ်ပါသလော၊ မနောကံသည် အပြစ်အကြီးဆုံးဖြစ်ပါသလော ဟု မေးမြန်းပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက အကုသိုလ်မှု ပြုဘိုရန် အကုသိုလ်မှု ဖြစ်ဘိုရန် မနောကံသည် အပြစ်အကြီးအလေးဆုံး ဖြစ်ကြောင်းပြန်ပြောင်း မိန့်တော်မူသည်တွင်—

ဒီဃတပဿီ တက္ကဒွန်းက "မနောကမ္မန္တိ အာဝုသော ဂေါတမ ဝဒေသိ" ငါ့ရှင်ဂေါတမ....အသင်သည် မနောကံဟု၍ ပြောပါသလောဟုမေးမြန်းသောအခါ—

"မနောကမ္မန္တိ တပဿိ ဝဒါမိ ဒီဃတပဿီ" ငါဘုရားသည်မနောကံဟု၍ ပြောပေသည်ဟု သုံးကြိမ်ဘိုင်တိုင်ပင် ဝါဒကို တည်စေခဲ့ပါသည်။

ထိုအခါ ဒီဃတပဿီ တက္ကဒွန်းသည် ဘုရားထံမှောက်မှဖဲသွားခဲ့ပြီးလျှင် နိဂဏ္ဌနာဋ္ဌပုတ္တဆရာကြီးရှိရာအရပ်သို့ သွားရောက်ပါသည်၊ ထိုအခါနိဂဏ္ဌနာဋ္ဌပုတ္တဆရာကြီးသည်လည်း ဥပါလိသူကြွယ်အမှူးပြုသော များစွာသော မလိမ်မာသော လူပရိတ်အပေါင်း ခြံရံလျက် စည်းဝေးညီမူဆဲ ရှိပါသည်။

ထိုအခါ နာဋ္ဌပုတ္တဆရာကြီးသည် ဒီဃတပဿီ တက္ကဒွန်းလာနေသည်ကို အဝေးမှမြင်၍ အနီးသို့ရောက်သောအခါ "ဟန္ဒ ကုတော နု တွံ တပဿိ အာဂစ္ဆသိ ဒိဝါ ဒိဝဿ"ဟု "ဟယ် တပဿီ....သင်သည် ယခုအခါ အဘယ်အရပ်မှ နေမွန်းတည့်ရှိန်ရှိန်ကြီးမှာ လာခဲ့သနည်း" ဟု မေးမြန်းသောအခါ—

ဒီဃဘပဿီ တက္ကဒွန်းက ရဟန်းကြီးဂေါတမ၏အထံမှ လာရောက်ကြောင်း ပြန်ပြောင်းလျှောက်ဆိုသည်တွင်—

"ဒီဃတပဿီ....သင့်အားရဟန်းကြီးဂေါတမနှင့် တစုံတခု စကားနှီးနှောပြောဆိုမှု ဖြစ်ခဲ့ပါသလော"ဟု မေးမြန်းပါသည်။

ဖြစ်ခဲ့ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် "အဘယ်ပုံ အဘယ်ပန်း ဖြစ်ခဲ့သနည်း"ဟု မေးမြန်းသောအခါ ဘုရား၏ထံမှောက်ဝယ်

မိမိနှင့် စကားနှိုးနှောဖြစ်သမျှအကြောင်းတို့ကို ပြန်ပြောင်းလျှောက်ထားသောအခါ နိဂဏ္ဌဆရာကြီးသည်လည်း သာဓုကောင်းချီးပေး၍ "ဒီဃတပဿီ.... ငါသော်ငင်း သင်သော်ငင်း ဥပါလိသူကြွယ်သော်ငင်း ရဟန်းကြီးဂေါတမအပေါ်မှာ အပြစ်ဒေါသဝါဒတင်သော်မူ တင်ရာပါ၏" ဟု မိန့်ကြားပါသည်။

ထိုအခါ ဥပါလိသူကြွယ်သည်လည်း ဒီဃတပဿီ၏ စကားကို ကောင်းချီးသာခု အနုမောဒနာပြုပြီးလျှင်—

အရှင်ဘုရား....အကျွန်ုပ်သည် ယခုပင် ရဟန်းကြီးဂေါတမထံသို့ သွား ရောက်၍ အပြစ်ဒေါသဝါဒကို တင်ပါတော့အံ့၊ ရဟန်းကြီး ဂေါတမသည် ဒီဃတပဿီ တက္ကဒ္ဒန်းဆရာပြောသည့်အဘိုင်း မနောကံကို အပြစ်အကြီးလေးဆုံး အနေဖြင့် မိမိဝါဒကို တည်ဆစမြဲ တည်စေကဲ့ပါ။ အကျွန်ုပ်သည် အားရှိသော ယောကျ်ားသည် သိုးကလေးကို အမွေးကို ဆဲငင်၍ ထိုမှ ဤမှ ဆဲကာရမ်းတွက် ပစ်ဘိသကဲ့သို့၎င်း၊ အားကြီးသော သေတင်းကုတ် အလုပ်သမားသည် သေတင်းကုတ်ဝယ် အသုံးပြုသော ဖျာကြမ်းကို နေအိုင်အတွင်းချ၍ ထိုမှ ဤမှ ဆဲငင်ဘိသကဲ့သို့၎င်း သေသောက်ယောကျ်ားသည် သေသောက်ခွက်ကို ထိုမှ ဤမှ လှည့်လည်ဘိသကဲ့သို့၎င်း ထိုမှ ဤမှ ခါတွက်ဘိသကဲ့သို့၎င်း အနှစ်ခြောက်ဆယ်ရှိပြီးသော သဋ္ဌိဟာယန အမည်ရသော ဆင်ဖြောင်ကြီးသည် နက်လှစွာသော ရေအိုင်အတွင်းသို့ သက်ဆင်းကာ သာဏဓောဝိက အမည်ရသော ကစားမျိုးဖြင့် ရေကို နှောမောင်းဖြင့် စုတ်ယူကာ တရုံတခါ လကျိာဘက် တရုံတခါ လက်ဝဲဘက် တရုံတခါ ဦးကင်းပေါ် တရုံတခါ ကျောပေါ်သို့ ပစ်လှဲခြင်းဖြင့် သာဏဓောဝိက ကစားမျိုးဖြင့် စကားဘိသကဲ့သို့၎င်း ထို့အတူ အကျွန်ုပ်သည် ရဟန်းကြီးဂေါတမကို သာဏဓောဝိက ကစားမျိုးဖြင့် ကစားနိုင်အောင် ကစားနိုင်လိမ့်ယောင်တကား ဤသို့ ပြောကြားပါသည်။

ထိုအခါ နာဋပုတ္တဆရာကြီးက "ဒါယကာ ဥပါလိ....သင်သည် ယခုပင် သွားပါခေ့၊ ရဟန်းကြီးဂေါတမ၏ အပေါ်မှာ အပြစ်ဒေါသငါးကို တင်ခဲ့ပါဧလ၊ ငါသည်ဌင်း ဒီဃတပဿီသော်ငင်း သင်သော်ငင်း ရဟန်းကြီးဂေါတမ အပေါ်မှာ အပြစ်ဒေါသ ဝါဒတင်နိုင်ရာပါသည်၊ ငါတို့သုံးဦးကဝဲ၍ မည်သူတဦးတယောက်မျှ ရဟန်းကြီးဂေါတမအပေါ်ဝယ် အပြစ်ဒေါသဝါဒ တင်နိုင်မည့်သူမရှိ" ဤသို့ မိန့်ဆိုပါသည်။

ထိုအခါ ဒီဃတပဿီ တက္ကဒ္ဒန်းက အနည်းငယ် စဉ်းစားပြီးလျှင် "အို ဆရာကြီး နာဠကပုတ္တ....အကျွန်ုပ်သည် ရဟန်းကြီးဂေါတမအထံ အပြစ်ဒေါသ ဝါဒတင်ဘို့ရန် ဥပါလိသူကြွယ်သားသည်ကို လုံးဝသဘောမတူနိုင်ပါ၊ အကြောင်း သော်မူ ရဟန်းကြီး ဂေါတမသည် မျက်လှည့်ဆရာကြီး ဖြစ်ပါသည်၊ မာယာ သမားကြီး ဖြစ်ပါသည်၊ သင်္ဘောဝါဒီတို့ကို မိမိဘက်သို့ ပါအောင် လှည့်လည် သွေး ဆောင်တတ်သော အာဝဋ္ဋနီမာယာ အတတ်ကို တတ်သူ ဖြစ်ပါသည်၊ သာသနာ ပြင်ပ အကျွန်ုပ်တို့ တိတ္ထိယတို့၏ တပည့်သာဝကများကို ထိုအာဝဋ္ဋနီမာယာ အမည်ရသော မျက်လှည့်အဘတ်ဖြင့် မိမိဘက်သို့ သိမ်းသွင်း ဆဲဆောင်ခဲ့ပါ သည်၊ အကျွန်ုပ်သည် ဥပါလိသူကြွယ် ရဟန်းကြီးဂေါတမအထံသို့ သွားခြင်းကို ထိုအကြောင်းကြောင့် မနှစ်သက်နိုင်ပါ၊ သဘောမတူနိုင်ပါ" ဟု လျှောက်ဆို သောအခါ——

နာဠကပုတ္တဆရာကြီးက "ဒီဃတပဿီ....ဥပါလိသူကြွယ်သည် ရဟန်းကြီး ဂေါတမ၏ တပည့်သားသာဝကဖြစ်ဘို့ရန် အကြောင်းမရှိပါ၊ စင်စစ်မှာမူ ရဟန်းကြီးဂေါတမသာလျှင် ဥပါလိသူကြွယ်၏ တပည့်သာဝက အဖြစ်သို့ ရောက် ဘို့ရန် အကြောင်းရှိခဲ့ပါသည်၊ ဥပါလိသူကြွယ် သွားသာ သွားပါချေ ရဟန်းကြီး ဂေါတမအပေါ်မှာ အပြစ်ဒေါသ ဝါဒတင်ပါချေ" ဟု မိန့်ကြားပါသည်။

ဤသို့ သုံးကြိမ်တိုင်တိုင် ဒီဃတပဿီ တက္ကဒ္ဒန်း ဟန့်တားပါသော်လည်း နိဂဏ္ဌနာဋပုတ္တဆရာကြီးသည် လွှတ်မြဲပင် လွှတ်၍ နေသဖြင့် ဥပါလိသူကြွယ် သည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ် လျောက်ပတ်သော အရပ်၌ နေထိုင်ပြီးလျှင်——

အာဂမာ နုခ္ခိမ ဘန္တေ ဒီဃတပဿီ နိဂဏ္ဌော——ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရား....ဤဒေရပ်သို့ ဒီဃတပဿီ တက္ကဒ္ဒန်း ဆရာသည် လာရောက်ခဲ့ပါသလော ဟု မေးမြန်းပါသည်။

အာဂမာ ခ္ခိမ ဂဟပတိ ဒီဃတပဿီ နိဂဏ္ဌော——ဥပါလိသူကြွယ်.... ဤအရပ်သို့ ဒီဃတပဿီ တက္ကဒ္ဒန်းသည် လာရောက်ခဲ့ပါသည် ဟု သဗ္ဗညူ မြတ်စွာဘုရား မိန့်ကြားသည်တွင်——

"ရှင်တော်ဘုရားနှင့် ဒီဃတပဿီ တက္ကဒ္ဒန်းတို့ စကားနှိုးနှော ပြောဆိုမှု ဖြစ်ပါသလော" ဟု မေးမြန်းသည်တွင် "ပြောဆိုမှုဖြစ်ကြောင်း" သဗ္ဗညူမြတ်စွာ

ဘုရား ပြန်ကြားမိန့်တော်မူသောအခါ "ဘယ်ပုံ ဘယ်ပန်း ကထာသလ္လာပ စကားနှီးနှော ပြောဆိုမှုဖြစ်သနည်း" ဟု မေးမြန်းသဖြင့် ဒီဃတပဿီ တက္ကဒွန်းနှင့် ကိုယ်တော်မြတ်တို့ ပြောဆိုနှီးနှောကြသော စကားအကြောင်းအရာ အလုံးစုံကို ဥပါလိသူကြွယ်အား ပြန်ပြောင်းမိန့်ကြားတော်မူသောအခါ ဥပါလိသူကြွယ်သည်—

သာဓု သာဓု ဘန္တေ တပဿီ-အစရှိသည်ဖြင့် ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဒီဃတပဿီ ဆရာကြီးသည် ကောင်းလှပါပေစွ ကောင်းလှပါပေစွ၊ ဆရာဘုရား၏ အဆုံးအမ သြဝါဒကို အကြွင်းမဲ့ ကုန်စင် သိမြင်သောသာဝကနှင့် အလားတူ ဒီဃတပဿီ ဆရာကြီးသည် ရှင်တော်ဘုရားအား နာဌပုတ္တဆရာကြီး၏ အယူဝါဒစကားကို ဖြေကြားပါပေသည်။

ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... မပြောပလောက်သည့် အနည်းငယ်မျှဖြစ်သော မနောဒဏ်သည် ဤကာယဒဏ်တည်း ဟူသော ရှန့်ရင်းကြမ်းတမ်းလှသည့် ဒဏ်ကို ထောက်ဆက အဘယ်မှာလျှင် ဂဏန်းတွက်လောက်ပါအုံနည်း၊ စင်စစ်သော်မူ အကုသိုလ်မှုပြုရန် အကုသိုလ်မှုဖြစ်ရန် ကာယဒဏ်သာလျှင် အပြစ်အကြီးဆုံးဖြစ်ပါသည်ဟု လျှောက်ထားပါသည်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် နာဌန္ဒာပြည် ပါဝါရိကသူဌေးလှူဒါန်းအပ်သော သရက်ဥယျာဉ်တောဝယ် သီတင်းသုံးစံနေတော်မူသောအခါ ဥပါလိဒါယကာ လာရောက်၍ နိဂဏ္ဌနာဌပုတ္တဆရာကြီး၏ ဝါဒစကား ထင်ရှားလျှောက်ဆိုသော ဝတ္ထုဝယ် ဤဥပါလိသုတ္တန်ဒေသနာတော်မြတ်ကို ပညတ်ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အထ ခေါ အာဝုသော ဘဂဝါ ဥပါလိံ ဂဟပတိံ တသ္မိံ ဝါဒေ ကထံ သမနုယုဉ္ဇီ သမနုဂါဟီ သမနုဘာသီ၊ ကထဉ္စဿ ဥပါယံ ဒဿေတွာ ယထာဘူတံ အတ္ထံ ဥာပေသိ။

ဝိဿဇ္ဇနာ။ ။အထ ခေါ ဘန္တေ ဘဂဝါ ဥပါလိံ ဂဟပတိံ "သစေ ခေါ တွံ ဂဟပတိ သစ္စေ ပတိဋ္ဌာယ မန္တေယျာသိ၊ သိယာ နော ဧတ္ထ ကထာသလ္လာပေါ"တိ ဥပါလိံ ဂဟပတိံ ကထံ သမုဋ္ဌာပေတွာ

"တံ ကိံမညသိ ဂဟပတိ၊ ဣဓဿ နိဂဏ္ဌော အာဗာဓိကော ဒုက္ခိတော ဗာဠှဂိလာနော သီတောဒကပရိက္ခိတ္တော ဥဏ္ဍော-ဒကပဋိသေဝီ၊ သော သီတောဒကံ အလဘမာနော ကာလက်ရေယျာ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝါ စတ္တာရော ဥပါယေ ဒဿေတွာ ဥပါလိံ ဂဟပတိံ ယထာဘူတမတ္ထံ ဥာပေသိ။

အမေး။ ။ကာယဒဏ်သည် မနောဒဏ်ထက် အပြစ်ကြီးမားသည်၊ မနောဒဏ်သည် ကာယဒဏ်နှင့် နှိုင်းစာလျှင် မပြောပလောက်ဟု ဥပါလိသူကြွယ်က မြတ်စွာဘုရားအား လျှောက်ထားပြောဆိုသော အခါကာလဝယ် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် ထို ဥပါလိသူကြွယ်ကို ထိုသို့ပြောဆိုသော ဝါဒအရာ၌ အဘယ်သို့လျှင် မေးမြန်းစီစစ်တော်မူပါသနည်း၊ မေးမြန်းစီစစ်ပြီးလျှင် အဘယ်သို့သော အကြောင်းယုတ္တိကို ဖော်ပြ၍ ဥပါလိသူကြွယ်အား နည်းမှန်ကန်သော သဘာဝကျသော အနက်အပေါ်ယ်ကို သိနားလည်စေတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုသို့ ဥပါလိသူကြွယ်သည် နိဂဏ္ဌနာဋပုတ္တ ဆရာကြီး၏ ဝါဒကို ထင်ရှားစွာလျှောက်ဆိုသောအခါ သဗ္ဗညုမြတ်စွာဘုရားက "သစေ ခေါ တုံ ဂဟပတိ သစ္စေ ပတိဋ္ဌာယ မန္တေယျာသိ၊ သိယာ နော ဧတ္ထ ကထာ-သလ္လာပေါ"ဟု—

ဥပါလိသူကြွယ်....အသင်သည် အကယ်၍ ဝစီမင်္ဂလာ သစ္စာစကား၌ တည်၍ ငါတို့နှင့် နှီးနှောစကား ပြောဆိုမည်ပဆိုလျှင် ဤအရာ၌ ငါတို့၏ အပြန်အလှန် အခြေအတင် နှီးနှောစကားပြောခြင်း ဖြစ်နိုင်ပါသည်ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါဥပါလိသူကြွယ်သည်"သစ္စေ အဟံ ဘန္တေ ပတိဋ္ဌာယ မန္တေဿာမိ၊ ဟောတု နော ဧတ္ထ ကထာသလ္လာပေါ" ဟု "ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်သည် ဝစီမင်္ဂလာ သစ္စာစကား၌ တည်၍ပင်လျှင် ရှင်တော်ဘုရားနှင့် ဝါဒအခြေအတင် စကားနှီးနှောပြောဆိုပါမည်၊ ဤအရာ၌ ကာယဒဏ်က အပြစ်လေးသည်၊ မနောကံက အပြစ်လေးသည် ဟူသော တပည့်တော်ဘို့နှင့် အရှင်ဘုရားတို့၏ အယူနှစ်ပါး၌

တပည့်ခံတော်ဘို့ အခြေအတင် စကားနှိုးနှော ပြောဆိုခြင်း ဖြစ်ပါသည်ဟု လျှောက်ထားပါသည်။

ထိုအခါ သမ္မာသမ္ဗုဒ္ဓဘုရားက တံ ကိ ံ မညသိ ဂဟပတိ အစရှိသည် ဖြင့် ဥပါလိသူကြွယ်....ယခု ငါဘုရား မေးမြန်းမည့် စကားကို အသင့်စိတ်ဝယ် မည်သို့ မှတ်ထင် မည်သို့ သဘောကျပါသနည်း၊ ဤလောကဝယ် သင်တို့၏ ဆရာဖြစ်သော နိဂဏ္ဌတက္ကဒ္ဒန်း တယောက်သည် စိတ္တဇရောဂါနှိပ်စက်သဖြင့် ပြင်းထန်စွာ မမာမကျန်း ဖြစ်သည်ဆိုပါစို့၊ နိဂဏ္ဌတို့၏ ဒယ္ဘဝါဒအတိုင်း "ရေ အေးဝယ် အသက်ရှိသည်" ဟု အယူမှား ယူမိသဖြင့် ရေအေးကို ရှောင်ကြဉ်၍ ရေပူကိုသာ ဆုံးဆောင်သည်ဆိုပါစို့။ ကိုတက္ကဒ္ဒန်းသည် မိမိ၏ စိတ္တဇရောဂါ အတွက် အသုံးပြုဖြစ်သော ရေပူတို့ကိုသာ သုံးဆောင်ရခြင်းဖြင့် တင်းတိမ် ရောင့်ရဲ အားရခြင်း မရှိခဲ့ချေ။

သို့သော် နိဂဏ္ဌတို့၏အယူဝါဒကိုယူမိသဖြင့် ကာယဒဏ် ဝစီဒဏ်တည်း ဟူသော နာဋပုဉ္ဇဆရာကြီးပညတ်ထားသည့် ဒဏ်သုံးမည်ကို စိုးခန့်လှာဖြင့် မိမိ၏စိတ်ဝယ် အလိုရှိ၍ တောင်းတနေသော ရေအေးကို ပါးစပ်ကမြည်၍ လည်း မတောင်းရမ်း၊ ကိုယ်တိုင်ယူ၍လည်း မသောက်၊ ဤနည်းဖြင့် ကာယ ဒဏ် ဝစီဒဏ်နှစ်ပါးကို စောင့်ခရောက်ခဲ့ပါသည်၊ သို့ပင်စောင့်ရှောက်စေကာမူ ထိုတက္ကဒ္ဒန်း၏ စိတ်သန္တာန်ဝယ် ရေအေးကိုအလိုရှိမှုတည်းဟူသော မနော ဒဏ်ကိုကား ထိုတက္ကဒ္ဒန်းသည် မစောင့်ရှောက်နိုင်ပါ။

ထိုဘက္ကဒ္ဒန်းသည် ရေအေးကိုအလိုရှိမှုတည်းဟူသော သောက်လိုမှု တည်းဟူသော မနောဒဏ်သို့ လွန်ကျူးခြင်းငှာ ရေအေးကိုမရရှိသဖြင့် ထို စိတ္တဇရောဂါလွှမ်းမိုးနှိပ်စက်၍ ဘဝတမလွန်ဆွန်သွန်ခဲ့သည်ဆိုပါစို့၊ ထိုကဲ့သို့ သော တက္ကဒ္ဒန်းကို သင်တို့၏ဆရာ နာဋပုတ္တကြီးသည် အဘယ်ဂတိသို့ လား ရောက်ကြောင်း ပညတ်ပါသနည်းဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ဥပါလိသူကြွယ်က ထိုသို့ရေအေးကို တောင်းတ၍ ရေအေးကို အလိုရှိ၍ စုဘိုပြတ်ကြွေသေသွန်သော တက္ကဒ္ဒန်းပုဂ္ဂိုလ်ကို မနောသတ္တ အမည် ရသော နတ်ပြည်လောက၌ဖြစ်သည်ဟု နာဋပုတ္တဆရာကြီးပညတ်ပါသည်၊ အကြောင်းသော်ကား ထိုတက္ကဒ္ဒန်းသည် မနောဒဏ်ခေါ် ဆိုရမည့် ရေအေးကို စိတ်ဖြင့်အလိုရှိခြင်း တောင်းတခြင်း တည်းဟူသော မနောဒဏ်ကို လွန်ကျူး

သူဖြစ်ပါသည်၊ သို့လွန်ကျူးသူဖြစ်သောကြောင့် မနောသတ္တအမည်ရသော နတ်ဘဝသို့ ကပ်ရောက်ရပါသည်ဟု ဖြေကြားခဲ့ပါသည်။

ဤစကားဖြင့်ပင်လျှင် ဥပါလိတို့၏ အယူဝါဒသည် ဆုံးရှုံးခဲ့ပါပြီ၊ ယခု စုတိပြတ်ကြွေသေလွန်သော နိဂဏ္ဌတကွဒ္ဒန်းသည် မနောဒဏ်ကြောင့်ပင် မနောသတ္တအမည်ရသော နတ်ဘုံသို့ရောက်ရသည်ဟု ဥပါလိပြောတဲ့အတိုင်း မှန်ကန်ပါမူ မနောဒဏ်ကသာလျှင် စုတိပဋိသန္ဓေ အကျိုးပေးနိုင်သည်ဖြစ်ပါ၍ မနောဒဏ်ကပင် အပြစ်ကြီးလေးကြောင်း ထင်ရှားခဲ့ပါသည်၊ ထိုအကြောင်းကို ဥပါလိလည်း စဉ်းစားမိခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက မနသိ ကရောဟိ ဂဟပတိ၊ မနသိ ကရိတ္ဝာ ခေါ ဂဟပတိ ဗျာကရောဟိ-အစရှိသည်ဖြင့် နှလုံးသွင်းစဉ်းစားပါ ဥပါလိသူကြွယ်....စဉ်းစားပြီးမှ ဖြေကြားပါ၊ အသင်သည် အဦးအစကပင် "ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်သည် ဝစီမဂ်လာ သစ္စာစကားဌိတည်၍ စကားနှိုးနှော ဝါဒအခြေအတင် ပြောပါမည်ဟု ဝန်ခံခဲ့ပါသည်"ဟု တဖန်တက်၍ ဤသို့ မေးမြန်းမိန့်ကြားတော်မူသောအခါ ဥပါလိဒါယကာသည် တဖန်ထပ်၍ ကိုဋ္ဌာပိ ဘန္တေ ဘဂဝါ ဧဝမာဟ-အစရှိသည်ဖြင့် "ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် ဤသို့ပင် မိန့်ကြားတော်မူစေကာမူ စင်စစ်အမှန်မှာမူ ကာယဒဏ်ကသာလျှင် အကုသိုလ်မှု ပြုဘို့ရန် အကုသိုလ်မှု ဖြစ်ဘို့ရန်အတွက် အပြစ်အကြီးလေးဆုံးဖြစ်ပါသည်"ဟု မိမိဝါဒကို တဖန်ထပ်၍ ဇွတ်အတင်းပင် တည်စေပြန်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဥပါလိသူကြွယ်....ယခု ငါဘုရား မေးမြန်းမည့်စကားကို အသင်မည်သို့ မှတ်ထင်သနည်း၊ ဤလောကဝယ် သင်တို့၏ ဆရာဖြစ်သော နာဋပုတ္တဆရာသည် စာတုယာမသံဝရတည်းဟူသော ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း အဒိန္နာဒါန်မှ ရှောင်ကြဉ်ခြင်း မုသာဝါဒမှ ရှောင်ကြဉ်ခြင်း အာရုံငါးပါးမှ ရှောင်ကြဉ်ခြင်း တည်းဟူသော လေးပါးသော အစုရှိသော စောင့်စည်းခြင်းဖြင့် စောင့်စည်းသော သင်တို့၏ နာဋပုတ္တဆရာကြီးသည် ရှေးသို့တက်သောအခါ နောက်သို့ ဆုတ်သောအခါ အမှတ်မထားမိသဖြင့် ပိုးငယ်တိရစ္ဆာန်သတ္တဝါတို့ကို နင်းကြိတ်မိ၍ သေစေသည် ဆိုပါစို့။ ဤအရာဝယ် သင်တို့ဆရာကြီးက အပြစ်ကြီးမှု အပြစ်လေးမှုကို မည်သို့ ပညတ်ပါသနည်းဟု မေးမြန်းသောအခါ——

"ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... မတော်တဆ နင်းမိ၍ ပိုးမွှားတိရစ္ဆာန်သတ္တဝါတို့ သေကြေသောအရာဝယ် စေတနာမပါမရှိသဖြင့် အပြစ်မကြီးပါ"ဟု ပြန်ကြားဖြေဆိုပါသည်။

"အကယ်၍ သတ်လိုသော သေစေလိုသော ဝခက စေတနာဖြင့် နင်းခဲ့ပါမူ အဘယ်သို့ ပညတ်ပါသနည်း" ဟု သဗ္ဗညုမြတ်စွာဘုရား မေးမြန်းတော်မူသည်တွင်—

"အကယ်၍ သတ်လိုသေစေလိုသော စေတနာဖြင့် နင်းသည် ဖြစ်ဘိပါမူ အပြစ်ကြီးလေးသည်"ဟု နာဠပုတ္တဆရာကြီး ပညတ်တော်မူပါသည်။

ဤသို့ သတ်လိုသော ဝမကစေတနာကို သင်တို့ဆရာ နာဠပုတ္တဆရာကြီးသည် အဘယ်ဒဏ်ဟူ၍ ပညတ်ပါသနည်း ဟု မေးမြန်းသောအခါ—

သတ်လိုသော ဝမကစေတနာကိုကား နာဠပုတ္တတက္ကဒုန်းဆရာကြီးသည် မနောဒဏ်ဟူ၍ ပညတ်ကြောင်း ပြန်ပြောင်းလျှောက်ထားပါသည်။

ဤတွင်လည်း ဥပါလိဒါယကာတို့၏ အယူသည် တဖန်ရှုံးခဲ့ပြန်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဥပါလိသူကြွယ်....စဉ်းစား၍ဖြေကြားပါ၊ သင်သည် ရှေးက ပြောဆိုခဲ့ပြီ၊ "ဝစီမင်္ကံလာ သစ္စာစကားဌာ တည်၍ တပည့်တော်သည် ရှင်တော်ဘုရားနှင့် စကားနှိုးနှော ဝါဒအခြေအတင် ပြောပါမည်" ဟု ဝန်ခံခဲ့ပါသည်ဟု မိန့်ကြားတော်မူသောအခါ တဖန်ထပ်၍ မိမိ၏ဝါဒကို ဇွတ်အတင်းတည်စေသောအားဖြင့်—

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရား....ဤသို့ပင် မိန့်ကြားစေကာမူ ရှေးကတပည့်တော် လျှောက်ဆိုခဲ့သည့် အတိုင်း အကုသိုလ်မှု ပြုဘို့ရန် အကုသိုလ်မှု ဖြစ်ဘို့ရန်အတွက် ကာယဒဏ် သာလျှင် အပြစ်အကြီးလေးဆုံး ဖြစ်ပါသည်ဟု တဖန် မိမိဝါဒကို တည်စေပြန်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက တံ ကိ ံ မညသိ ဂဟပတိ-အစရှိသည်ဖြင့် ဥပါလိသူကြွယ်....ယခုငါဘုရား မေးမြန်းမည့် စကားကို အသင်မည်သို့မှတ်ထင်သဘောကျပါသနည်း၊ ဤနာဠန္ဒာပြည်သည် များစွာသော လူတို့ဖြင့် ပြည့်သိပ်၍ နေပါသည်၊ ဤနာဠန္ဒာပြည်အတွင်းသို့ လူတယောက်သည် သန်လျက်ကို ချိမိုးလျက် ငါသည် တချိန်တည်း တခဏတည်း တပြိုင်နက်

အတ္ထင်းမှာပင် ဤနာဋ္ဌနာပြည်အတ္ထင်းရှိ အလုံးစုံသော လူအပေါင်းတို့ကို တခုတည်းသော အသားစု တခုတည်းသော အသားတလင်းကြီး ဖြစ်အောင် ပြုလုပ်မည်ဟု ပြောဆိုသော်လည်း ထိုသူပြောဆိုသည့်အတိုင်း တချိန်တည်း တခဏတည်း တပြိုင်နက်တည်းမှာပင် နာဋ္ဌနာပြည်အတ္ထင်းမှာရှိသည့် ခပ်သိမ်းသော ပဂ္ဂိုလ် ခပ်သိမ်းသောလူဘို့ကို အသားတလင်း အသားစုကြီး ဖြစ်အောင် ပြုစုမ်းနိုင်ပါသလော။

ဤသို့မေးမြန်းသောအခါ ဥပါလိဒါယကာက ဤသူတယောက်ကို မဆို ထားဘိ၊ ယောကျ်ားဆယ်ယောက် အယောက်နှစ်ဆယ် အယောက်သုံးဆယ် အယောက်လေးဆယ် အယောက်ငါးဆယ်ပင် ဖြစ်သော်လည်း တချိန်တည်း တခဏတည်း တပြိုင်နက်အတ္ထင်းမှာပင် ဤနာဋ္ဌနာပြည်အကုန်းမှာရှိသမျှသော လူအပေါင်းတို့ကို တခုတည်းသောအသားစု တခုတည်းသော အသားတလင်းဖြစ်အောင် မည်းပမ်းနိုင်ပါ။ တယောက်သောယောကျ်းမှာမူ ဆို ဘုယ်ရာမရှိ ဖြစ်ပါသည်ဟု ပြန်ပြောင်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ပာဒုငါမေးမြန်းမည့်စကားကို သင် ဥပါလိသူကြွယ် မည်သို့ အမှတ်ရှိပါသနည်း၊ မည်သို့သဘောကျပါသနည်း၊ ဤနာဋ္ဌနာပြည်အရပ်သို့ စိတ်ကို စိုးပိုင်သည့် စေတောဝသီဘော်နှင့် ပြည့်စုံသော ဣဒ္ဓိမျှင် ရဟန်းပုဏ္ဏား တဦးတယောက် လာရောက်ပြီးလျှင် ငါသည် တခုတည်းသော စိတ်ဆိုးခြင်း မနောပဒေါသဖြင့် ဤနာဋ္ဌနာပြည်ဝယ် ရှိရှိသမျှသော သတ္တဝါအလုံးစုံတို့ကို တချိန်တည်း တခဏတည်းမှာပင် တပြိုင်နက်ထည်း ပြာအတိဖြစ်အောင်ပြုမည်ဟု ပြောဆိုလျှင် ထိုသို့ ပြောဆိုသည့်အတိုင်း ပြုစုမ်းနိုင်ပါမည်လောဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ဥပါလိသူကြွယ်က ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤနာဋ္ဌနာမြို့မျိုး ဆယ်မြို့ဖြစ်စေ မြို့နှစ်ဆယ်ကိုပင် ဖြစ်စေ မြို့သုံးဆယ် လေးဆယ် ငါးဆယ်ကိုပင် ဖြစ်စေ ဣဒ္ဓိရှင် တန်ခိုးရှင် စေတောဝသီဘော်သို့ ရောက်တော်မူပြီးသော ရဟန်းပုဏ္ဏားသည် တခုတည်းသော စိတ်ဆိုးခြင်း မနောပဒေါသဖြင့် တချိန်တည်း တခဏတည်း တပြိုင်တည်းမှာပင် ပြာအတိဖြစ်သောင် ပြုလုပ်နိုင်စွမ်းပါသည်။ နာဋ္ဌနာပြည်တခုကိုမူ အဘယ်မှာဆိုဘုယ်ရာရှိပါအံ့နည်း ဟု ပြန်ပြောင်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ပာဒုငါမေးမြန်းမည့်စကားကို သင် ဥပါလိသူကြွယ် မည်သို့ အမှတ်ရှိပါသနည်း၊ မည်သို့သဘောကျပါသနည်း၊ ဤနာဋ္ဌနာပြည်အရပ်သို့ စိတ်ကို စိုးပိုင်သည့် စေတောဝသီဘော်နှင့် ပြည့်စုံသော ဣဒ္ဓိမျှင် ရဟန်းပုဏ္ဏား တဦးတယောက် လာရောက်ပြီးလျှင် ငါသည် တခုတည်းသော စိတ်ဆိုးခြင်း မနောပဒေါသဖြင့် ဤနာဋ္ဌနာပြည်ဝယ် ရှိရှိသမျှသော သတ္တဝါအလုံးစုံတို့ကို တချိန်တည်း တခဏတည်းမှာပင် တပြိုင်နက်ထည်း ပြာအတိဖြစ်အောင်ပြုမည်ဟု ပြောဆိုလျှင် ထိုသို့ ပြောဆိုသည့်အတိုင်း ပြုစုမ်းနိုင်ပါမည်လောဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ဥပါလိသူကြွယ်က ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤနာဋ္ဌနာမြို့မျိုး ဆယ်မြို့ဖြစ်စေ မြို့နှစ်ဆယ်ကိုပင် ဖြစ်စေ မြို့သုံးဆယ် လေးဆယ် ငါးဆယ်ကိုပင် ဖြစ်စေ ဣဒ္ဓိရှင် တန်ခိုးရှင် စေတောဝသီဘော်သို့ ရောက်တော်မူပြီးသော ရဟန်းပုဏ္ဏားသည် တခုတည်းသော စိတ်ဆိုးခြင်း မနောပဒေါသဖြင့် တချိန်တည်း တခဏတည်း တပြိုင်တည်းမှာပင် ပြာအတိဖြစ်သောင် ပြုလုပ်နိုင်စွမ်းပါသည်။ နာဋ္ဌနာပြည်တခုကိုမူ အဘယ်မှာဆိုဘုယ်ရာရှိပါအံ့နည်း ဟု ပြန်ပြောင်းလျှောက်ထားပါသည်။

ဤတွင်လည်း ဥပါလိသူကြွယ်တို့၏ ကာယဒဏ်သာ အပြစ်ကြီးလေးပါသည် အစွမ်းထက်ပါသည်ဟူသော ဝါဒကား ဆုံးရှုံးခဲ့လေပြီ။

ထိုအခါ သဗ္ဗညူမြတ်စွာဘုရားက ရှေးနည်းအတိုင်း ဥပါလိသူကြွယ် စဉ်းစား၍ ပြောပါ၊ သင်သည် "ဝစီမင်္ဂလာ သစ္စာစကားဌိတည်၍ ဝါဒ အခြေအတင် စကားနှိုးနှော ပြောဆိုမည်"ဟု ဆိုခဲ့သည်၊ တဖန်ထပ်၍ မိန့်ကြားတော်မူသောအခါ ရှေးနည်းအတူပင် ဥပါလိသူကြွယ်သည် မိမိတို့၏ အယူဝါဒဌိပင် ဇွတ်အတင်းငြင်း၍ တည်၍နေသောအခါ သဗ္ဗညူမြတ်စွာဘုရားက——

ဥပါလိသူကြွယ်....သင်သည် ဒဏ္ဍကီ အမည်ရှိသော တောအုပ် ကာလိင် အမည်ရှိသော တောအုပ် မဇ္ဈအမည်ရှိသော တောအုပ် မာတင် အမည်ရှိသော တောအုပ်ကို အသင်ကြားဘူးသည် မဟုတ်ပါလော။

ကြားဘူးပါသည်ဘုရား။

အဘယ်ပုံ အဘယ်ပန်း အဘပ်သို့သော အကြောင်းကြောင့် ဤဒဏ္ဍကီတောအုပ် ကာလိင်တောအုပ် မဇ္ဈတောအုပ် မာတင်တောအုပ်တို့ ဖြစ်ပေါ်သည်ဟု အသင်ကြားဘူးပါသနည်းဟု မေးမြန်းတော်မူသောအခါ——

ကိုသာဝစ္ဆ ရှင်ရသေ့ကို ပြစ်မှားသဖြင့် ဒဏ္ဍကီမင်းနှင့်တကွ တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းတို့ ပျက်စီးခြင်းမလှ ပျက်စီးကြ၍ နတ်တို့စိတ်ဆိုးခြင်းမနောပဒေါသ တချက်ဘည်းကြောင့် ဒဏ္ဍကီမင်းနှင့်တကွ တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းတို့ ပျက်စီးကြ၍ ဒဏ္ဍကီတောအုပ်ကြီး ဖြစ်ခဲ့ဘူးကြောင်း။

ကာလိင်မင်းနှင့်တကွ တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းတို့သည် များစွာသော အဘိညာဉ်ရှိ ရဟန္တာတို့ကို လွှမ်းမိုးနှိပ်စက် မတရားဖျက်ဆီးသဖြင့် နတ်တို့မနောပဒေါသစိတ်ကွက်သောကြောင့် ကာလိင်မင်းနှင့်တကွ တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းတို့ ပျက်စီး၍ ကာလိင်တောအုပ်ကြီး ဖြစ်ဘူးကြောင်း။

မဇ္ဈတိုင်းဝယ် အလောင်းတော် မာတင်ရသေ့ကို ပြစ်မှားကြသဖြင့် နတ်အပေါင်းတို့ စိတ်ဆိုးခြင်း မနောပဒေါသကြောင့် မဇ္ဈတိုင်းကြီး တခုလုံး မင်းနှင့်တကွ တိုင်းသားပြည်သူ ဗိုလ်လူခပ်သိမ်းတို့ အကျိုးမဲ့ပျက်စီး၍ မဇ္ဈ

တောအုပ် မာတင်္ဂတောအုပ် ဟူ၍ ဖြစ်ခဲ့ဘူးကြောင်း ရှေးသူဟောင်းတို့၏ စကားကို ကြားဘူးပါသည်ဟု ပြန်ပြောင်းလျှောက်ထားသောအခါ—

သဗ္ဗညုမြတ်စွာဘုရားက မနသိ ကရောဟိ ဂဟပတိ—ဥပါလိသူကြွယ်.... အသင်သည် စဉ်းစားပါ၊ စဉ်းစားပြီးမှ ဖြေကြားပါ၊ သင်သည် ရှေးအခါကပင် ငါဘုရားကို "ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဝစီမင်္ဂလာသစ္စာစကား၌ ပင်တည်၍ ဘုရားတပည့်တော် ဝါဒအခြေအတင် နှီးနှောပြောကြားပါမည်"ဟု လျှောက်ထားခဲ့ပါသည်ဟု သဗ္ဗညုမြတ်စွာဘုရား မိန့်ကြားကော်မူပါသည်။

ဤသို့လျှင် ဥပါလိသူကြွယ်က နိဂဏ္ဌနာဋပုတ္တဆရာကြီး၏ အယူကို ခြီးမှုမ်းသောအား ထင်ရှားပြဆိုသောအခါ လေးပါးသော အကြောင်းဥပါယ်တို့ကို ထင်စွာဖော်ပြ၍ ယထာဘူတ ဟုတ်မှန်သော မနောကံ၏ အပြစ်ကြီးလေးမှုတည်းဟူသော အနက်သဘောကို သဗ္ဗညုမြတ်စွာဘုရား သိစေတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဧဝံ ခေါ အာဝုသော ဥပါလိ ဂဟပတိ ဘဂဝတာ သညာပိတော ဣမသ္မိံ ဓမ္မဝိနယေ ပသန္နော ကီဒိသံ ပသန္နာကာရံ အကာသိ၊ ကထဉ္စ ဘဂဝါ တံ ပုန အနုသာသိတ္ဒာ ဥတ္တရိ ဝိနေသိ။

ဝိဿဇ္ဇနာ။ ။"ပုရိမေနေဝါဟံ ဘန္တေ သြပမ္မေန ဘဂဝတော အတ္တမနော အဘိရဒ္ဓေါ၊ အပိစာဟံ ဣမာနိ ဘဂဝတော ဂိစိတြာနိ ပဥ္ဥပဋိဘာနာနိ သောတုကာမော၊ ဧဝါဟံ ဘဂဝန္တံ ပစ္စနီကံ ကာတဗ္ဗံ အမညိဿ"နွိ၊ ဧဝမာဒိနာ ဘန္တေ ဥပါလိ ဂဟပတိ ဘဂဝတာ ဝိညာပိတော ဣမသ္မိံ ဓမ္မဝိနယေ ပသန္နော ပသန္နာကာရံ အကာသိ။တတ္ထ ဘဂဝါ စ ဘန္တေ "အနုဝိစ္စကာရံ ခေါ ဂဟပတိ ကရောဟိ၊ အနုဝိစ္စကာရော တုမှာဒိသာနံ ဥာတမနုဿာနံ သာဓု ဟောတီ"တိ ဧဝမာဒိနာ ပုန အနုသာသိတ္ဒာ ဥတ္တရိ ယာဝ ဓမ္မစက္ခုပဋိလာဘာ ဝိနေသိ။

အမေး။ ။ဤသို့ ငါ့ရှင်ဖြေဆိုခဲ့သည့်အတိုင်း သဗ္ဗညုမြတ်စွာဘုရား သခင်သည် မနောဒဏ် အပြစ်ကြီးကြောင်းကို ထင်ရှားစေရန် အကြောင်း

ဥပါယ်တို့ဖြင့် ဖြေရှင်း၍ ဖော်ပြပြီးသော အခါကာလဝယ် ဥပါလိသူကြွယ်သည် မြတ်စွာဘုရားက မနောဒဏ် အပြစ်ကြီးကြောင်းကို သိနားလည်စေပြီးသော အခါကာလ၌ ဤမြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညိုသဒ္ဓါဖြစ်လှသည်ဖြစ်၍ အဘယ်သို့သော ကြည်ညိုသော သူတို့၏ အခြင်းအရာကို ပြုခဲ့ပါသနည်း။ မြတ်စွာဘုရားသခင်ကလည်း ထိုဥပါလိသူကြွယ်ကို တဖန် ထပ်ဆင့်၍ အဆုံးအမ သြဝါဒပေးတော်မူပြီးလျှင် အဘယ်သို့လျှင် အဘယ်တရားထူးကို ရောက်စေရန်အတွက် အဆုံးအမ သြဝါဒ ပေးသနားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားက ဥပါလိသူကြွယ်ကို ယဆောဘူတ ဟုတ်မှန်သော မနောကံသာ အပြစ်ကြီးလေးကြောင်း အနက် သဘောကို သိစေတော်မူလတ်သောအခါ ဥပါလိသူကြွယ်သည် ပုရိမေ နေဝါဟံ ဘန္တေ သြပမ္မေန ဘဂဝတော အတ္တာမနော အဘိရဒ္ဓေါ အစရှိသည်ဖြင့်—

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဘုရားတပည့်တော်သည် ယခု ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော ဥပမာ အကြောင်း လေးရပ်အနက် ရှေးဦးစွာဖော်ပြအပ်သော ရေအေးကို တောင့်တ၍ ဘဝတမလွန် စွန့်သွန်၍ သွားသော တက္ကဒုန်းဥပမာဖြင့်ပင် ရှင်တော်ဘုရား၏အပေါ်၌ တပည့်တော်သည် လွန်စွဲလွန်စွာ နှစ်လိုအားရမ်းဝမ်းမြောက်လှပါသည်။ ရှင်တော်ဘုရား၏ အယူဝါဒကို နှစ်သက်၍ပင် နေပါပြီ။ သို့စေကာမူ ဘုရားတပည့်တော်သည် လွန်စွဲ လွန်စွာ ဆန်းကြယ်လှသည့် ရှင်တော်ဘုရား၏ တရားစကား အဖြေတို့ကို ကြားနာလိုလှသဖြင့် ဘုရားတပည့်တော်သည် ရှင်တော်ဘုရားကို တမင်သက်သက် ဆန့်ကျင်ဘက် အခွဲ့တစောင်း တိုက်ကောင်းသည်ဟု မှတ်ထင်ခဲ့ပါသည်။

ဧသောဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ။

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်သည် ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားကိုဂုဏ်းတရားကိုဂုဏ်း သံဃာတော် အရှင်မြတ်တို့ကိုဂုဏ်း ကိုးကွယ်ရာ ပုန်းအောင်းရာ လည်းလျောင်းရာ ဟူ၍ ဆည်းကပ်ပါ၏၊ သိပါ၏ ခစားပါ၏ ဟူ၍ လျှောက်ထားပါသည်။

ဤသို့ ဥပါလိသူကြွယ်သည် ဤသာသနာတော်ဝယ် ကြည်ညိုသည့် အတိုင်း ကြည်ညိုသောသူ့ကို ပြုမြဲ ပြောမြဲ ဖြစ်သော အခြင်းအရာကို ပြုခဲ့ပြောခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက အနုဝိစ္စကာရံ ခေါ ဂဟပတိ ကရောဟိ အစရှိသည်ဖြင့် ဥပါလိသူကြွယ်....စဉ်းစဉ်းစားစားပြုပါ။ သင်တို့ကဲ့သို့ ထင်ရှားသော လူတယောက်သည် စဉ်းစားပြုခြင်း ကောင်းမည်ဖြစ်သည်းကု မိန့်ကြားတော်မူပါသည်။

ထိုအခါ ဥပါလိသူကြွယ်က ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ရှင်တော်ဘုရားသည် တပည့်တော်ကို စဉ်းစဉ်းစားစား ဥပါလိသူကြွယ်ပြုပါ။ သင်တို့ကဲ့သို့ ထင်ရှားလှသော ပုဂ္ဂိုလ်တို့အား စဉ်းစဉ်းစားစား ပြုခြင်းသည် ကောင်းပါသည်ဟု အကြင် စကားကို မိန့်ကြားတော်မူပါ၏၊ ထိုမိန့်ကြားသော စကားဖြင့်ပင်လျှင် တပည့်တော်သည် အတိုင်းထက် အလွန် ရှင်သော်ဘုရားကို နှစ်သိုအားရမ်း ဝမ်းမြောက်ကြည်ညိုလှပါသည် ဘုရား။

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... သာသနာပြင်ပ အညတိတ္ထိယ ဖြစ်ကြသော အစေလက တက္ကဒ္ဒန်းတို့သည် တပည့်တော်ကဲ့သို့သောပုဂ္ဂိုလ် သာဝကတယောက်ကို ရရှိပါမူ နာဠန္ဒာပြည် တပြည်လုံး တမ်းခွန်လှုံ့ထူကြပါလိမ့်မည်၊ "ဥပါလိဒါယကာသည် ငါတို့၏ တပည့် သာဝကအဖြစ်သို့ရောက်ပြီ" ဟု နာဠန္ဒာတပြည်လုံး တမ်းခွန်လှုံ့ထူကြပါမည်၊ သို့စင်လျက် ရှင်တော်ဘုရားက တပည့်တော်သည် ရှင်တော်ဘုရား၏ တပည့်သား သာဝကအဖြစ်သို့ ရောက်သည်ကိုပင်လျှင် "စဉ်းစား၍ ဥပါလိသူကြွယ်ပြုပါ၊ သင်ဘို့ကဲ့သို့ ထင်ရှားသောပုဂ္ဂိုလ်ဘို့အား စဉ်းစဉ်းစားစား ပြုခြင်းသည်ကောင်းပါသည်" မိန့်ကြားတော်မူပါဘိသည်။

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ထို တပည့်တော်သည် နှစ်ကြိမ်မြောက်လည်း ဘုရားကိုရင်း တရားကိုရင်း သံဃာတော်အရှင်မြတ်ကိုရင်း ကိုးကွယ်ရာ လည်းလျောင်းရာ ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏၊ သိပါ၏ဟူ၍ ဒုတိယမွိဘဖန် ထပ်၍ သရဏဂုံ ခံပြန်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဥပါလိသူကြွယ်....ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံးပင်လျှင် သင်၏အိမ်သည် နိဂဏ္ဌတက္ကဒ္ဓန်းတို့၏ သောက်ရေအိုးကြီးသဖွယ် ဖြစ်ခဲ့ပါသည်၊ ထို့ကြောင့်ပင် စွဘ်သောလက်ကို မခြောက်စေရဟူသော ပညာရှိတို့၏ ဥပဒေသအရ ထိုနိဂဏ္ဌတက္ကဒ္ဓန်းတို့ သင့်အိမ်သို့ လာရောက်လျှင်လည်း လှူဖွေကောင်းသည် တန်းကောင်းသည် ဟု မှတ်ထင်စေလိုကြောင်း မိန့်ကြားတော်မူသောအခါ ဥပါလိသူကြွယ်သည်—

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဤယခုမိန့်ကြားချက်ကြောင့်လည်း ဘုရားတပည့်တော်သည် အတိုင်းထက် အလွန် ရှင်တော်ဘုရားအား ဝမ်းမြောက်ကြည်သိုလှပါသည်၊ တပည့်တော် ရှေးကကြားဘူးသည်နှင့် “ရဟန်းကြီးဂေါတမသည် ဤသို့ ဟောကြားသည် ငါ့အားသာလျှင် လှူရမည် သူတပါးတို့အား မလှူရ၊ ငါ၏သာဝကများအား သာလျှင် လှူရမည် တပါးသော သာဝကတို့အား မလှူအပ်၊ ငါ့အားထင်း ငါ၏သာဝကတို့အားထင်း လှူဒါန်းရသော အလှူဒါနသာလျှင် အကျိုးကြီးမြတ်သည် တပါးသောသူတို့အား လှူဒါန်းရသော အလှူဒါနသည် အကျိုးမကြီး ဟူ၍ ဟောကြားသည်” ဟု တပည့်တော် ကြားဘူးပါသည်၊ ယခု တပည့်တော် ဒိဋ္ဌမျက်မြင် လက်ငင်းတွေ့ရသော အကြောင်းမှာမူ ရှင်တော်ဘုရားသည် တပည့်တော်တို့အား သာသနာပြင်ပ တိတ္ထိတို့ဥပါဒ်ပင်သော်လည်း လှူဘို့ရန် တန်းဘို့ရန် ဆောက်တည်စေတော်မူပါပေသည်။

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်တို့သည် ဤအကြောင်းအရာဝယ် တပည့်တော်တို့ဘာသာ တပည့်တော်တို့ တာဝန်ကို သိပါမည်။

သောဟံ ဘန္တေ တတိယမ္ပိ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ။

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်သည် တတိယမြို သုံးကြိမ်မြောက်လည်း သရဏဂုံ ခံပါသည် ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဥပါလိသူကြွယ်အား ဒါနကထာ သီလကထာ, သဂ္ဂကထာ, ကာမာနံ အာဒီနဝကထာ, သုကာရသံကိလေသကထာ, နေက္ခမ္မေ အာနိသံသကထာတို့ကို ထင်စွာပြတော်မူခဲ့ပါသည်။

ဤသို့ ဒေသနာမဂ္ဂကထာအစဉ်အတိုင်း ပြတော်မူသဖြင့် ဥပါလိသူကြွယ်အား နိဝရဏငါးပါး ကင်းဆိတ်သဖြင့် နူးညံ့သောစိတ် ခန့်ကျန်းသောစိတ် အပိတ်အပင် အဆီးအတားကင်းသောစိတ် တက်ကြွသောစိတ် နှစ်လိုအားရမ်းဝမ်းသာသောစိတ် ရှိသည်ကို သိတော်မူသောအခါ သဗ္ဗညုမြတ်စွာဘုရားသည် သာမုက္ကံသိကဒေသနာဖြစ်သော စတုသစ္စဒေသနာကို ဟောကြားပါသည်၊ ထိုစတုသစ္စဒေသနာ၏ အဆုံးဝယ် ထိုဥပါလိသူကြွယ်သည် ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ ဟု သောတာပန် ပုဂ္ဂိုလ်တို့ သိမြဲအတိုင်း ဖြစ်ဖြစ်သမျှ အလုံးစုံသော တေဘူမက သင်္ခါရတရား အစုသည် ချုပ်ခြင်းသဘောသာလျှင် ရှိချေသည်ဟု သောတာပန်တို့၏ အသိဖြင့်သိသော သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်ရှိခဲ့ပါသည်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် ဥပါလိသူကြွယ်အား အဖန်ဖန် ဆုံးမပြီးလျှင် အထက်ဖြစ်သော အရိယာမဂ်ဉာဏ်သို့ရောက်အောင် ဆုံးမဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော နိဂဏ္ဌာသ နာဋပုတ္တာသ ဥပါလိသ ဂဟပတိသ နိဝေသနံ ဂန္ဓာ အာဝိမံသနာ စ ဥပါလိသ ဂဟပတိသ ပစ္စုတ္တရာကထာ စ အဟောသိ။

ဝိဿဇ္ဇနာ။ ။“ဥမ္မတ္တောသိ တုံ ဂဟပတိ ဒတ္တောသိ တုံ ဂဟပတိ”တိ ဧဝံမာဒိနာ ဘဂ္ဂေ နိဂဏ္ဌာသ နာဋပုတ္တာသ ဥပါလိသ ဂဟပတိသ နိဝေသနံ ဂန္ဓာ ဝိမံသာ စ “ဘဒ္ဒိကာ ဘဂ္ဂေ အာဝဋ္ဋနီမာယာ ကလျာဏီ ဘဂ္ဂေ အာဝဋ္ဋနီမာယာတိ” ဧဝံမာဒိနာ ဥပါလိသ ဂဟပတိသ ပစ္စုတ္တရကထာ စ အဟောသိ။

အမေး။ ။နိဂဏ္ဌာမည်သော နာဋပုတ္တဆရာကြီးသည် ဥပါလိသူကြွယ်မြတ်စွာဘုရားထံ၌ သရဏဂုံယူကြောင်း ဗုဒ္ဓဘာသာဝင် အဖြစ်သို့ ရောက်သွားကြောင်းကို သတင်းစကား ကြားသိရသဖြင့် ထိုဥပါလိသူကြွယ်၏ အိမ်သို့သွားရောက်ပြီးလျှင် တကယ်ဟုတ်မဟုတ် စုံစမ်းပုံသည်၎င်း ဥပါလိသူကြွယ်က ဟုတ်မှန်သည့်အတိုင်း ပြန်ပြောင်း၍ ပြောကြားပုံသည်၎င်း ဘယ်ပုံဘယ်နည်းဖြင့် ဖြစ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသို့ ဥပါလိသူကြွယ်သည် သဗ္ဗညုမြတ်စွာဘုရားထံမှ သောတာပန်တည် ဥပါသကာ ဗုဒ္ဓဝါဒီ ဗုဒ္ဓဘာသာဖြစ်၍ မိမိအိမ်သို့ ပြန်သွားပြီးလျှင် တံခါးစောင့်ကို—

အချင်းတံခါးစောင့်....ယနေ့မှစ၍ ငါသည် ဘုရား တရား သံဃာ ရတနာသုံးပါး ကို ဆည်းကပ်သော ဥပါသကာ မြတ်စွာဘုရား၏ သာဝကအဖြစ်သို့ ရောက်ပြီ။ ယနေ့မှစ၍ တက္ကဒ္ဒန်းမ တက္ကဒ္ဒန်းထီးတို့အား အလှူတံခါးကို ပိတ်အပ်ပြီ၊ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာ မြတ်စွာဘုရား၏ တပည့်သား ပရိသတ်လေးပါး တို့အတွက် ငါ၏အိမ်တံခါးကို အမြဲတစေ ဖွင့်လှစ်၍ ထားအပ်ပါပေသည်၊ တစုံတယောက်သော တက္ကဒ္ဒန်းသည် ဤအရပ်သို့ လာလျှင် ငါ၏အိမ်တွင်းသို့ ဝင်ခွင့်မပြု၊ ဤအရပ်၌ပင် အရှင်ရပ်တော်မူပါ၊ ဆွမ်းအလိုရှိလျှင် ဤမှာပင်လာ၍ လှူလိမ့်မည်ဟု အသင်ပြောရမည်ဟု မိန့်ကြားပါသည်။

ကောင်းပါပြီဟု တံခါးမှူးဝန်ခံလိုက်ပါသည်။

ထိုအခါ ဒီဃတပဿီတက္ကဒ္ဒန်းသည် ဥပါလိသူကြွယ်သည် သဗ္ဗညု မြတ်စွာဘုရား၏ တပည့်သား သာဝကအဖြစ်သို့ ရောက်ကြောင်း သတင်းကို ကြားသိသဖြင့် နာဠပုတ္တဆရာကြီးထံသို့ သွားရောက်ပြီးလျှင် ဤသို့ ဤသို့ ကြားသိကြောင်း ပြန်ပြောင်းလျှောက်ထားသောအခါ နာဠပုတ္တဆရာကြီးသည် “ဒီဃတပဿီ....ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ သာဝကဖြစ်နိုင်ဘို့ အကြောင်းမရှိ၊ စင်စစ်သော်မှ ရဟန်းကြီးဂေါတမသာလျှင် ဥပါလိသူကြွယ်၏ သာဝကဖြစ်ဘို့ရန် တပည့်ဖြစ်ဘို့ရန် အကြောင်းရှိပါသည်” ဟု ရှေးနည်းအတူပင် သုံးကြိမ်တိုင် ပြော၍ နေပါသည်။

ထိုအခါဝယ် ဒီဃတပဿီ တက္ကဒ္ဒန်းသည် “သို့တပြီးကား ဆရာကြီး၊ အကျွန်ုပ်ကိုယ်တိုင်ပင် သိရအောင် သွားရောက် စုံစမ်းမည်” ဟု ဥပါလိဒါယကာအိမ်သို့ သွားရောက်သောအခါ ရှေးကနှင့်မတူ အမှူထူးခြား တံခါးဝမှာပင် တံခါးမှူးက အိမ်တွင်းသို့ ဝင်ခွင့်မပြုသဖြင့် ဥပါလိဒါယကာ မှာကြားသည့် စကားကို ဒီဃတပဿီ တက္ကဒ္ဒန်းအား ပြောကြားလိုက်ပါသည်။

ထိုအခါ ဒီဃတပဿီတက္ကဒ္ဒန်းသည် နာဠပုတ္တဆရာကြီး ထံမှောက်သို့ လာရောက်၍ အမှန်ပင် ဥပါလိသူကြွယ်သည် မြတ်စွာဘုရား၏ တပည့်သား

သာဝကဖြစ်သွားကြောင်း ကျွန်ုပ် ကိုယ်တိုင်ပင် သိခဲ့ရကြောင်း ပြန်ပြောင်း လျှောက်ဆိုသောအခါ နာဠန္ဒာပုတ္တဆရာကြီး သည်လည်း မယုံနိုင်သည်ဖြစ်၍ မိမိကိုယ်တိုင်ပင် တပည့်ပရိသတ် တက္ကဒုန်းပေါင်းများစွာ ခြံရုံလျက် ဥပါလိသူကြွယ်အိမ်ဝသို့ သွားရောက်ခဲ့ပါသည်။

ဥပါလိသူကြွယ်အိမ်ဝသို့ ရောက်သောအခါ၊ တံခါးမှူးက ဥပါလိသူကြွယ် မှာထားသည့်အတိုင်း ပြောဆိုသည်ကိုပင် နားမလည်နိုင်ဘဲ သို့တပြီးကား "အချင်းတံခါးမှူး....ဥပါလိသူကြွယ်ထံသွားရောက်၍ ငါတို့သည် တံခါးပေါက်မှာ ရောက်နေကြောင်း ဥပါလိသူကြွယ်နှင့် တွေ့လိုကြောင်းလျှောက်ထားချေပါ" ဟု မိန့်ကြားသောအခါ တံခါးမှူးသွားရောက်လျှောက်ထားသဖြင့် ဥပါလိသူကြွယ်က သို့တပြီးကား အချင်းတံခါးမှူး....အလယ်တံခါးမုခ်၌ နေရာခင်းကျင်းပါဟု မိန့်ကြားပါသည်။ နေရာခင်းကျင်းပြီးကြောင်း ပြန်ပြောင်း လျှောက်ထားသောအခါ ဥပါလိသူကြွယ်သည် ရှေးဦးစွာ လာလတ်၍ ထိုအလယ်တံခါးမုခ်ဝယ် အမြတ်ဆုံး အကောင်းဆုံးဖြစ်သောနေရာ၌ မိမိနေပြီးလျှင် တံခါးမှူးကို နာဠန္ဒာပုတ္တဆရာကြီးထံ သွားရောက်၍ အလိုရှိမှု ငင်ရောက်နိုင်ကြောင်း ပြောစေပါသည်။

ထိုအခါ နာဠန္ဒာပုတ္တဆရာကြီးသည် များစွာသော တက္ကဒုန်းအပေါင်း ခြံရုံ၍ အလယ်တံခါးမုခ်နေရာ အရပ်သို့ လာရောက်ပြီးလျှင် ဥပါလိသူကြွယ်၏ ရှေးအခါနှင့်မတူ အမှုဖောက်ပြား မြင့်မြတ်သော နေရာ၌ နေပုံ အခြင်းအရာများကို မြင်သဖြင့် နာဠန္ဒာပုတ္တဆရာကြီးသည် မခံနိုင် မရပ်နိုင်ဖြစ်ပြီးလျှင် ဥမ္မတ္တောသိတံ့ ဂဟပတိ—ဥပါလိသူကြွယ်....အသင်သည် ရှုးချေနေပြီလား အသင်သည် ထိုင်းမှိုင်းချေနေပြီလား အသင်သည် ရဟန်းကြီးဂေါတမအထံ သွားရောက်၍ အပြစ်ဝါဒ အပြစ်ဒေါသ တင်ပြလိုက်မည်ဟု ကြုံးဝါးပြီးလျှင် ယခုအခါမှာမူ ရဟန်းကြီးဂေါတမ၏ ဝါဒတည်းဟူသော ကြောက်ဥင်းဖြင့် စွပ်လျက် ငတ်လျက် ပြန်လာခဲ့ချေပြီတကား၊ ဤသို့ စသည်ဖြင့် ရှုန့်ရုံင်း ရိုင်းပြသော စကားတို့ဖြင့် ပြောဆိုပြီးသည်၏အဆုံး၌ အသင်သည် ရဟန်းကြီးဂေါတမ၏ အာဝဋ်နီမာယာ အမည်ရသော မျက်လှည့်အတတ်ဖြင့် လှည့်ပတ်ဖြားယောင်းခြင်း ခံရလေပြီဟု ပြောဆိုခဲ့ပါပြီ။

ထိုအခါ ဥပါလိသူကြွယ်က အရှင်ဘုရား....သဗ္ဗညုမြတ်စွာဘုရားအပေါ်မှာ အရှင်ဘုရားတို့ ပြောဆိုတဲ့ အာဝဋ်နီမာယာခေါ်သော မျက်လှည့်အတတ်

ကား လွန်စွာ လွန်စွာ ကောင်းမြတ်လှပါပေသည်၊ အပြစ်ကင်းလှပါပေသည်။ တပည့်တော် ချစ်ခင်မြတ်နိုးကြတဲ့ ဆွေတစု မျိုးတစု မိတ်သင်္ဂဟတစုတို့သည် အရှင်ဘုရားတို့ပြောတဲ့ သဗ္ဗညုမြတ်စွာဘုရား၏ အာဝဋ္ဌနီမာယာ မျက်လှည့်အတတ်ဖြင့် လှည့်ပတ်ဖြားယောင်းခြင်း ခံရပါမူ ထိုဆွေမျိုး အပေါင်းတို့အားလည်း ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး စီးပွါးချမ်းသာ ဖြစ်ရပါမည်။ ကုန်ကုန်ပြောရပါလျှင် နတ်နှင့်တကွသော သတ္တလောကကြီး တခုလုံးပင်လျှင် အရှင်တို့ပြောတဲ့ သဗ္ဗညုမြတ်စွာဘုရား၏ အာဝဋ္ဌနီမာယာ မျက်လှည့်အတတ်ဖြင့် အလှည့်ပတ် အဖြားယောင်း ခံရပါမူ နတ်နှင့်တကွသော သတ္တလောကအားပင်လျှင် စီးပွါးချမ်းသာ ဖြစ်နိုင်ပါသည်။

အိုအရှင် နာဋပုတ္တဆရာကြီး....အကျွန်ုပ် ဥပမာတခု လျှောက်ထားပါမည်၊ ရှေးကဖြစ်ဘူးသော အကြောင်းထူးတခုမှာ အရွယ်ရင့်ရော်ပြီးသော ပုဏ္ဏားအိုတယောက်အား အရွယ်နုနယ်သော အိမ့်ရှင်ပုဏ္ဏေးမတယောက်ရှိပါသည်၊ ထိုပုဏ္ဏေးမသည် ကိုယ်ဝန်ပဋိသန္ဓေရှိ၍ ဖွါးခါနီး ဖြစ်ခဲ့ပါသည်။ ထိုအခါ ပုဏ္ဏေးမငယ်က ထိုပုဏ္ဏားကို အရှင်ပုဏ္ဏား....သွားပါချေ စျေးသို့သွားရောက်၍ ငါ၏ သူငယ်သား ကစားဘို့ရန် မျောက်ရုပ်ကို ရှာခဲ့ပါ ဝယ်ခဲ့ပါဟု တိုက်တွန်းပါသည်။ ထိုအခါ ပုဏ္ဏားအိုက ထိုပုဏ္ဏေးမငယ်အား "အိုအရှင်မ မီးသန့်စင်အောင် စောင့်ဆိုင်းပါဦး၊ အကယ်၍ မီးသန့်စင်သောအခါ၌ ပုဏ္ဏား သူငယ်ကို ဖွါးမြင်ပါမူ အရှင်မပြောသည့်အတိုင်း မျောက်ရုပ်ကို ဝယ်ပေးပါမည်၊ အကယ်၍ ပုဏ္ဏေးမသူငယ်ကို ဖွါးမြင်ပါမူ မြောက်မရုပ်ကလေးဝယ်ပေးပါမည်" ဟု ပြန်ပြောပါသည်။ သုံးကြိမ်တိုင်တိုင်ပင် ပုဏ္ဏေးမငယ်က အငယ်ခိုင်းသောအခါ ထိုပုဏ္ဏားအိုသည်လည်း ပုဏ္ဏေးမ၌ တပ်မက်လှသော သာရတ္တစိတ်ပြင်းထန်ရကား ပုဏ္ဏေးမပြောသည့်အတိုင်း စျေးမှ မျောက်ရုပ်ကလေးတခု ဝယ်ခဲ့ပါသည်။

အိမ်သို့ရောက်သောအခါ ထိုပုဏ္ဏေးမငယ်က "ဆရာပုဏ္ဏား....ယခုပင် သွားပါချေ၊ ရတ္တပါဏိ အမည်ရှိသော ပန်းဆိုးဆရာ ပင်မင်းဆရာထံသို့ သွားရောက်၍ အိုအချင်း ရတ္တပါဏိ....ဤမျောက်ရုပ်ကလေးကို အတွင်းအပ ကျေနေအောင် ညက်နေအောင်ထု၍ ပွတ်ရိုက်ပြီးလျှင် နှစ်ဘက်ချော ချောအောင်ပြုလုပ်၍ ဝါ ရွှေသော အဆင်းရှိသော ဆေးကို ဆိုးပေးပါမည့်အကြောင်းသွား၍ ပြောပါချေ" ဟု ပြောဆိုပါသည်။

ပဏ္ဏားအိုသည်လည်း ထိုပုဏ္ဏေးမပြောသည့် အတိုင်း ရတ္တာပါဏိ ကဝါသည် ပင်မင်းဆရာထံ သွားရောက်၍ ပုဏ္ဏေးမ၌ကြားသည့်အတိုင်း ပြောကြားသောအခါ ရတ္တာပါဏိ ဆေးဆိုးဆရာက အိုဆရာပဏ္ဏား....ဆရာပဏ္ဏား ယခုယူလာတဲ့ မျောက်ရုပ်ကလေး၌ ဆေးဆိုးရုံသာလျှင် ခံနိုင်ပါသည်၊ အထုအရိုက် အပွတ်အကြိတ် အချေမခံနိုင်ပါ၊ နှစ်ဘက်ချောအောင် ပြုလုပ်သော်လည်း မရနိုင်ပါဟု ပြန်ပြောကြားပါသည်။

ဤနည်းအတူပင် ဆရာကြီးနာဠပုတ္တတို့၏ အယူဝါဒသည်လည်း လူမိုက်တို့ အဘို့ရန်မှာ ဆေးအဆိုးခံနိုင်သော်လည်း ပညာဉာဏ်ရှိကဝိတို့၏ အမေးအမြန်း အစီအစဉ် အထုအနှက် အရိုက်အနှက်ကို ခံနိုင်သော ဝါဒမဟုတ်ပါကြောင်း ပြန်ပြောင်း၍ လျှောက်ထားပါသည်။

ထိုအခါ နာဠပုတ္တဆရာကြီးက “အို ဥပါလိသူကြွယ်....ဤလောကဝယ် မင်းနှင့်တကွသော ပရိသတ်လေးပါးတို့က ဥပါလိသူကြွယ်သည် နာဠပုတ္တဆရာကြီး၏ တပည့်သားသာဝကဟူ၍ အသိအမှတ်ပြုကြပါသည်၊ သင့်ကို ယခုအခါ ငါတို့သည် အဘယ်သူ၏ တပည့်သာဝကဟူ၍ အသိအမှတ်ပြုရပါအံ့နည်း” ဟု မေးမြန်းသောအခါ ဥပါလိသူကြွယ်သည် သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံးတော်မူရာ ပါဝါရိက သရက်ဥယျာဉ်ရှိရာအရပ်သို့ လက်အုပ်ချီမိုးရှိခိုးဦးညွှတ်ပြီးလျှင်—

မိရဿ ဝိဂတမောဟဿ၊
ပဘိန္နခီလဿ ဝိဇိတဝိဇယဿ။
အနီဃဿ သုသမစိတ္တဿ၊
ဝုဒ္ဓသီလဿ သာရုပ္ပဥဿ။
ဝေသမန္တရဿ ဝိမလဿ၊
ဘဂဝတော တဿ သာဝကောဟမသ္မိ။

အကထံ ကထိဿ တုသိတဿ၊
ဂန္ဓလောကာမိသဿ မုဒိတဿ။
ကတသမဏဿ မနုဇဿ၊
အန္တိမသာရီရဿ နရဿ။

အနောပမဿ ဝိရဇဿ၊
ဘဂဝတော တဿ သာဝကော ဟမသ္မိ။
အစ—

တဏ္ဍစ္ဆိဒဿ ဗုဒ္ဓဿ၊
ဝိတဋ္ဌမဿ အနုပလိတ္တဿ။
အာဟုနေယျဿ ယက္ခဿ၊
ဥတ္တမပုဂ္ဂလဿ အတုလဿ။
မဟတော ယသဂ္ဂပတ္တဿ၊
ဘဂဝတော တဿ သာဝကော ဟမသ္မိ—ဟု

ဂါထာအားဖြင့် ဆယ်ပုဒ်၊ တပုဒ်တပုဒ်လျှင် ဂုဏ်တော် ဆယ်ပုဒ်စီ ပါသဖြင့် ဥပါလိဂုဏ်တော် (၁၀၀) ဟူ၍ သာသနာဝင် အမှမ်းတင်ရသော ဂါထာတို့ဖြင့် ခါ့ကျူးလျှောက်ထားပါသည်။

ထိုအခါ နိဂဏ္ဌနာဋ္ဌပုတ္တဆရာကြီးက—

ကဒါ သညူဋ္ဌာ ပန တေ ဂဟပတိ ဣမေ သမဏဿ ဂေါတမဿ ဝဏ္ဏာ—ဟု ဥပါလိသူကြွယ်....အသင်သည် ဤရဟန်းကြီးဂေါတမ၏ ဂုဏ်ကျေးဇူး စကားတွေကို ဘယ်တုန်းက စုရုံးထားပါသနည်း ဟု မေးမြန်းသော အခါ—

ဥပါလိသူကြွယ်က အိုနာဋ္ဌပုတ္တဆရာကြီး....လောကဥပမာအားဖြင့် ပန်းအမျိုးစုံ စုပုံ၍နေသော ပန်းပုံကြီးတခုရှိသည်ဆိုပါစို့။ ထိုပန်းပုံကြီးမှ လိမ်မာလှစ္ဆာသောပန်းသည်ယောက်ျားသည် လိုက်၍ ထိုထိုဤဤ အခြားတပါးသို့ နေ့ရှည်ရက်လျား စုနေရန်မလိုတော့ပါ၊ ထိုပန်းပုံကြီးမှ မိမိနှစ်သက်ရာ အလိုရှိရာပန်းပွင့်တို့ကို ကောက်ကာ ငင်ကာ ဆန်းကြယ်လှစ္ဆာသော ပန်းကုံးကိုပြုနိုင်သကဲ့သို့ ထိုအတူ သဗ္ဗညုမြတ်စွာဘုရားသည်လည်း တပါးမက အသခ်ျေ့ အသခ်ျေ့များလှစ္ဆာသော ဂုဏ်ကျေးဇူးသခင်ဖြစ်တော်မူပါပေသည်၊ အိုနိဂဏ္ဌဆရာကြီး.... ဂုဏ်တော့်သခင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားကို အဘယ်မှာလျှင် မခြီးမွမ်းဘဲ နေနိုင်ပါအံ့နည်း ဟု လျှောက်ထားပါသည်။

ဤသို့လျှင် ဥပါလိဒါယကာ၏ သာသနာအဘွင်း သက်ဝင်ခြင်း ယုံကြည်ခြင်း သာသနာတော်ဝယ် ပူဇော်သက္ကာရပြုပုံ အမှုကို သည်းမခံနိုင်သော

နိဂဏ္ဌနာဋ္ဌပုတ္တဆရာကြီးအား ထိုနေရာ၌ပင်လျှင် ပူနွေးလှသော သွေးအစုသည် ခံတွင်းမှ ပွက်ပွက်အန်ခဲ့ပါသည်။

ဤသို့လျှင် နိဂဏ္ဌနာဋ္ဌပုတ္တဆရာကြီးသည် ဥပါလိသူကြွယ် သာသနာဝင် ဗုဒ္ဓဘာသာဖြစ်သွားပြီဟူသော သတင်းစကားကို ကြားသိရ၍ ဥပါလိသူကြွယ် အိမ်သို့ သွားရောက်ပြီးမေးမြန်းခြင်း စုံစမ်းခြင်းသည်ရင်း ဥပါလိသူကြွယ်က အဖြေစကား ပြန်ကြားလျှောက်ထားခြင်းသည်ရင်း ဤပုံဤပန်း ဤလျှောက်ဆိုအပ်ပြီးသော နိဒါန်းအတိုင်း ဖြစ်ခဲ့ပါသည် အရှင်ဘုရား။

ဥပါလိသုတ် ပြီး၏

ကုက္ကုရဝတိကသုတ်

ပုစ္ဆာ။ ။ကုက္ကုရဝတိကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောလိယေသု ဘန္တေ ဟလိဒ္ဒဝသနေ နာမ ကောလိယာနံ နိဂမေ ပုဏ္ဏဥ္ဇ ကောလိယပုတ္တံ ဂေါဝတိကံ အစေလဥ္ဇ သေနိယံ ကုက္ကုရဝတိကံ အာရဗ္ဘ ဘာသိတံ။ပုဏ္ဏော ဘန္တေ ကောလိယ ပုတ္တော ဂေါဝတိကော ဘဂဝန္တံ ဧတဒဝေါစ "အယံ ဘန္တေ အစေလော သေနိယော ကုက္ကုရဝတိကော ဒုက္ကရကာရကော ဆမာနိက္ခိတ္တံ ဘောဇနံ ဘုဥ္ဇတိ၊ တဿ တံ ကုက္ကုရဝတံ ဒီဃရတ္တံ သမတ္တံ သမာဒိန္နံ၊ တဿ ကာ ဂတိ၊ ကော အဘိ-သမ္ပရာယော"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ကုက္ကုရဝတိက မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ၆ ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောလိယတိုင်း အဝင်အပါ ဟလိဒ္ဒဝသန အမည်ရှိသော ကောလိယနိဂုံး၌ ကောလိယပြည်သား နွားအကျင့်ရှိသော ပုဏ္ဏမည်သော သူကိုရင်း၊ ခွေးအကျင့်ရှိသော သေနိယမည်သော အဝတ်မလွှမ်း တက္ကဒွန်း

ကိုဂုင်း အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။ ကောလိယပြည်သား နွားအကျင့်ရှိသော ပုဏ္ဏမည်သောသည် မြတ်စွာဘုရားကို "ဘုန်းတော်ကြီးမြတ်တော်မူသောမြတ်စွာဘုရား....ခွေးအကျင့်ရှိသော ဤသေနိယ တက္ကဇွန်းသည် ခဲယဉ်းသော အကျင့်ကို ကျင့်ကြံသူဖြစ်ပါသည်။ မြေဠုချထားအပ်သော ဘောဇဉ်ကိုမူ စားပါသည်၊ ထို သေနိယသည် ထိုခွေးအကျင့်ကို ရှည်လျားစွာသော ညဉ့်နေ့ပတ်လုံး အပြည့်အစုံဆောက်တည်အပ်ပါသည်။ ထိုသေနိယ၏ လားရာဂတိ တမလွန်ဘဝကား အဘယ်ပါနည်းဟု မေးမြန်းလျှောက်ထားသော ဝတ္ထုကြောင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

ကုက္ကုရဝတိကသုတ် ပြီး၏

အဘယရာဇကုမာရသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဇာနုတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အဘယရာဇကုမာရ-
သုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ မေ ဘန္တေ အဘယံ ရာဇကုမာရံ အာရဗ္ဘ
ဘာသိတံ။ အဘယော ဘန္တေ ရာဇကုမာရော ဘဂဝန္တံ
ဥပသင်္ကမိတ္ဝာ ဧတဒဝေါစ "ဘာသေယျ နု ခေါ ဘန္တေ
တထာဂတော တံ ဝါစံ၊ ယာ သာ ဝါစာ ပရေသံ အပိယာ
အမနာပါ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိပံ။

အမေး။ ။သိတော်မူမြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် ဘုရားရှင်တို့သုံးစွဲလေ့မရှိသော အကျိုးမဲ့စကား လေးမျိုးနှင့် ဘုရားရှင်တို့ သုံးစွဲလေ့ရှိသော အကျိုးရှိစကား နှစ်မျိုးတို့ကို ဖော်ပြရာဖြစ်သော အဘယရာဇကုမာရ သုတ္တန်ဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အင်္ဂုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် အဘယမင်းသားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ နာဠပုတ္တတက္ကဒ္ဒန်းဆရာကြီးသည် မြတ်စွာဘုရား၏အပေါ်ဝယ် နှစ်ဘက်အစွန်းမလွတ်သော အမေးပုစ္ဆာ ပြဿနာဖြင့် အပြစ်တင်လိုသည်ဖြစ်၍ အဘယမင်းသား ပို့လှူအပ်သော ဆွမ်းကို စား၍ လေးလတိုင်တိုင် သဗ္ဗညုမြတ်စွာဘုရားအား နှစ်ဘက်အစွန်းမလွတ်သော ပုစ္ဆာကို မေးမြန်းဘို့ရန် ပုစ္ဆာရွေးချယ်ပါသည်။

လေးလတိုင်တိုင် ရွေးချယ်ပြီးသောအခါ မိမိနှစ်သက်သော ပုစ္ဆာတခုကို ရရှိသဖြင့် အဘယမင်းသား မိမိထံမှောက်သို့ လာရောက်သည်တွင် "ဟိ တုံ ရာဇကုမာရ ယေန သမဏော ဂေါတမော" အစရှိသည်ဖြင့် အဘယမင်းသား.... ရဟန်းကြီးဂေါတမရှိရာသို့ သွားရောက်၍ ဤပုစ္ဆာကို မေးပါလေ။

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ရှေးဘုရားတို့နှင့် အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသခင်သည် သူတပါးတို့မနှစ်သက်အပ်သောစကားကို ပြောကြားရုပါသလောဟု မေးမြန်းပါလေ။

အကယ်၍ သူတပါးတို့ မနှစ်သက်သော စကားကို ပြောကြားပါသည်ဟု ဖြေဆိုလျှင် သို့တပြီးကား ပုထုဇဉ် လူသာမန်တို့သည်လည်း သူတပါးတို့ မနှစ်သက်သောစကားကို ပြောကြားကြပါသည်။ ရှင်တော်ဘုရားလည်း သူတပါးတို့ မနှစ်သက်သော စကားကို ပြောကြားပါသည်၊သို့ဖြစ်လျှင် ပုထုဇဉ် လူသာမန်နှင့် အရှင်ဘုရားတို့သည် မည်သို့ ထူးပါအံ့နည်း၊ မထူးသည်သာတည်း ဟု အပြစ်ဒေါသဝါဒတင်ခဲ့ပါ။

အကယ်၍ ရဟန်းကြီးဂေါတမက "သူတပါးတို့ မနှစ်သက်သောစကားကို ငါဘုရား မပြောဆိုပါဘူး" ဟု အဖြေပေးလျှင် အရှင်ဘုရားသည် သူတပါး မနှစ်သက်တဲ့ စကားစင်စစ်ဖြစ်သော ဒေဝဒတ်၏အပေါ်မှာ "အာပါယိကော ဒေဝဒတ္တော နေရယိကော ဒေဝဒတ္တော ကပ္ပဋ္ဌော ဒေဝဒတ္တော အတေကိစ္ဆော ဒေဝဒတ္တော" ဟု "ဒေဝဒတ်သည် အပါယ်ဘုံ၌လားရမည့် ပုဂ္ဂိုလ်ဖြစ်သည် ဒေဝဒတ်သည် ဘုရားအဆူဆူ ကုစား၍ မရသော ပုဂ္ဂိုလ်ဖြစ်သည်ဟု ဒေဝဒတ် မခံသာ မနှစ်မြို့သောစကားကို အဘယ့်ကြောင့် ပြောဆိုပါသနည်း" ဟုအပြစ် ဒေါသတင်ခဲ့ပါလေ။

ဤယခုအမေးပုစ္ဆာပြဿနာသည် အသင်တို့ရှင်ကြီးဂေါတမအဘို့ရန် သံကောက်ကိုမျိုမိသော ယောကျ်ားကဲ့သို့ မထွေးနိုင်မမျိုနိုင်ရှိသည်ဖြစ်ပါလိမ့်မည်ဟု မိန့်ကြားလိုက်ပါသည်။

ထိုအခါ အဘယမင်းသားသည် ကောင်းပါပြီအရှင်ဘုရား ဟု ဝန်ခံခဲ့၍ နာဠန္ဒပုတ္တာ ဆရာကြီးထံမှ ထခဲ့ပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍ ကောင်းကင်အပြင် နေကို ကြည့်လတ်သည်ရှိသော် အချိန်နည်းပါးလှပြီဖြစ်၍ ယနေ့သော်မူ သဗ္ဗညုမြတ်စွာဘုရားကို ဝါဒစကားအပြစ်တင်ဘို့ရန် အချိန်မရှိတော့ပြီ၊ နက်ဖြန်ခါမှ မိမိအိမ်သို့ပင့်၍ ဝါဒအပြစ်တင်ရန် ရည်သန်ပြီးလျှင် "ဘုန်းတော်အလှန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....နက်ဖြန်အခါဝယ် တပည့်တော်၏ အိမ်သို့ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားနှင့် တကွ နောက်ပါ ရဟန်းတော်သုံးပါးပါ စုစုပေါင်းလေးပါး ဆွမ်းအလှူခံကြွတော်မူပါဘုရား" ဟု ပင့်ဖိတ်ခဲ့ပါသည်။

နောက်တနေ့ရောက်၍ သဗ္ဗညုမြတ်စွာဘုရားသည် အဘယမင်းသားနန်းတော်သို့သွားရောက်၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေပြီးသောအခါ အဘယမင်းသားသည် မွန်မြတ်သော ဆွမ်းခဲဖယ်ဘောဇဉ်တို့ဖြင့် သဗ္ဗညုမြတ်စွာဘုရားကို ကိုယ်တိုင်ပြုစုကျွေးမွေးပြီးသောအခါ သဗ္ဗညုမြတ်စွာဘုရား ဆွမ်းကိစ္စပြီးတော်မူသည်ကို သိ၍ အပြစ်ခြောက်ပါးကင်းလွတ်ရာ တခုသော အရပ်ဝယ် ထိုင်နေပြီးလျှင်—

ဘာသေယျ နု ခေါ ဘန္တေ တထာဂတော တံ ဝါစံ၊ ယာ သာ ဝါစာ ပရေသံ အပ္ပိယာ အမနာပါ-ဟု ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အကြင်စကားကို သူတပါးတို့သည် မနှစ်လည်း မနှစ်သက်အပ်၊ စိတ်နှလုံးကိုလည်း မပျံုးစေတတ်ပါ။ ထိုသို့သူတပါးတို့ မနှစ်သက်အပ် စိတ်နှလုံးကို မပျံုးစေတတ်သည့် စကားကို ရှေးဘုရားတို့ အတူ လာခြင်းကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ပြောကြားတော်မူရာပါသလော ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "န ခွဿတ္ထ ရာဇကုမာရ ဧကံသေန" အဘယမင်းသား....ဤအမေးပုစ္ဆာပြဿနာစကားရပ်၌ တခုသော အဘို့အစု

ဖြင့် ထိုသို့ သူတပါးတို့ မနှစ်သက်သော စကားကို သဗ္ဗညုမြတ်စွာဘုရားသည် ပြောကြား၏ဟူ၍ဆင်း၊ တဘို့တစု တပက္ခအားဖြင့် လုံးလုံး မပြောကြားဟူ၍ဆိုင်း ဖြေ၍ မဖြစ်ပေ၊ စိတ်ဖြာခွဲခြမ်း၍ ဖြေကြားရမည့် ပုစ္ဆာဖြစ်ပေသည် ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ အဘယမင်းသားသည် "ဧတ္ထ ဘန္တေ အနယံ နိဂဏ္ဌာ" ဟု ဘုန်းတော် အလှန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....နိဂဏ္ဌတက္ကဒုန်းတို့သည် ဤစကားတခွန်းတည်းဖြင့်လျှင် အရှုံးကြီးရှုံး၍ အပျက်ဓိုးကြီး ပျက်စီးကြပါပြီ ဟု လျှောက်ထားပါသည်။

အဘယ့်ကြောင့် ဤစကားကို လျှောက်ထားရသနည်းဟု သဗ္ဗညုမြတ်စွာဘုရား မေးမြန်းတော်မူသော အခါ ရှေးဦးအစ လျှောက်ထားရာပါ နိဂဏ္ဌနာဋပုတ္တဆရာကြီး၏ ဤပုစ္ဆာပြဿနာကို လေးလတိုင်တိုင် စဉ်းစား၍ ခဲခဲယဉ်းယဉ်း စီမံရကြောင်း၊ သို့စဉ် လေးလတိုင်တိုင် စဉ်းစား၍ ခဲခဲယဉ်းယဉ်း မေးမြန်းလျှောက်ထားအပ်သော စကားကို သဗ္ဗညုမြတ်စွာဘုရားသည် နှစ်ပေါင်း လပေါင်းများစွာ စုဆောင်းပုံးစီး၍ လာခဲ့သော တောင်ကြီးကို ဝရဇိန်လက်နက်ဖြင့် တချက်တည်းပစ်လိုက်ဘိသကဲ့သို့ "နခေတ္ထ ရာဇကုမာရ ကေံသေန" ဟု တခွန်းတည်းသော စကားဖြင့် ဖြိုခွင်း၍ ပစ်တော်မူပါသည် ဟု လျှောက်ထားပါသည်။

ထိုအခိုက်ဝယ် အဘယမင်းသား၏ ရင်ခွင်၌ ခလေးသူငယ်တယောက်ရှိ၍ နေပါသည်၊ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ထိုခလေးသူငယ်ကိုပင် ဥပမာတင်၍ "ဒါယကာ အဘယမင်းသား....သင်၏ ရင်ခွင်ဝယ်ရှိသော ဤခလေးသူငယ်သည် မသိမလိမ်မာ မိုက်မဲလှသဖြင့် သင်၏မေ့လျော့ခြင်းကို ခံ၍ဖြစ်စေ၊ အထိန်းတော်တို့၏ မေ့လျော့ခြင်းကို စံ၍ ဖြစ်စေ၊ ထင်းချောင်းကို သော်၎င်း အိုးကဲ့ ဖလားကဲ့ ပုလင်းကဲ့ စသည်ကိုသော်၎င်း မတော်တဆ ကောက်၍ ခံတွင်းသို့ ပစ်သွင်းမိသည်ဆိုပါစို့....ထိုအခါ သင်သည် အဘယ်သို့ ပြုမည်နည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ အဘယမင်းသားက ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အကျွန်ုပ်သည် ထိုခလေး၏ခံတွင်းဝယ် တည်ရှိသောပုလင်းကဲ့

ဖာလ်ကဲ့ ကျောက်စရစ် အိုးကဲ့ စသည်တို့ကို ထုတ်နှုတ်၍ ယူရပါမည်၊ အလွယ်တကူနှင့် မရပါမူ လက်ဝဲလက်ဖြင့် ထိုခလေး၏ ဦးခေါင်းကို မြဲမြံစွာ ကိုင်၍ လက္ခဏာလက်ညိုးကို ကွေးကောက်ပြီးလျှင် သွေးသံရဲရဲနှင့်တကွ ထို ပုလင်းကဲ့ ဖာလ်ကဲ့ကို ဆွဲ၍ ထုတ်ရပါမည် ဟု လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဧဝမေဝ ခေါ် ရာဇကုမာရ-အစ ရှိသည်ဖြင့် အဘယမင်းသား....ဤနည်းအတူပင်လျှင် ဤလောက၌—

၁။ အကြင်စကားသည် မှန်လည်းမမှန်ကန် အကျိုးလည်းမရှိ သူတပါး တို့လည်း မနာလို၊ ထိုသို့သဘောရှိသော စကားကို သဗ္ဗညုမြတ်စွာဘုရားတို့ သည် ပြောဆိုးထုံးစံမရှိပေ။

၂။ အကြင်စကားကား မှန်ကားမှန်၏၊ အကျိုးကားမရှိ၊ သူတပါးတို့ လည်း မနာလို၊ ထိုသို့ မှန်ကန်၍ အကျိုးမရှိ သူတပါးတို့ မနာလိုသော စကား ကိုလည်း သဗ္ဗညုမြတ်စွာဘုရားတို့ ပြောကြားလေ့မရှိပေ။

၃။ အကြင်စကားမှာမူကား မှန်လည်းမှန်ကန်၏၊ အကျိုးလည်းရှိ၏၊ သူတပါးတို့ကား မနာလို၊ ထိုသို့သဘောရှိသော မှန်ကန်၍ အကျိုးရှိသော စကားဖြစ်ပါမူ သူတပါးတို့ပင် မနာလိုသော်လည်း သွေးသံရဲရဲနှင့်တကွ ပုလင်းကဲ့ ဖာလ်ကဲ့ကို ဆွဲ၍ ထုတ်ဘိသကဲ့သို့ သဗ္ဗညုမြတ်စွာဘုရားသည် နိဗ္ဗာန် မင်္ဂိုလ် တည်းဟူသော အကျိုးရဘို့ရန် ဟောပြလေ့ရှိပေသည်။

၄။ ဒါယကာအဘယမင်းသား....အကြင်စကားသည် အကျိုးလည်းမရှိ၊ မှန်လည်းမမှန်ကန်၊ သူတပါးတို့ကား နှစ်သက်၏၊ ထိုစကားမျိုးကိုလည်း သဗ္ဗညုမြတ်စွာဘုရားတို့သည် ဟောကြားလေ့မရှိပေ။

၅။ အကြင်စကားကား မှန်ကားမှန်၏၊ အကျိုးကားမရှိ၊ သူတပါးတို့ မနှစ်သက်ပါ၊ ထိုသို့သော စကားမျိုးကိုလည်း သဗ္ဗညုမြတ်စွာဘုရားတို့သည် ဟောကြားရိုး ပြောဆိုရိုး မရှိပေ။

၆။ အကြင်စကားသည်ကား မှန်လည်းမှန်၏၊ အကျိုးလည်းရှိ၏၊ သူတပါးတို့လည်း နာလို၏၊ ထိုသို့ သဘောရှိသော စကားမျိုးကို သဗ္ဗညု မြတ်စွာဘုရားတို့သည် ပြောဆိုလေ့ရှိပေသည်ဟု—

စကားခြောက်ခွန်းရှိသည့် အနက် လေးခွန်းသော စကားကိုပယ်၍ နှစ်ခွန်းသော စကားကိုသာ သဗ္ဗညုမြတ်စွာဘုရားတို့ ပြောကြားဟောပြတော်မူလေ့ရှိကြောင်း မိန့်ကြားတော်မူပါသည်။

ဤသို့လျှင် ရာဇဂြိုဟ်ပြည်အရပ်၌ အဘယမင်းသား အမေးပုစ္ဆာပြဿနာကို လျှောက်ထားသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤအဘယရာဇကုမာရ သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်အရှင်ဘုရား။

အဘယရာဇကုမာရသုတ် ပြီး၏

ဗဟုဝေဒနီယသုတ်

ပုစ္ဆာ။ ။ဗဟုဝေဒနီယသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တဉ္စ ဉဒါယိံ ပဉ္စကဉ္စ ထပတိံ အာရဗ္ဘ ဘာသိတံ၊ ပဉ္စကင်္ဂါ ဘန္တေ ထပတိ အာယသ္မန္တံ ဉဒါယိံ ဥပသင်္ကမိတ္ဝာ ဝေဒနံ ပုစ္ဆိ၊ အာယသ္မာ ဘန္တေ ဉဒါယိ ပဉ္စကင်္ဂံ ထပတိံ ဧတဒဝေါစ "တိဿော ခေါ ထပတိ ဝေဒနာ ဝုတ္တာ ဘဂဝတာ သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ အဒုက္ခမသုခါ ဝေဒနာ"တိ။ ဧဝံ ဝုတ္တေ ဘန္တေ ပဉ္စကင်္ဂါ ထပတိ အာယသ္မန္တံ ဉဒါယိံ ဧတဒဝေါစ "န ခေါ ဘန္တေ ဉဒါယိ တိဿော ဝေဒနာ ဝုတ္တာ ဘဂဝတာ၊ ဒ္ဝေ ဝေဒနာ ဝုတ္တာ ဘဂဝတာ သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ၊ ယာယံ ဘန္တေ အဒုက္ခမသုခါ ဝေဒနာ၊ သန္တသ္မိံ ဧသာ ပဏီတေ သုခေ ဝုတ္တာ ဘဂဝတာ"တိ။ နေဝ အာသက္မိ ခေါ ဘန္တေ အာယသ္မာ ဉဒါယိ ပဉ္စကင်္ဂံ ထပတိံ သညာပေတုံ၊ န ပန အာသက္မိ ပဉ္စကင်္ဂါ ထပတိ အာယသ္မန္တံ ဉဒါယိံ သညာပေတုံ။ အဿောသိ ခေါ အာယသ္မာ အာနန္ဒော အာယသ္မတော ဉဒါယိဿ ပဉ္စကင်္ဂေန ထပတိနာ သဒ္ဓိံ ဣမံ ကထာသလ္လာပံ၊ အထ ခေါ ဘန္တေ အာယသ္မာ အာနန္ဒော ယာဝတကော

အဟောသိ အာယသ္မတော ဥဒါယိဿ ပဥ္ဇကင်္ဂေန ထပတိနာ သဒ္ဓိံ ကထာသလ္လာပေါ၊ တံ သဗ္ဗံ ဘဂဝတော အာရောစေသိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဗဟုဝဒနီယမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် အရှင်ဥဒါယီနှင့် ပဥ္ဇကင်္ဂလက်သမားတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊ ပဥ္ဇကင်္ဂလက်သမားသည် အရှင်ဥဒါယီထံသို့ ချဉ်းကပ်၍ ဝေဒနာနှင့် စပ်သော ပြဿနာကို မေးလျှောက်သည်တွင် အရှင်ဥဒါယီက သုခ, ဒုက္ခ, ဥပေက္ခာ ဟူ၍ ဝေဒနာသုံးပါးကို မြတ်စွာဘုရား ဟောကြားတော်မူကြောင်း ဖြေဆိုသော အခါ ပဥ္ဇကင်္ဂလက်သမားက အရှင်ဘုရား ဝေဒနာသုံးပါးကို မြတ်စွာဘုရား မဟော၊ ဥပေက္ခာဝေဒနာကို သုခ၌ ထည့်သွင်း၍ သုခနှင့် ဒုက္ခဝေဒနာနှစ်ပါးကိုသာ မြတ်စွာဘုရား ဟောကြားတော် မူကြောင်း လျှောက်ထား၍ တဦးနှင့် တဦး ကျေနပ်လောက်အောင် ရှင်းပြသိစေခြင်းငှါ မတတ်နိုင်သော အကြောင်းကို အရှင်အာနန္ဒာကြားသိ၍ ထို အကြောင်း အရာ အလုံးစုံကို မြတ်စွာဘုရား အား အရှင်အာနန္ဒာလျှောက်ထားသော အဋ္ဌုပ္ပတ်ကြောင့် သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဗဟုဝေဒနီယသုတ် ပြီး၏

အပဏ္ဏကသုတ်

ပုစ္ဆာ။ ။အပဏ္ဏကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသလေသု ဘန္တေ သာလာယံ နာမ ကောသလာနံ ဗြာဟ္မဏဂါမေ သာလေယျကေ ဗြာဟ္မဏဂဟပတိကေ အာရဗ္ဘ ဘာသိတံ။ သမ္ဗဟုလာ ဘန္တေ အညတိတ္ထိယာ သာလေယျ-

ကာနံ ဗြာဟ္မဏဂဟပတိကာနံ အတ္တနော အတ္တနော မိစ္ဆာ-ဒိဋ္ဌိယော ပဋိဂ္ဂဏှာပေသုံ ဥဂ္ဂဏှာပေသုံ။ တေ ပန ဘဒ္ဒန္တ သာလေယျကာ ဗြာဟ္မဏဂဟပတိကာ ဧကဒိဋ္ဌိယမ္ပိ ပတိဋ္ဌာတုံ န သက္ခိံသု။ တသ္မိံ ဘဒ္ဒန္တ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။အချင်းချင်း ဖြောင့်ဖြောင့် ဆန့်ကျင်နေသော အယူဝါဒ အမျိုးမျိုး ပေါ်ထွက်နေရာ၌ မလွဲနိုင် မတိမ်းနိုင် မမှားနိုင်သော လမ်းစဉ်ကို လိုက်ရန် ညွှန်ပြရာဖြစ်သောကြောင့် အပဏ္ဏကသုတ် ဟူ၍ ခေါ်ဆိုအပ်သော သုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ် အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ကောသလတိုင်း အဝင်အပါ သာလာမည်သော ပုဏ္ဏား ရွာ၌ သာလာရွာသား ပုဏ္ဏားသုကြယ်တို့ကို အကြောင်းပြု၍ ဟောကြား တော်မူအပ်ပါသည်။

သာလာရွာသား ပုဏ္ဏားသုကြယ်တို့အား သာလာရွာသို့ ရောက်ရှိသမျှ သော အထူးထူးအပြားပြားသော တိတ္ထိဆရာတို့သည် မိမိ မိမိတို့၏ သဿတအယူ ဥစ္ဆေဒအယူ ဧကစ္စသဿတအယူ အန္တာနန္တအယူ အမရာဝိက္ခေပ အယူ အစရှိသော ထိုထိုအယူဝါဒတို့ကို သင်ကြ ပြကြ ပေးခဲ့ကြ ပါကုန်သည်။

သို့စေကာမူ ထိုသာလာရွာသား ပုဏ္ဏားသုကြယ်တို့သည် ထိုမိစ္ဆာအယူ တို့အနက် တခုခုသော အယူ၌မျှပင် တည်ခြင်းငှါ မစွမ်းနိုင်ဘဲ ရှိပါသည်။ အားလုံးသော တိတ္ထိဆရာတို့ သွားပြီးသည်မှ နောက်ကာလဝယ် သဗ္ဗညု မြတ်စွာဘုရား ရောက်ရှိတော်မူပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက “သာလာရွာသား ပုဏ္ဏားသုကြယ် အပေါင်းတို့....သင်တို့မှာ ယုံကြည်လောက်သော ဆရာဘုရားဟူ၍ ရှိပြီလား” ဟု မေးမြန်းတော်မူပါသည်။

မရှိပါသေးကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင်—

ယုံကြည်ကိုးစားလောက်သော ဆရာဘုရား မရှိသေးသော ပုဂ္ဂိုလ်သည် အပဏ္ဏကပဋိပဒါ အမည်ရသည့် မလွဲနိုင် မမှားနိုင်သော အကျင့်ပဋိပဒါလမ်း

ကြောင်းကို နားလည်၍ ထားရမည်၊ ထို အပဏ္ဏက အကျင့် ပဋိပဒါလမ်း ကြောင်းသည် ဆောက်တည် ကျင့်သုံးသော ပုဂ္ဂိုလ်တို့အား ရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး စီးပွါးချမ်းသာ များရာ များကြောင်း ဖြစ်ပေသည်ဟု မိန့်ကြားတော်မူပါသည်။

ဤသို့လျှင် သာလာရွာသား ပုဏ္ဏားသူကြွယ် အပေါင်းတို့၏ အယူ လက်လွှတ် အယူမရှိသေးမှု တည်းဟူသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် မလွဲနိုင် မမှားနိုင်သည့် အပဏ္ဏက အကျင့်ပဋိပဒါ မြတ်ကို ဖော်ပြရာ ဤ အပဏ္ဏက သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညူ မြတ်စွာဘုရား ဟောကြား တော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တတြ အာဝုသော ဘဂဝတာ ပဌမံ မိစ္ဆာဝါဒေါ စ သမ္မာဝါဒေါ စ ကထံ ဝိဘတ္တော ပကာသိတော။

ဝိဿဇ္ဇနာ။ ။တတြ ဘန္တေ ဘဂဝတာ "သန္တိ ဂဟပတယော ဧကေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော ယံဉ္စ နတ္ထိ ဟုတံ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော" တိ ဧဝမာဒိနာ ပဌမံ မိစ္ဆာဝါဒေါ စ သမ္မာဝါဒေါ စ ဝိဘတ္တော ပကာသိတော။

အမေး။ ။ထိုအပဏ္ဏကသုတ္တန်ဒေသနာတော်မြတ်၌ မြတ်စွာဘုရား သခင်သည် လွဲမှားသော မိစ္ဆာ ဝါဒကိုရှင်း မှန်ကန်သော သမ္မာဝါဒကိုရှင်း အဘယ်သို့ ရှေးဦးစွာဝေဘန်၍ ဟောပြတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုအပဏ္ဏကသုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညူမြတ်စွာ ဘုရားသည် သန္တိ ဂဟပတယော ဧကေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော- အစရှိသည်ဖြင့် သာလာရွာသား ပုဏ္ဏားသူကြွယ် အပေါင်းတို့ ဤလောကဝယ် ဤဆိုလတ္တံ့သော အတိုင်း ပြောဆိုလေ့ရှိ ယူလေ့ရှိကြ သော အခြို့သော ရဟန်းပုဏ္ဏားတို့သည် ရှိကြကုန်၏၊ လှူအပ်သော အလှူသည့် မရှိ ပူဇော်အပ်သော အလှူဒါနသည်မရှိ၊ ဟုန်းပူဇော်အပ် သော အလှူဒါနသည်လည်းမရှိ၊ တမလွန် လောကလည်းမရှိ အစရှိသည်ဖြင့် ဆယ်ပါးသော ဌာနတို့ဝယ် မရှိဟူ၍ ပြောဆိုသော နတ္ထိက အယူဝါဒ သမားတို့သည်လည်း ဤလောကဝယ် ထင်ရှားရှိကြကုန်သည်။

ထိုနတ်ထိုက မိစ္ဆာအယူသမားတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်ကြသော အတ်ထိုက အယူရှိကြသော ရဟန်းပဏ္ဏားတို့လည်း ရှိကြသည်။ ထိုအတ်ထိုက အယူမှန်ရှိသော ရဟန်းပဏ္ဏားတို့က အတ်ထို ဒိန္နံ အတ်ထို ယိဋ္ဌံ အတ်ထို ဟုတံ အတ်ထို သုကတဒုက္ကဋ်ဌာနံ ကမ္မာနံ ဖလံ ဝိပါကော- အစရှိသည်ဖြင့် လှူအပ်သော အလှူဒါနရှိသည်၊ ပူဇော်အပ်သော အလှူဒါနရှိသည်၊ရှိသေစွာ ပူဇော်အပ်သော အလှူဒါနရှိသည်၊ ဂေါင်းမှူ မကောင်းမှူ ကုသိုလ် အကုသိုလ် ကံတို့၏ အကျိုးတရားရှိပါသည်၊ ဤပစ္စုပ္ပန်လောက ရှိပါသည်၊ တမလွန်လောကရှိပါသည်၊ မိခင် ဘခင် ကျေးဇူးရှင်တို့ ဟူ၍ ရှိပါသည်၊ တမလွန်လောက ပစ္စုပ္ပန်လောကနှစ်ပါးကို ပိုင်းခြားရှု သိမြင်သော ရဟန်းပညာရှိတို့ ရှိကြသည် ဟု အတ်ထိုကအယူအတိုင်း ပြောကြားကြပေသည်။

သာလာရှာသား ပဏ္ဏားသူကြွယ် အပေါင်းတို့ ဤသို့ ထိုသူနှစ်ဦးတို့ ပြောကြားကြသည်ရှိသော် ထိုသူနှစ်ဦးတို့သည် အချင်းချင်း ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်၍ မနေပါလော ဟု မေးမြန်းတော်မူပါသည်။

ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်၍ နေကြောင်း ပြန်ပြောင်းလျှောက်ထားကြပါသည်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည်....ဤအပဏ္ဏက သုတ္တန်၌ ဝါဒအခင်းအနေအားဖြင့် ရှေးဦးစွာ နတ်ထိုက အယူဝါဒတည်းဟူသော မိစ္ဆာဝါဒကိုဂုင်း အတ်ထိုက ဒသဝတ္ထုက သမ္မာဒိဋ္ဌိ အယူဝါဒတည်းဟူသော သမ္မာအယူဝါဒကိုဂုင်း စိတ်ဖြာ ခွဲခြားဟောကြားတော်မူခဲ့ပါသည်အရှင်ဘုရား။

ပုစ္ဆာ။ ။တတ္ထ အာဝုသော ဘဂဝတာ မိစ္ဆာဝါဒိနဉ္စ ဒေါသော သမ္မာဝါဒိနဉ္စ ဂုဏော ကထံ ဝိစာရေတ္ဗာ ပကာသိတော။

ဝိဿဇ္ဇနာ။ ။တတ္ထ ဘဂ္ဂေ ဘဂဝတာ "တတြ ဂဟပတယော ယေတေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော နတ်ထိ ဒိန္နံ နတ်ထိ ယိဋ္ဌံ နတ်ထိ ဟုတံ နတ်ထိ သုကတဒုက္ကဋ်ဌာနံ ကမ္မာနံ ဖလံ ဝိပါကော" တိ ဧဝမာဒိနာ ဘဂ္ဂေ မိစ္ဆာဝါဒိနဉ္စ ဒေါသော သမ္မာဝါဒိနဉ္စ ဂုဏော ဘဂဝတာ ဝိဘာဝရေတ္ဗာ ပကာသိတော။

အမေး။ ။ထိုသို့ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်နေသော ပဌမမိစ္ဆာဝါဒိ—မှားသောအယူရှိသောပုဂ္ဂိုလ်၊ ဒုတိယသမ္မာဝါဒိ—မှန်သောအယူရှိ

သော ပုဂ္ဂိုလ် ၂-မျိုးတို့တွင် ပဌမမိစ္ဆာဝါဒအယူရှိသော ပုဂ္ဂိုလ်တို့၏ အပြစ်ကို ၎င်း ဒုတိယသမ္မာဝါဒ အယူရှိသောပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကိုဝင်း ဘုရား မြတ်စွာသည် အဘယ်သို့လျှင် စိစစ်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုသို့ နှတ်ကမိစ္ဆာဝါဒီ, ဒဿဝတ္ထုက သမ္မာဒိဋ္ဌိ အတ္ထိက သမ္မာဝါဒီ-ဟူသော ပုဂ္ဂိုလ်နှစ်ပါးတို့ဘွင် သဗ္ဗညုမြတ်စွာဘုရားသည် တတြ ဂဟပတယော ယေ တေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော နတ္ထိ ဒိန္နံ နတ္ထိ ယိဋ္ဌံ-အစရှိသည်ဖြင့် ထိုပုဂ္ဂိုလ် နှစ်ဦးတို့အနက် သာလာရွာသား ပဏ္ဍားသူကြွယ်အပေါင်းဘို့....အကြင်ပုဂ္ဂိုလ်သည် ပေးလှူအပ်သော အလှူမရှိ ကောင်းမှု မကောင်းမှု ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးလည်းမရှိ၊ ပစ္စုပ္ပန် လောက တမလွန်လောကဟူ၍ မရှိ၊ အမိ အဘ ဟူ၍ မရှိ၊ တမလွန် လောက ပစ္စုပ္ပန်လောကကို သိမြင်သော ရဟန်းပဏ္ဍာတို့ မရှိဟူ၍ **နတ္ထိက** အယူကို ယူကြပေကုန်သည်။

ထိုနတ္ထိက အယူရှိသော ပုဂ္ဂိုလ်တို့အား မချွတ်ကေန်လျှင် ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ကို ဖယ်ရှား၍ ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်ဒေးပါး မနောဒုစရိုက် သုံးပါး တို့ကို မချွတ်လျှင် ပါးစီးကြပေလိမ့်မည်၊ အားထုတ်ကြပါလိမ့်မည်။ အကြောင်းသော်ကား ထိုနတ္ထိကအယူရှိသော ပုဂ္ဂိုလ်ဘို့သည် အကုသိုလ်တို့၏ အပြစ်ဒေါသ အာဒီနဝကို မသိမြင်ကြကုန်၊ ကုသိုလ်တို့၏ အကျိုးအာနိသင်ကို မမြင်ကြကုန်၊ ထို့ကြောင့် သုစရိုက်ကို ပယ်ရှား ဒုစရိုက်ကို ပါးကြပါလိမ့်မည်။ ဤသို့လျှင် ထိုပုဂ္ဂိုလ်တို့သည် အဦးအစကပင်လျှင် သုသီလ၊ ပယ်ရှား၍ ဒုဿီလတည်းဟူသော သီလကင်းမဲ့သော ပုဂ္ဂိုလ်တို့ ဖြစ်ခဲ့ကြရပေပြီ။

ထိုပုဂ္ဂိုလ်တို့သည် တမလွန်လောကရှိပါလျက်နှင့် မရှိဟု ယူမှားသော မိစ္ဆာဒိဋ္ဌိ တမလွန်လောက ရှိပါလျက်နှင့် မရှိဟု ကြံစည်မှားသော မိစ္ဆာသင်္ကပ္ပ တမလွန်လောကရှိပါလျက်နှင့် မရှိဟု အပြောမှားမိသော မိစ္ဆာဝါစာ တမလွန်လောကရှိသည်ကို ပိုင်းပိုင်းခြားခြား သိမြင်သော ရဟန္တာအရှင်မြတ်တို့ ရှိနေပါလျက် တမလွန်လောက မရှိဟု ပြောဆို၍ ရဟန္တာအရှင်သူမြတ်တို့အား အရိယာသူမြတ်တို့အား ဆန့်ကျင်ဘက်ပြုခြင်း တည်းဟူသော အရိယာနံ ပစ္စနီကကဆာ တမလွန်လောက ရှိပါလျက် မရှိဟူ၍ သူတပါးတို့အား မတရား ဆောက်တည်စေခြင်း တည်းဟူသော အဓမ္မသည်တို့ ထိုအဓမ္မသည်တို့ဖြင့်

မိမိကိုယ်ကို မိမိမြောက်ပင့်ခြင်း အတ္တုက္ကံသန၊ သူတပါးတို့အား ရှုတ်ချခြင်း တည်းဟူသော ပရဝမ္ဘန ဤဆိုအပ်ပြီးသော ဤသို့ စသည် များစွာသော အကုသိုလ်တရားတို့သည် ထိုနတ်ထံက ပဂ္ဂိုလ်တို့အား မိစ္ဆာအယူ နတ်ထံက အယူမှားဟူသော အကြောင်းကြောင့် ပွါးကြပေကုန်သည်။

ဒသဝတ္ထုက သမ္မာဒိဋ္ဌိ အတ်ထံက အယူရှိသော အမျိုးကောင်းသားတို့ အဘိမုခဘူ ထိုသမ္မာဒိဋ္ဌိကို အခြေခံ အကြောင်းရင်းပြု၍ အကုသိုလ်၏ အပြစ်ကို မြင်သဖြင့်၎င်း ကုသိုလ်တရား၏ အကျိုးကို မြင်သဖြင့်၎င်း ဒုစရိုက် ဆယ်ပါးကို ဖယ်ရှား၍ သုစရိုက် ဆယ်ပါးကို ပွါးများကြပေမည်၊ ဤသို့လျှင် သမ္မာဒိဋ္ဌိအယူရှိသော ပဂ္ဂိုလ်တို့မှာ အဦးအစကပင်လျှင် သုစရိုက်ကို ပွါးများခြင်း တည်းဟူသော သီလသမ္ပဒါကျေးဇူးဂုဏ်နှင့် ပြည့်စုံနိုင်ပေသည်။

ထိုသမ္မာဒိဋ္ဌိက ပဂ္ဂိုလ်တို့၏ တမလွန်လောက ရှိသည်ကို ရှိသည်ဟု ယူမှတ်ခြင်း တည်းဟူသော သမ္မာဒိဋ္ဌိ တမလွန်လောကရှိသည်ကို ရှိသည်ဟု ရှိသည့်အတိုင်း ကြံစည်ခြင်း တည်းဟူသော သမ္မာသင်္ကပ္ပ တမလွန်လောက ရှိသည်ကို ရှိသည့်အတိုင်း ပြောကြားခြင်း တည်းဟသော သမ္မာဝါစာ တမလွန်လောကရှိသည်ကို ပိုင်းပိုင်းခြားခြား သိမြင်ကြသော အရိယာသင်္ဃာ အရှင်သူမြတ်တို့ ထွန်းကားသောလောကဃယ် တမလွန်လောကရှိ၏ဟု ပြောကြားခြင်းဖြင့် အရိယာသင်္ဃာ အရှင်သူမြတ်တို့အား ဆန့်ကျင်မှုမပြုခြင်း အပစ္စနီကကထာ တမလွန်လောက ရှိသည်ကို ရှိသည်ဟု၍ တရားသဖြင့် သိစေခြင်း ဓမ္မသည္တိ ထိုသို့ဓမ္မသည္တိဖြင့် မိမိကိုယ်ကို မငြောက်ပင့်ခြင်း နအတ္တုက္ကံသန သူတပါးတို့အား မနှိမ့်ချခြင်း အပရဝမ္ဘန အစရှိသော ကောင်းမြတ်သော ကုသိုလ်တရားတို့သည် ထိုဒသကဝတ္ထုက သမ္မာဒိဋ္ဌိ အယူကောင်းရှိကြသော ကုလပုတ္တအမျိုးကောင်းသားတို့အား ဖော်ပြရာပါ သမ္မာဒိဋ္ဌိကို အကြောင်းခံ၍ ပွါးများနိုင်ကြပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် မိစ္ဆာဝါဒီ ပဂ္ဂိုလ်တို့အား ကျရောက်မည့် များလှစွာသော အကုသိုလ်တရား တည်းဟူသော အပြစ်ဒေါသကိုလည်း သမ္မာဝါဒီပဂ္ဂိုလ်တို့အား ကျရောက်ရရှိမည့် များလှစွာသော ကုသိုလ်တရားတည်းဟူသော ဂုဏ်ကျေးဇူးကိုလည်း စိတ်ဖြာခဲ့ခြား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဝိညုနော ပုရိသပုဂ္ဂလဿ ပဋိသဉ္ဇိက္ခာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။တတြ ဂဟပတယော ဝိညူ။ ပုရိသော ဣတိ ပဋိသဉ္ဇိက္ခဘိတိ ဧဝမာဒိနာ ဘဒ္ဒန္တေ တတ္ထ ဘဂဝတာ ဝိညူနော ပုရိသ-ပဂ္ဂလဿ ပဋိသဉ္ဇိက္ခဏာ ပကာသိတာ။

အမေး။ ။ထိုမိစ္ဆာဝါဒ သမ္မာဝါဒနှစ်ပါးတို့နှင့် စပ်လျဉ်း၍ အမြော် အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသော ပညာရှိပုဂ္ဂိုလ်၏ စူးစမ်းဆင်ခြင်ပုံ နည်း ဥပဒေသကို ဘုရားမြတ်စွာသည် အဘယ်ပုံအဘယ်နည်းဖြင့် ဟောပြတော်မူခဲ့ ပါသနည်း ငါ့ရှင်။

အဖြေ။ ။တတြ ဂဟပတယော ဝိညူ။ ပုရိသော ဣတိ ပဋိသဉ္ဇိက္ခတိ-အစရှိသည်ဖြင့် သာလာရွာသား ပုဏ္ဏားသူကြွယ် အပေါင်းတို့....ထိုသို့ မိစ္ဆာ ဝါဒ သမ္မာဝါဒ ဝါဒနှစ်ပါးပြိုင်၍ နေသော ဤလောကဝယ် ထိုဝါဒနှစ်ပါးတို့ တွင် ဉာဏ်ပညာ အမြော်အမြင်ရှိသော **အပဏ္ဏက** မလဲ့တမ်းလမ်းစင်ကို လိုက်လိုသော ဉာဏ်ပညာ အမြော်အမြင် ရှိသည့် ယောကျ်ားသည်ကား ဤသို့ ဆင်ခြင်ပေသည်။

နတ္ထိက အယူဝါဒ သမားပြောကြားသည့် အတိုင်း တမလွန်လောက အကယ်၍ မရှိသည် မှန်ပါမူ ထိုနတ္ထိက အယူဝါဒသမားသည် ကိုယ်ခန္ဓာပျက် သည်မှ နောက်ကာလဝယ် မိမိကိုယ်ကိုချမ်းသာစွာ ပြုနိုင်ကောင်း ပြုနိုင်ပါ လိမ့်မည် အကယ်၍ တမလွန် လောက ရှိသည် ဧကန်မှန်ပါမူကား ထို နတ္ထိက ဝါဒသမားသည် ကိုယ်ခန္ဓာ ပျက်သည်မှ နောက်ကာလဝယ် အပါယ် ဒုဂ္ဂတိ ဘုံဘဝသို့ ကျရောက်ရမည် ဧကန် ဖြစ်ချေသည်။

ထိုနတ္ထိက ဝါဒသမား ပြောကြားသည့်အတိုင်း တမလွန် လောကသည် မရှိဘဲထားဦးတော့၊ ထို နတ္ထိက ဝါဒသမားတို့ ပြောကြားသော စကားသည် အမှန်ဘဲဖြစ်ဦးတော့၊ သို့စေကာမူ ထိုနတ္ထိက ဝါဒအယူရှိသော ပုဂ္ဂိုလ်တို့၏ အယူကို လိုက်ပါယူပါမူကား ဤလောကမှာပင် ပညာရှင် အပေါင်းတို့က ဤ ပုဂ္ဂိုလ်သည်ကား လုံးလုံးလျားလျား သီလမရှိသည့် ဒုဿီလပုဂ္ဂိုလ်ပေတည်း မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်ပေတည်း နတ္ထိက အယူရှိသော ပုဂ္ဂိုလ်ပေတည်း ဟု ပညာရှိတကာ ကဲ့ရဲ့ဘွယ်ရာဖြစ်ချိမ့်မည်။

အကယ်၍ တမလွန်လောက ရှိရိုးကန်မှန်ပါမူကား ထိုနတ္ထိက အယူ ရှိသော ပုဂ္ဂိုလ်မှာ ခုဝတ္တမာန် ပစ္စုပ္ပန်ဘဝ၌လည်း ပညာရှိတို့၏ အကဲ့ရဲ့ခံရခြင်း

တမလွန်လောက ဟိုဘဝဝယ် အပါယ်ဝိနိပါတဘေးသို့ ကျရောက်ရခြင်းတည်း ဟူသော ပစ္စုပ္ပန် တမလွန် နှစ်တန်သော ရှုံးခြင်းဖြင့် ရှုံး၍ နေချိမ့်မည်ဟု စဉ်းစားဆင်ခြင်ပါသည်။

ဤသိလျှင် နတ်ထိုက အယူဝါဒသမား၏ မမှားဘူးဆိုသောသူ၏ အယူသည် မိမိအယူတည်းဟူသော တဘို့တစုကိုသာ ပို့နှံ့၍ တည်ချေသည် ကုသိုလ်တရားတို့ကို ဆိတ်စေ သုံးစေ၍ နေသည်ဟု ဆင်ခြင်ပါသည်။

သမ္မာဝါဒ ဒဿဝတ္ထုက သမ္မာဒိဋ္ဌိ အယူရှိသော ပုဂ္ဂိုလ်၏ အတွက်မှာမူ ဉာဏ်ပညာ အမြော်အမြင်ရှိသော အပဏ္ဏက ပဋိပဒါကို လိုက်နာကျင့်ကြံလိုသော အမျိုးကောင်းသားသည် ဤသို့ဆင်ခြင်ပါသည်။

ဤသမ္မာဒိဋ္ဌိက အတ္ထိက အယူရှိသော အမျိုးကောင်းသား ပြောသည့် အတိုင်း တမလွန်လောက အကယ်၍ ရှိသည် မှန်ပါမူ ဤအမျိုးကောင်းသား သည် ကိုယ်ခန္ဓာပျက်သည်မှ နောက်ကာလဝယ် ယခုဘဝ ဆည်းပူး ပွါးများ အပ်သော သုစရိုက်ဟူသော အကြောင်းကြောင့် သုဂတိ နတ်ရွာသို့ ရောက် ချိမ့်မည်။

အကယ်၍ နတ်ထိုက အယူသမားတို့ ပြောကြားသည့်အတိုင်း တမလွန် လောကမရှိဘဲ ထားဦးတော့ ထိုဆရာတို့စကား မှန်သည်ဘဲ ထားဦးတော့ ဤအတ္ထိကဝါဒ ဒဿဝတ္ထုက သမ္မာဒိဋ္ဌိ အယူရှိသော ပုဂ္ဂိုလ်ကို ခုဝတ္တမာန် ပစ္စုပ္ပန်ဘဝ၌ပင်လျှင် ပညာရှင် အပေါင်းတို့က "ဤသူသည်ကား သီလရှိသော ပုဂ္ဂိုလ်ပေတည်း ဤသူသည်ကား သမ္မာအယူရှိသော ပုဂ္ဂိုလ်ပေတည်း ဤသူသည်ကား အတ္ထိက အယူရှိသော ပုဂ္ဂိုလ်ပေတည်း" ဟု ခြီးမွမ်းအပ်ပါပေမည်။

အကယ်၍ တမလွန်လောက ရှိသည်မှန်ပါမူ ဤအတ္ထိက အယူဝါဒကို စွဲယူသော ပုဂ္ဂိုလ်သည် ခုဝတ္တမာန် ပစ္စုပ္ပန် ဘဝ၌လည်း ပညာရှင် အပေါင်းတို့၏ ခြီးမွမ်းခံရခြင်း၊ စုတိပြတ်ကြွ သေလွန်သည်မှ နောက်ကာလဝယ် သုဂတိဘုံဘဝ နတ်ပြည် နတ်ရွာသို့ လားရခြင်းတည်းဟူသော နှစ်ဘက် နှစ်လမ်း ပို့နိုင်ခြင်းတည်းဟူသော အကျိုးကို ရချိမ့်မည်။

ဤသို့လျှင် သမ္မာဝါဒီဖြစ်သော အတ္ထိကဝါဒပုဂ္ဂိုလ်၏ ဤမဖောက်မပြန် မချွတ်မယွင်း မှန်ကန်သော အယူဝါဒသည်ကား နှစ်ဘက်နှစ်လမ်းပို့နှံ့၍

တည်ပါပေသည်၊ ကုသိုလ်တရားကို ဆဆတပိုး ပွါးတိုးစေ မဆိတ်စေဘဲ ရှိပါပေသည် ဟု ဥာဏ်ပညာ အမြော်အမြင်ရှိသော ပုဂ္ဂိုလ်သည် ဆင်ခြင်ပါသည်။

ဤသို့လျှင် ထိုသို့မိစ္ဆာဝါဒ သမ္မာဝါဒနှစ်ပါးရောပြွမ်းရာ၌ ဥာဏ်ပညာ အမြော်အမြင်ရှိသော အမျိုးကောင်းသား၏ မချွတ်မယွင်း လမ်းမမှားနိုင်သော စဉ်းစားဆင်ခြင်ပုံ အခြင်းအရာကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော ဘဂဝတာ အညေသုပိ မိစ္ဆာဝါဒသမ္မာဝါဒေသု အပဏ္ဏကပဋိပဒါ ဝိစာရေတွာ ပကာသိတာ၊ တံ သခ်ေပတော ကထေဟိ။

ဝိဿဇ္ဇနာ။ ။ယထေဝ ဘန္တေ ပဌမေ ဝါဒေ၊ ဧဝမေဝ ခေါ ဘန္တေ အကိရိယ-ဝါဒါဒီသု စတူသု စ မိစ္ဆာဝါဒေသု ဒေါသံ ကိရိယဝါဒါဒီသု စ စတူသု သမ္မာဝါဒေသု ဂုဏံ၊ တတ္ထ စ ဝိညူနော ပဋိသဉ္စိက္ခာကာရံ ဒသေတွာ ဘဂဝတာ အပဏ္ဏကပဋိပဒါ ပကာသိတာ။

အမေး။ ။ထို အပဏ္ဏက သုတ္တန်ဒေသနာတော်၌ ပဌမမိစ္ဆာဝါဒ သမ္မာဝါဒတို့မှ တခြားတပါးသော ဒုတိယ မိစ္ဆာဝါဒ သမ္မာဝါဒ အစရှိသော မိစ္ဆာဝါဒ' သမ္မာဝါဒ အစုံအစုံ တို့၌လည်း မချွတ်မယွင်း နိုင်သော အကျင့်ပဋိပတ်ကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်သို့ စီစစ်၍ ဟောပြတော်မူခဲ့ပါသနည်း ထိုဟောပြတော်မူပုံကို အကျဉ်းအားဖြင့် ဖြေဆိုပါလော့ငါရှင်။

အဖြေ။ ။ပဌမဖြစ်သောနတ်ထိုက အယူဝါဒ၌ နတ်ထိုက အယူဝါဒတည်းဟူသော မိစ္ဆာဝါဒ၊ ဒသဝတ္ထုက သမ္မာဒိဋ္ဌိတည်းဟူသော သမ္မာဝါဒ၊ ထို မိစ္ဆာဝါဒ သမ္မာဝါဒတို့၌ အပြစ်ဒေါသနှင့် ကျေးဇူးဂုဏ်၊ ထို မိစ္ဆာဝါဒ သမ္မာဝါဒတို့၌ ဥာဏ်အမြင်ရှိသော အမျိုးကောင်းသား၏ ဆင်ခြင်ပုံတို့ကို အပြည့်အစုံ ဟောကြားတော်မူအပ်သကဲ့သို့—

ထို့အတူလျှင် ကောင်းမှု မကောင်းမှု ကံဟူ၍ မရှိကြောင်း ဖော်ပြသော အကိရိယဝါဒ, ကောင်းမှု မကောင်းမှု ကံ ဟူ၍ ရှိနိုင်ကြောင်း ဖြစ်နိုင်ကြောင်း

ဖော်ပြသော ကိရိယဝါဒ, သတ္တဝါတို့သည် အကြောင်းမဲ့ စင်ကြယ်သည် အကြောင်းမဲ့ ညစ်ညူးသည်ဟု ဖော်ပြသော အဟေတုကဝါဒ, သတ္တဝါတို့သည် ကုသိုလ်တည်းဟူသော အကြောင်းကြောင့် စင်ကြယ်သည် အကုသိုလ်တည်းဟူသော အကြောင်းကြောင့် မစင်ကြယ် ညစ်နွမ်းသည်ဟု ဖော်ပြသော သဟေတုကဝါဒ, အရူပဘုံဟူ၍ လုံးလုံးလျားလျား မရှိဟု ပြောဆိုသော အာရူပ မိစ္ဆာဝါဒ, အရူပဘုံရှိ၏ဟု ဖော်ပြသော အာရူပသမ္မာဝါဒ, ဘဝ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန် မရှိ ဟု ပြောဆိုသော မိစ္ဆာဝါဒ, ဘဝ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရှိ၏ ဟူ၍ ပြောဆိုသော သမ္မာဝါဒ ဤမိစ္ဆာဝါဒ လေးပါး သမ္မာဝါဒ လေးပါးတို့ကိုငင်း—

ထိုမိစ္ဆာဝါဒ ထိုသမ္မာဝါဒတို့၌ မိစ္ဆာဝါဒ ပုဂ္ဂိုလ်တို့မှာ မိစ္ဆာဝါဒကို အကြောင်းပြု၍ ဖော်ပြခဲ့သော မိစ္ဆာဒိဋ္ဌိ,မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ အစရှိသော အကုသိုလ်တရားတို့ တိုးပွါးပုံကိုငင်း၊ သမ္မာဝါဒီ ပုဂ္ဂိုလ်တို့မှာ ထို သမ္မာဝါဒကို အကြောင်းပြု၍ သုသီလျ, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ အရိယာနုံအပစ္စနီကကထာ, အနုတ္တုက္ကံသန, အပရဝမ္ဘန အစရှိသော ကုသိုလ်တရားတို့ တိုးပွါးပုံကိုငင်း—

ထိုမိစ္ဆာဝါဒ သမ္မာဝါဒ နှစ်ပါးတို့၌ ဉာဏ်အမြင်ရှိသော ဒသမျိုးကောင်းသား၏ ပဌမဝါဒ၌ကဲ့သို့ မိစ္ဆာဝါဒ၌ နှစ်ဘက် အစွန်းအပြစ်မလွတ်ပုံ၊ သမ္မာဝါဒဝယ် နှစ်ဘက် အစွန်းအပြစ်လွတ်၍ ကျေးဇူးရောက်ပုံတို့ကို ဖော်ပြပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားသည် အဆုံး၌ အတ္တန္တပ, ပရန္တပ, ဥဘယန္တပ, နေဝအတ္တန္တပ နပရန္တပ တည်းဟူသော ပုဂ္ဂိုလ်လေးမျိုး ဖော်ပြ၍ ဤအပဏ္ဏက ပဋိပဒါ ဒေသနာတော်မြတ်ကို စိတ်ဖြာ ခဲ့ခြား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

အပဏ္ဏသုတ် ပြီး၏

အမ္မလဋ္ဌိကရာဟုလောဝါဒသုတ်

ပုစ္ဆာ။ ။အမ္မလဋ္ဌိကရာဟုလောဝါဒသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘဒ္ဒေ အာယသ္မန္တံ ရာဟုလံ အာရဗ္ဘ ဘာသိတံ။

အမေး။ ။အမှုလင်္ဂီကရာဟုလောဝါဒမည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အမှုလင်္ဂီကအမည်ရသော ရာဟုလောဝါဒ သုတ္တန်ဒေသနာတော်မြတ်ကို ရာဇဂြိုဟ်ပြည်အရပ်ဝယ် အရှင်ရာဟုလာမထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရားသည် ကာယကံမှု ဝစီကံမှု မနောကံမှုတို့ကို ပြုလို ပြောလို ကြံလိုသောအခါ မပြုမီ မပြောမီ မကြံမီ ရှေးအဘို့ကပင် ဆင်ခြင်ပြီးမှ ပြုသင့် ပြောသင့် ကြံသင့်ကြောင်း၊ ပြုဆဲ ပြောဆဲ ကြံဆဲ တို့၌လည်း ဆင်ခြင်သင့်ကြောင်း၊ ပြုပြီး ပြောပြီး ကြံပြီးသော နောက်ကာလ၌လည်း ဆင်ခြင်၍ ပြုသင့် ပြောသင့် ကြံသင့်ကြောင်း အကျယ်တဝင့် ဖွင့်ပြဝေဘန်၍ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

အမှုလင်္ဂီကရာဟုလောဝါဒသုတ် ပြီး၏

မဟာရာဟုလောဝါဒသုတ်

ပုစ္ဆာ။ ။မဟာရာဟုလောဝါဒသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒန္တ အာယသ္မန္တံ ရာဟုလံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘဒ္ဒန္တ ရာဟုလော ဘဂဝတော ဧစဝ အတ္တနော စ အတ္တဘာဝသမ္ပတ္တိံ နိဿာယ ဂေဟသိတံ ဆန္ဒရာဂံ ဥပ္ပါဒေသိ။ တသ္မိံ ဘဒ္ဒန္တ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။မဟာရာဟုလောဝါဒမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် အရှင်ရာဟုလာကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အရှင်ရာဟုလာ မထေရ်သူမြတ်သည် အသက်အရွယ်တော် တဆဲ့ခုနှစ်နှစ် တဆဲ့ရှစ်နှစ်ရှိသော အခါနိန်တွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ သာဝတ္ထိပြည်တွင်းသို့ ဘုရားနောက်တော်မှ ဘဝါးခြေထပ် ထက်ခြပ်မကွာ လိုက်ပါ ဆွမ်းခံဝင်ရာတွင် မိမိ၏ ရူပကာယနှင့် ပြည့်စုံခြင်း မြတ်စွာဘုရား သခင်၏ ရူပကာယနှင့် ပြည့်စုံခြင်းကို စဉ်းစားဆင်ခြင်ပြီးလျှင် **ဂေဟသိတ** ခေါ်သော ဆန္ဒရာဂမျိုးကိုဖြစ်စေပါသည်။

ထိုသို့သော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ခိုးထုပ်ခိုးထည်နှင့်တကွသော ခိုးသားကို သျှင်ကို (ယောင်ကို) ဆဲ့မိသကဲ့သို့ သျှင်ကို ဆဲ့၍ လက်ညှိုးညွှန်ပြခါ ဆုံးမဘိသကဲ့သို့၊ ထို့အတူလျှင် ယံကိုဉ် ရာဟုလ ရှုပံ အတီတာနာဂတပစ္စုပ္ပန်ံ-အစရှိသည်ဖြင့် အဆုံးအမ ဩဝါဒပေးရာဖြစ်သော ဤမဟာရာဟုလောဝါဒသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာရာဟုလောဝါဒသုတ် ပြီး၏

စူဠမာလုက္ကျသုတ်

ပုစ္ဆာ။ ။စူဠမာလုက္ကျသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘဒ္ဒန္တ အာယသ္မန္တံ မာလုက္ကပုတ္တံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘဒ္ဒန္တ မာလုက္ကပုတ္တော အတ္တနော ပဝိဝိတ္တဿ ရဟောဂတဿ ပဋိသလ္လီနဿ စေတသော ပရိဝိတက္ကံ ဘဂဝတော အာရောစေသိ။ တသ္မိံ ဘဒ္ဒန္တ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သဿတဝါဒ အစရှိသော အမျိုးမျိုးသော တိတ္ထိဝါဒတို့ကို ဘုရားသာသနာတော်၌ မြတ်စွာဘုရားသခင် မဟောကြားခြင်း၏ အကြောင်းကို ဖော်ပြရာဖြစ်သော စူဠမာလုက္ကျမည်သော် သုတ္တန်တရားဒေသနာတော်ကို အဘယ် အရပ် ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်းဟု ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဂယ် မာလုကျပုတ္တရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း ဓမ္မဒေသနာတော်မူသောအခါ မာလုကျပုတ္တ အမည်ရသော ရဟန်းတော် မထေရ်သူမြတ်အား တပါးတည်း ကိန်းအောင်းနေစဉ် ဤသို့အကြုံဖြစ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် လောကသည် မြဲ၏ဟူ၍ဂင်း၊ လောကသည် မမြဲဟူ၍ဂင်း၊ လောကသည် အဆုံးရှိ၏ဟူ၍ဂင်း၊ လောကသည် အဆုံးမရှိဟူ၍ဂင်း၊ အတ္တလိပ်ပြာနှင့် ခန္ဓာကိုယ်သည် တခြားစီဟူ၍ဂင်း၊ အတ္တလိပ်ပြာနှင့် ခန္ဓာကိုယ်သည် တခုတည်းဟူ၍ဂင်း၊ သတ္တဝါသည် စုတေသည်မှ နောက်ကာလ၌ ဖြစ်၏ ဟူ၍ဂင်း၊ သတ္တဝါသည် စုတေသည်မှ ဒုနောက်ကာလဝယ် မဖြစ်ဟူ၍ဂင်း၊သတ္တဝါသည် စုတေသည်မှ နောက်ကာလဝယ် ဖြစ်သည်လည်းရှိ မဖြစ်သည်လည်းရှိဟူ၍ဂင်း၊ သတ္တဝါသည် စုတေသည်မှ နောက်ကာလဝယ် မဖြစ်သည်လည်းမဟုတ် ဖြစ်သည်လည်းမဟုတ်ဟူ၍ဂင်း ခဲခြမ်းစိတ်ဖြာ၍ ဖြေကြားတော်မမူခဲ့ချေ။

ငါသည် ဘုရားထံမှောက်သို့ ကပ်ရောက်၍ ဤဆယ်ပါးသော အယူဒဋ္ဌာနကို မေးမြန်းလျှောက်ထားအံ့၊ အကယ်၍ သဗ္ဗညုမြတ်စွာဘုရားသည် ဤသဿတ အစရှိသော ဆယ်ဌာနတို့၌ အဖြကိုပေးသည်ရှိသော် မြတ်စွာဘုရား သာသနာတော်ဝယ် ဆက်လက်၍ မြတ်ဖြသော အကျင့်ကို ကျင့်သုံးအံ့၊ အကယ်၍ ဤဆယ်ပါးသော အယူဝါဒနှင့် စပ်လျဉ်း၍ အဖြစကား မိန့်ကြားတော်မမူခဲ့လျှင် ငါသည် သိက္ခာကို စွန့်ပယ်၍ သာသနာတော်မှ လျှောအံ့ဟု အကြံဖြစ်ပါသည်။

မိမိအကြံဖြစ်သည်ကိုပင် ညနေချမ်းအခါဝယ် တကိုယ်တည်း ကိန်းရာမှ ထ၍ ဘုရားထံမှောက်သွားရောက်ပြီးလျှင် မိမိ၏ အကြံဖြစ်ကြောင်း လျှောက်ထားခဲ့ပါသည်၊ ထိုသို့သော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် သဗ္ဗညုမြတ်စွာဘုရားက——

မာလုကျပုတ္တ....သင်သည် ငါဘုရား အထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးပါ၊ သို့ ကျင့်သုံးသည်ရှိသော် သင့်ကို ငါဘုရားသည် ဤဆယ်ပါး

သော မိစ္ဆာအယူဝါဒတို့ကို ဖြေကြားမည်ဟူ၍ ငါဘုရားက ပြောခဲ့သလား။

မပြောပါဘုရား။

သင်ကသော်လည်း ရှင်တော်ဘုရားထံ၌ တပည့်တော် မြတ်သောအကျင့်ကို ကျင့်သုံးပါမည်၊ ရှင်တော်ဘုရားသည် ဤဆယ်ပါးသော မိစ္ဆာအယူဝါဒကို ဖြေကြားတော်မူပါဘုရားဟု ငါ့ကို တောင်းပန်ခဲ့ဘူးပါသလား။

မတောင်းပန် မလျောက်ထားခဲ့ဘူးပါ။

သို့ဖြစ်လျှင် တောင်းသူလည်းမဟုတ် အတောင်းခံရသူလည်း မဟုတ်ပါဘဲလျက် အဘယ်ပုဂ္ဂိုလ် အမျိုးအနွယ်နှင့် အသင်သည်ငါ့ကို စုပ်စဲ့ပြောဆိုဘိသနည်း။

မာလုက္ယပုတ္တ....အသင်သည် သဿတလောကဟူ၍၎င်း အသဿတလောကဟူ၍၎င်း ဤသို့စသည်မျှားစ့ဉ်သော မိစ္ဆာအယူ ဆယ်ပါးကို ငါဘုရား မဖြေသည့်အတွက် ငါဘုရားသာသနာတော်၌ မြတ်သော အကျင့်ကို မကျင့်သုံးဘူးပဆိုလျှင် သင်သေလျှင်သာသေရာမည်၊ ငါဘုရားကား မည်သည့်အခါမျှ ဤမိစ္ဆာအယူဆယ်ပါးကို ဖြေကြားဟောကြားမည်မဟုတ်ဖြစ်ချေသည်။

မာလုက္ယပုတ္တ....ဤလောကဝယ် ဤမိစ္ဆာအယူဆယ်ပါးတို့တွင် တပါးပါးရှိသော ပုဂ္ဂိုလ်သည် သာသနာတော်တည်းဟူသော မြတ်သော အကျင့်ကို ကျင့်သုံးနိုင်ပါအံ့လော။

မကျင့်သုံးနိုင်ပါဘုရား။

ဤဆယ်ပါးသော မိစ္ဆာအယူတို့တွင် တပါးပါးရှိနေသော ပုဂ္ဂိုလ်အား ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ-တရားတို့ ပျံးစီးရာဖြစ်ကြောင်း ဥပါယာသတရားတို့သာလျှင် တိုးပွါးမည်ဖြစ်ကြောင်း၊ ဤဆယ်ပါးသော မိစ္ဆာအယူတို့ကို စွန့်ပယ်၍ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ-တရားတို့ကို ငါဘုရားသာသနာတော်ဝယ် ပယ်ဘို့ရန် ကောင်းမြတ်သော လမ်းစဉ်ကို ဟောပြခဲ့ထားကြောင်း အကျယ်တဝင့် ဖွင့်ပြရာဖြစ်သော ဤစူဠမာလုက္ယ သုတ္တန်ဒေသနာတော်မြတ်ကို

လျှောက်ဆိုအပ်ပြီးသော အတိုင်း မာလုက္ကပုတ္တမထေရ်မြတ်၏ မိမိအကြံအစည်ဖြစ်သည်ကို ဟုတ်တိုင်းမှန်ရာ လျှောက်ဆိုသော အဋ္ဌုပ္ပတ်ကြောင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

စူဠမာလုက္ကသုတ် ပြီး၏

မဟာမာလုက္ကသုတ်

ပုစ္ဆာ။ ။မဟာမာလုက္ကသုတ်ံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။တသ္မိံ ယေဝ ဘန္တေ သာဝတ္ထိယံ အာယသ္မန္တံ မဟာမာလုက္ကပုတ္တံ အာရဗ္ဘ ဘာသိတံ။

အမေး။ ။ငါးပါးသော ဩရမ္ဘာဂိယ သံယောဇဉ်တို့၏ ကိန်းပုံ ဖြစ်ပုံကိုငင်း ထိုဩရမ္ဘာဂိယ သံယောဇဉ်တို့ကို ကင်းစေနိုင်သော ပယ်ရာပယ်ကြောင်းဖြစ်သော အကျင့်ပဋိပတ်ကိုငင်း ဖော်ပြရာဖြစ်သော မဟာမာလုက္က မည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ထို သာဝတ္ထိပြည်အရပ်၌ပင်လျှင် မာလုက္ကပုတ္တ အမည်ရသော ထိုရဟန်းကိုပင် အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားက "ဓာရေထ နော တုမ္ဟေ ဘိက္ခဝေ မယာ ဒေသိတာနိ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ-ဟု ချစ်သားတို့.... ဩရမ္ဘာဂိယ သံယောဇဉ်တို့ကို ငါဘုရား ဟောကြားသည်ကို သင်ချစ်သားတို့ မှတ်သားဆောင်ကြရာဘူးသလား ဟု မေးမြန်းတော်မူသောအခါ မာလုက္ကပုတ္တ အမည်ရှိသော ရဟန်းသည် မြတ်စွာဘုရား၏ အလိုတော်ကို မသိရှိဘဲ မိမိ ထင်ရာမြင်ရာ ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးကို ဖြေကြားခြင်းအမှုပြုခဲ့ပါသည်။

ထိုသို့သော အဋ္ဌုပ္ပတ်ကြောင့် ဤမာလုက္ကပုတ္တ သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

မဟာမာလုက္ကသုတ် ပြီး၏

ဘဒ္ဒါလိသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဘဒ္ဒါလိသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ဘဒ္ဒါလိံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ ဘဒ္ဒါလိ ဘဂဝတာ သိက္ခာပဒေ ပညာပိယမာနေ ဘိက္ခုသံဃေ သိက္ခံ သမာဒိယမာနေ အနုဿာဟံ ပဝေဒေသိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုဘုရားရှင်သည် ဘဒ္ဒါလိ မည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ဘဒ္ဒါလိအမည်ရှိသော ရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားက ရဟန်းတော်တို့အား တနေရာတည်း၌ စားခြင်း၏အကျိုးကိုပြ၍ **ကောသန** ဘောဇဉ်ကို စားသောက်ဘို့ရန် တိုက်တွန်းတော်မူသည်တွင် ဘဒ္ဒါလိရဟန်းသည် မိမိ ထိုသို့ မစားနိုင်ကြောင်း ပြန်ပြောင်း လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဒါယကာတို့ ဘိတ်သည့်ဌာနမှ အချို အဝက်ကိုစား၍ အချိုအဝက်ကို ယူဆောင်ပြီးမှ စားနိုင်ကြောင်း ဤသို့ စားခြင်းဖြင့်လည်း ကောသနစားခြင်းပင်မည်ကြောင်း မိန့်ကြားတော်မူသည်တွင် ထိုသို့လည်းမစားနိုင်ကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက သိက္ခာပုဒ်ကို ပညတ်တော်မူသဖြင့် ရဟန်းတော်တို့သည်လည်း နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာကို ကျင့်သုံးဆောက်တည်တော်မူကြစဉ်အခါ ဘဒ္ဒါလိရဟန်းသည် ထိုသို့ နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ရန် မစွမ်းနိုင်ကြောင်း ပြောကြားခဲ့ပါသည်၊ ဤနည်းဖြင့် ဝါတွင်းသုံးလပတ်လုံး သဗ္ဗညုမြတ်စွာဘုရား မျက်မှောက်တော်သို့ မလာရောက်ဝံ့ဘဲ ရှိခဲ့ပါသည်။

ထိုအခါ များစွာသော ရဟန်းတော်တို့သည် ဝါကျွတ်သောအခါ သဗ္ဗညုမြတ်စွာဘုရား ဒေသစာရီကြွတော်မူလိမ့်မည်ဟု မြတ်စွာဘုရား၏ သင်္ကန်းတော်ကို ချုပ်နေကြဆဲး ဖြစ်ပါသည်၊ ထိုရဟန်းတို့ သင်္ကန်းချုပ်ရာ အရပ်သို့ ဘဒ္ဒါလိရဟန်းသည် သွားရောက်သည်ရှိသော် သီတင်းသုံးဘော် သံဃာတော်တို့က မပြောပလောက်သော ဤအပြစ်ဒေါသကို စဉ်းစား၍ ယခုပင် ဘုရားထံမှောက် သွားရောက်၍ ကန်တော့စေလိုကြောင်း တိုက်တွန်း ပြောကြားကြသဖြင့် သဗ္ဗညုဘုရားထံမှောက် သွားရောက်ပြီးလျှင်—

> အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ ယထာမူဠှံ ယထာ-အကုသလံ၊ ယောဟံ ဘဂဝတာ သိက္ခာပဒေ ပညာပိယမာနေ ဘိက္ခု-သံဃေ သိက္ခံ သမာဒိယမာနေ အနုဿာဟံ ပဝေဒေသိံ၊ တဿ မေ ဘန္တေ ဘဂဝါ အစ္စယံ အစ္စယတော ပဋိဂ္ဂဏ္ဍာတု အာယတိံ သံဝရာယ—ဟု

မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် မြတ်စွာဘုရားသခင် သိက္ခာပုဒ်တော် ပညတ်အပ်ပါလျက် ရဟန်းတော်အရှင် မြတ်တို့ သိက္ခာပုဒ်ကိုဖြည့်ဆည်းပူးတော်မူကြပါလျက် မိမိမစွမ်းနိုင်ကြောင်း ပြောမှားခဲ့ပါသည်၊ သို့ပြောမှားသည့် အတိုင်း ဘုရားတပည့်တော်အပေါ် အပြစ်ရောက်ခဲ့ပါသည်၊ ထိုအပြစ်ကို သဗ္ဗညုမြတ်စွာဘုရားသည် ကရုဏာရှေ့ ထား၍ နောက်အခါ၌ စောင့်စည်းရန် သည်းခံတော်မူပါမည့်အကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် သဗ္ဗညုမြတ်စွာဘုရားသည်—

တဂ္ဃ တွံ ဘဒ္ဒါလိ အစ္စယော အစ္စဂမာ-အစရှိသည်ဖြင့် မိုက်သည့် အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် ပြောမှား ကျင့်မှား ဖြစ်ခဲ့ခြင်းကြောင့် အပြစ်ရောက်သည်ကိုမျှသာ မိန့်ကြားတော် မူပြီးလျှင်—

သမယောပိ ခေါ တေ ဘဒ္ဒါလိ အပုဋ္ဌိဝိဒ္ဓေါ-အစရှိသည်ဖြင့် ချစ်သား ဘဒ္ဒါလိ....သင်ချစ်သားသည် ဤသာဝတ္ထိပြည်၌ သဗ္ဗညုမြတ်စွာဘုရားသည် ဝါကပ်သီတင်းသုံးနေတော်မူသည်၊ ဤသာဝတ္ထိပြည်၌ များစွာသောရဟန်း တို့သည် ဝါကပ်သီတင်းသုံးနေတော်မူကြသည်၊ ဤသာဝတ္ထိပြည်၌ များစွာ သောဘိက္ခုနီမတို့သည် ဝါကပ်သီတင်းသုံးလျက်ရှိကြသည်၊ ဤသာဝတ္ထိပြည်၌

များစွာသော ဥပါသကာ ဥပါသိကာ အပေါင်းတို့သည် နေကြကုန်သည်၊ ဤသာဝတ္ထိပြည်၌ များစွာသော အထူးထူးသော အယူရှိသော သာသနာပြင်ပ အညတိတ္ထိယရဟန်းတို့သည်လည်း ဝါကပ်လျက်ရှိနေကြသည်။

ထိုပုဂ္ဂိုလ်အားလုံးတို့သည်ပင်လျှင် ဘဒ္ဒါလိ အမည်ရှိသော ရဟန်းသည် ဤသာသနာတော်ဝယ် မထေရ်ကြီးတပါးဖြစ်ပါလျက်နှင့် မြတ်စွာဘုရား မိန့်ကြားဆုံးမအပ်သော သိက္ခာသုံးပါးကို ပြည့်စုံအောင် မဖြည့်ကျင့်ဟူ၍ သိကုန်ကြလိမ့်မည်ဟု ဤအကြောင်းကိုလည်း သင်ချစ်သား မသိပလေဟု မြည်တွန်တော်မူသည်တွင် တဖန်ထပ်၍ အစ္စယော မံ ဘန္တေ အစ္စဂမာ-အစရှိသည်ဖြင့် ရှေးနည်းအတူ ဝန်ခံတောင်းပန်ပြန်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဤသာသနာတော်ဝယ် ဥဘောဘာဂဝိမုတ္တ, ပညာဝိမုတ္တ, ကာယသက္ခီ, ဒိဋ္ဌိပ္ပတ္တ, သဒ္ဓါဝိမုတ္တ, ဓမ္မာနုသာရီ, သဒ္ဓါနုသာရီ ဟူ၍ အရိယာပုဂ္ဂိုလ် ခုနစ်ပါး ရှိကြကြောင်း၊ ထိုအရိယာပုဂ္ဂိုလ်ခုနစ်ပါးတို့သည် ဤသာသနာတော်ဝယ် စိုးပိုင်သည့် သာမိ အရှင် သခင်ဖြစ်ထိုက်သဖြင့် သိက္ခာပုဒ်ကို ပညတ်၍ ဟန့်တားပါလျှင် ဤအရိယာပုဂ္ဂိုလ် ခုနစ်မျိုးကသာ ဟန့်တားနိုင်ခွင့်ရှိကြောင်း ဖော်ပြပြီးလျှင်—

ချစ်သား ဘဒ္ဒါလိ....ထိုသို့သိက္ခာပုဒ်ကို ဟန့်တားသော အချိန်မှာ သင်သည် ဤအရိယာခုနစ်မျိုးတို့တွင် တမျိုးမျိုးအပါအဝင် ဖြစ်သလော ဟု မေးမြန်းတော်မူပါသည်။

ထိုအခါတွင်လည်း အရိယာခုနစ်မျိုးတို့တွင် တမျိုးမျိုးမှာ အပါအဝင် မဟုတ်ပါကြောင်း ပြန်ပြောင်းလျှောက်ထားပြီးလျှင် အစ္စယော မံ ဘန္တေ အစ္စဂမာ-အစရှိသည်ဖြင့် ရှေးနည်းအတူ တောင်းပန်လျှောက်ထားသော အခါမှ သဗ္ဗညုမြတ်စွာဘုရားသည် တဋ္ဌ တုံ ဘဒ္ဒါလိ အစ္စယော အစ္စဂမာ ယထာဇာလံ ယထာမုဥ္ဇံ-အစရှိသည်ဖြင့် ရောက်ရှိသော အပြစ်ကို သည်းခံတော်မူကြောင်း မိန့်ကြားတော်မူပြီးလျှင်—

ဤသာသနာတော်၌ ငါဘုရား ပညတ်ဟောကြားအပ်သော သိက္ခာသုံးပါးကို မလိုက်နာ မကျင့်ကြံသော ပုဂ္ဂိုလ်သည် အဘယ်သို့လျှင် ဆိတ်ငြိမ်သောအရပ်သို့ ချဉ်းကပ်၍ ဥတ္တရိမနုဿမမ္မ အမည်ရသော စျာန် မဂ်ဖိုလ်တရားကို ရအောင် ကြိုးကုတ် အားထုတ်စေကာမူ မိမိကိုယ်ကို မိမိစုပ်စုခြင်း

အတ္တာနုဝါဒဘေး၊ ဘုရားရှင်နှင့်တကွ သီတင်းသုံးဘော် သံဃာတော်တို့၏ အစွပ်စွဲခံရခြင်း ပရာနုဝါဒဘေး စသည့်ဘေးအမျိုးမျိုး ဝိုင်းရံသဖြင့် ရည်သန်တောင့်တရင်းဖြစ်သော စျာန်မဂ်ဖိုလ်တရားကို မရနိုင်ကြောင်း။

သိက္ခာသုံးပါးကို လိုက်နာဖြည့်ကျင့်သော သဒ္ဓါပဋိဇီတ၊ ကုလပုတ္တ အမျိုးကောင်းသားတို့သည်သာလျှင် သီလသမ္ပဒါမှအစ အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်ရောက်အောင် မြတ်သော ဥတ္တရိမနုဿမ္မကို ရနိုင်ကြောင်း ရောက်နိုင်ကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။

ဤသို့လျှင် ဘဒ္ဒါလိအမည်ခံသော ရဟန်းတော်မထေရ်မြတ်၏ မြတ်စွာဘုရား က သိက္ခာပုဒ်ကို ပညတ်တော်မူပါလျက် ရဟန်းသံဃာတော်တို့သည် သိက္ခာပုဒ်ကို ဖြည့်ကျင့်တော်မူကြပါလျက် မလိုက်နာနိုင်ကြောင်း လျှောက်ထားမှားမိကြောင်း ဤအကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤဘဒ္ဒါလိ သုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အထ ခေါ အာဝုသော အာယသ္မာ ဘဒ္ဒါလိ ဘဂဝန္တံ ကိဒိသံ ပဋိပုစ္ဆိ၊ ကထဉ္စဿ ဘဂဝါ တံ ဝိဘင်္ဂတ္ထာ ဗျာကာသိ။

ဝိဿဇ္ဇနာ။ ။အထ ခေါ ဘဂ္ဂေ အာယသ္မာ ဘဒ္ဒါလိ "ကော နု ခေါ ဘဂ္ဂေ ဟေတု၊ ကော ပစ္စယော၊ ယေန မိဧကစ္စံ ဘိက္ခုံ ပသယ္ဟ ပသယ္ဟ ကာရဏံ ကရောန္တံ" တံ ဧဝမာဒိနာ ဘဂဝန္တံ ပဋိပုစ္ဆိ။ ဘဂဝါ စ ဘဂ္ဂေ "ဣဓ ဘဒ္ဒါလိ ကေစ္စာ ဘိက္ခူ အဘိဏှာပတ္တိကော ဟောတိ၊ အာပတ္တိဗဟုလော" ဧဝမာဒိနာ အာယသ္မတော ဘဒ္ဒါလိဿ ဝိဘင်္ဂတ္ထာ ဝိဘင်္ဂတ္ထာ ဗျာကာသိ။

အမေး။ ။ထိုသိမြတ်စွာဘုရားက မိန့်တော်မူသော အခါကာလဝယ် အရှင်ဘဒ္ဒါလိအမည်ရှိသော ရဟန်းသည် မြတ်စွာဘုရားသခင်အား အဘယ်သို့သော ပြဿနာကို မေးလျှောက်ပါသနည်း၊ ထိုသို့မေးလျှောက်သော ပြဿနာကို ဘုရားမြတ်စွာသည် အဘယ်သို့လျှင် ဝေဘန်၍ အရှင်ဘဒ္ဒါလိအား ဖြေကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အမေး ဖြေ ၄-၁၅

အဖြေ။ ။ဤသို့ မြတ်စွာဘုရား မိန့်ကြားတော်မူသည်ရှိသော် ဘဒ္ဒါလိ အမည်ရှိသော ရဟန်းသည် ကော နု ခေါ ဘန္တေ ဟောတု၊ ကော ပစ္စယော-အစရှိသည်ဖြင့် "ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤသာသနာတော်၌ အခ့ါသော ရဟန်းကို များစွာသော သီတင်းသုံးဘော် သဟာတော်တို့သည် လွှမ်းမိုးကာ လွှမ်းမိုးကာ **တဇ္ဇနီယ** အစရှိသော ကံကို ပြုကြပါသည်၊ ထိုသို့ပြုခြင်း၏ အကြောင်းအရင်းကား အဘယ်ပါနည်း၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အခ့ါအခ့ါသော ရဟန်းကိုကား သီတင်းသုံးဘော် သံဃာတော်တို့သည် လွှမ်းမိုးလွှမ်းမိုး၍ တဇ္ဇနီယ အစရှိသော ကံကို မပြုကြပါ။ ထိုသို့ မပြုကြခြင်း၏ အကြောင်းအရင်းကား အဘယ်ပါနည်း ဘုရား" ဟု သဗ္ဗညုမြတ်စွာဘုရားကို အမေး ပုစ္ဆာ ပြဿနာ စကား လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဣဓ ဘဒ္ဒါလိ ဧကစ္စော ဘိက္ခု အဘိဏှာပတ္တိကော ဟောတိ၊ အာပတ္တိဗဟုလော-အစရှိသည်ဖြင့် ချစ်သား ဘဒ္ဒါလိ.... ဤသာသနာတော်ဝယ် အာပတ် အမြဲမပြတ် သင့်၍ များသော အာပတ်ရှိသော ရဟန်းလည်းရှိသည်၊ တရံတခါမှ အာပတ်သင့်၍ နည်းသော အာပတ်ရှိသော ရဟန်းလည်းရှိသည်။

ထိုရဟန်းနှစ်မျိုးလုံးပင်လျှင် မိမိတို့သင့်ရောက်သောအာပတ်ကို ရဟန်းတော်တို့က မေးမြန်း စီစစ်အပ်သည်ရှိသော် အဖျင်းဖျင်း ပြောကြားခြင်း အပြင်အပသို့ စကားကို ဖြန့်ကြဲခြင်း အမျက်ထွက်ခြင်းစသည်ကို ထင်စွာ ပြုခြင်း ဒဏ်သား ရဟန်းတို့ ကျင့်ရမည်ဝတ်ကို ကောင်းစွာ မကျင့်ခြင်း မာန်မာနတည်းဟူသော အမွေးကို မချခြင်း ဒဏ်မှလွတ်မြောက်ကြောင်း ကောင်းမြတ်သော အကျင့်ကို မကျင့်ခြင်းတည်းဟူသော **ဒုဗ္ဘဝ** ရဟန်းတို့၏ သဘောဌ် သက်ရောက်၏ သဘောနှင့်ပြည့်စုံ၏။

ထိုသို့သော ရဟန်းကို သီတင်းသုံးဘော် သံဃာတို့သည် ဤရဟန်းကား ဝတ်အကျင့်ကို ကောင်းစွာ မကျင့်ခြင်းတည်းဟူသော **ဒုဗ္ဘဝ** သဘောနှင့် ပြည့်စုံလှချေသည်၊ ဤရဟန်း၏အပေါ်မှာ ဘယ်ပုံဘယ်ပန်းဖြင့် ယခုပြုထားသော နိဂ္ဂဟကံတို့ကို ရှည်လျားစွာ ပြုရမည်နည်း ဟု စဉ်းစားတော်မူကြကုန်ဟု တိုင်ပင် ညီညွတ်ကြံစည်ကြကုန်သည်။

သို့ကြံစည်သည့် အတိုင်း တရားဒေသနာလာရှိသည့်အတိုင်း ထို့ရဟန်း အား ရှည်မြင့်စွာပင် တဇ္ဈာနိယ အစရှိသော ကံတို့ကို မငြိမ်းဘဲထား ခြင်းဖြင့် ထို့ရဟန်းကို လွှမ်းမိုး နှိပ်စက်၍ ကျင့်ကြပေသည်။

ချစ်သား ဘဒ္ဒါလိ....ဤသာသနာတော်ပယ် ဆိုအပ်ပြီးသော အမြဲမပြတ် အာပတ်သင့်သောရဟန်း, တရံတခါ အာပတ်သင့်သော ရဟန်းပင် ဖြစ်လင့် ကစား သီတင်းသုံးဘော် သံဃာတော်တို့က သင့်ရောက်သော အပြစ်အာ ပတ်ကို မေးစီစစ်သည်ရှိသော် စကားကို အဖျင်းဖျင်းမပြော ယထာဘူတ ဟုတ်မှန်တိုင်းသာလျှင် ပြော၏၊ စကားကို ပြင်ပသို့လည်း ဖြန့်ကြဲ၍ မပူ၊ သီတင်းသုံးဘော် သံဃာတော်တို့အားလည်း အမျက်ထွက်ခြင်း နှလုံးမသာ ယာခြင်းကို မပူ၊ ဒဏ်သား ရဟန်းတို့ လိုက်နာရမည့် ဝတ်အကျင့်ကိုလည်း ကောင်းစွာကျင့်၏၊ မာန်မာနတည်းဟူသော အမှေးကိုလည်း မထောင်ဘဲ ချထား၏၊ ဒဏ်မှလွတ်မြောက်ကြောင်း ကောင်းမြတ်သော အကျင့်ကိုလည်း ကျင့်၏။

ထို့သို့ သဘောရှိသောရဟန်းကို သီတင်းသုံးဘော် သံဃာတော်တို့က ဤရဟန်းသည် **သုဗ္ဗစ** သဘောနှင့် ပြည့်စုံလှချေသည်၊ ဤရဟန်းအား ယခုပြု ထားသော တဇ္ဈာနိယ အစရှိသော ကံကို အကြင်အခြင်းအရာအားဖြင့် လျင်မြန်စွာ ငြိမ်းသတ်စေနိုင်ရာ၏၊ ထို့အခြင်းအရာအားဖြင့် ကြံစည်စဉ်းစား တော်မူကြပါကုန်ဟု တိုင်ပင်ညှိနှိုင်းပြီးလျှင် ထို့သို့ **သုဗ္ဗစ** ဆုံးမလွယ်သော သဘောရှိသော ရဟန်း၏ တဇ္ဈာနိယ အစရှိသော ကံမျိုးတို့ကို လျင်မြန်စွာ ငြိမ်းသတ်စေကြပေကုန်သည်။

ချစ်သား ဘဒ္ဒါလိ....ဤဆိုအပ်ပြီးခဲ့သော ဒုဗ္ဘစသဘောရှိမှု၊ ဤဆိုအပ် ပြီးခဲ့သော သုဗ္ဘစသဘောရှိမှု၊ ဤဆိုအပ်ပြီးခဲ့သော အဆိုခက်သော သဘော ရှိမှု၊ ဆိုဆုံးမလွယ်သော သဘောရှိမှု၊ ဤသဘောနှစ်ရပ်သည်ပင်လျှင် ဤ သာသနာတော်၌ အချို့သောရဟန်းကို သီတင်းသုံးဘော် သံဃာတော်တို့က လွှမ်းမိုး၍ လွှမ်းမိုး၍ တဇ္ဈာနိယ စသော ကံကိုပြုခြင်း အချို့သောရဟန်းတော် တို့ကို သီတင်းသုံးဘော် သံဃာတော်တို့က မလွှမ်းမိုးမူ၍ ငဲ့ငဲ့ညှာညှာ တဇ္ဈာနိယ အစရှိသော ကံကိုပြုကာ ငြိမ်းစေခြင်း၏ အကြောင်းအရင်း ဖြစ်ပေသည် ဟု ခဲခြမ်း စိတ်ဖြာ ဝေဘန်ပြီးလျှင် သင့်သည်မြတ်စွာဘုရား ဖြေကြားတော်မူခဲ့ပါ သည် အရှင်ဘုရား။

ပုစ္ဆာ။ ။တဒါပိ ခေါ အာဝုသော အာယသ္မာ ဘဒ္ဒါလိ ပုနပိ ဘဂဝန္တံ ကီဒိသံ ပဉ္ဉံ ပုစ္ဆိ၊ ကထဉ္စသ ဘဂဝါ တမ္ပိ ဝိဘဇိတ္ဒာ ဗျာကာသိ။

ဝိသဇ္ဇနာ။ ။တဒါပိ ဘန္တေ အာယသ္မာ ဘဒ္ဒါလိ "ကော နု ခေါ ဘန္တေ ဟေတု၊ ကော ပစ္စယော၊ ယေန ပုဗ္ဗေ အပ္ပတရာနိ စေဝ သိက္ခာပဒါနိ အဟေသုံ၊ ဗဟုတရာ စ ဘိက္ခူ အညာယ သဏ္ဌဟိံသု။ ကော ပန ဘန္တေ ဟေတု၊ ကော ပစ္စယော ယေန ဧတရဟိ ဗဟုတရာနိ စေဝ သိက္ခာပဒါနိ ဟောန္တိ အပ္ပတရာ စ ဘိက္ခူ အညာယ သဏ္ဌဟန္တိ"တိ ဘဂဝန္တံ ပုနပိ ပဉ္ဉံ အပုစ္ဆိ။ ဘဂဝါ စ ဘန္တေ "ဧဝမေတံ ဘဒ္ဒါလိ ဟောတိ၊ သတ္တေသု ဟာယမာနေသု သဒ္ဓမ္မေ အန္တရဓာယ-မာနေ ဗဟုတရာနိ စေဝ သိက္ခာပဒါနိ ဟောန္တိ အပ္ပတရာ စ ဘိက္ခူ အညာယ သဏ္ဌဟန္တိ"တိ၊ ဧဝမာဒိနာ အာယ-သ္မတော ဘဒ္ဒါလိသ ဝိဘဇိတ္ဒာ ဝိဘဇိတ္ဒာ ဗျာကတာ။

အမေး။ ။ထိုသို့ ပဌမ အမေးပုစ္ဆာကို ခွဲခြမ်းစိတ်ဖြာ၍ မြတ်စွာဘုရားက ဖြေကြားတော်မူသော အခါကာလ၌လည်း အရှင်ဘဒ္ဒါလိရဟန်းတော်သည် မြတ်စွာဘုရားကို တဖန်ထပ်၍လည်း အဘယ်သို့သော မေးခွန်းပြဿနာကို လျှောက်ထားမေးမြန်းပြန်ပါသနည်း၊ မြတ်စွာဘုရားသခင်ကလည်း ထိုမေးလျှောက်သော ဒုတိယ မေးခွန်းပြဿနာကိုလည်း အဘယ်ပုံ အဘယ်နည်းဖြင့် ဝေဘန်၍ ဖြေကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုသို့ ပဌမ အမေးပုစ္ဆာပြဿနာကို သဗ္ဗညုမြတ်စွာဘုရား ခွဲခြမ်း စိတ်ဖြာ ဖြေကြားတော်မူပြီးသောအခါ အရှင်ဘဒ္ဒါလိ မထေရ်သူမြတ်သည်—

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရား....အကြင် အကြောင်းကြောင့် ရှေးအခါ၌ သိက္ခာပုဒ်တို့ကား နည်းပါး၍ များစွာသောရဟန်းတော်တို့သည် အရဟတ္တဖိုလ်၌ တည်ကြပါကုန်သည်၊ ထိုအကြောင်းသည်ကား အဘယ်အကြောင်းပါနည်း။

ဘုန်းတော်အလှန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... အကြင်အကြောင်းကြောင့် ယခုအခါဝယ် သိက္ခာပုဒ်များစွာရှိပါလျက် အနည်းငယ်မျှသော ရဟန်းတော်တို့သည်သာလျှင် အရဟတ္တဖိုလ်၌ တည်ကြပါကုန်သည်၊ ထို့သို့ သိက္ခာပုဒ်များပါလျက် နည်းပါးသော ရဟန်းတော်တို့သာ အရဟတ္တဖိုလ်၌ တည်ရခြင်း၏အကြောင်းကား အဘယ်အကြောင်းပါနည်းဟု မေးမြန်းလျှောက်ထားခဲ့ပြန်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဝေမေတံ ဘဒ္ဒါလိ ဟောတိ-အစရှိသည်ဖြင့်—

ချစ်သား ဘဒ္ဒါလိ....သတ္တဝါတို့ သဒ္ဓါသတိ အစရှိသည် ဆုတ်ယုတ်လျော့ပါးလတ်သည်ရှိသော် သူတော်ကောင်းတရား တစတစ ကွယ်ပျောက်ခဲ့သည်ရှိသော် ဤယခုအတိုင်းဖြစ်တတ်သည်၊ သိက္ခာပုဒ်ပင်များသော်လည်း အနည်းငယ်မျှသော ရဟန်းတော်တို့သည်သာလျှင် အရဟတ္တဖိုလ်၌ တည်ကြပေသည်။

ဤသို့စသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရား ဘဒ္ဒါလိမထေရ်၏ မေးမြန်းချက်စကားကို ခွဲခြမ်းစိတ်ဖြာ ဖြေကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ဘဒ္ဒါလိသုတ် ပြီး၏

မဇ္ဈိမနိကာယ် အမေးအဖြေ ပဌမအုပ် ပြီးပြီ

မဇ္ဈိမပဏ္ဏာသ ပါဠိတော်၌ ကျန်ရှိသော လဋ္ဌုကိကောပမသုတ်မှ စသည့် အမေးအဖြေများနှင့် ဥပရိပဏ္ဏာသ ပါဠိတော် အမေးအဖြေများကို မဇ္ဈိမနိကာယ် အမေးအဖြေ ဒုတိယအုပ်၌ ဆက်လက်ရှုတော်မူကြပါကုန်။

နှစ်သစ်—၂၅၀၀—ဂုဏ်—၁၀၀၀—ဂျူလိုင်—၀၃-၂-၇၇